www.burmeseclassic.com

ညခင်စာအုပ်တိုက်

# မုညခင်

## အချစ်စစ် မရှာသူများ...



ဝတ္ထုတိုစုစည်းမှု


www.burmeseclassic.com

www.burmeseclassic.com

စာမူခွင့်ပြုချက်အမှတ် ◈ ၃၇၆/၂၀၀၄(၄)
မျက်နှာဖုံးခွင့်ပြုချက်အမှတ် ◈ ၄၇၉/၂၀၀၄(၅)
ထုတ်ဝေခြင်း ◈ ၂၀၀၅ ခုနှစ်၊ ဇူလိုင်လ
ပထမအကြိမ်
မျက်နှာဖုံးဒီဇိုင်း ◈ ကိုဆန်း
ကွန်ပျူတာစာစီ ◈ ကိုသက်အောင်(ကမ္ဘာအေး)
အုပ်ရေ ◈ ၅၀၀
တန်ဖိုး ◈ ၈၅၀
ထုတ်ဝေသူ ◈ ဒေါ်သင်းသင်းမာ(ယာယီ–၈၅၆)
ပုညခင်စာအုပ်တိုက်
တိုက် ၆၁၊ အခန်း ၁၁၊
ကမ္ဘာအေးဘုရားလမ်း
(ပါရမီလမ်းထောင့်)၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်။
အတွင်းပုံနှိပ် ◈ ဒေါ်ခင်ခင်ဝင်း(မြဲ ၀၂၆၇၀)
ကလျာပုံနှိပ်တိုက်
၁၅၂၊ ကျွန်းရွှေမြိုင်လမ်း၊
သုဝဏ္ဏ၊ ရန်ကုန်။
မျက်နှာဖုံးပုံနှိပ် ◈ ဦးမြသိန်း
သိန်းမြင့်ဝင်းပုံနှိပ်တိုက်
၉၆၊ ၁၁ လမ်း၊ ရန်ကုန်။



ပုညခင် စာအုပ်တိုက်




www.burmeseclassic.com

www.burmeseclassic.com



**အချစ်ပျောက်သူ**

ည ၁၂ နာရီလောက် လှမ်းခြောက်တံချိန်ကျမှ ကန့်ကလျ အသံဖြင့် ဖုန်းဆက်တတ်သော မိန်းမတွေရဲ့ချစ်ခြင်းကိုလည်း အသိအမှတ်ပြုရသည်။ အသိအမှတ် ပြုရခြင်းတွေ များပြား လာသောအခါ . . . - ၉

**အချစ်နှင့် အခြားသောအရာများ**

၂၃ - သူမသည် ကျွန်တော့်ကို နိုင်းဖတ်လို သဘောထားကာ သူမ လုပ်နိုင်သည့် ကိစ္စ ပိစိကွေးလေးတွေကအစ နိုင်းစေ တတ်သူ ...

**အချစ်စစ် မရသူများ**

အဲဒီအပြုံးဟာ လုတကာအတွက်ပဲဟု တွေးကာ သူ ခါးသည်း စွာ မျက်နှာလွှဲနေမိ ... - ၄၃

**မျှော်လင့်ခွင့်**

၆၃ - ဗေဒင်ဆရာရှေ့က မျက်နှာလေးညှိုညှိုနဲ့ ထပြန်လာခဲ့တဲ့ ကိုယ့်မျက်နှာဟာ ဗေဒင်ဆရာကို ကျောခိုင်းလိုက်တာနဲ့ ...

**အနှစ်သာရ**

သူသည် သူ့ခနီး လက်ဖြင့် ဖွဖွဖိထားသော ဗိုက်ကို စူးစိုက် ကြည့်ကာရင်ထဲ ရှိန်းမြမြနှင့် ရွှက်အမ်းအမ်း ... - ၈၇

www.burmeseclassic.com

www.burmeseclassic.com




**ဝှက်ပဲ**

၁၀၃ - ဂါဝန်အနီဝတ်ထားတဲ့ အရပ်မြင့်မြင့် အသား ဖြူဖြူ ဆံပင် တိုတိုနဲ့ မိန်းမတစ်ယောက်ကို တွေ့တယ်၊ အဲဒီ မိန်းမပုံစံက ထွားထွား ကျိုင်းကျိုင်း ...

**ထွက်ပေါက်များနှင့် ချစ်ခြင်း**

သူသည် ဖြူတီပါလာများသို့ သုံးရက်တစ်ခါ ခေါင်းသွား လျှော်မြဲ၊ ထိုသို့ မသွားရလျှင် သူ့ ဆံပင်ကျဲကျဲအောက် အရေပြားတွေပင် တရွရွယားလာသလို ... - ၁၂၁

**အညှီခံခြင်း**

၁၃၇ - မိန်းမတွေဟာ ယောကျ်ားတစ်ယောက်ကို ချစ်လိုက်မိရင် အလိုလိုနေရင်း ညှိုးဖျင်းသွားတတ်ကြသလား ...

**ကွက်လပ်များအကြောင်း**

မကြာခဏဆိုသလို ကျွန်တော် အိပ်မက် မက်သည်၊ ထို အိပ်မက်များထဲတွင် ကျွန်တော်သည် လှပသော ဗိနပ်တစ်ရံကို ဝယ်ကြားရွာ စီးလျက် ... - ၁၅၁





**အတ္တကို ဗဟိုပြု၍**

၁၆၇ - ဒီခန္ဓာကိုယ်နဲ့ ပတ်သက်လို့ အပျိုရယ်လို့ ဂုဏ်ယူတတ်တဲ့ သူမရဲ့ စကားသံတွေလည်း သိသိသာသာ ငြိမ်သက်သွား ခဲ့ရပါတယ် ...

**အလှဆုံးပြင်ပ**

ဆေးဖျစ်ဖျစ် မိတ်ကပ်ရည်တွေ လိမ်းကျံခံရ ပြီးတဲ့နောက်မှာ ကျွန်မမျက်နှာဟာ အင်္ဂတေ အကိုင်ခံရသလိုမျိုး ... - ၁၈၇

**သစ္စာ၏ လားရာ**

၂၀၁ - ခုလိုအချိန်မျိုးမှာ သူမကို လက်ထပ်ချင်သော ယောကျ်ားများ လည်း မရှိကြတော့ပြီ ...၊

**ခြေသံများအကြောင်း**

ရိုးသားသည်ဟု ယူဆရသော နွမ်းပါးသော မိန်းမငယ်တို့၏ ခပ်ဖွဖွခြေသံများ၊ ဥစ္စာ ပြည့်စုံ၍ ဂုဏ်သိက္ခာ ရှိလှပါသည် ဆိုသော အမျိုးသမီးတို့၏ ခပ်ရှရှ ခြေသံများ ... - ၂၁၇

**၄၅-၅၀**

၂၃၃ - လေးယောက်ဝိုင်းကို ဝိုင်းကြီးချဲ့ကာ အိမ်က ဆောင့်အထူးခန်း ထဲတွင် တစ်ဝိုင်း၊ ကုမ္ပဏီက အလုပ်ခန်းထဲတွင် [illegible] ချိတ်ဆွဲပေးခြင်းဖြင့် မသိမသာ ဖူးယောင်လာ...


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com




### ပဂါတစ်ကမ်းအလွမ်း

၂၃၄ - တစ်ယောက်စိတ်ကို တစ်ယောက် မသိတသိ အနေအထား လေးကိုက စိတ်လှုပ်ရှားမှုကို ပေးစွမ်းနိုင် ...။

### အတင်းပြောသူများ

ယောကျ်ားများ၏ အင့်စိတ်တွင် မိန်းမများကို ဆရာမတင် နေရာမပေးလိုသော သဘောမျိုး ရှိလေမလား ... - ၂၆၉

### နှစ်ပေါင်း တစ်ရာ

၂၈၉ - ကျွန်တော့်ဘဝတွင် အထင်ကရ ရှိနေခဲ့ဖူးသော ... ရှိနေဆဲ ဖြစ်သော မိန်းမတစ်ယောက်အကြောင်း ပြောပြပါဟု တစ်စုံ တစ်ယောက်က တောင်းဆိုခဲ့လျှင် ...

### အိပ်မက်ဘုံ

တစ်ခါတစ်ရံမှာတော့ အချစ်ဆိုတာ အိပ်မက်ဘုံတစ်ခု လည်း ဖြစ်နိုင်တယ်၊ အိပ်မက်ထဲမှာ ဘာမဆို ဖြစ်ခွင့် ရှိနိုင်သလို အချစ်ကလည်း ဘာမဆို ဖြစ်နိုင်တယ်၊ အိပ်မက်က လန့်နိုး လာနိုင်သလို ... - ၃၁၅


BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# အချစ်ပျောက်သူ

(၁)

♥ ♥ ♥

BURMESE CLASSIC .com

တစ်နေ့တွင် အောင်မြင်ကျော်ကြားသော အဆိုတော်တစ်ယောက်ဖြစ်ကိုဖြစ်ရမည်ဟု ယုံကြည်မျှော်လင့်ခဲ့သော သူသည် အောင်မြင်လာသော တစ်နေ့တွင် 'အချစ်စစ်' ဆိုတာကို လက်လွှတ်ဆုံးရလိမ့်မည်ဟုတော့ တစ်ခါမှ ကြိုတွေး စဉ်းစား မကြည့်ဖူးခဲ့ချေ။ 'အချစ်ဆိုတာ ဘာပါလိမ့်' ဟုတော့ သူ မအောင် မြင်ခင်က တွေးကြည့်ခဲ့ဖူးသည်။ သို့သော် အဲဒီအချိန်တုန်းကတော့ သူ့မှာ အချစ်ကို မြည်းစမ်းခွင့်ရဖို့ အခွင့်အရေးမရှိခဲ့ပေ။ သူ့တွင် ဇနီးမတစ်ယောက် ကြိုက်လောက်သော အရည်အချင်းဆိုင်ရာ

www.burmeseclassic.com



ဘာတစ်ခုမှ မရှိခဲ့ပေ။ သူ့ရုပ်က ကြည့်ကောင်းရုံလောက်တောင် အဆင်ပြေပြေ မရှိခဲ့။ ပညာကလည်း သာမန်လောက်သာတတ်ပြီး ပိုက်ဆံ ကလည်း မရှိချေ။ သူလို ယောကျာ်းတစ်ယောက်ကို ဘယ်မိန်းမကမှ အထင်မကြီးနိုင်တာကို သဘောမပေါက်သေးခင်ကတော့ သူသည် စိတ်အလိုလိုက်ကာ မိန်းမပိုးဖို့ ကြိုးစားခဲ့မိလေသည်။ သူက လုပသော ချစ်ခြင်းတစ်ခုကို ရင်ဘတ်ထဲထည့်ကာ အင်မတန်ရိုးသားစွာပင် မိန်းမတစ်ယောက်ကို ချစ်ရေးဆိုခဲ့မိတာဖြစ်သည်။ အဲ့ဒီတုန်းကများဆို … ချစ်မိတဲ့ သူ့စိတ်နှလုံးသားဟာ အချစ်စိတ်ကြောင့် ဖက်ရွက်ကလေးလို ပေါ့လှပ်လှပ်ကလေးဖြစ်နေသည်။ ရင်ခုန်သံတဒိတ်ဒိတ်ကိုပင် ပြန်ကြားရကာ သူက ကဗျာဆန်ဆန် ချစ်စကားတွေပြောပြဖို့ သူချစ်မိသော ထိုမိန်းမန်ဘေးသို့ ချဉ်းကပ်သွားမိခဲ့တာဖြစ်သည်။ အဲ့ဒီမိန်းမဟာ ရုပ်ရည်အားဖြင့်လည်း ချောလှသည်မဟုတ်။ အဝတ်အစား သစ်သစ်လွင်လွင်ဝတ်ကာ ကောင်းကောင်းအလှပြင်တတ်ပုံရသော်လည်း ဘဝအဆင့်အတန်းကတော့ အရမ်းကြီး မြင့်မားလှသည် မဟုတ်ချေ။ ထို့ကြောင့်ပင် သူ့စိတ်ထဲ 'အံနူလက်နဲ့ ရွှေခွက်နှိုက်တယ်' ဆိုတာမျိုးတော့ အပြောမခံရလောက်ပါဘူးဟု ယုံကြည်ဝံ့စား မျှော်လင့်မိရလေသည်။

သို့သော် … သူ့အထင် မှားခဲ့လေသည်။ သူချစ်မိသောမိန်းမက အထင်သေးသော မျက်ဝန်းများဖြင့် သူ့ကို ခြေဆုံးခေါင်းဆုံး ကြည့်လိုက်ပြီး ရုပ်ရှင်ထဲက ဗီလိန်မလို နှုတ်ခမ်း တို အသာရွဲ့ကာ …





"ရှင်ကများ … ကျွန်မကို ရည်းစားစကားလာပြောတယ် ဟုတ်လား … အတင့်ရဲလိုက်တာ၊ မတန်မရာ ရှင်မို့ စိတ်ကူးရဲတယ်၊ ရှင့်လို ငွေမရှိ အလုပ်မရှိ အားအားရှိ ဂစ်တာ တဒေါင်ဒေါင်ခေါက်ပြီး အဆိုတော်ရူး ရူးနေတဲ့ သူကို ကျွန်မက ပြန်ကြိုက်ရင် ကျွန်မလောက် မိုက်မဲတဲ့သူ ရှိပါဦးမလား"

အဲ့ဒီစကားလုံးတွေက သူ့ရင်ကို ရှစ်စိတ်ကွဲစေသည်။ သူ တစ်သက်စာ ကြေမွသွားလေသည်။ ပိုက်ဆံမရှိရင် အချစ်စိတ်မရှိရတော့ဘူးလားဟုပင် သူ တွေးကာ နာကြည်းလာသည်။ သူ့ကို ပိုးစိုးပက်စက် ငြင်းလွှတ်လိုက်သော မိန်းမက သူနှင့်အဆင့်အတန်းချင်း သိပ်ပြီး ကွာလှတာလည်း မဟုတ်ချေ။ သူ့သူငယ်ချင်းတစ်ယောက်က မိန်းမ သဘာဝကို ပြောပြသည်မှာ …

"မိန်းမဆိုတာ ဒီလိုပဲကွ … သူတို့သာ ဘာမှမဟုတ်ချင်နေမယ်၊ သူတို့ယူမယ့်ယောကျာ်းကိုတော့ မြင့်မြင့်ပဲ မှန်းတတ်ကြတာ၊ တစ်သက်စာ ခိုင်းစားဖို့ဆိုတာ တော်ရုံ အရည်အချင်းနဲ့ မရဘူးမဟုတ်လား"

သူသည် အဲ့ဒီကတည်းကပင် အချစ်ဆိုတာကို အယုံအကြည်မဲ့သလို ဖြစ်သွားခဲ့ရလေသည်။ နောက်တော့ သူက ထိုအဖြစ်အပျက်ကြီးကို မေ့ပျောက်ထားလိုက်ပြီး သူမျှော်လင့်သော အောင်မြင်မှုတွေရဖို့ နေ့မအား ညမအား အပြင်းအထန်ကြိုးစား ခဲ့လေသည်။ ရုန်းကန်တည်ဆောက်ရသော ကာလ[illegible]

www.burmeseclassic.com



လွန်မြောက်လာသောအခါတွင်ကား ... လုပအရောင်ဖြာသော ယစ်မူးဖွယ်ကောင်းသော အောင်မြင်ခြင်းများက သူ့ကို ဆီးလို့ကြို ခဲ့သည်။ ထိုအနေအထားမှာပင် ထူးဆန်းသော အပြောင်းအလဲ များကို သူ ဆက်တိုက် ကြုံတွေ့ရတော့တာဖြစ်သည်။

အောင်မြင်သော အဆိုတော်တစ်ယောက် ဖြစ်လာချိန် တွင် သာမန်မျှသာရှိခဲ့သော သူ့ရုပ်ရည်သည် အံ့သြဖို့ကောင်း လောက်အောင်ပင် ကြည့်ကောင်းလာခဲ့လေသည်။ အဲ့ဒါဟာ အောင်မြင်မှုရဲ့ အရှိန်အဝါကြောင့်ဆိုတာတော့ သူကောင်းကောင်း သိခဲ့သည်။ 'စန်း'ဆိုတာကို အစက သူမယုံကြည်သော်လည်း ခုတော့ သူယုံခဲ့ရပြီ။ အောင်မြင်မှုက သူ့ကို အရောင်ထွက်စေ သည်။ 'စန်း'က သူ့ကို လှချစ် လှခင်များအောင် ပံ့ပိုးပေးခဲ့သည်။ သူသည် အချိန်တိုအတွင်းမှာပင် မိန်းကလေးများစွာက သဲသဲ လှုပ် နှစ်သက်လိုလားသော ယောကျာ်းတစ်ယောက်ဖြစ်လာခဲ့ ရသည်။ အဲ့ဒီနောက်မှာတော့ သူ ဘယ်တုန်းမှ မျှော်လင့်မထား မိသော အခြေအနေတစ်ခုကို ရင်ဆိုင်ရလေသည်။

"ယူ့သီချင်းတွေ တို့သိပ်ကြိုက်တာပဲသိလား၊ တို့က ယူ့ အမြဲတမ်း ပရိသတ်ပဲ၊ ယူ ဘာသီချင်းဆိုဆို တို့အားပေး နေမယ်၊ ယူက အရမ်း ခင်စရာကောင်းတယ်၊ ခုလို ညဘက်မျိုးဆို ယူ အားတယ်မဟုတ်လား ... တို့ ညတိုင်း ဖုန်းဆက်မယ်နော် ..."

ချိုလွင်နွဲ့လျသော အသံများစွာက မကြာခဏဆို သလိုပင် သူ့ရဲ့ hand phone ကလေးကို ထိတို့ကျီစယ်တတ်ကြ





လေသည်။ ခုတော့ သူသည် ဘယ်မိန်းမကိုမှ မရဲတရဲချဉ်းကပ် စရာမလို၊ မဝံ့မရဲ ဖုန်းဆက်စရာမလို၊ သူ့နံဘေးပတ်ပတ်လည်မှာ လူကိုယ်တိုင် ခင်မင်မှုရဖို့ ကြိုးစားသူတွေ၊ သူ မအားလည်း အားမည့်အချိန်ကို စိတ်ရှည်လက်ရှည်စောင့်ကာ ဖုန်းဆက်ကြသော မိန်းကလေးတွေ တန်းစီနေခဲ့သည်။ သူ့ရဲ့ဖုန်းကလေးလည်း အနားမရရှာတော့ပေ။

သူသည် ဘယ်မိန်းကလေးကိုမှ ကိုယ်က စတင် ပိုးပန်းစရာမလိုတော့သော အနေအထားသို့ တဖြည်းဖြည်း ရောက်ရှိလာခဲ့ရသည်။ လှပေ့ ချောပေ့ အဆင့်အတန်း မြင့်ပေ့ ဆိုသော မိန်းမများစွာက သူ့ကို လိုလားနှစ်သက်စွာပင် သူ့ထံက အချစ်ကို မျှော်လင့်စောင့်စားနေခဲ့ကြသည်မှာ အားနာစရာတောင် ကောင်းသေးတော့။ သူတစ်ချိန်က မဝံ့မရဲ ပိုးခဲ့ရသော မိန်းမ ထက် များစွာ ကုံလုံကြွယ်ဝသော လှပချောမွေ့သော မိန်းမများစွာ တို့ရဲ့ အရေးပေးမှုကို ခံရတိုင်း သူက သူ့အတိတ်ကို လှောင်ပြုံး ပြုံးပြတတ်ခဲ့သည်။

သူသည် သူ အဆင်သင့် ရရှိနေသော အခြေအနေ တစ်ခုကို အလိုက်သင့် ဖြတ်သန်းနေခဲ့ရတာဖြစ်သည်။ သူက စတင်ပြီးတော့ အချစ်တစ်ခုကို မဖန်တီးသော်လည်း တစ်ဖက်က ဖန်တီးလာခဲ့လျှင်တော့ သူ မငြင်းဆန်လိုပေ။ အချစ်ခံရတာဟာ မင်္ဂလာတစ်ပါးပဲဟု အစပထမပိုင်းမှာတော့ သူက ခပ်ဝေးဝေး တွေးထားခဲ့သည်။ သူ့မွေးနေ့ကို စက္ကူခင်းတွေ တစောင်[illegible] မှတ်သားထားပြီး မွေးနေ့ ကျရောက်တိုင်း ကိတ်မုန့်[illegible]



www.burmeseclassic.com

www.burmeseclassic.com



တွေ၊ လက်ဆောင်တွေ ပို့ပေးတတ်သော မိန်းကလေးပရိသတ်ရဲ့ ချစ်ခြင်းကိုလည်း သူက အသိအမှတ်ပြုရသည်။ သူ စတော့ချ်ရှီး သွားဆိုပြီး အိမ်အပြန် သူ့နောက်က ကားကိုယ်တိုင်မောင်း၍ အိမ်ရှေ့ထိလိုက်လာတတ်သော မိန်းမတစ်ချို့ရဲ့ ချစ်ခြင်းကိုလည်း အသိအမှတ်ပြုရသည်။ ည ၁၂-နာရီလောက် လူခြေတိတ်ချိန်ကျမှ ကနွဲ့ကလျအသံဖြင့် ဖုန်းဆက်တတ်သော မိန်းမတွေရဲ့ ချစ်ခြင်းကိုလည်း အသိအမှတ်ပြုရလေသည်။ အသိအမှတ်ပြုရခြင်းတွေက များပြားလာသောအခါမှာတော့ သူသည် 'ပျော်တယ်၊ ရှုပ်တယ်'ဟူသော ဘွဲ့တစ်ခုကို အလိုလိုပင် ပိုင်ဆိုင်လာခဲ့ရတော့သည်။

'အချစ်ဆိုတာ ဘာပါလိမ့်' ဟု ယခုတစ်ဖန် ပြန်လည်စဉ်းစားမိသောအခါမှာတော့ အဖြေက မရေမရာသာ ရှိခဲ့သည်။ သူ့ကို ချစ်ကြသူတွေရဲ့အချစ်ကို အသိအမှတ်ပြုပေးမိတာ ကတော့ 'အချစ်'မဖြစ်နိုင်ပေ။ သူ ဘယ်မိန်းမကိုများ အမှန် တကယ် ချစ်မြတ်နိုးမိပါလိမ့်ဟု စဉ်းစားသော်လည်း အဖြေက ထွက်မလာပေ။

အမှန်တကယ်တော့ သူသည် မည်မျှ အောင်မြင်ကျော်ကြားသောသူတစ်ယောက်ဖြစ်စေ၊ ယောကျ်ားသဘာဝကို ပိုင်ဆိုင်သော ယောကျ်ားတစ်ယောက်သာ ဖြစ်ပါသည်။ ယောကျ်ားဆိုသည်မှာ ကိုယ်က ဦးဆောင်လိုသည်။ မိန်းမတစ်ယောက်ကို ကိုယ်က စတင်ချစ်မြတ်နိုးပြီး အခက်အခဲတွေကြားမှ ကြီးမြတ်သော ချစ်ခြင်းဖြင့် မရမက ကြိုးစားကြည့်ချင်သေးသည်။ သူ့မှာ ပြစ်ချက်တွေရှိခဲ့လျှင်လည်း သူ့ချစ်သော မိန်းမအတွက် ပြုပြင်





ပြောင်းလဲပေးချင်သည်။ သို့သော် ခုတော့ဖြင့် အဲ့ဒီအခွင့်အရေးတွေကို သူဆုံးရှုံးနေခဲ့ရသည်။ သူသည် ဘယ်သောအခါမှ စ,တင်သူ ဖြစ်ခွင့်မရဘဲ စတင်ခံရသူသာ ဖြစ်ခဲ့ရသည်။ သူ ထိုအခြေအနေကို အလွန်ပင် ခါးသီးလာခဲ့ရလေသည်။ မိန်းမတစ်ယောက်ကို အနည်းငယ် စိတ်ဝင်စားမိ၍ ရင်းရင်းနှီးနှီး စကားပြောမိလျှင်ပဲ ထိုမိန်းမက မျက်လုံးတွေ အရောင်လက်လာကာ သွက်လက် ပြုံးရွှင်လိုလားစွာ သူ စိတ်ဝင်စားတာထက် နှစ်ဆ သုံးဆ သူ့ကို ပြန်လည် စိတ်ဝင်စားစွာ တုံ့ပြန်ကြလေသည်။ ထိုအခါ သူ့ရဲ့စိတ်ဝင်စားမှု ဒီရေက ဖြုန်းခနဲ ပြန်ကျသွားကာ ထိုမိန်းမကို စိတ်ပျက်သွားမိစမြဲဖြစ်သည်။ သူလိုချင်တာက သူ့ကို စိတ်ဝင်မစားသော မိန်းမဖြစ်သည်။ သူ့ရဲ့အရှိန်အဝါတွေ အောင်မြင်မှုတွေကို ဂရုမစိုက်သော မိန်းမ ဖြစ်သည်။ မာနအပြည့် ဣန္ဒြေသိက္ခာအပြည့်ရှိသော မိန်းမမျိုး ဖြစ်သည်။ သူ့ကို ကျောခိုင်းထားချင်သော မိန်းမမျိုးကိုမှ သူက တန်ဖိုးထားစွာ ကြိုးစားရယူချင်သည်။ ထိုမိန်းမနှင့်သူ ချစ်သူဖြစ်ကြရလျှင်လည်း ချစ်သူချင်း တွေ့ရတုန်းခဏမှာ သူ့ရဲ့အောင်မြင်သော အဆိုတော်ဘဝကို မေ့ထားကာ သာမန်အရပ်သားတစ်ယောက်လိုသာ ဟန်ဆောင်မှုမဲ့စွာ ဆက်ဆံချင်ခဲ့သည်။ သို့သော် အဲ့ဒီလို မိန်းမမျိုးကိုတော့ သူ ဒီတစ်သက် ရမည်မထင်တော့ချေ။

သူသည် အိမ်ထောင်ပြုသင့်သောအရွယ်ကို လွန်လာသည့်အထိ တစ်ကိုယ်တည်းဘဝဖြင့်သာ သူ့ဘဝကို ဖြတ်သန်းနေခဲ့ရသည်။ လူတော်တော်များများက 'ခုချိန်ထိ ဘာလို့ အိမ်ထောင်

www.burmeseclassic.com



မပြုသေးတာလဲ'ဟူသော မေးခွန်းရဲ့အဖြေကို သိလိုကြသည်။ တချို့ကတော့...

"လွတ်လွတ်လပ်လပ် ပွေချင် ရှုပ်ချင်လို့ အိမ်ထောင်မပြုတာ နေမှာပေါ့"

ဟု သူ့ကွယ်ရာမှာ စကားတင်း ဆိုတတ်ကြလေသည်။ အများအမြင်မှာတော့ သူဟာ ပွေ ရှုပ်ဟုထင်လျှင်လည်း ထင်လောက်စရာပင်ဖြစ်သည်။ သူသည် မိန်းကလေးတွေနှင့် မကြာခဏ ဖုန်းပြောရသူဖြစ်သည်။ မိန်းကလေးတွေ အိမ်လည်ခေါ်လျှင်လည်း မကြာခဏ သွားရသူဖြစ်သည်။ သူ့ကားပေါ်မှာ မိန်းကလေးတွေကို တွေ့နိုင်သလို မိန်းကလေးတွေရဲ့ကားပေါ်မှာလည်း သူ့ကို တွေ့နိုင်သည်။ အဲဒီ မိန်းမတွေဟာ သူ့ချစ်သူ မဟုတ်တာကိုတော့ ဘယ်သူကမှ မယုံကြည်နိုင်ခဲ့ကြချေ။



(၂)

♥ ♥ ♥

သူသည် ကံကောင်းထောက်မစွာပင် အချစ်ဆိုသော ခံစားမှုကို ကြီးကျယ်ခမ်းနားစွာ စတင်ခံစားရလေသည်။ အင်မတန်ရိုးသားဖြူစင်သော၊ အေးဆေးတည်ငြိမ်သော မိန်းကလေးတစ်ယောက်ကို စ,တွေ့စမှာပင် သူ့ရင်ထဲ အတိုင်းမသိ ချစ်မြတ်နိုးသွားခဲ့ရသည်။ ထိုမိန်းကလေးမှာ နယ်မှဖြစ်ပြီး သူ့သူငယ်ချင်းရဲ့ နမဝမ်းကွဲတော်စပ်သူလည်း ဖြစ်လေသည်။ သူမက အတန်ငယ်နွမ်းပါးကာ မိဘမဲ့လည်းဖြစ်ပြီး သူ့သူငယ်ချင်းတို့ မိသားစုထံမှာ လာရောက်မှီခိုနေရသူဖြစ်သည်။ သူမ ရုပ်ရည်က အချောအလှကြီး မဟုတ်သော်လည်း ဖြူစင်နုနယ်ကာ ချစ်စရာကောင်းလေသည်။ သူမ မျက်နှာပေါ်မှာ သူမြင်နေကျ မျက်နှာများလို ဆေးရောင်တွေ မရှိ၊ မျက်ဝန်းတွေထဲမှာ လည်စယ်ပါးနပ်မှုတွေမရှိ၊ ဟောသီ



www.burmeseclassic.com

www.burmeseclassic.com



အဖြူထည် မျက်ဝန်းများကို ပိုင်ဆိုင်သည်။ နောက်တစ်ခု သူသဘောကျတာက သူ့ကို အရေးမစိုက်ဘဲ ဘာသိ ဘာသာ နေတတ်ခြင်းတည်း။

သူက အဲ့ဒီလို နူးညံ့သိမ်မွေ့သော အဖြူထည် မိန်းကလေးမျိုးကိုသာ အလိုရှိခဲ့တာဖြစ်သည်။ သူမကို စ,တွေ့သည့်နေ့မှစကာ သူက သူမရှိနေသော သူ့သူငယ်ချင်းအိမ်သို့ မကြာခဏ အလည်သွားမိလေသည်။ ကြာသောအခါ သူငယ်ချင်းက ရိပ်မိကာ သူ့ကို တောင်းပန်သည်မှာ ...

"ဒီကောင်မလေးက အဖြူထည်လေးပါကွာ ... သွားဒုက္ခမပေးချင်စမ်းပါနဲ့၊ မင်းမှာက အများကြီးပါ၊ ရိုးရိုးသားသား မိန်းကလေးတစ်ယောက်ကို လက်တည့်စမ်းဖို့တော့ မကြိုးစားပါနဲ့"

"ဟာကွာ ... မင်း ထင်သလို မဟုတ်ဘူးကွ"

"တော်ကွာ ... တော်၊ မင်းအကြောင်း ငါသိတယ်"

သူ ဘယ်လိုပြောပြော သူ့ကို ဘယ်သူကမှ ယုံကြည်မပေးခဲ့ချေ။ သူမကို သူအမှန်တကယ် ချစ်မြတ်နိုးစွာ လက်ထပ်ယူမှာဖြစ်ကြောင်း အကြိမ်ကြိမ်ပြောသော်လည်း သူ့ကို မယုံကြည်နိုင်သူများက ရယ်သွမ်းသွေး၍သာ နေခဲ့သည်။ နောက်ဆုံးတွင် သူက သူ့ချစ်ခြင်းတွေကို မသိမ်းဆည်းနိုင်တော့ဘဲ သူမရှေ့မှောက်တွင် ဖွင့်အံချမိလေသည်။ သူမရဲ့တုံ့ပြန်မှုက သူ့စိတ်ကို အလဲထိုးနိုင်ခဲ့သည်။ သူ့ချစ်စကားကို ကြားကြားချင်း သူမက သူ့ကို အေးဆေးစွာ ပြန်လည်တောင်းပန်ခဲ့တာဖြစ်သည်။





"ကျွန်မ ... မိန်းမကောင်းပါ အစ်ကို၊ ကျေးဇူးပြုပြီး ကျွန်မကို မနှောင့်ယှက်ပါနဲ့"

သူသည် တစ်ခဏချင်းမှာပင် အကြိမ်ကြိမ်လဲကျသေဆုံးသွားသလို ခံစားခဲ့ရလေသည်။ သူမ ငြင်းပုံက သူမအောင်မြင်ခင်က သူ့ကို ငြင်းဆန်ခဲ့ဖူးသော မိန်းမတစ်ယောက်ရဲ့ ငြင်းပုံနဲ့လည်း မတူ။ ထိုမိန်းမတုန်းကတော့ သူ့ရင်ထဲ မခံချင်စိတ်ဖြင့် ကြေမွသွားခဲ့ရတာဖြစ်ပြီး ယခုတစ်ကြိမ်မှာတော့ ယူကျုံးမရစိတ်ဖြင့် ကြေမွရလေသည်။

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com

# (၃)

♥ ♥ ♥

သူသည် သူ မက်မောသော အောင်မြင်မှုများနှင့် အတူ ရှေ့ဆက်ချီတက်နေဆဲဖြစ်ပါသည်။ အောင်မြင် ကျော်ကြား သော ပြည့်စုံကုံလုံသော ယောကျ်ားတစ်ယောက်ဟာ ခုချိန်ထိ အချစ်စစ်ကို မရဖူးဘူးဟုဆိုလျှင် ဘယ်သူယုံကြည်နိုင်ပါမည်နည်း။ သူ့နံဘေးမှာ ဝိုင်းနေသည့် မိန်းကလေးတွေကို လက်ညှိုးထိုးကာ ဟားတိုက်ရယ်မောသူပင် ရှိနိုင်သည်။ သူ့ပရိသတ်များစွာကလည်း သူ့ရဲ့အချစ်ရေး၊ အိမ်ထောင်ရေးကိစ္စတွေကို သိချင်နေခဲ့ကြသည်။ မဂ္ဂဇင်းများ၊ ဂျာနယ်များကလည်း ပရိသတ်ကို ကိုယ်စားပြုကာ ပရိသတ်သိလိုသော မေးခွန်းတွေကို မေးပေးလိုကြသည်။ သူကတော့ အဲ့ဒီမေးခွန်းမျိုးကို ဖြေဖို့ ဝန်လေးစွာ ရှောင်ရှားခဲ့မိသည်။





ရာသီဥတုသာယာကာ မြောက်ပြန်လေတိုက်စပြုလာသော ဆောင်းဦးပေါက် နံနက်ခင်းတစ်ခုမှာတော့ သူသည် သူ့ခြံဝန်းထဲက မြက်ခင်းစိမ်းပေါ်မှာ ဒရင်းဘတ်ကို ချလျက် ဒရင်းဘတ်ပေါ်မှာ ထိုင်ရင်း ကောင်းကင်ကြီးကို ငေးမျှော်ကြည့်နေခဲ့မိသည်။ သူသည် အမြဲမပြတ် ပြောနေရသော အရည်မရ အဖတ်မရ စကားများကို ငြီးစီစီကြီးဖြစ်နေခဲ့သည်။ သူတို့၏ သာယာမှု (သို့)မိမိ၏သာယာမှုအတွက် ပြောခဲ့ရသော စကားများက သူ့နှလုံးသားကို ညှိုးခြောက်စေခဲ့ပြီ။ သူသည် အောင်မြင်မှုကိုရပြီး အချစ်စစ်ကို ဆုံးရှုံးရသော အထီးကျန်လူသားတစ်ယောက် ဖြစ်ခဲ့လေပြီ။

သူ့ရှေ့က စားပွဲပေါ်မှာ အေးစက်နေသော Coca Cola နှစ်လုံးရှိသည်။ သူနှင့် မျက်နှာချင်းဆိုင်တည့်တည့်မှာ ထိုင်ခုံတစ်လုံးရှိသည်။ ဟောဒီ မနက်ခင်းမှာလည်း အင်တာဗျူးသူတစ်ဦးကို လက်ခံတွေ့ဆုံဖို့ သူချိန်းထားခဲ့ပြီး ဖြစ်သည်။

မကြာခင် အင်တာဗျူးသူရောက်လာခဲ့လေသည်။ သူက ထိုသူ့ကို ခြံထဲမှာပင် အေးဆေးလွတ်လပ်စွာ တွေ့ဆုံခဲ့ပါသည်။ ပြီးတော့ မေးခွန်းတစ်ခုကိုလည်း ရဲရဲဝံ့ဝံ့ဖြေဖို့ သူ ဆုံးဖြတ်ထားခဲ့သည်။

သူသည် ထိုသူ မေးသမျှ ဖြည်းဖြည်းနှင့် မှန်မှန် ပြန်ဆိုနေခဲ့သည်။ နောက်ဆုံးမှာတော့ သူ့ပရိသတ်သိချင်သော မေးခွန်းတစ်ခုကို သူ လက်ခံရရှိခဲ့သည်။

"ခင်ဗျား ဘာဖြစ်လို့ ခုချိန်ထိ အိမ်ထောင်မပြုသေးတာလဲ။



www.burmeseclassic.com

www.burmeseclassic.com



အဲ့ဒီမေးခွန်းရဲ့အဖြေကို ခင်ဗျားပရိသတ်က စိတ်ဝင်တစား သိချင်နေကြတယ်”

သူ အနည်းငယ် နာကျင်စွာ ပြုံးလိုက်ပါသည်။

“ဖောင်စီးရင်း ရေငတ်ဆိုတဲ့စကား ခင်ဗျား ကြားဖူးမှာပေါ့၊ ကိုယ့်ပတ်ပတ်လည်မှာတော့ ရေတွေချည်းပဲဗျာ … ဒါပေမယ့် အဲ့ဒီရေတွေက သောက်မကောင်းဘူးဗျ၊ ဆားငန်ရေတွေချည်းပဲလေ …၊ ကိုယ် အမှန်တကယ် သောက်ချင်တာက ရေချိုတစ်ခွက်ပဲ၊ ဒါပေမယ့် အဲဒီရေချိုက အနားမှာမရှိဘူး၊ အဲဒီတော့ မသောက်ဘဲ နေလိုက်တာ မကောင်းဘူးလားဗျာ …၊ ဒီစကားရဲ့ အဓိပ္ပာယ်ကို လူတိုင်း နားမလည်နိုင်ဘူးဆိုရင်တော့ ကျွန်တော် တစ်ခွန်းတည်းပဲ ရှင်းရှင်းလင်းလင်း ဖြေပါ့မယ်၊ ခုချိန်ထိ ကျွန်တော် ဘာလို့ အိမ်ထောင်မပြုရသေးသလဲဆိုတော့ ကျွန်တော့်ဘဝမှာ အချစ်ပျောက်နေလို့ပဲဗျာ၊ ကျွန်တော်ဟာ အချစ်ပျောက်နေတဲ့သူတစ်ယောက်ပါ”

အဖြေပေးပြီးချိန်မှာ သူ့စိတ်တွေ အတန်ငယ် ပေါ့ပါးသွားခဲ့ပါသည်။ သူ့ပရိသတ်တွေကတော့ သူ့အဖြေကို ယုံကြည်နိုင်ပါ့မလားမသိ …။

၂၀၀၃-ခုနှစ်၊ ဖေဖော်ဝါရီလ (တိုင်းရင်းသား



www.burmeseclassic.com

www.burmeseclassic.com

# အချစ်နှင့် အခြားသော အရာများ

(၁)

♥ ♥ ♥

ယောကျ်ားတစ်ယောက်ဟာ မိန်းမတစ်ယောက်ကို အမှန်တကယ် ချစ်နေပြီဟု ယုံကြည်ယူဆကာ တရားဝင် ချစ်ရေးဆိုခဲ့ပြီး (ထိုမိန်းမထံမှ အဖြေကိုလည်း ပြန်ရပြီး) နှစ်ဦးသဘောအရ ချစ်သူတွေအဖြစ်သို့ ရောက်ကြပြီးမှ ထိုယောကျ်ားက ထိုမိန်းမကို အမှန်တကယ် မချစ်ကြောင်း တဖြည်းဖြည်းသိမြင်ခံစားလာရတဲ့အဖြစ်ကို ခင်ဗျားတို့ ကြုံဖူးကြပါသလား။ အကယ်၍များအဲဒီလိုကြုံခဲ့ရင် ဘယ်လိုဖြေရှင်းမယ်လို့ စဉ်းစားထားကြပါသလဲ။ ဒါဟာ အင်မတန် ကိုင်တွယ်ရခက်ခဲပြီး နူးညံ့သိမ်မွေ့သော...



www.burmeseclassic.com

www.burmeseclassic.com



တစ်ခုဖြစ်သည်ဟု ကျွန်တော် ထင်ပါသည်။ ဥပမာ ဖန်ပန်းအိုး ပါးပါးလှပ်လှပ်ကလေးကို ကိုင်ထားရသလိုမျိုး၊ လွှတ်ချလိုက်လျှင် ကွဲကြေသွားမှာလည်း စိုး၊ လွှတ်ချမိသည့် ကိုယ့်အပြစ်ဖြစ်မှာလည်း စိုး၊ ဒီအတိုင်းလည်း အမြဲတမ်း ကိုင်မထားနိုင်၊ ဒီကိစ္စဟာ အတော့်ကို ဘေးကျပ် နံကျပ်ရိုက်သော ကိစ္စတစ်ခုလည်းဖြစ်ပါသည်။ ဒါကြောင့် ကျွန်တော်တို့ ယောကျ်ားတွေဟာ မိန်းမတစ်ယောက်ကို ချစ်နိုင် မချစ်နိုင် ကိုယ့်ကိုယ်ကို အပြန်ပြန် အလှန်လှန် ဝေဖန်သုံးသပ်ပြီး သေချာပြီဆိုမှ ချစ်ရေးဆိုသင့်ကြောင်း ကျွန်တော် ပဏာမ သတိပေးပြောကြားလိုပါသည်။



## (၂)

သူမက အတော်လှပကာ ကျွန်တော့်စိတ်ကို အလွန်အမင်း ပျောင်းညွတ်လာအောင်လည်း ဖြားယောင်းနိုင်လေသည်။ ကျွန်တော်ဖြင့် သူ့ကိုမြင်စမှာပင် ရင်ခုန်ရလွန်းလို့ မူးမိုက်ပြာဝေသွားသည်။ ကျွန်တော့်ကိုယ် ကျွန်တော်တောင် မယုံကြည်နိုင်လောက်အောင်ဖြစ်သည်။ ကျွန်တော်သည် ထိုခဏမှာပင် 'အချစ်ကို တွေ့ပြီ'ဟု စိတ်ထဲကပင် လက်သီးလက်မောင်း တန်း၍ ကြွေးကြော်လိုက်သည်။ ဒီလိုခံစားချက်မျိုး တစ်ကြိမ်တစ်ခါမှ မကြုံဖူးခဲ့ပေ။ ဒါဟာ အချစ်ပဲဆိုတာကို ကျွန်တော် ကောင်းကောင်းကြီး အသိအမှတ်ပြုလိုက်ပြီးနောက်တွင် သူမကို ချစ်ရေးဆိုဖို့ လျင်လျင်မြန်မြန် ဆုံးဖြတ်လိုက်လေသည်။ ကျွန်တော်သည် သူမကို တစ်နေ့မတွေ့ရလျှင် မနေနိုင်။ သူမရဲ့ လှပလွန်းသော



www.burmeseclassic.com

www.burmeseclassic.com



အသွင်သဏ္ဌာန်လေးက ကျွန်တော့်အမြင်အာရုံထဲမှာ လှည့်လည်၍ နေသည်မှာ ဖျောက်ဖျက်လို့ မရနိုင်ချေ။ ကျွန်တော်သည် စားလည်း ဒီစိတ်၊ သွားလှည့်လည်း ဒီစိတ်ဖြင့် သူမကိုသာ တန်းတန်းစွဲဖြစ်၍ နေရလေသည်။ ကျွန်တော့် သူငယ်ချင်းတွေက "မင်းကို သူပြန်ချစ်ပါလိမ့်မယ် အားကြီးကြီး"ဟု လှောင်ပြောင်သရော်ကာ ပြောလေ ... ကျွန်တော်က သူမရဲ့အချစ်ကို ရချင်လေဖြစ်သည်။ ကျွန်တော်ရဲ့အချိန်တော်များများကို သူမအတွက် ရင်းနှီးပေးဆပ်ခဲ့ရသည်။ အလုပ်ပျက် အကိုင်ပျက် ကမောက်ကမတွေ ဖြစ်ရသော်လည်း ကျွန်တော့်စိတ်ထဲ နည်းနည်းမှ မငြိုငြင်။ သူမ ရှေ့ရောက်ပြီဆိုလျှင် ရင်ထဲတလှပ်လှပ် တုန်ယင်ကာ ရင်တွေတဒိတ်ဒိတ် ခုန်လာရသော အရသာကို ကျွန်တော် အင်မတန်သဘောကျခဲ့သည်။ အဲဒီလို ခံစားရတာတွေဟာ သူမကို ချစ်လို့ပဲသာဟု ကိုယ့်ကိုယ်ကိုတော့ သေချာခဲ့လေသည်။ သူမကို ရယူပိုင်ဆိုင်လိုစိတ်တွေဟာ ကျွန်တော့်ခန္ဓာကိုယ်ထဲက မြောက်မြားစွာသော သွေးကြောမျှင်လေးတွေထဲမှာ စိမ့်ပျံ့နေသည်။ သူမအချစ်ကို ရလျှင်ဖြင့် ကျွန်တော့်လောက် ဂုဏ်ယူကျေနပ်ဖွယ်ကောင်းသော ယောကျ်ားမျိုး လောကမှာ မရှိပြီ။

ကျွန်တော်သည် အင်မတန်ဖွဲ့ကောင်းသူလည်း ဖြစ်ပြီးမိန်းကလေး အတော်များများ သဘောကျနိုင်လောက်သော ရုပ်ရည်အရည်အချင်းလည်း ရှိသူဖြစ်ရာ မကြာခင်မှာပင် သူမထံမှ ချစ်တုံ့ပြန်မှုကို ရလေသည်။

"ရှင့်ကို ကျွန်မ ချစ်ပါတယ် ... ရှင်ဟာကျွန်မရဲ့အချစ်ဦးပါ"





ဟူသော စကားကို ကြားရချိန်မှာ ကျွန်တော့်တစ်ကိုယ်လုံး အပျော်တွေဖြင့် ပိတ်ဖုံးသွားခဲ့သည်။ တစ်ပြိုင်တည်းစိတ်ထဲ ပေါ့ပါးကာ ဝန်ထုပ်ဝန်ပိုးကြီး ကျသွားသလို ခံစားလိုက်ရသည်။ အဲဒီနောက်တော့ ကျွန်တော်နှင့် ကျွန်တော့်ချစ်သူသည် အတူတကွ တွဲသွား တွဲလာသည့်အချိန်တွေကို ပိုင်ဆိုင်ခဲ့ကြကာ ချစ်သူဘဝကို အစပြုတော့သည်။ ပြဿနာက အဲဒီက စခဲ့ခြင်းဖြစ်သည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၃)

♥ ♥ ♥

ချစ်သူတွေဘဝသို့ မရောက်မီကပင် တစ်ယောက်နှင့်တစ်ယောက် ခမ်းစိမ်းစိမ်း ခပ်ခွာခွာ နေခဲ့ကြတာမို့ ကျွန်တော်သည် ကျွန်တော့်ချစ်သူအကြောင်းကို အလွန်ပင် စိတ်ဝင်စားခဲ့လေသည်။ သူနှင့် မတွေ့ရသော အချိန်များမှာ သူ့အကြောင်းကိုသာ အစဉ်အမြဲတွေးခဲ့သည်။ သူဘာပဲလုပ်လုပ်၊ ကိုယ့်ကိုဘယ်လိုပဲ ဆက်ဆံ ဆက်ဆံ ခွင့်လွှတ်ဖို့ အသင့်ရှိနေခဲ့သည်။ အဲဒီတုန်းကတော့ သူမသည် ကျွန်တော့်အတွက်တော့ အလွန်လျှို့ဝှက်နက်နဲသော ပုစ္ဆာတစ်ပုဒ်သာဖြစ်လေသည်။ သူမထံမှ အဖြေရပြီးနောက်ပိုင်းတွင်မှ ကျွန်တော့်အတွက် အလွန်ပင် နက်နဲခဲ့သော ပုစ္ဆာသည် အင်မတန်မှအဖြေထုတ်ရလွယ်သော ပုစ္ဆာအဖြစ်သို့ ပြောင်းလဲသွားတော့သည်။ သူမသည် အလွန်စိတ်ပျက်





စရာကောင်းသော မိန်းကလေးတစ်ယောက်ဟုလည်း ကျွန်တော့်စိတ်ထဲမှာ တဖြည်းဖြည်း သိမြင်ခံစားလာရသည်။ သူမရဲ့ အကျင့်စရိုက်တွေကို ကျွန်တော် သည်းမခံနိုင်ချေ။ အခုန်မြန်လွန်းခဲ့သော ကျွန်တော့်နှလုံးသားတွေလည်း တဖြည်းဖြည်း ငြိမ်သက်အေးစက်လာခဲ့ရသည်။ ကျွန်တော်သည် သူမကို ဆူပူဝုန်းဒိုင်းကြီးကာ သွေးဆူသောအချစ်မျိုးဖြင့် ဖြုန်းခနဲ ချစ်ခဲ့ပြီး ထိုအချစ်များက အချိန်တိုအတွင်း ကျွန်တော့်ထံမှ ပြန်လည်ထွက်ခွာသွားကြသည်။ ကျွန်တော်တို့ အကြောင်းကို သိနေသော ကျွန်တော့်သူငယ်ချင်းများက ဝေဖန်သည်မှာ...

"မင်းက သူ့ကို မချစ်တော့တာ မဟုတ်ဘူးကွ... အစကတည်းက မချစ်ခဲ့တာ"

ကျွန်တော်က သူ့တို့စကားကို လက်မခံနိုင်ဘဲ ...

"ငါ သူ့ကို ရင်ခုန်ခဲ့တယ်လေကွာ ... စိတ်လှုပ်ရှားခဲ့တယ်၊ တိမ်းမူးယိမ်းယိုင်ခဲ့တယ်၊ သူ့အပေါ် Crazy ဖြစ်ခဲ့တယ်"

"အဲဒါ အချစ်မှမဟုတ်ဘဲ ...သိပ်လှပြီး ညို့ငင်နိုင်အားရှိတဲ့ မိန်းမတစ်ယောက်ရဲ့ချစ်သူ ဖြစ်ချင်တဲ့စိတ်နဲ့ မင်းစိတ်တွေ ယောက်ယက်ခတ်ခဲ့တာ လူတစ်ယောက်ကို တကယ်ချစ်ရင် ကိုယ်မလုပ်ချင်တာတွေကိုလည်း လုပ်နိုင်ရမယ်၊ ကိုယ်မလိုချင်တာတွေကိုလည်း လက်ခံနိုင်ရမယ်၊ ကိုယ်က သူ့ကိုချစ်တာကိုး ... လိုချင်တာကိုး၊ မင်း လိုချင်တဲ့ အရာတစ်ခုအတွက် မလိုချင်တာတွေကိုပါ သည်းခံနိုင်



www.burmeseclassic.com

www.burmeseclassic.com



ရမှာပေါ့၊ ဥပမာကွာ ... မင်း ဆယ်တန်းဖြေတုန်းက အကြောင်းကိုပဲ စဉ်းစားကြည့် ... မင်းသဘောနဲ့မင်းဆို ညဘက် စောစော အိပ်ချင်တယ်၊ မနက်ဆို နေမြင့်မှ အိပ်ရာထချင်တယ်၊ ကျူရှင်တွေ မတက်ချင်ဘူး၊ စာမကျက်ချင်ဘူး၊ ဒါပေမယ့် စာမေးပွဲတော့ အောင်ချင်တယ် မဟုတ်လား၊ အဲဒီလို အောင်ချင်တဲ့အတွက် ညဘက် အိပ်ပျက်ခံ စာကြည့်ရတယ်၊ မနက်ဆို အစောကြီး ထ,ရတယ်၊ ကျူရှင်တွေ တက်ရတယ်၊ အဲဒါတွေဟာ မင်းလိုချင်တာတစ်ခုအတွက် မင်းမလိုချင်တာတွေကိုပါ သည်းခံနေရတယ်လေကွာ ... "

ကျွန်တော့်သူငယ်ချင်းရဲ့ စကားအဆုံးတွင် ကျွန်တော့်စိတ်ကို ကျွန်တော် အရှိအတိုင်း ပြန်မြင်ရလေသည်။ ကျွန်တော်တို့ရဲ့ ချစ်သူဘဝတွင် ကျွန်တော်သည် သူမ တောင်းဆိုလာသော ကိစ္စအတော်များများထဲမှ ကျွန်တော် မလုပ်ချင်တာတွေ လုပ်ပေးရတိုင်း အမြဲ စိတ်တိုစိတ်ပျက်ခဲ့ရတာဖြစ်သည်။ သူမရဲ့ တောင်းဆိုမှုတွေကလည်း အများသား။

"ကျွန်မက တစ်ပတ်တစ်ခါ မနက်ငါးနာရီထပြီး ဘုရားသွားတတ်တယ် မောင်ရဲ့၊ အရင်တုန်းကတော့ အိမ်ကကောင်မလေးတစ်ယောက်ကိုခေါ်ပြီး ကျွန်မကိုယ်တိုင်ကားမောင်းသွားတာပေါ့၊ ခုတော့ ဒါတွေဟာ မောင့်တာဝန် ဖြစ်သွားပြီ၊ ကျွန်မကို မနက်စောစော ဘုရားပို့ဖို့





တာဝန်ကို မောင်ယူရမယ်၊ ပြီးတော့ ကျွန်မ Shopping ထွက်တိုင်း မောင် အဖော်လိုက်ပေးရမယ်နော် ... နောက်ပြီး ကျွန်မ ဆံပင်ညှပ်ရင်လည်း မောင် ထိုင်စောင့်ပေးရမယ်"

သူမ တောင်းဆိုချက်တွေကို ကြားကြားချင်း ကျွန်တော့်စိတ်တွေ ရှုပ်ထွေးသွားခဲ့တာကို ကျွန်တော် ကောင်းကောင်း မှတ်မိနေသေးသည်။ ကျွန်တော်က ခေါင်းတစ်ချက်ကုတ်မိကာ ...

"ဘုရားက ညနေခင်းလေး အေးအေးလူလူ သွားလို့မရဘူးလားကွာ ... ညဘက်ဆို စောစော မအိပ်တတ်တော့ မနက်ဘက်လည်း စောစော မထနိုင်ဘူးကွ၊ ပြီးတော့ ဟို ... ဈေးဝယ်ထွက်ဖို့ ကိစ္စကြီးကလည်း မောင့်အတွက် တော်တော်ကသိကအောက်ဖြစ်တဲ့ကိစ္စပဲ၊ မောင် တစ်ခါမှ ဈေးတွေလှည့်ပတ်လျှောက်မသွားဖူးဘူး၊ ဝယ်စရာရှိရင် Fashion Shop တစ်ခုခုကို ဝင်ပြီး ဝယ်လိုက်တာပဲ၊ တစ်ဆိုင်ဝင်တစ်ဆိုင်ထွက် လျှောက်သွားနေရမှာလည်း စိတ်မရှည်ဘူး၊ မိန်းမတွေ စုဝေးနေတဲ့ Beauty Saloon ထဲမှာ မောင်တစ်ယောက်တည်း ထိုင်စောင့်ရမှာကလည်း ရှက်စရာကြီးပါကွာ ..."

"အို ... မောင့်ဘာသာ အရင်က ဘယ်လိုပဲ နေနေလေ ... အခု ကျွန်မချစ်သူဖြစ်နေပြီပဲ ... ကျွန်မအလိုကို လိုက်ရမှာပေါ့"

"ဒါဆို ယောကျ်ားဆိုတာ ရည်းစားရပြီဆိုတာနဲ့ ကိုယ်

www.burmeseclassic.com



မလုပ်ချင်တာတွေကို လုပ်ရတော့မယ် ဆိုတဲ့သဘောပေါ့၊ အဲဒါ ထုံးစံတစ်ခုလား ဟန်နီ ...”

“ထုံးစံဆိုကာထက်တောင် ပိုသေးတယ်၊ ရင်ထဲ အသည်းထဲကကို လိုလိုချင်ချင် လှိုက်လှိုက်လှဲလှဲ လုပ်ပေးရမှာ၊ ကိုယ့်ချစ်သူရဲ့ဝေယျာဝစ္စကို ဘယ်လိုယောကျ်ားမျိုးမဆို လုပ်ပေးချင်ကြတာပဲ မောင် ...”

စကားအခြေအတင် ဖြစ်ပြီးနောက်တွင် ကျွန်တော်သည် ချစ်သူကောင်းတစ်ယောက် ပီသဖို့ ကြိုးစားကြည့်ခဲ့သေးသည်။ ထိုကြိုးစားမှုရဲ့ရလဒ်မှာ စိတ်ပျက်မှုတွေ ပြန်လည်ရရှိခဲ့ခြင်းဖြစ်သည်။ သူ့ကိုတတ်နိုင်သလောက် အလိုလိုက်ဖို့ ကြိုးစားရင်း ကျွန်တော့်စိတ်တွေ ညစ်ညူးရှုပ်ထွေးလာသည်။ သူ ခိုင်းသည့်ကိစ္စတွေကို လုပ်ပေးရတိုင်း စိတ်ဓာတ်ကျရသည်။ ကြာသောအခါ ကျွန်တော်သည် သူမနှင့်အတူ ရှိနေရသည့်အချိန်တိုင်း ပျင်းရိငြီးငွေ့လာရလေသည်။ တဖြည်းဖြည်းနှင့် သူမရဲ့ အင်မတန်လှပသော ရုပ်ရည်ဟာ ကျွန်တော့်မျက်စိထဲမှာ အကျည်းတန်သွားသည်ဟုတောင် ခံစားထင်မြင်လာသည်။ သူမသည် ကျွန်တော့်ကိုဆို ခိုင်းဖတ်လို သဘောထားကာ သူမ လုပ်နိုင်သည့် ပိစိကွေးလေးကိစ္စလေးတွေကအစ ခိုင်းစေတတ်သူဖြစ်သည်။ တော့ငေါ စကားဆိုကာ အလွန်သဝန်တိုတတ်သူလည်းဖြစ်သည်။ သူမ အလိုမကျပြီဆို ပါးစပ်က ဗျစ်တောက် ဗျစ်တောက် ပြောလို့ပါ မဆုံးနိုင်။ စကားများလိုက်ပုံကလည်း သူ့အပြင် နှစ်ယောက်မရှိချေ။ ကျွန်တော် သူ့ကိုကြိုးစားနေတုန်းကဆို ကျွန်တော့်ကိုတွေ့တိုင်း





မျက်လုံးကလေးဝင့်ဝင့်ကြည့်ကာ ရေငုံနှုတ်ပိတ်နေတတ်ပုံကလေးဟာ ကျွန်တော့်စိတ်ကို မချင့်မရဲ အသည်းစွဲစေခဲ့ပါသည်။ အဲဒီတုန်းက တော့ သူမဟာ ကျွန်တော့်ကို ခုလိုမျိုး ဖန်တစ်ရာတေအောင်ခိုင်းစေမည့် နှုတ်အာသွက်သွက် မိန်းကလေးရယ်လို့ နည်းနည်းလေးမှ မထင်ခဲ့မိပေ။

ခုချိန်မှာတော့ ကျွန်တော်သည် သူမကို အမှန်တကယ်မချစ်ကြောင်း သေချာသွားခဲ့ပြီဖြစ်သည်။ သူမအပေါ် နည်းနည်းလေးမှ သည်းမခံနိုင်ခြင်းကပင် ကျွန်တော့်အချစ်ကို မှတ်ကျောက်တင်စရာ မလိုဘဲ ‘အတု’ဖြစ်ကြောင်း သေချာစေသည်။

“မင်းက သာယာတိမ်းမူးရုံကလေးနဲ့ အချစ်လို့ မှတ်လိုက်တော့တာကိုးကွ”

ဟု သူငယ်ချင်းက ပြောလာသောအခါ ကျွန်တော်ရဲရဲတင်းတင်း ခေါင်းညိတ်ဝန်ခံလိုက်သည်။ ခုချိန်မှာ သူမနှင့်ပတ်သက်ပြီး အားနာတာလေးတစ်ခုကလွဲရင် ကျွန်တော့်စိတ်ထဲမှာ တခြား ဘာတစ်ခုမှ မရှိတော့ချေ။ ကဲ ... သူမကို မချစ်တာတော့ သေချာပါပြီ။ ရှေ့ဆက် ဘယ်လိုစခန်းသွားကြမတုန်း။ ကျွန်တော် မချစ်သော မိန်းမတစ်ယောက်ကို လက်ထပ်ယူပြီး တစ်သက်လုံး အတူတူနေသွားဖို့အထိတော့ ကျွန်တော် မမိုက်မဲချင်ပေ။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

♥ ♥ ♥

မတတ်သာသည့်အဆုံးတွင် ကျွန်တော်သည် သူမ ပြတ်တောက်သွားဖို့အတွက် စိတ်ပင်ပန်းခြင်းကြီးစွာဖြင့် စတင် ကြိုးပမ်းရလေသည်။ ပထမဦးစွာ ကျွန်တော်က သူမကို ရှောင် ဖယ်လိုက်ခြင်းဖြင့် စတင်လိုက်သည်။ သူမထံ ဖုန်းလည်း မဆက် သွားလည်း မတွေ့တော့ချေ။ ထိုအခါ သူမက စိုးရိမ်ပူပန်ခြင်း ကြီးစွာဖြင့် ကျွန်တော့်ထံ အရောက်လာခဲ့ပြီး ...

"စိတ်ပူလိုက်ရတာ မောင်ရာ၊ နေများ မကောင်းလို့လား ဘာများဖြစ်နေသလဲလို့ ... ဒီလိုမှ မဟုတ်ရင်လည်း ကျွန်မ ကို ဘာများစိတ်ခုသွားသလဲလို့ တွေးပြီး စိုးရိမ်နေတာ ..."

သူမက စိုးရိမ်တကြီး ပုံစံမျိုးဖြင့် တတွတ်တွတ် ပြောသောအခါ ကျွန်တော် သူမကို အားနာသွားရလေသည်





သူမကတော့ ကျွန်တော့်ကိုချစ်နေဆဲဆိုတာ အထင်အရှား မြင်နိုင် သည်။ သူမက ကျွန်တော့် နဖူးလေးကို လှမ်းလှမ်းစမ်းကာ အဖျားသွေးရှိ မရှိ လက်ကောက်ဝတ်ကိုတောင် ဖွဖွစမ်းကြည့် လိုက်သေးသည်။ ကဲ ... အဲဒီလို ကိုယ့်ကိုချစ်ခင်ယုံကြည်နေဆဲ မိန်းမတစ်ယောက်ကို ကျွန်တော် ဘယ်လို စကားလုံးမျိုးတွေ သုံးပြီး ပစ်ပစ်ခါခါ ပြောလိုက်ရမှာလဲ။ ကူညီစဉ်းစားပေးကြစေလို ပါသည်။

"မောင် ... ကိုယ် နွေးနွေးပူသလိုပဲနော်၊ မောင့် ကြည့်ရတာ မအီမသာနဲ့ ဖျားချင်နေပုံပဲ၊ ထမင်းရော စားနိုင်ရဲ့လား ဟင်၊ စွပ်ပြုတ်ပူပူလေး သောက်ချင်ရင် ကျွန်မကိုယ်တိုင် လုပ်ပေးမယ်နော် ..."

သူမက ကျွန်တော့်ကို ဆက်လက်ယုယပြန်လေ သည်။ အမှန်တကယ်တော့ သူမသည် မိန်းမပီပီ ပလီပလာ ပြောတတ်၊ ဂျီကျပူဆာတတ်သော အသေးအမွှားအကျင့်ကလေး တွေ ရှိတာကလွဲရင် ရုပ်ရည်ကော၊ အပြောအဆိုပါ အင်မတန် ခွဲမက်စရာကောင်းသော မိန်းမတစ်ယောက်ဖြစ်သည်။ ပြီးတော့ ကျွန်တော်ဟာ သူမရဲ့အချစ်ဦးလည်း ဖြစ်နေသေးသည်၊ အဲဒီ မိန်းမမျိုးကို မချစ်ကြောင်းပြောပြီး လမ်းခွဲလိုက်ရမှာလောက် အားနာစရာကောင်းတာ မရှိချေ။ သူမရဲ့ မာနတွေကို ထိရှစေနိုင် သည်။ သူမကို အသည်းကွဲစေနိုင်သည်။ သွေးရူး သွေးတန်း အားသင့်စေနိုင်သည်။ ကျွန်တော့်ကိုလည်း နာကြည်းသွားနိုင် သည်။ တခြားမှန်းဆလို့မရသည့် နောက်ဆက်တွဲ ပြဿနာတွေ



www.burmeseclassic.com

www.burmeseclassic.com



လည်း ဖြစ်လာနိုင်ချေရှိတာမို့ ကျွန်တော့်မှာ ဘာဆက်လုပ်ရမှန်း မသိဘဲ ချွေးတွေ ပြန်လာလေသည်။

ကျွန်တော်သည် လတ်တလောမှာ သူမ စိတ်ကျေနပ်သွားဖို့အတွက် ချိုသာညှတ်ပျောင်းစွာ နှစ်သိမ့်စကားဆိုဖို့ ကြိုးစားကြည့်သည်။ စကားလုံးတွေက လည်ချောင်းဝမှာ တစ်နေခဲ့သည်။ မချစ်တဲ့မိန်းမတစ်ယောက်ကို ချစ်ဟန်ဆောင်ရမှာလောက် ပင်ပန်းခြင်း ကြီးစွာ ဖြစ်ရတာမျိုးလည်း ရှိမည်မထင်ချေ။ ကျွန်တော်ကိုယ်တိုင်ကလည်း လိပ်ပြာသန့်ချင်သူဖြစ်ရာ လှည့်စားလိမ်ညာတတ်သော ယောကျ်ားတစ်ယောက်တော့ အဖြစ်မခံနိုင်ပေ။

ထိုနေ့က ကျွန်တော်သည် နေသိပ်မကောင်း၍ အိပ်ချင်နေကြောင်း အကြောင်းပြကာ သူမအပေါ် မာယာသုံး၍ နှင်ရလေသည်။ သူမကတော့ အမှန်တကယ်ထင်မှတ်ကာ ကျွန်တော့်ဆီ ဖုန်းတဂွမ်ဂွမ်ဆက်ရင်း သတင်းမေးလို့ မဆုံးနိုင်။ သူမက ကျွန်တော့်ကိုငြိတွယ်လေ ကျွန်တော့်မှာ ရုန်းထွက်မရနိုင်လေ ဖြစ်ရသည်။ အလိုက်သင့်ဆက်ဆံနေတိုင်း ကိုယ့်ကိုယ်ကို လှည့်စားဖြားယောင်းတတ်သူကြီးအဖြစ် မလုံမလဲ ခံစားလာရသည်။

စိတ်လှုပ်ရှား သာယာတိမ်းမူးသည့် တစ်ခဏလေးကို 'အချစ်'ဟု သေချာပေါက် စွဲမှတ်ခဲ့မိတာက ကျွန်တော့်အမှားဖြစ်သည်။ ခုတော့ ကျွန်တော့်မှာ ကျွန်တော်ကိုယ်တိုင်က ချစ်ပါသည်ဟု စတင် ကမ်းလှမ်းခဲ့သော မိန်းကလေးတစ်ယောက်ကို အနားထားကာ မပျော်နိုင်ဘဲ စိတ်တွေ ကျဉ်းကျပ်နေရသည်။ အချစ်ဆိုတာ ဘာလဲဆိုတာကိုတော့ ကျွန်တော် တိတိပပ မသိသေး



## (၅)

♥ ♥ ♥

လောကကြီးမှာ 'အချစ်'ဟု ထင်မှတ်မှားစေသော အရာတော်တော်များများ ရှိနေသည်ဟု ကျွန်တော် ထင်ပါသည်။ အချစ်နှင့်အခြားသော အရာများ ရောထွေးဝေဝါး မသွားစေဖို့အတွက် အချိန်ယူ၍ စဉ်းစားဆုံးဖြတ်သင့်သည်။ အထူးသဖြင့် တောင်ကမ်းလှမ်းရသူယောကျ်ားသားတွေအတွက် အလွန်ပင် အရေးကြီးပါသည်။ အဲဒါဟာ ကျွန်တော် ကိုယ်တွေ့ကြုံခဲ့ပြီးမှ ရရှိခဲ့သော သင်ခန်းစာတစ်ခုကို ပြန်ပြောင်း ပြောပြခြင်းလည်း ဖြစ်သည်။ ကျွန်တော်တို့ ယောကျ်ားသားတွေအားလုံး သတိချပ်ကြစေ လိုပါသည်။

၂၀၀၃–ခုနှစ်၊ ဧပြီလ (ထားဝယ်)

www.burmeseclassic.com

ဒဂုန်ခင်ခင်လေး



www.burmeseclassic.com

www.burmeseclassic.com

# အချစ်စစ် မရသူများ

## (၁)

♥ ♥ ♥

တစ်နေ့တွင် သူ့ရဲ့ချစ်သူတော်စပ်မည့် မိန်းကလေးတစ်ယောက်ကို ဒီလိုနေရာမျိုးတွင် တွေ့ခဲ့ရလိမ့်မည်ဟု သူ ဘယ်တုန်းကမှ မမျှော်လင့်ခဲ့ပေ။ သို့သော် ခုတော့ဖြင့် သူဟာ ချစ်ခြင်းတစ်ဝက် ခါးသီးခြင်းတစ်ဝက်ဖြင့် သူမကို စတင်တွေ့ရှိခဲ့ရပြီ။

အဲ့ဒီနေရာဟာ Traders Hotel ရဲ့ မီးရောင်ထွန်းလင်းသော Ballroom အတွင်း ဖက်ရှင်ရှိုးကျင်းပရာ Stage ပေါ်မှာဖြစ်သည်။ သူမသည် Stage ပေါ်တွင် ဝံ့စားစွာ လျှောက်



www.burmeseclassic.com

www.burmeseclassic.com



ရှိသည်။ နဖူးပြင် ပြေပြေပေါ်တွင် ဆံနွယ်စကလေး တစ်စ နှစ်စ ဝေ့ဝေ့ကျလျက် စင်းဖြောင့်သော နှာတံရဲ့အဆုံးမှာတော့ ကော့ညွတ်စွာပြုံးနေသော နှင်းဆီငုံအလှက စွဲမက်တိမ်းမူးဖွယ် ကောင်းလှသည်။ သို့သော် အဲဒီအပြုံးဟာ 'လူတကာအတွက်ပဲ'ဟု တွေးကာ သူ ခါးသီးစွာ မျက်နှာလွှဲနေမိသည်။ ခဏကြာတော့ တစ်စုံတစ်ရာရဲ့ တုပ်နှောင်မှုကို ခံစားရသူလို Stage ပေါ်သို့ လှမ်းကြည့်မိပြန်သည်။ ကြည့်စမ်း ... သူမရဲ့မျက်ဝန်းတွေကဖြင့် အနည်းငယ်မျှတောင် ရှက်ရွံ့ရိပ်တွေ ဝေ့ဝဲမနေခဲ့။ သူ စိတ်ကူးယဉ်မျှော်လင့်ဖူးသည့် မသိနားမလည်သော ယုန်တစ်ကောင်ရဲ့ အပြစ်ကင်းကင်း မျက်ဝန်းများကို မတွေ့ရ။ သူမရဲ့အသွင်သဏ္ဌာန်ဟာ သိုးကလေးလို ရိုးသားနူးညံ့၍ မနေခဲ့ပါ။ ပရိသတ်များထံ ဝေ့ဝဲကြည့်လိုက်သော တဖျပ်ဖျပ် လက်နေသော မျက်ဝန်းအစုံရဲ့ ရူးရူးရဲရဲရင့်မှုကို သူ အလိုလိုနေရင်း ခါးသီးလာရပြန်သည်။

"ကိုယ် အဲ့ဒီလို မိန်းမမျိုးတွေကို သိပ်မုန်းတာပဲ"

သူက တီးတိုးညည်းတွားရင်း Ballroom ထဲက ထွက်ခွာသွားဖို့ ကြိုးစားလေသည်။ သို့သော် သူ့ခြေထောက်တွေဟာ ကော်ဇောအနီရဲရဲပေါ်မှာ ကပ်ငြိလျက် ဘယ်လိုမှလည်း ရုန်းထွက်မရ။ သူ့ရဲ့မျက်ဝန်းအစုံသည် သူမထံမှာသာ သတိလက်လွတ် တွယ်ငြိနေခဲ့လေသည်။ သူ သိပ်မကြာခင် အဖြစ်ဆိုးဆိုးတစ်ခုကို ရင်ဆိုင်ရတော့မည်ဆိုတာ အလိုလို နားလည်လာရကာ သက်ပြင်းတစ်ချက်ရှိုက်ရင်း နေရာမှာပင် ဆက်ထိုင်နေခဲ့ရသည်။





ဖြူလွှသော ဝတ်စုံကိုဝတ်ဆင်ထားသော မိန်းကလေးသည် ရဲရင့်လှပသော ခြေလှမ်းများဖြင့် Stage ပေါ်တွင် Catwalk လျှောက်ရင်း ပရိသတ်များကို သူမ အလှတွင် ယစ်မူးစေခဲ့သည်။ မီးဆလိုက်မှ အလင်းရောင်သည် မီးရောင်ပျပျကို ဆိုးခွဲကာ သူမ တစ်ဦးတည်းကိုသာ ကွက်ကွက်ကလေး မြင်သာစေသည်။ မျက်တောင်ကော့များအောက်မှ ရွှန်းလဲ့သော မျက်ဝန်းများ၏ အရွေ့အလျား၊ အပြုံးပွင့်တို့ ခိုတွဲနေသော နှုတ်ခမ်းအစုံ၊ လှပ သပ်ရပ်သော ခြေလှမ်းများ။ ဒါတွေဟာ အားလုံးအတွက်ပဲလား။ သူ တစ်ယောက်တည်း ပိုင်ဆိုင်ခွင့်မရနိုင်တော့ဘူးလား။ သူက ရူးသွပ်သွားသူလို ကယောင်ကတမ်းရေရွတ်ရင်း မျက်ဝန်းတွေကို ဖိမှိတ်ပစ်လိုက်သည်။ တကယ်တော့ သူကိုယ်တိုင် မနှစ်မြို့သည့် ဒီလိုပွဲမျိုးကို အားနာမှုဖြင့် လိုက်လာခဲ့မိတာ သူ့ရဲ့အမှားပဲ ဟုတ်လား။ သူငယ်ချင်းဖြစ်သူ စပွန်ဆာလုပ်သည့်ပွဲမို့ ဖိတ်ခေါ်မှုကို သူ လက်ခံခဲ့ရတာဖြစ်သည်။ သူသာ ပြတ်ပြတ်သားသား ငြင်းပယ်နောက်ချန်ခဲ့လျှင် ဒီမိန်းကလေးကို တွေ့စရာအကြောင်း မရှိ။ သူ့အဇ္ဈတ္တနှင့်လည်း ရန်ဖြစ်စရာမလို။ သို့သော် အရာရာဟာ နောက်ကျခဲ့ပြီဆိုတာ အချိန်တိုအတွင်း တုန်လှုပ်စွာ ရူးသွပ်စွာ လက်ခံခဲ့ရတော့သည်။ အချစ်ဆိုတာ အချိန်တိုအတွင်း ပေါက်ဖွားလာတတ်သလား။ အဲ့ဒီလို အချစ်မျိုးဟာ ဘယ်လောက်ထိ ကြာကြာမြဲနိုင် မလဲ။ အချစ်စစ်ရော ဟုတ်ပါ့မလား။ ထိုမေးခွန်းများရဲ့အဖြေကို တိတိကျကျမဖြေနိုင်သော်လည်း ဒီမိန်းကလေးကြောင့် သူ မေ့မရ နိုင်တော့ပြီ။ အဲဒါဟာ အဖြစ်ဆိုးဆိုးတစ်ခုနှင့်



www.burmeseclassic.com

www.burmeseclassic.com



ရင်ဆိုင်တွေ့ကြုံရတော့မည့် အဖြစ်အပျက်၏ အစလည်း ဖြစ်ခဲ့သည်။



(၂)

သူသည် မီးရောင်ပျပျညရဲ့အဆုံးမှာ သူ့ကိုယ်သူ လှည့်စားဖို့ အပြင်းအထန် ကြိုးစားခဲ့ရတော့သည်။ သူ ထိုမိန်းကလေးကို မေ့ရမည်။ မေ့ကိုမေ့ရမည်။ သို့သော် ဒါဟာ သူ့အရှူတ္တရဲ့ အလိုတိုင်းသာဖြစ်သည်။ နူးညံ့စွာ လှပသော ရှက်ရွံ့စိုးထိတ်ခြင်းများဖြင့် ယုန်သူငယ်လေးလို ဖြူစင်သော၊ သူ့ရင်ခွင်တစ်ခုသာအားကိုးရာအဖြစ် တစ်ဘဝလုံး ပုံအပ်မည့် မိန်းမမျိုးကိုသာ သူ့အရှူတ္တက အလိုရှိခဲ့သည်။ အင်မတန် မိန်းမဆန်သော မိန်းမမျိုးကိုသာ သူ့ရဲ့ပါရမီဖြည့်ဘက်အဖြစ် သူလိုအပ်သည်။ ရဲရင့်စူးရှသော မျက်ဝန်းများကို သူအလိုမရှိ။ ထက်မြက်ဝံ့စားသော အရည်အချင်းများ မလိုအပ်။ သို့သော် ဒါတွေအားလုံးဟာ နှလုံးသားရဲ့ အလိုကိုတော့ မဆန့်ကျင်နိုင်တော့ပြီ။ သူ့[illegible]



www.burmeseclassic.com

www.burmeseclassic.com



မလိုလားသော မိန်းမမျိုးကိုမှ သူ့နှလုံးသားက တမ်းတမ်းစွဲလေပြီ။

နောက်ဆုံးတွင် သူသည်လည်း နှလုံးသားအလိုကို မလွန်ဆန်နိုင်သော ခပ်ညံ့ညံ့ယောကျ်ားတစ်ယောက်အဖြစ် သူမရဲ့ချစ်ခြင်းကို ရရှိအောင် သူ အလွန်နှမြောတသ တန်ဖိုးထားသော အချိန်များကို ရင်းနှီး၍ ကြိုးစားခဲ့ရလေသည်။ သူ့သူငယ်ချင်းရဲ့ မိတ်ဆက်ပေးမှုဖြင့် သူမနှင့် အလွယ်တကူ တွေ့ဆုံခွင့်ကို ရရှိစေခဲ့သည်။ ထိုမှ ရင်းနှီးခင်မင်ခွင့်၊ အဲ့ဒီနောက် မြတ်နိုးကြင်နာခွင့်၊ ဒါတွေအားလုံးရဖို့ သူ့ရဲ့အလုပ်ကိစ္စ အတော်များများကို ဥပေက္ခာပြုထားလိုက်ရသည်။ သူ့ရာဇဝင်မှာ မိန်းမတစ်ယောက်အတွက် အချိန်ကုန်ခံတာ ဒါ ပထမဆုံးပဲ။

သူမကတော့ သူ ကြိုတင်တွက်ဆထားသည့်အတိုင်း အင်မတန် ကိန်းကြီး ခန်းကြီးနိုင်စွာ ကိုယ့်ကိုယ်ကို ယုံကြည်အားကိုးလွန်းသူဖြစ်သည်။ အားကိုးခံချင်သူ ယောကျ်ားတစ်ယောက်ရဲ့ရှေ့မှာ ကိုယ့်ကိုယ်ကိုသာ အားကိုးပုံပြတာဟာ တစ်နည်းအားဖြင့် သူ စိတ်ကုန် စိတ်ပျက်အောင် လုပ်နေတာပဲလား။ သူမကို လျှော့တွက်လို့ မရတာကတော့ အသေချာဆုံးဖြစ်သည်။

သူ ... သူမထံမှ ချစ်ခြင်းအပြင် နောက်ထပ် လိုအင်သော အရာတစ်ခုမှာ အားကိုးမှီနွဲ့ခြင်းဖြစ်သည်။ ဒါကို သူမထံမှ အလွယ်တကူ မရနိုင်ပေ။ ဘယ်လိုပဲဖြစ်ဖြစ် နောက်ဆုံးမှာတော့ သူမဟာ သိုးတစ်ကောင်ဖြစ်စေရမည်။ ညွှတ်နူးမှုတစ်ခုဖြင့် သူ့အလိုကျ ပြုမူနေထိုင်လိမ့်မည်ဟု သူယုံကြည်ခဲ့သည်။





ကောင်းကင်ထက်တွင် တိမ်စိုင်ဖြူတချို့ ဖြစ်တည်ရွေ့လျားနေသောတစ်နေ့တွင် သူမထံမှ အချစ်ကို သူ ရရှိခဲ့လေသည်။ သူ မျှော်လင့်သလို ပုံစံမျိုးဖြင့် အဖြေပေးခဲ့တာ မဟုတ်ပါ။ သူမက သူ့မျက်ဝန်းတွေထဲ တည့်တည့်ရင်ဆိုင်ကြည့်ကာ 'ကို့ကို ချစ်တယ်' ဟု ရဲရင့်စွာပြောခဲ့ခြင်းဖြစ်သည်။ သူမနှုတ်ခမ်းများမှာ တုန်ယင်မှု မတွေ့။ တည်ကြည်လေးနက်သောအသံက တစ်ဖက်သားကို လွှမ်းမိုးလိုဟန်နှင့် မျက်လွှာချဖို့ ရှက်စနိုးပြုံးဖို့ကိုတောင် သူမ မေ့လျော့နေပုံရသည်။ ဒါ မိန်းမတစ်ယောက်ထံမှ သူစတင်ရရှိခဲ့သော ကဗျာမဆန်မှုလည်း ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

♥ ♥ ♥

မိန်းမတစ်ယောက်ကို ချစ်သူအဖြစ် တော်စပ်ခွ
ရလျှင် ထိုမိန်းမသား၏ဘဝကို တစ်ဝက်တိတိ ပိုင်ဆိုင်ပြီ
ယူဆခဲ့သော သူက သူမလက်ရှိ ပိုင်ဆိုင်ထားသော အတွေးအခေ
များ၊ အပြုအမူများအားလုံးကို ပြောင်းလဲအသစ်ဖြစ်တည်ဖို့ ကြိုး
လေသည်။ သူ့ရဲ့ပုံသွင်းမှုကို ချစ်ခြင်းဖြင့် လိုက်လျောနာခံ
မည်ဟု သူ ယုံကြည်ခဲ့သည်။ သူမထံမှာရှိနှင့်ပြီး ရဲရင့်မှု
အစား သိမ်မွေ့ရိုကျိုးခြင်းများကို အစားထိုးဖို့ သူမျှော်လ
ခဲ့သည်။ သို့သော် သူမကတော့ သူ မျှော်လင့်သမျှကို ရိုက်
ဖျက်ဆီးပစ်ဖို့ အသင့်ရှိနေခဲ့သည်။ သူက နောက်မဆုတ်နိုင်
ဘဲ နားချ ဖျောင်းဖျခဲ့သည်မှာ...

"မေ... ဘာဖြစ်လို့ အပင်ပန်းခံနေရတာလဲ၊





လက်ထပ်ပြီး အေးအေးဆေးဆေးနေဖို့ ဘာဖြစ်လို့ ခုထိ ခေါင်းမညိတ်သေးတာလဲ၊ မေ့အလုပ်တွေကို ကိုယ် မကြိုက်ဘူး မေ၊ မေ့အလှကို လူတကာဝိုင်းကြည့်ကြတဲ့အဖြစ်ကို ကိုယ် နည်းနည်းလေးမှ မခံနိုင်ဘူး၊ မေ့အလှဟာ ကိုယ်တစ်ယောက်အတွက်ပဲဖြစ်စေရမယ်၊ ကိုယ်တို့ လက်ထပ်ကြပါစို့"

"မေ့အလုပ်ကို ကို အထင်သေးနေတာလားဟင် ... အလှပြသက်သက်အတွက် မော်ဒယ်လ်ဘဝကို မေ ခံယူခဲ့တာ မဟုတ်ပါဘူးကွယ် ... မေ့ရဲ့ အရည်အသွေးတွေ တောက်ပြောင်လာဖို့၊ စီးပွားရေးလောကမှာ ဝင်ဆံ့ဖို့၊ ပြီးတော့ မေ့ရဲ့ဂုဏ်သိက္ခာအတွက် မေ ဒီအလုပ်ကိုလုပ်ပါတယ်၊ တစ်နေ့ သောအခါမှာ အောင်မြင်သော စီးပွားရေး လုပ်ငန်းရှင် တစ်ယောက်အဖြစ် မေ ရပ်တည်ချင်ပါတယ်"

"ဘာလုပ်မှာလဲ မေ ... မိန်းမတစ်ယောက်အတွက် အဲဒီအတိုင်းအတာအထိ အပင်ပန်းခံဖို့ လိုအပ်လို့လား၊ ခုချိန်မှာ မေ့ရည်ရွယ်ချက်တွေ ... မေ့အလုပ်တွေကိုစွန့်ပြီး ကိုယ့်ကို လက်ထပ်လိုက်ရင်လည်း မေ လိုအပ်သမျှ ပြီးပြည့်စုံလာမှာပဲ မဟုတ်လား"

"ဟင့်အင်း ... မေက ကိုယ့်အစွမ်းအစနဲ့ပဲ အောင်မြင်ချင်တယ်၊ ကို့ကိုတော့ မေ လက်ထပ်ပါ့မယ်၊ ဒါပေမယ့် မေ့အလုပ်ကိုတော့ မစွန့်နိုင်ဘူး ကို ..."

"မေ ... ကို့ကို ချစ်တယ်ဆို ..."



www.burmeseclassic.com

www.burmeseclassic.com



"သိပ်ချစ်ပါတယ် ကို … ဒါပေမယ့် အချစ်တစ်ခုနဲ့တော့ မေ့ရည်မှန်းချက်တွေကို လွှင့်မပစ်နိုင်ဘူး"

သူတို့ အကြိမ်ကြိမ် အငြင်းပွားခဲ့ကြလေသည်။ သူ့အထင်အမြင် တက်တက်စင်အောင် လွဲခဲ့သည်။ တကယ်တမ်းကျတော့ သူမဘဝကို သူ မပိုင်ခဲ့။ သူ့ရဲ့ ခြယ်လှယ်မှုတွေကို သူမက အလိမ္မာနှင့် ငြင်းခဲ့သည်။ တစ်စ တစ်စနှင့် ထိုငြင်းပယ်မှုများက သူ့အတ္တကို ထိပါးခဲ့ရလေသည်။ သူမသည် ချစ်ခြင်းဆိုတာကို ဘယ်လိုအဓိပ္ပာယ်ဖွင့်ဆိုထားသော မိန်းမမျိုးပါလဲ။ သူမရဲ့ချစ်ခြင်းကို သူ မယုံရဲတော့ပြီ။ သံသယတစ်ခုသည် သူတို့နှစ်ဦးကြားသို့ ဝင်ရောက်လာခဲ့တော့သည်။ သူ စောစောကသိခဲ့ရိုကောင်းသည်မှာ သူမပိုင်ဆိုင်သော ချစ်ခြင်းထက် သာလွန်သောမာနတစ်ခုကို ဖြစ်သည်။ အချစ်စစ်ဆိုတာကို သူမထံတွင် သူရှာမတွေ့နိုင်တော့ပြီ။



(၄)

တစ်နေ့တွင် သူမရဲ့ချစ်သူအဖြစ် တော်စပ်ခွင့်ရမည့် ယောကျာ်းတစ်ယောက်ဟာ ဒီလိုအတ္တကြီးကြီး ယောကျာ်းမျိုးဖြစ်လိမ့်မည်ဟု သူမ ဘယ်တုန်းကမှ တွေးမကြည့်ခဲ့မိပေ။ သို့သော် တစ်နေ့သောအခါမှာ ထိုယောကျာ်းသည် အတ္တတွေကို လွယ်ပိုးကာ သူမရှေ့မှောက်သို့ ရောက်ရှိလာခဲ့သည်။

"မေ … ဒါ ကျွန်တော့်သူငယ်ချင်း"

သာမန် မိတ်ဆက်ပေးမှုတစ်ခုရဲ့အဆုံးတွင် စူးရှ၍တစ်ဖက်သားကို လွှမ်းမိုးလိုသော မျက်ဝန်းအစုံနှင့် ရင်ဆိုင်တွေ့ခဲ့ရသည်။ သူမကိုကြည့်တဲ့ မျက်ဝန်းတွေထဲမှာ မနှစ်မြို့ဟန်အချို့ စွက်ဖက်နေတာကို ငြင်းမရ။ စိတ်ဝင်စားရိပ်တွေ လွှမ်းနေတာကိုလည်း ဖုံးဖိလို့မရ။ ဘယ်လိုအကြည့်မျိုးပါလိမ့်ဟု

www.burmeseclassic.com



တွေးရင်း သူမက ဝှံစားစွာ မျက်လုံးချင်းဆိုင်၍ ကြည့်ခဲ့သည်။ ဒါကိုပဲ သူက မနှစ်မြို့နိုင်စွာ ဦးစွာ မျက်နှာလွှဲခဲ့သည်။ ဒီလိုယောကျ်ား မျိုးဟာ တနေ့နေ့တွင် သူမကို ချစ်လာလိမ့်မည်ဟု နည်းနည်း လေးမှ မထင်ခဲ့မိပေ။

သို့သော် အံ့သြစရာကောင်းသည်မှာ သူက သူမဆီ သို့ နေ့စဉ် လာရောက်ခဲ့ခြင်းဖြစ်သည်။ အံ့သြခြင်း၊ မယုံနိုင်ခြင်း များစွာနှင့်အတူ သူ့ရဲ့ချစ်ခြင်းကိုပါ သူမ မကြာခင် လက်ခံ တော့သည်။ အစပထမတွင် သူသည် သူမအပေါ် ကိုင်းညွတ် လိုက်လျောမှုတွေ တစ်ပုံတစ်ပင်နှင့် ချိုသာသော နှုတ်ထွက်စကား များကိုသာ ဆိုခဲ့သည်။ သူမ အဖြေပေးပြီး နောက်များမကြာ ကာလတစ်ခုမှစကာ သူ့ရဲ့အစွယ်တွေက ဘွားဘွား ပေါ်ခဲ့တော့သည်။ သူက သူမကို ရုပ်ကလေးလို ပုံသွင်းချင်သူလည်း ဖြစ်လေ သည်။ သူ မကြာခဏ ပြောတတ်သော စကားများမှာ ...

"မေ ... ဒီကိစ္စကို ကိုယ်မကြိုက်ဘူးလေ၊ ကိုယ်မကြိုက် တာကို မေ မလုပ်ရဘူး ...

"မသွားရဘူး မေ ... ကိုယ် တားရင် မေ နာခံရမယ်ဆိုတာ မေ့ ခေါင်းထဲမှာ စွဲနေအောင် မှတ်ထားစမ်းပါ ...

"ကိုယ့်ကိုချစ်ရင် ကိုယ့်စကားကို နားထောင်နိုင်ရမှာပေါ့ မေ ...၊ ကိုယ်အထင်သေးတဲ့အလုပ်ကို မေ ဘာလို့ ဆက်လုပ်နေမှာလဲ"

သူက သူ့လိုအင်ကိုသာ ရှေ့တန်းတင်ကာ သူ





ဆန္ဒကိုတော့ နှင်ထုတ်ဖယ်ရှားရက်သူ ဖြစ်သည်။ သူ့စကားကို သူမ နားမထောင်သည့်အခါတိုင်း ...

"ကိုယ် သိတယ် ... အစကတည်းက အဖြစ်ဆိုးဆိုးတစ်ခု ကို ရင်ဆိုင်ရတော့မယ်ဆိုတာ ကိုယ်သိနေခဲ့တယ်၊ ဖွတ် တိုးခဲ့မိတာ ကိုယ့်အမှားပဲ ..."

ဟု သူမ နားမလည်သော အဓိပ္ပာယ်တချို့ကို ဆော်ဆောင်ကာ အတန်တန်ညည်းတွားလေသည်။ သူ့ကို အပြစ် မြင်မယ့်သာ မြင်ရတယ် ... သူမ အမှန်တကယ် ချစ်ခဲ့တာပဲ။ ဒါကိုတော့ သူမကိုယ် သူမ သေချာသည်။ မသေချာတာကတော့ အတ္တကြီးသူရဲ့ ချစ်ခြင်းဖြစ်သည်။ သူ့အတ္တက သူ့ရဲ့ချစ်ခြင်း ကိုတောင် လွှမ်းမိုးနိုင်လိမ့်မည်ဟု ထင်ရသည်။ သံသယများစွာ ကို ပိုက်ပွေ့လာရသောအခါ သူမက သူ့ကို မေးခဲ့လေသည်။

("အချစ်ဆိုတာ လူတစ်ယောက်ကို သူ့စိတ်နဲ့ သူ့ကိုယ် နေလို့မရအောင် တုပ်နှောင်ထားတဲ့ ကြိုးတစ်ချောင်းလား ကို ...))



www.burmeseclassic.com

www.burmeseclassic.com

(၅)

♥ ♥ ♥

အချစ်စစ်ဆိုတာ ဘယ်လိုပါလိမ့်ဟု သူတို့နှစ်ဦး အချိန်ကြာမြင့်စွာ စဉ်းစားခဲ့ကြသည်။ တစ်ဦးကိုတစ်ဦး သံသယဖြင့် စောင့်ကြည့်ခဲ့ကြသည်။ ကိုယ့်ဆန္ဒနှင့်ကိုယ် ရှေ့ဆက်လျှောက်ခဲ့ကြသည်။ တစ်ဦး၏ချစ်သူဘဝကို တစ်ဦးက ခံယူရင်း ပေါက်တွဲလုဆဲဆဲ အခြေအနေတစ်ခုသို့ ဦးတည်ခဲ့ကြသည်။ သို့နှင့် မိုးသက်လေ ဝေ့ဝေ့တိုက်သောတစ်နေ့တွင် သူက စတင်၍...

"ကိုယ်တို့ နောက်ဆုံးစကား ပြောကြရအောင် ..."

ဟု ကမ်းလှမ်းလာခဲ့လေသည်။ ထိုအခါ ကြိုတင် မျှော်လင့်ပြီးဖြစ်သော သူမကလည်း ...

"ကောင်းပြီ ..."

ဟု အေးစက်စွာ တုံ့ပြန်စကားဆိုနိုင်ခဲ့သည်။



(၆)

♥ ♥ ♥

အဲ့ဒီနေ့က ထူးခြားစွာပင် ကောင်းကင်ထက်တွင် ဒိမ်ညိုတိမ်မည်းများ ကြီးစိုးနေခဲ့သည်။ သူက စတင်ဖွဲ့ချက်တင်ခဲ့သည်မှာ ...

"မေ ... ကိုယ့်ကို ချစ်တယ်ဆိုတာ ကိုယ်မယုံနိုင်တော့ဘူး၊ မာနနဲ့မွမ်းမံထားတဲ့ အချစ်ဆိုတာ အချစ်စစ်မဟုတ်နိုင်ဘူး၊ မေက မာနကြီးလွန်းတယ်၊ ကိုယ့်ကိုယ်ကို အထင်ကြီးလွန်းတယ်၊ ကိုယ့်ဆန္ဒကို မေ နည်းနည်းလေးမှ ထည့်သွင်းမပေးဘူး၊ မေ ... တစ်ခုသိထားသင့်တာက အချစ်စစ်ဆိုတာ ချစ်သူက တောင်းဆိုရင် ကိုယ့်ယုံကြည်ချက်တွေအားလုံးကို ပြောင်းပြန်လှန်ပစ်ရဲတဲ့အထိ သတ္တိရှိရတယ်"

"ကို မေ့ကို ချစ်တယ်ဆိုတာကလည်း မေ မယုံနိုင်ဘူး



www.burmeseclassic.com

www.burmeseclassic.com



တာ ကြာပါပြီ၊ အတ္တနဲ့မွမ်းမံတဲ့ အချစ်တွေကိုပဲ မေ ရခဲ့တယ်၊ ကို့အတ္တက တောင်းဆိုတဲ့အတိုင်း မေက နေပေးနိုင်မှာလား ကို၊ ကိုယ့်ချစ်သူကို ကိုယ့်စိတ်တိုင်းကျ ပုံသွင်းရမှာ၊ ကိုယ် ပုံသွင်းတဲ့အတိုင်း ဖြစ်မလာလို့ စိတ် တိုင်းမကျနိုင်တာဟာ အချစ်စစ် ဟုတ်ပါ့မလား၊ အချစ်စစ် ဆိုတာ ချစ်သူက သူ့ပင်ကိုအနေအထားအတိုင်း ရှိမြဲရှိနေ တာကို ကိုယ့်အတ္တနဲ့နှောင်ဖွဲ့ဖို့ မကြိုးစားဘဲ ချစ်မြဲချစ်နေနိုင် ရတယ်"

အချစ်စစ်ဆိုတာကို သူတို့အဓိပ္ပာယ်အမျိုးမျိုး ဖွင့်ဆို ခဲ့ကြသည်။ ဘယ်သူမှန်သည်၊ ဘယ်သူမှားသည်ဆိုတာကိုတော့ အဆုံးအဖြတ်မပေးနိုင်ခဲ့ကြပါ။ အငြင်းပွားမှုများရဲ့အဆုံးမှာတော့ တည်းတည်းလေး ကျန်နေသေးသော သံယောဇဉ်ကို 'လမ်းခွဲ ကြပါစို့'ဟူသော စကားလုံးဖြင့် နှစ်ဦးသဘောတူ ဖြတ်တောက် ခဲ့ကြသည်။ သေချာတာကတော့ သူတို့နှစ်ဦးလုံး အချစ်စစ် မရခဲ့ ကြသလို၊ အချစ်စစ်ကိုလည်း မပေးနိုင်ခဲ့ကြခြင်းတည်း ...။


**၁၉၉၈–ခုနှစ်၊ နိုဝင်ဘာလ Fashion Imag**

**၂၀၀၂–ခုနှစ်၊ အောက်တိုဘာလ (ဂျူ**

❧ ❧ ❧







www.burmeseclassic.com

# မျှော်လင့်ခွင့်

## (၁)

♥ ♥ ♥

သင်္ကြိန်သီချင်းတွေ ဟိုကဖွင့် ဒီကဖွင့်နဲ့ မကြာခင် သင်္ကြိန်ကျတော့မှာကို သတိပေးနေသလိုပဲ။ အိမ်က တူတွေ တူမတွေကလည်း သင်္ကြိန်ကျရင် မထ္တာပ်ဆောက်ဖို့ ရေပက်ခံ ...က်ဖို့ကိစ္စတွေကို နားတွေအူငြီးလောက်အောင် တွတ်ထိုးတိုင်ပင် ...ကြတယ်။ အပျိုပေါက် တူမတစ်ယောက်ကတော့ သူ စိတ် ...ားနေတဲ့ ဟိုဘက်အိမ်က ကောင်လေးကို ရေလောင်းမလို့ ... ဟိုက လာလောင်းတာကို မျှော်လင့်စောင့်စားနေသလား ...ာ မသိဘူး။ ကြည့်ရတာ လူရော်စိတ်ပါ ဂဏှာမငြိမ်ဘူး။



www.burmeseclassic.com

www.burmeseclassic.com



သင်္ကြန်သီချင်းတွေဖွင့်ထားပြီး ပြုံးပြုံးလေး ငြိမ်နေတာကို စိတ်တိုင်းမကျစရာ မြင်မြင်နေရတယ်။ ခုလိုအချိန်မျိုးဆို 'ဒေါ်မမမိုး' တို့ကတော့ စိတ်တိုရစမြဲပဲ။ ဒါပေမယ့် အဲဒီလို စိတ်တိုတာကိုလည်း လူမသိစေချင်ဘူး။ စိတ်တိုတာကို လူမသိအောင် ငြိမ်နေရလေ စိတ်မာတ်ကကျလေပဲ။ သင်္ကြန်နဲ့ပတ်သက်ပြီး တိတ်တိတ်ကလေး ကျိတ်မျှော်လင့်မိတာကတော့ အခါခါပဲ။ မသေခင် ကလေးမှာပေါ့ ... ဘယ်နိုင်ငံမှာမှ မရှိတဲ့ ကိုယ့်နိုင်ငံရဲ့ သင်္ကြန် ရက်တွေမှာ သေရာပါမယ့် ကြည်နူးမှုကလေးတစ်ခုကို ခံစားရယူ သွားချင်သေးတယ်။ ကိုယ့်ပခုံးစပ်ဆီကနေ မွှေးပျံ့အေးမြတဲ့ ရေအေးအေးကလေးဟာ ကိုယ့်ခန္ဓာကိုယ်ဆီ ခပ်သာသာလေး လျှောတိုက် စီးဆင်းသွားမယ်။ ကိုယ်ကလည်း အထိတ်တလန့် ဟန် ကလေးနဲ့ ကျေနပ်မှုကို ဖုံးဖိ၊ ကိုယ့်ဆံပင်တွေကို သိမ်းဆည်းရင်း ကိုယ့်ကို ရေစင်ပက်ဖျန်းသူကို မော့ကြည့်မယ်။ အဲဒီအခါ ငွေဖလား ကလေးကိုင်ပြီး ကိုယ့်ကို ပြုံးငုံ့ကြည့်နေတဲ့ နှစ်သက်ဖွယ် ရုပ်ရည်လည်းရှိတဲ့ ယောကျ်ားတစ်ယောက်ကို ဖြုန်းခနဲတွေ့မြင်လိုက်ရမယ်။ သေပြီလို့ထင်ရတဲ့ ကိုယ့်နှလုံးသားတွေဟာ တဆတ်ဆတ် ခုန် လှုပ်ပွနေးလာမယ်။ ကဲ ... ဘယ်လောက် ကဗျာ ဆန်လိုက်တဲ့ တွေ့ဆုံမှု ကလေးလဲ။ သင်္ကြန်ကို ချစ်မြတ်နိုးလှတဲ့ ကိုယ်ဟာ ဒီလိုသင်္ကြန် ရက်တွေမှာ ကိုယ့်ကို ချစ်မြတ်နိုးမယ့် ယောကျ်ား တစ်ယောက်နဲ့ စတင်ဆုံစည်းခွင့်ရချင်တယ်။ ဒါဟာ သင်္ကြန်တိုင်းမှာ လူမသိ သူမသိ ကျိတ်ပြီး တောင့်တခဲ့ရတဲ့ဆန္ဒ တစ်ခုလည်း ဖြစ်ပါတယ်။



(၂)

တကယ်ဆို ဒေါ်မမမိုး အသက်က ဘယ်လောက်မှ ရှိသေးတာ မဟုတ်ပါဘူး။ သုံးဆယ်ကို တော်တော်လေး ခွန်းလာပြီဆိုပေမယ့် လေးဆယ်မပြည့်သေးတဲ့အတွက် သိပ်ပြီး ရင့်ရော်နေပြီလို့ မဆိုနိုင်သေးပါဘူး။ ဒါပေမယ့် လူတချို့ကတော့ သိပ်ခက်တယ်။ အလိုက်ကန်းဆိုးမသိကြဘူး။ သူတို့ သုံးနှုန်းလိုက်တဲ့ အခေါ်ဝေါ်တစ်ခုဟာ တစ်ဖက်သားကို ဘယ်လောက် ထိခိုက်နစ်နာစေမယ်ဆိုတာ မစဉ်းစားကြဘူး။

"အန်တီ ... နေကောင်းပါရဲ့လားရှင်"

"အန်တီမိုး ဝလာလိုက်တာနော် ... ဝိတ်လျှော့ပါဦး၊ အသက်ကြီးပြီဆို ဒီလိုပဲ အဆီက တက်တက်လာတယ်၊ အစား အသောက်နဲ့ လေ့ကျင့်ခန်းနဲ့ညှိပြီး ထိန်းထားနိုင်မှ တော်ရုံကျမယ် ..."



www.burmeseclassic.com

www.burmeseclassic.com



ဒီစကားတွေကို မနည်းအောင့်အည်းသည်းညည်း ခံပြီး နားထောင်ရတယ်။ အပြုံးကလေးနဲ့ ဣန္ဒြေမပျက် ခေါင်းညိတ် နေရတယ်။ ဒေါသကိုတော့ မနိုင်ရင်ကာ မျိုမျိုချနေရတယ်။ ကိုယ်က သဘောထားကြီးသူ၊ ဂုဏ်သိက္ခာရှိသူလည်း ဖြစ်ချင် သေးတယ်လေ။ ဒါကြောင့် ကိုယ့်ရဲ့အလိုမကျမှုတွေကို အပေါ်ယံ အပြုံးတွေနဲ့ ဆွဲဆွဲအုပ်ထားရတယ်။ ဘယ်နှယ် ... ဒီအရွယ်ကို အန်တီ ခေါ်စရာလား။ ဝကာမှဝရောပဲ။ ကိုယ့်မျက်နှာက ပြည့်ပြီး ဝိုင်းလာတာ၊ မေးနှစ်ထပ်ထွက်လာတာကလွဲရင် ဇရာရဲ့ အရေး အကြောင်းတွေ သိပ်မရှိသေးပါဘူး။ မမလို့ခေါ်ရင်လည်း ရသားနဲ့။

ကိုယ့်ရဲ့ အလိုမကျမှုတွေဟာ ကိုယ့်အပေါ် တဖြည်း ဖြည်း ပြိုကျလာတယ်။ ကိုယ် တော်တော်အရွယ်လွန်နေပြီလား လို့ ကိုယ့်ဘာသာ ကျိတ်တွေးရင်း စိတ်ဓာတ်ကျလာတယ်။ ဒီကြားထဲ ရွယ်တူ သူငယ်ချင်းတွေ၊ မိတ်ဆွေတွေကလည်း ကိုယ့်ကို တွေ့ရင်များဖြင့် ပြုံးစနဲ့နဲ့ ရုပ်တွေနဲ့ ...

“အပျိုကြီးတို့ကတော့ လှလို့ ဝလို့ ဘယ်တော့ စားရမှာလဲ”

လို့ ကျီစယ်ကြပြန်သေးသည်။ သူတို့စကားလုံးတွေ ဖိစီးနှိပ်စက်လို့ပဲ ထင်ပါရဲ့။ ကိုယ်လည်း တဖြည်းဖြည်း ချုံးချာ လာတယ်။ မကြာ မကြာ နုံးခွေမောပန်းပြီး ခေါင်းပဲကိုက်ချင်သလို နှလုံးရောဂါပဲ ဖြစ်ချင်သလို၊ စိတ်ကစဉ့်ကလျားပဲ ဖြစ်နေတော့ သလိုလို ငေးတိ ငေးမှိုင်ဖြစ်ဖြစ်လာတယ်၊ ရောဂါ ရှာဖွေ စမ်းသပ် ကြည့်တော့လည်း ဘာမှ မဟုတ်ပြန်ဘူး။ ဒီတော့ လူတွေက တစ်မျိုးပြောကြပြန်တယ်။





“အပျိုကြီး နေမကောင်းဘူးလား ... ခမည်းလိုပြီထင်တယ်”

ကဲ ... မေးပုံကိုက ကြားလို့ကောင်းကြသေးရဲ့လား၊ တော်တော် စိတ်ပျက်ဖို့ကောင်းပါတယ်။

“ဒီမှာ မရလို့မယူတာ မဟုတ်ဘူးနော် ... မယူလို့ မရတာ”

အဲဒီလို အပြုံးကလေးနဲ့ ပြန်ပြန်ပြောနေရပေမယ့် စိတ်ထဲကတော့ နာလှပြီ။ တကယ်တော့ ဖူးစာရေးနတ်မင်းဟာ ဘမင် မျက်စိလျှမ်းနေသလားလို့တောင် ထင်ရရဲ့။ အသက် လေးဆယ် နီးနီး ခပ်ဝဝမိန်းမတစ်ယောက်အတွက် ဖူးစာဖက်ဆိုတာ ရှိနိုင်တော့ဘူးလားလို့ တစ်ခါခါ နာနာကျင် တွေးမိပြန်တယ်။

ဒါဟာ ကိုယ့်ကို အိမ်တွင်းအောင်းစေခဲ့တဲ့ မိဘ တွေရဲ့ အပြစ်လား။ ကိုယ့်ရဲ့သတ္တိမရှိမှုတွေကြောင့်လားလို့ စဉ်းစား မိပြန်တယ်။ ကိုယ့်မိဘတွေက ကိုယ့်ကို တက္ကသိုလ်ပေးတက်ခဲ့ ပေမယ့် နေ့တိုင်းအကြိုအပို့ လုပ်ပေးခဲ့တယ်။ ဘယ်ကိုမှ တစ်ယောက် တည်း ပေးမလွှတ်ခဲ့ဘူး။ ကိုယ်ကလည်း စည်းကမ်းတွေကို ဆန့်ကျင်ဖို့ သတ္တိမရှိခဲ့ပါဘူး။ မိဘလက်ထက်မှာ ပြည့်ပြည့်စုံစုံ နေရရက်နဲ့ အိမ်ထောင်ပြုပြီးမှ ဆင်းရဲဒုက္ခရောက်မှာကိုလည်း ကြောက်ရသေးတယ်။ ‘အိမ်ထောင်ကျခြင်း’ဆိုတာ ကြောက်စရာ ကောင်းတဲ့ အပြောင်းအလဲတစ်ခုပဲ မဟုတ်လား။ လက်ရှိဘဝက ကောင်းနေတော့ ဒါထက် ပိုမကောင်းလည်း သိပ်တော့ ကိစ္စမရှိဘူး။ ဆိုးမှာကိုတော့ အင်မတန် ကြောက်ရတယ်။

ငယ်ငယ်တုန်းကတော့ ကိုယ့်ကို ပိုးပန်းသူတွေ



www.burmeseclassic.com

www.burmeseclassic.com



အပေါ်စီးကနေ ငြင်းပယ်နိုင်ခဲ့တာဟာ တော်တော်ကျေနပ်ဖို့ အကောင်းသား။ ကိုယ့်ကို စွဲလမ်းကြသူတွေဟာ ...

"အိုး ... မေဘာရဏီလို ငွေပန်းချီတောင် လက်မှိုင်ချရသကိုး မမမိုး ..."

ဆိုတဲ့ ဝင်းဦးသီချင်းကို ကိုယ့်အိမ်ရှေ့မှာ အထပ်ထပ် အခါခါ ဆိုလားဆိုရဲ့။ အဲဒီကာလတွေတုန်းကတော့ သင်္ကြန်ဆို ကိုယ်က ကိုယ့်ကို ရေလောင်းချင်သူတွေကို ရှောင်ရှားတဲ့အနေနဲ့ အိမ်တွင်းပုန်းနေရတယ်။ သူများတကာ ပေါ်ပေါ်သောသော ရေလောင်းခံနေကြတဲ့အချိန်မှာ သင်္ကြန်ဆို ရေစိုမခံတဲ့ ကိုယ့် ကို သူတို့က ပိုပြီး ရေလောင်းချင်ကြတယ်။ ကိုယ့်ကို ရေလောင်း ခွင့်ရဖို့ ဟိုက လှည့်ချောင်း၊ ဒီက လှည့်ချောင်းနဲ့။ ရှောင်ရပုန်းရတာ သိပ်ကျေနပ်ဖို့ကောင်းတယ်။ ကိုယ်ကတော့ ကိုယ်တကယ်ချစ်တဲ့ သူကျမှပဲ ရေလောင်းခံမယ်၊ ကိုယ်ချစ်တဲ့သူက ကိုယ့်ကို ပထမ ဦးဆုံး ရေလောင်းခွင့်ရတဲ့သူ ဖြစ်စေရမယ်လို့ သန္နိဋ္ဌာန်ချထား ခဲ့ပါတယ်။



(၃)

♥ ♥ ♥

ဒီလိုနဲ့ပဲ နှစ်တွေကုန်ဆုံးပြီး သင်္ကြန်တွေ တစ်ခုပြီး တစ်ခု အမှုမဲ့ အမှတ်မဲ့ ဖြတ်သန်းလာခဲ့ရတယ်။ ကိုယ် ဖြုန်းခနဲ သတိထားမိတဲ့အချိန်မှာတော့ ကိုယ်ဟာ သိသိသာသာ ဝဖြိုးနေပြီး နုပျိုခြင်းတွေကလည်း မသိမသာ ပျောက်ဆုံးနေခဲ့ပါပြီ။

ကျောင်းပြီးကတည်းက ဘယ်မှာမှလည်းအလုပ်မဝင် ဘဲ အိမ်ထဲမှာ အငြိမ်းစား ခိမ်ရှိရှိ နေနေရတဲ့ ကိုယ့်မှာ စိတ်ဝင် စားစရာဆိုလို့ အိမ်ကလူတွေရယ်၊ အဆက်အသွယ်မပြတ် သေးဘဲ ကျန်နေသေးတဲ့ သူငယ်ချင်းတချို့ရယ်၊ အအိပ်ရယ်၊ အစားရယ်၊ အဝတ်အစားရယ်ပဲ ကျန်တော့တယ်။ အဖေနဲ့အမေကလည်း အသက်တွေကြီးလာပြီ။ တစ်နေ့ တစ်နေ့ ဘုရားခန်းထဲမှာ အေးအေးလူလူ နေနေကြတယ်။ ကိုယ့်အစ်မတွေ၊ ညီမလေး



www.burmeseclassic.com

www.burmeseclassic.com



အစ်ကိုတွေ အားလုံးလည်း အိမ်ထောင်ရက်သားကျသွားကြပြီ။ ကိုယ်တို့အိမ်မှာ တူတွေ တူမတွေရဲ့ ရယ်သံ၊ ငိုသံ၊ ဝုန်းဒိုင်းကျဲ သံတွေနဲ့ အမြဲလို စည်ကားနေတတ်တယ်။ ကိုယ့်သူငယ်ချင်းတွေ လည်း အိမ်ထောင်ရက်သားကျပြီး သူတို့အိမ်ထောင်ကိစ္စတွေနဲ့ လုံးချာလည်လိုက်နေရတာနဲ့ပဲ ကိုယ့်ကို အာရုံမစိုက် နိုင်ကြတော့ ဘူး။ တဖြည်းဖြည်း ဖုန်းလည်း အလာကျဲ၊ လူလည်း အလာကျဲ ဖြစ်လာတယ်။ လုပ်စရာ အလုပ်ရယ်လို့ မယ်မယ်ရရ မရှိဘဲ တဖြည်းဖြည်း အထီးကျန်လာတဲ့ ကိုယ်ဟာ တီဗီကြည့် လိုက်၊ ဝတ္ထုဖတ်လိုက်၊ စားကောင်းသောက်ဖွယ်တွေကို စားချင် သလောက် စားလိုက်၊ အိပ်ချင်ရင် အချိန်မရွေး ဝင်အိပ်လိုက်နဲ့ပဲ ကိုယ့်ရဲ့ အချိန်တွေကို ဖြုန်းတီးနေရတယ်။ ဒီလိုနဲ့ ကိုယ်ဟာ ဝသောသူ တစ်ယောက် ဖြစ်ခဲ့ပြီဆိုတာ လက်မခံချင်ဘဲ လက်ခံ ခဲ့ရတော့တယ်။



(၄)

တကယ်တော့ ကိုယ်ဟာ 'အပျိုစင်' ဆိုတဲ့ ဘဝကို သိပ်ကို ဂုဏ်ယူခဲ့ရသူပါ။ ကိုယ့်ဘဝမှာ ရည်းစားလည်း မထားခဲ့ဖူး။ ဘယ်ယောကျ်ားနဲ့မှလည်း လက်ပွန်းတတီး တရင်းတနှီး နေခဲ့ဖူးတာ မဟုတ်ပါဘူး။ ဒီအသက် ဒီအရွယ်ထိလည်း ဒီသန့်စင်မှုဟာ တည်ရှိနေဆဲပဲ။ ဒါတောင်မှ တော်တော်ဆင်ခြင်တုံတရား မရှိသူ တွေဟာ ကိုယ့်ကို 'အပျိုစင်' လို့ မတင်စားချင်ကြတော့ဘဲ 'အပျို ကြီး' လို့ အစားထိုးပြီး ခေါ်ဝေါ်တင်စားလာကြတာ တော်တော် ခံပြင်းဖို့ ကောင်းလှပါတယ်။

ကိုယ့်ရဲ့ တူမကလေးတွေဟာလည်း အရွယ်ရော[illegible] [illegible] လှသွေးကြွယ်လာကြတဲ့အချိန်မှာ ကိုယ်ကတော့ ဝ[illegible] ခန်တီကြီးဘဝကို ရောက်ခဲ့ရပါပြီ။ ဝနေတာကလွဲရင် အသက်



www.burmeseclassic.com

www.burmeseclassic.com



ကလေး မဆိုစလောက်ကြီးတာကလွဲရင်) ဒီတူမကလေးရဲ့ အလှနဲ့ ကိုယ့်အလှက သိပ်တော့မကွာလှပါဘူးလို့ ကိုယ်ကကျိတ်ပြီးတွေးရင်း ကျေနပ်မိသေးတယ်။ သူတို့မှာက ငယ်ဂုဏ်ကလေးကြောင့်သာ ရှိရင်းစွဲထက် ပိုလှတယ်လို့ ထင်ရတာမဟုတ်လား။ ဒီအရွယ်ဆိုတော့လည်း လှလှ မလှလှ သူတို့နံဘေးမှာ ချူချင်သူတွေ ဝိုင်းလို့ပါပဲ။

ကိုယ်ဟာ ပတ်ဝန်းကျင်ရဲ့ လှည့်ဖြားမှုဒဏ်ကို မခံနိုင်ဘူးထင်ပါရဲ့။ တစ်ယောက်တည်း ကျိတ်ကျိတ်ပြီး နောင်တတွေ ရလာတယ်။ ဘယ်သူ့ကိုမှ ပေးမသိဝံ့တဲ့၊ ရှက်စရာကောင်းလှတဲ့ နောင်တပဲ။ 'နောင်တ'နဲ့အတူ 'တမ်းတမှု'ကပါ တွဲပြီး ပါလာတယ်။ ငြီးငွေ့မှုဆိုတဲ့ လက်ရှိအခြေအနေကြီးကိုလည်း ချန်ထားခဲ့လို့ မရဘူး။ ကိုယ့်သူငယ်ချင်းတစ်ယောက်က ပြောဖူးတယ်။

"ချစ်သူဆိုတာ အားဆေးတစ်မျိုးပဲ မိုးရဲ့ ... ဘယ်လောက်
စိတ်ဆင်းရဲနေပစေ ... သူနဲ့တွေ့ပြီး စကားပြောလိုက်ရ
စိတ်ချမ်းသာသွားတယ်၊ သူ့ရင်ခွင်ထဲမှာ ငြိမ်ငြိမ်လေးနေ
သူ့ရဲ့အားပေးစကားတွေ နားထောင်လိုက်ရရင် အာ
သွားတယ်၊ သိပ်ထူးဆန်းတာပဲ သိလား"

သူ့စကားက တော်တော်လေး ထူးဆန်းပြီး ကိုယ့်
ဖြားယောင်းနိုင်သေးတယ်။ ဒါကြောင့်ပဲ ကိုယ်ဟာ ဒီအသ
ဒီအရွယ်အထိ မကြုံဖူးသေးတဲ့ အတွေ့အကြုံတစ်ခုကို လို
လာတယ်။ ဘုရားရေ ... ကိုယ်ဟာ သူတို့ထက်စာရင် တော်





တုံးနေတဲ့ မိန်းမပါလား။ ယောကျ်ားတစ်ယောက်ရဲ့ရင်ခွင်မှာလည်း မချမ်းမြေ့ခဲ့ဖူးဘူး။ ချော့မြူချိုသာစကားတွေလည်း မကြားခဲ့ရဖူးဘူး။ ကိုယ့်ပါးကလေးတွေကလည်း ခုချိန်ထိ ယောကျ်ားတစ်ယောက်ရဲ့ အနမ်းကို မခံခဲ့ရဖူးသေးပါ။ ကိုယ်က ကိုယ့်အတွေးကို ကိုယ် ပြန်ရှက်သွားမိတယ်။ ဒါဟာ ဂုဏ်သိက္ခာရှိတဲ့ မိန်းမတစ်ယောက် တွေးသင့်တဲ့ အတွေးမျိုး မဟုတ်ဘူး။ သို့သော် ဘာဖြစ်သေးလဲ၊ လူတိုင်း ဘာမဆို တွေးခွင့်ရှိတာပဲ၊ လက်တွေ့အသုံးမချရင် ပြီးတာပဲလို့ ကိုယ်က ဘုကျကျတွေးပြီး ကိုယ့်ကိုယ်ကို ကာကွယ်လိုက်တယ်။

www.burmeseclassic.com



စ်ယောက်ယောက်ကို အဲဒီလို ရေလောင်းဖို့ စိတ်ကူးယဉ်ခဲ့သားတယ်။ ဒါပေမယ့် အကောင်အထည် မပေါ်ခဲ့ပါဘူး။ သူ့လိုး ချစ်ရတဲ့သူ မရှိတာလည်း ပါမှာပေါ့။

ခုတော့ ကိုယ်ကလောင်းဖို့ဆိုတာ မဖြစ်နိုင်တော့တဲ့မှာ ကိုယ့်ကို လောင်းမယ့်သူကိုသာ ကျိတ်မျှော်ရုံ ရှိတော့ာပေါ့။ သင်္ကြန်ဆိုတာ နှစ်တိုင်း ကျနေတာပဲ။ မသေမချင်းတော့ မျှော်လင့်ချက်တစ်ခုလည်း ဖြစ်ပါတယ်။



(၅)

ဖြစ်များဖြစ်နိုင်ရင် ကိုယ်ဟာ မသေခင်ကတော့ ရူးရူးမိုက်မိုက် အိမ်ထောင်ပြုပစ်လိုက်ချင်တယ်။ ဒုက္ခရောက်ရင်လည်း ရောက်ပစေ၊ အထီးမကျန်ရင် ပြီးတာပဲလို့ ဒီအရွယ်ကျမှ တွေးတတ်လာတယ်။

ခုလို သင်္ကြန်ကျချိန်နီးပြီဆို ကိုယ့်နှလုံးသားဟာ တစ်မျိုးလေး လှိုက်ဖိုလာတယ်။ ငယ်ငယ်တုန်းက ကြည့်ခဲ့ရပြီး ရင်ခုန်အားကျခဲ့ရတဲ့ 'နှလုံးသားမြို့တော်' ရုပ်ရှင်ကို ပြန်ပြန်သတိရတယ်။ အဲဒီဇာတ်ကားထဲမှာ မိုးမိုးမြင့်အောင်က သင်္ကြန်ကျတဲ့နေ့မှာ သူ တိတ်တိုးချစ်နေရတဲ့ နေအောင်ကို ရေလောင်းဖို့ အမွှေးတွေသွေးပြီး ငွေဖလားထဲထည့်ရင်း စိတ်ကူးယဉ်နေတာများ သိပ်ချစ်စရာကောင်းတာပဲ။ ကိုယ် ငယ်ငယ်တုန်းကတော့



www.burmeseclassic.com

www.burmeseclassic.com

## (၆)

♥ ♥ ♥

သင်္ကြန်ကျဖို့ နီးလာလေလေ ကိုယ်ရဲ့မျှော်လင့်ချက်တွေ ပူနွေးလာလေလေပဲ။ အချစ်ဝတ္ထုလေးတစ်အုပ်၊ ကဗျာလေး တစ်ပုဒ်၊ Romance ရုပ်ရှင်လေးတွေထဲကလို အင်မတန် ကြည်နူး ဆွတ်ပျံ့ဖွယ်တွေ့ဆုံမှုကို တောင့်တမိတယ်။ ဒါ့ကြောင့်ပဲ ကိုယ်ဟာ ကိုယ့်အနာဂတ်ကို သိချင်ဇောကပ်ပြီး ဗေဒင်ဆရာအိမ် ဘယ်နှစ်ကြိမ်မြောက်မှန်းမသိ သွားမိပြန်တယ်။ ကိုယ် ဘယ်တော့ အိမ်ထောင်ကျမလဲ၊ ဘယ်အချိန်မှာ ချစ်သူရမလဲ၊ ဘာနေ့သား ဘယ်လိုလူမျိုးလဲ၊ ဘယ်လိုအလုပ်အကိုင်လုပ်တဲ့သူမျိုးဖြစ် ပညာတတ်သလား၊ စီးပွားရေးသမားလား၊ ကိုယ့်ထက်အသက် ကြီးမလား၊ ငယ်မလား၊ ကိုယ်က မှီခိုရမယ့်သူလား၊ ကိုယ့် မှီခိုမယ့်သူလား၊ ကိုယ့်ဘဝတစ်သက် အိမ်ထောင်ရေး ကံ





ပါမလား၊ ဒါတွေ ဒါတွေကို ကိုယ်သိပ်သိချင်တာပဲ။ ဒါပေမယ့် ဒါချည်းပဲ မေးရမှာကတော့ ရှက်ဖို့ကောင်းနေရပြန်တယ်။ ဗေဒင်ဆရာကလည်း တော်တော်နဲ့ကို လိုရင်းရောက်မလာဘူး။ ဒါနဲ့ပဲ ကိုယ်က ဥပါယ်တံမျဉ်နဲ့ အစဖော်ပေးရတယ်။

"ဟို ... အိမ်ထောင်ရေးကကော ဆရာ၊ ကျွန်မက အေးအေး ဆေးဆေး အိမ်ထောင်မပြုဘဲ အပျိုကြီးပဲ လုပ်ချင်တာလေ၊ အဲဒါ ကျွန်မဖြစ်ချင်တဲ့ အပျိုကြီး ဖြစ်ပါ့မလား၊ ယောကျ်ား သနှာ အနှောင့်အယှက်တွေ ဘာတွေရှိရင်လည်း စောစော စီးစီး ကြိုတင်ရှောင်ရှားရအောင် ဆရာမြင်သမျှ ဟောပေး ပါနော်"

ဒီတော့မှ ဆရာက ကိုယ့်ကို မျက်မှန်ပေါ်က တစ်ချက် ကျော်ကြည့်ရင်း ...

"သတိထား ... သတိထား ... အနှောင့်အယှက် မြင်တယ်၊ ကိုယ့်ထက် အသက်ငယ်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ အရှုံးအမူး ချစ်ခြင်းကို ခံရလိမ့်မယ်"

"အို ... ဟုတ်လား ... ဒုက္ခပါပဲဆရာရယ် ... "

ပါးစပ်က ပူပူပင်ပင် ရေရွတ်ပြလိုက်ရပေမယ့် င်ထဲမှာတော့ ဝမ်းသာလုံးကြီးဆို့သွားတယ်။

"အင်း ... အခါမလွန်ခင် တွေ့မှာပဲ"

ဘုရားရေ ... ဒါဆို ဒီသင်္ကြန်ပဲပေါ့။ နောက်တစ်ရက် က်ဆို သင်္ကြန်ကျတော့မှာမို့ ကိုယ့်ရဲ့မျှော်လင့်ချက်ဟာ အခိုင် ဆောက်လာတယ်။ ဗေဒင်ဆရာရှေ့က မျက်နှာလေး

www.burmeseclassic.com



ထပြန်လာခဲ့တဲ့ ကိုယ့်မျက်နှာဟာ ဗေဒင်ဆရာကို ကျောခိုင်းလိုက်တာနဲ့ တစ်ပြိုင်နက် ဝင်းပကြည်လင်သွားခဲ့ရတယ်။

(၇)

သကြံန်ကျပြီ။ တစ်ရက်၊ နှစ်ရက်။ သကြံန်လက်ဆောင်မိုးလည်း ရွာ၊ ပိတောက်တွေလည်း အပြိုင်းအရိုင်းပွင့်လို့ပေါ့။ မျှော်လင့်ရတာ မောလို့တောင် လာပြီ။ အိမ်ရှေ့မှာ မဏ္ဍပ်ထိုးတာမို့ ရေပက်ခံကားတွေဆီက အသံတွေ၊ သီချင်းသံတွေ ပွက်လောရိုက်နေကြတယ်။ တူ,တူမတွေကလည်း မဏ္ဍပ်ဆီမှာ သောင်းကျန်းနေကြတယ်။ ပထမတစ်ရက်ကတော့ အဲဒီ မဏ္ဍပ်ဆီမှာ ရေသွားပက်ဖို့ ကြိုးစားပါသေးတယ်။ ဒါပေမယ့် ... ကိုယ်ခြေတစ်ဖက် မလှမ်းခင်ကတည်းက ...

"သမီး ... ဥပုသ်စောင့်ရမယ်နော်၊ သူများတကာ လင်နဲ့သားနဲ့ နောက်ဆန်ငင်နေတဲ့အချိန်မှာ သမီးက နောက်ကြောင်း အေးအေး တရားအားထုတ်နိုင်တာ သိပ်ကောင်းတယ်"



www.burmeseclassic.com

www.burmeseclassic.com



ကိုယ် မငြင်းရဲဘူး။ မဏ္ဍပ်မှာ ရေသွားပက်ချင်တဲ့ ဆန္ဒကို ချုပ်ထိန်းထားလိုက်ရတယ်။ နှစ်ရက်တိတိ ဥပုသ်စောင့်ရတယ်။ သုံးရက်မြောက်နေ့မှာတော့ ကိုယ့်အတွက် ထွက်ပေါက်တစ်ခုတွေ့သွားပါတယ်။ ရေပက်ခံထွက်ထားတဲ့ ကိုယ့်တူမလေးဟာ အအေးမိပြီး ဖျားနေခဲ့တယ်။ ဖျားပေမယ့်လည်း အိမ်ထဲမှာ မနေချင်တဲ့ တူမလေးက ကိုယ့်ကို အကူအညီလာတောင်းတယ်။

"အန်တီ မိုး … သမီး … အပြင်ထွက်ပြီးထိုင်နေချင်တယ်၊ သူများတွေ ရေကစားတာကို လှမ်းကြည့်နေမယ်လေ၊ သမီး တစ်ယောက်တည်းဆို သူများတကာ ရေလာပက်ရင် ပြန်ဖျားနေမှာစိုးလို့ အန်တီမိုးပါ လိုက်ထိုင်စောင့်ပေးနော်၊ ရေပက်တဲ့သူလာရင် သမီး နေမကောင်းကြောင်းပြောပြီး တားပေးပေါ့"

ကိုယ် ခပ်မြန်မြန် ခေါင်းညိတ်လိုက်တယ်။ အခန်းထဲ ပြေးဝင်ပြီး မှန်လည်းကြည့်ရသေးတယ်။ ပိတောက်တွေလည်း ဝေနေအောင် ပန်လိုက်တယ်။

ခြံဝန်းတံခါးဝလေးနားမှာ ကိုယ်က ရှေ့နားကျကျ၊ တူမကလေးက နောက်နားကျကျထိုင်ပြီး သူများတကာ ရေကစားနေတာကို ထိုင်ကြည့်နေလိုက်ကြတယ်။

အဲ့ဒီအခိုက်မှာ အဲဒီအခိုက်မှာပေါ့။ တကယ်ပေါ့ … ကိုယ်မျှော်လင့်တောင့်တနေတဲ့ အဖြစ်အပျက်တစ်ခုဟာ မယုံနိုင်စရာကောင်းလောက်အောင် ကိုယ့်ဆီတည့်တည့် ဦးတည်လာခဲ့တယ်။





အခါမလွန်ခင်လေး … အခါမလွန်ခင်လေးပါပဲ …

သူဟာ အင်မတန်ကြည့်ကောင်းတဲ့ ယောကျ်ားတစ်ယောက်ဖြစ်တယ်။ ကိုယ့်ထက် တော်တော်ကလေး ငယ်မယ်။ ဒါပေမယ့် ဒါက အကြောင်းမဟုတ်ပါဘူး။ အချစ်မှာ အသက်အရွယ် အပိုင်းအခြားမရှိဘူး။ ဗေဒင်ဆရာဟောသလိုပဲ။ ကိုယ့်ထက်အတော်ကလေး ငယ်ရွယ်တဲ့ယောကျ်ားတစ်ယောက်။ သူဟာ ဟိုဘက်ခြံဝန်းထဲကနေ ကိုယ့်ကို လှမ်းကြည့်နေခဲ့တယ်။ သူ့လက်ထဲမှာလည်း ငွေဖလားကလေးတစ်လုံး ကိုင်လို့။ ကိုယ့်မျက်ဝန်းထောင့်စွန်းကနေ သူ့ကို လှမ်းမြင်နေရတယ်။ သူက အဝေးကြီးကနေ ကိုယ့်ကို ပြုံးပြနေခဲ့တယ်။ ကိုယ် ပြန်ပြုံးရမလား။ မျက်လွှာချ ခေါင်းငုံ့လိုက်ရမလား မဝေခွဲနိုင်ခင်မှာပဲ သူဟာ ကိုယ့်ဆီ လှမ်းလာနေပါပြီ။ သေချာတာကတော့ သူ ပြုံးပြနေတာ ကိုယ့်ကိုပါပဲ။ သူ့ဦးတည်ချက်ဟာ ကိုယ်ပဲ။ ကိုယ်ဟာ ဆောက်တည်ရာမရလောက်အောင် စိတ်လှုပ်ရှားလာခဲ့တယ်။ သူ့ခြေလှမ်းတွေဟာ ကိုယ့်ဆီ တရွေ့ရွေ့နီးကပ်လာခဲ့ပြီ။ နောက်တော့ သူက ကိုယ့်ရှေ့မှာ ရပ်တံ့လိုက်တယ်။

"ကျွန်တော့်ကို ခွင့်ပြုပါခင်ဗျာ …"

အို … ကြည့်စမ်း … ဘယ်လောက် ယဉ်ကျေးသိမ်မွေ့လိုက်ပါသလဲ။ သူဟာ အပြုံးကလေးနဲ့အတူ ခေါင်း ကလေးတောင် ညိတ်လို့။ ခွင့်ပြုပါတယ်ကွယ် … ခွင့်ပြုပါတယ်။ ကိုယ် … ဒါကိုပဲ စောင့်နေခဲ့ရတယ်။

ကိုယ့်ရင်ထဲမှာ အခါခါခေါင်းညိတ်နေပေမယ့် [illegible]



www.burmeseclassic.com

www.burmeseclassic.com



သဏ္ဍာန်က ထုံဟုန်ပြီး သူ့ကို တအံ့တသြ မော့ကြည့်နေ မိတယ်။ သူက နောက်တစ်ကြိမ် ခေါင်းညွှတ်ပြီး ပြုံးပြလိုက် ပြန်တယ်။

"အန်တို့တူမလေးကို ရေလောင်းချင်လို့ပါ ... ခွင့်ပြု ခင်ဗျာ"

ရုတ်တရက် ကိုယ်ဟာ ဆွံ့အ,ငြိမ်သက်သွားတယ်။ ယောင်ယောင်ကမ်းကမ်းနဲ့ ခေါင်းညိတ်လိုက်မိသလားတောင် မေ ပါဘူး။ ကောင်လေးဟာ 'ကျေးဇူးတင်ပါတယ်' လို့ ခပ်တိုးတိုး ပြောပြီး တူမလေးဆီ လှမ်းသွားနေတယ်။ ကိုယ်က ရုတ်တရက် သတိပြန်ဝင်လာပြီး ဝုန်းခနဲထရပ်လိုက်မိတယ်။

"ဒီမှာ သူငယ် ... သူ နေမကောင်းဘူးကွယ့်"

ကိုယ့်စကားတောင် ကောင်းကောင်း မဆုံးတော့ ပါဘူး။ တူမလေးရဲ့ အသံချိုလွင်လွင်ကလေးကို ကြားလို ရတယ်။

"ရပါတယ် အန်တီ မိုးရဲ့ ... သမီး နေကောင်းနေပါ ကြည့်စမ်း ... ဘယ်လောက် ပလီပလာနိုင်လဲ သလဲလို့။ ကောင်လေးက သကြိန်ရေထဲမှာ အမွှေးရည်တွေ အပြုံးတွေကော ရောထည့်ပြီး တူမကလေးရဲ့ ပခုံးပေါ်ကို ခပ်ဖြည်းဖြည်း လောင်းချနေခဲ့တယ်။

ကိုယ်လည်း အဲဒီရှေ့ကနေ ချာခနဲလှည့်ထွက် ခဲ့တယ်။ လောကကြီးဟာ တော်တော် မမျှတဘူး။ ဒီအ အပျိုကြီးတွေကို တကူးတက ရေလာမလောင်းရဘူးလို့ ဘယ်






တားမြစ်ထားသလဲ။ ကိုယ်ချစ်တဲ့ သကြိန်ဟာလည်း ကိုယ့်အပေါ် တရားမမျှတခဲ့ပါဘူး။ ကိုယ်ဟာ ကိုယ့်မျှော်လင့်ချက်တွေကို အခါမလွန်ခင်မှာပဲ လွှင့်ပစ်လိုက်မိပါတော့တယ်။

၂၀၀၂–ခုနှစ်၊ ဧပြီလ (ရွှေဝင်စစ္စင်း)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အနှစ်သာရ

(၁)

♥ ♥ ♥

သူသည် သူ့ပတ်ဝန်းကျင်တွင် 'လူဆိုးလေး' အဖြစ် ကျော်ကြားသော လူငယ်တစ်ယောက် ဖြစ်လေသည်။ သူကတော့ သူ့ကို ဘယ်သူကမှ ဘယ်လိုပဲ သတ်မှတ်သတ်မှတ် ဂရုမစိုက်ပတ်ချေ။ အရေးကြီးသည်မှာ သူလုပ်ချင်ရာ လုပ်ခွင့်ရဖို့သာ ဖြစ်သည်။ သူက လွတ်လပ်ခွင့်ကို အင်မတန် မြတ်နိုးသူလည်း ဖြစ်ရာ သူ့ကို ဘောင်ခတ်သူများအား သူ အလွန်မုန်းတီးလေသည်။

"ဟဲ့ ... ကောင်လေး ... ဒါက ဘယ်ကိုကြွမြန်းတော်မူဦး



www.burmeseclassic.com

www.burmeseclassic.com



မလို့လဲ၊ တစ်ခါမှ အိမ်ကပ်တယ်ရယ်လို့ကို မရှိဘူး၊ ခြေထောက်က ဇွပါတယ်ထင်တယ်၊ သွားချင်ရာသွား ... ပေါင်းချင်တဲ့သူတွေနဲ့ပေါင်း ... ဒီလိုသာဆို ပျက်စီးမှာ မြင်ယောင်သေးတယ်"

သူ့ကို အဲဒီလို ငေါက်ငမ်းသည့်စကားဆို သူက ပို၍ မနာခံချင်ပေ။ ဘယ်မသွားရ၊ ဘာမလုပ်ရ၊ ဘယ်သူနဲ့ မပေါင်းရဟူသော ချုပ်ချယ်ကန့်သတ်မှုများကို သူက ဘာတစ်ခုမှ မနာခံဘဲ ဖောက်ဖျက်ခဲ့သည်ချည်းသာဖြစ်သည်။ သူ့အတွက် ကမ္ဘာလောကဆိုတာ သူ့မိဘတွေ ကန့်ထားတဲ့ ဘောင်ကလေးထဲမှာသာ ရှိတာမဟုတ်ချေ။ သူတွေ့ရှိထားတဲ့ ကမ္ဘာကြီးဟာ အင်မတန်ကျယ်ဝန်းပြီး လွတ်လပ်လှပါသည်။ သူ ပျံသန်းချင်တိုင်း ပျံသန်းဖို့ လုံလောက်နေသော ကမ္ဘာကြီးထဲမှာ သူက လွတ်လပ်မှု တောင်ပံတွေကို စိတ်တိုင်းကျ ဖြန့်ကျက်ပျံသန်းပစ်လိုက်ချင်သေးသည်။ သူက လူငယ်ပီပီ ပျော်ရွှင်မှုတွေကို တပ်မက်သည်။ သာယာမှုတွေကို လိုလားသည်။ သူသည် အချုပ်အနှောင်ကင်းသော သာယာမှုတွေကို တစ်စတစ်စ ရှာဖွေတတ်လာလေသည်။

ပိုက်ဆံရှိသော ခေတ်လူငယ်တစ်ယောက်အတွက် စိတ်ကျေနပ်စရာ သာယာမှုတွေကလည်း များပြားလှချေသည်။ Disco Light ရောင်စုံကွန့်မြူးသော ကပွဲခန်းမများတွင် သူ ကျက်စားတတ်လာသည်။ နောက်တော့ ကာရာအိုကေဆိုင်များ၊ ခေါင်းလျှော်ခန်းမများ၊ ခန္ဓာကိုယ်ရော စိတ်အညောင်းပါ ပြေအောင် စီရင်ပေးနိုင်သော နေရာများသို့ သူ ခြေဦးလှည့်တတ်လာသည်။





... အရာရာဟာ ပျော်စရာပဲ။ လွတ်လပ်မှုအရသာဟာ အင်မတန် ချိုမြိန်သည်။ လူ့ဘဝရဲ့ အရသာကို သူက တာဝန်ယူမှုကင်းစွာ၊ ချုပ်အနှောင်ကင်းစွာ ခံစားဖို့ကိုသာ စိတ်အား ထက်သန်နေသည်။ စိတ်ရှုပ်စရာ သံယောဇဉ်အတွယ်အတာ ကိစ္စတွေကို သူ ညည်းနည်းလေးမှ ထည့်မစဉ်းစားခဲ့ပေ။



www.burmeseclassic.com

www.burmeseclassic.com

(၂)

♥ ♥ ♥

ဒီလိုနဲ့ပဲ သူသည် လူငယ်ဘဝကို သက်သော သက်သာ(လွတ်လပ်ပျော်ရွှင်စွာ) ဖြတ်သန်းရင်း အသက် တဖြည်းဖြည်း ကြီးရင့်လာခဲ့သည်။ သူသည် သူလိုချင်သ ပျော်ရွှင်မှုများကို ငွေဖြင့်သာ လဲလှယ်၍ရကြောင်း သိနားလ ခဲ့သူဖြစ်၍လည်း ငွေရှာခြင်းအလုပ်ကို စိတ်ပါဝင်စားစွာ လု သည်။ ထို့ကြောင့်ပင် သူသည် အောင်မြင်သော စီးပွားရေးလုပ် တစ်ခုကို ထူထောင်နိုင်သော ယောကျ်ားတစ်ယောက်ဖြစ်လာ သည်။ လက်ဖျားတွင် ငွေသီးနေသော သူ့ဘဝတွင် မရတာ လို့ ဘာမှ မရှိခဲ့ချေ။ သူ့တွင်ရှိသော ငွေများက အရာရာကို ယောင်းနိုင်လေသည်။ သူသည် ထိုဘဝကို ကျေနပ်ရင်း နှစ်တွေအတော်ကြာကြာ ကုန်ဆုံးလာခဲ့သည်။ သူ့ဝင်ငွေ





ဝယ်ယူထားသော ခမ်းနားလှပသည့်တိုက်ကြီးထဲတွင် သူ တစ်ဦး တည်းသာ (အခြွေအရံ အစေအပါးများဖြင့်) ဇိမ်ကျကျ နေထိုင် လေသည်။ နယ်တွင်နေသော သူ့မိဘများကတော့ သူ့ထက် စောစီးစွာ အိမ်ထောင်ကျခဲ့သော သူ့အစ်မ၏ သားသမီးများကို ချစ်ခင်တွယ်တာစွာ သူ့အစ်မ မိသားစုနှင့်သာ အတူနေထိုင် လေသည်။ သူ့မိဘများက သူ့နေပုံထိုင်ပုံကို သဘောမကျသကဲ့သို့ သူကလည်း သူ့လွတ်လပ်မှုတွေကို အချိန်တိုင်း ထိပါးနေနိုင်သည့် သူ့မိဘများနှင့် အတူတကွနေထိုင်ဖို့ ဆန္ဒပြင်းပြမရှိခဲ့ချေ။

သို့သော် သူ့အသက် (၃၅)နှစ်ပြည့်ပြီး နောက်ပိုင်း စကာ သူသည် ထူးဆန်းသည့်ဝေဒနာတစ်မျိုးကို မသိမသာ ားလာရလေသည်။ ထိုဝေဒနာကို ဘာရယ်လို့အမျိုးအမည် ပ်ရမည်ဆိုတာကိုတော့ သူတိတိပပ မသိပေ။ သူသည် သူတစ်ချိန် တစ်ရှိုက်မက်မက် လိုလားတပ်မက်ခဲ့သော သာယာမှုများကို ဖြည်းဖြည်း ရိုးအီပြီး ငြီးငွေ့လာကာ ကြာသောအခါ ရွံရှာ၍ မိသည်။ ထိုသာယာမှုများက သူ့စိတ်ကို ငြိမ်းချမ်းမှု မပေး ါလားဆိုတာကို သူ သတိပြုမိရလေသည်။ သူသည် သာယာ တ်ဖြင့် အချိန်ဖြုန်းတုန်းခဏတွင်သာ ပျော်ရွှင်သည်ဟု ထင်ရ ်လည်း ထိုအချိန် ကုန်ဆုံးလျှင် စိတ်ပျက်၍သာ ကျန်ခဲ့ရလေ ည်။ သူ့ဘဝသည် တဖြည်းဖြည်းတိတ်ဆိတ်၍ လာကြောင်း ည်း သူ သတိထားခဲ့မိပြီ။ သူ အိမ်ပြန်လာချိန်တွင် သူ့အိမ် ချောက်ချားစဖွယ် လူသူကင်းရှင်းတိတ်ဆိတ်နေခဲ့သည် င်မှုးတူးဖြင့် တံခါးထဖွင့်ပေးသော အိမ်ဖော် လင်မယာ



www.burmeseclassic.com

www.burmeseclassic.com



သူ့တွင် နွေးထွေးစွာကြိုဆိုမည့်သူ မရှိချေ။ သို့သော် သူက သူ့ကိုယ်သူ အထီးကျန်လှပြီဟုတော့ ဝန်မခံချင်ပေ။ သူသည် သူ့စိတ်တွင် ဟာနေသော ဘာမှန်းမသိသည့် ကွက်လပ်တစ်ခုကို ဖုံးကွယ်လိုစိတ်ဖြင့် ကက်ဆက်ကို သံကုန် မြှင့်၍ဖွင့်ခြင်း၊ ဗီဒီယို တစ်ကားပြီးတစ်ကားကြည့်ခြင်း၊ သူ့ကို စိတ်ချမ်းသာမှုပေးနိုင်မည်ဟု ထင်ရသော မိန်းကလေးများနှင့် ဖုန်းပြောခြင်းတို့ဖြင့် အစားထိုး ဖြေဖျောက်ရလေသည်။

သူက သူ့ရဲ့အချိန်များကို ခက်ခက်ခဲခဲ ကုန်ဆုံးနေရဆဲ တစ်နေ့တွင် သူ့မိဘများက သူ့ကိုခေါ်ယူကာ နားချ တိုက်တွန်းလေသည်။

“မင်းလည်း မငယ်တော့ဘူး သား ... အိမ်ထောင်ပြုသင့်တဲ့ အချိန်ကိုတောင် တော်တော်လေး လွန်ခဲ့ပြီ၊ ဒီအရွယ်ဟာ ကိုယ့်ဇနီးမယားနဲ့ ကိုယ့်သားသမီးနဲ့ မိသားစုဘဝလေးထဲမှာ စည်းစည်းလုံးလုံး ရှိနေရမယ့်အရွယ်ပဲ၊ သားမှာ ငွေကြေး ဥစ္စာလည်း ပြည့်စုံနေတာပဲ မဟုတ်လား၊ အိမ်ထောင်ပြုဖို့ အခက်အခဲလည်း ရှိတာမှ မဟုတ်တာ၊ ဖေဖေတို့ကတော့ လောဘကြီးတယ်ပဲပြောပြော ... မြေးလေးတွေ ထပ်လိုချင် သေးတယ် သား ...”

သူက သူ့အဖေစကားအတွက် ထိတ်လန့်သွား ကာ ...

“ဟာ ... စိတ်ရှုပ်စရာကြီးပါ အဖေရာ၊ အိမ်ထောင်ပြုလိုက် ရင် ကျွန်တော့်လွတ်လပ်ခွင့်တွေ ဆုံးရှုံးသွားတော့မှာပေါ့





မိန်းမဆိုတာမျိုးက ယောကျ်ားကို ‘အိမ်’ဆိုတဲ့ ထောင်ထဲမှာပဲ အမြဲထည့်ချုပ်ထားချင်ကြတာ”

“လူရယ်လို့ဖြစ်လာရင် တာဝန်ယူမှုဆိုတာရှိတယ် သား၊ မင်းက ဘာတာဝန်မှ မယူချင်ဘဲ ပေါ့ပျက်ပျက်ဖြစ်နေတယ်၊ မင်းမှာ ငွေရှာနိုင်တာကလွဲရင် လူ့ဘဝရဲ့အနှစ်သာရတွေ ပျောက်ဆုံးနေတယ်လို့ ငါထင်တယ်၊ မင်း ဒီတစ်ကြိမ် တော့ မိဘစကားနားထောင်ပါ၊ မင်းကို သင့်တော်တဲ့ မိန်းကလေးတစ်ယောက်နဲ့ အိမ်ထောင်ချပေးဖို့ ငါတို့ စီစဉ်ပြီးပြီ”

နောက်ဆုံးတော့ သူသည် သူ့အဖေစကားကို မနာခံ ချင်ဘဲ နာခံလိုက်ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၃)

♥ ♥ ♥

သူသည် အိမ်ထောင်ကျစတွင် အလွန်ပင် စိတ်ကျဉ်းကျပ်၍ နေရလေသည်။ နောက်တော့ လွတ်လပ်မှုကို ခုံမင်လှသော သူက သူ့အကျင့်ကို မပြုပြင်ဘဲ လူပျိုဘဝကလိုပင် ထင်သလို နေလေသည်။ သူ့မိန်းမသည် သူ့ကို သည်းညည်းခံကာ တစ်နေ့တစ်နေ့ ဒူးနဲ့မျက်ရည် သုတ်၍ နေရလေသည်။ သူသည် ညဉ့်နက်မှပင် အိမ်သို့ပြန်လာမြဲဖြစ်သည်။ သို့သော် သူ့စိတ်သည် အရင်လို လွတ်ဟာအထီးကျန်၍တော့ မနေတော့ပေ။ သူ့အိ
တွင် (သူချစ်သည်ဖြစ်စေ မချစ်သည်ဖြစ်စေ) သူ့ဇနီးကတော့
အမြဲလိုရှိနေခဲ့လေသည်။ တစ်ခါတစ်ရံတွင် သူ့ဇနီး၏ ရိုသံ
ထေ့ငေါ့စကားနာထိုးမှုကို ကြုံရသည်။ တစ်ခါတစ်ခါ သူ့ဇနီး
ငိုရှိုက်သံကိုကြားရပြီး တစ်ခါတွင်တော့ ပစ္စည်းတွေကို ေသာ





အောင့် ချနေသော အသံဗလံ၊ အိမ်ဖော်တွေကို ဩဇာပေးနေသော အသံများကို ကြားရတတ်လေသည်။ သူ့ဘဝသည် မပျော်ရွှင်သော်လည်း အနည်းငယ်တော့ စိုပြည်လာရလေသည်။

တစ်နေ့တွင် သူ့ဇနီးက သူ့ကို အသိပေးသည်မှာ ...၊

"ကို ... ကျွန်မမှာ ရင်သွေးလေးရှိနေပြီ သိလား၊ အဲဒါ ကို့သွေး ... ကို့ရင်သွေး၊ ကို ကလေးအဖေ ဖြစ်တော့မယ်"

သူနှင့် အိမ်ထောင်ကျပြီးမှ သူ့ဇနီးတွင် ဒီတစ်ကြိမ်လောက် ကြည်နူးရွှင်ပျသည့် အမူအရာမျိုး သူမတွေ့ခဲ့ဖူးချေ။ သူသည် သူ့ဇနီးလက်ဖြင့် ဖွဖွဖိထားသောဗိုက်ကို စူးစိုက်ကြည့်ကာ ရင်ထဲ ရှိန်းမြမြနှင့် ရှက်အမ်းအမ်းဖြစ်၍ သွားလေသည်။ သူဟာ ကလေးအဖေတဲ့။ သူ့မျက်နှာကို ဘယ်လိုထားရမှန်း မသိချေ။ သူ့ဇနီးကိုလည်း သူဘယ်လို တုံ့ပြန်ပြောဆိုလိုက်ရမည် မသိချေ။

"ကို ... ဝမ်းမသာဘူးလားဟင် ... ကျွန်မကတော့ အမေ ဖြစ်ရမယ့်ဘဝကို သိပ်ဂုဏ်ယူတာပဲ ..."

သူသည် သူ့ဇနီး၏ ပီတိဖြင့် ရွှန်းမြသော မျက်နှာကို တအံ့တဩ ကြည့်မိရလေသည်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၄)

♥ ♥ ♥

သူ့ဘဝသည် အမှန်တကယ်ပြောင်းလဲ၍ လာရလေသည်။

သူသည် တန်ခိုးရှင်တစ်ယောက်ပမာ သူ့ကလေးကို ဗိုက်ထဲ၌ လွယ်ပိုးထိန်းသိမ်းထားနိုင်သော သူ့ဇနီးကို အရိုက်လို စောင့်ကြည့်နေမိလေသည်။ သူက သူ့အမေထံ သွားမေးပြီး သူ့ဇနီးနှင့် သူ့ကလေးအတွက် သင့်တော်၍ ခွန်အားဖြစ်စေမည့် အစားအစာများကို တစ်နေ့ တစ်မျိုး မရိုးရအောင် ဝယ်လာကာ သူ့ဇနီးကို ကျွေးမွေးရလေသည်။ သူ့အိမ်ပြန်ချိန်သည်လည်း ဘယ်သူကမှ မြည်တွန်တောက်တီးခြင်း မပြုရပါဘဲ တစ်နေ့ထက် တစ်နေ့ စော၍လာကာ တစ်ခါတစ်ရံများဆို နေ့လယ်နေ့ခင်းပင် အိမ်သို့တစ်ခေါက်ပြန်၍ သူ့ဇနီးကိုကြည့်တတ်လေသည်။





သူ့ဇနီးက သွက်သွက်လက်လက် အလုပ်လုပ်နေပြီလားဆို သူ့ရင်ထဲ ဒိန်းခနဲ ဆောင့်ခုန်သွားကာ ...

"ဟော့ ... ဟော့ ... အကြမ်းပတမ်း မလုပ်နဲ့လေ၊ အိမ်ဖော်တွေ ရှိသားပဲ၊ မင်း နားနားနေနေ နေပါ"

"အိမ်ဖော်တွေလုပ်တာ စိတ်တိုင်းမကျလို့ပါ ကိုရယ်"

"ကဲကွာ ... ဒါဆိုလည်း ကိုယ်လုပ်ပေးပါ့မယ်၊ ထိုင် ... ထိုင်၊ ဟိုမှာ ငြိမ်ငြိမ်သွားထိုင်နေ၊ ဟာ ... သိပ်ငြိမ်ငြိမ်ကြီးလည်း မထိုင်နဲ့နော်၊ အမေက မှာလိုက်တယ်ကွ၊ မကြာမကြာ လမ်းလျှောက်ရမယ်တဲ့၊ သွား ... သွား ... ဟိုနား ဒီနား ခပ်ဖြည်းဖြည်းလျှောက်နှင့်၊ ကိုယ်အခုပဲ လာခဲ့မယ်၊ မင်း သောက်ဖို့ နွားနို့လေးထည့်လိုက်ဦးမယ်၊ ဩော် ... ဟော့ ... ဖြည်းဖြည်းလျှောက်နော်၊ ခြံထဲမှာ တချို့နေရာတွေက ချောနေတယ် ... ချော်လဲနေဦးမယ်၊ ဩော် ... မဖြစ်ပါဘူးကွာ၊ နေဦး ... မင်းမသွားနဲ့ဦး၊ ကိုယ်နဲ့အတူသွားရအောင် ခဏလေးစောင့် ... ဟုတ်လား"

သူသည် သူ့ရဲ့အချိန်တွေကို သူ့ဇနီးနှင့် သူ မမြင်ရသော ရင်သွေးလေးမှာသာ ပုံအောထားရင်း သူ ခံ့မင်သော လွတ်လပ်မှုများကို မေ့လျော့၍ လာခဲ့သည်။

မကြာမီပင် သူ့ဇနီးသည် သူ့အတွက် အလှမ်း ချစ်စရာကောင်းသော သမီးလေးတစ်ဦးကို မွေးဖွားသန့်စင်ပေး ခဲ့သည်။ ထိုအချိန်ခဏမှာပင် သူ့ဘဝသည် အသစ်ဖြစ်တည်မွေး ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com



သမီး၏ အုဝဲသံကလေးကို ကြားရလျှင်ကြားရချင်း သူ့ခန္ဓာကိုယ်သည် ပီတိဖြင့် တုန်ရင်သွားခဲ့ရသည်။ သူသည် အလွန်ပင် စိတ်လှုပ်ရှား၍နေကာ သူ့သမီး နီတာရဲကလေးကို ပွေ့ပိုက်ကြည့်ချင်မိသည်။ သို့သော် ပွေ့ပိုက်ရမှာလည်း မရဲဘဲ သမီးလေး၏ လက်ဖဝါးနုနုသေးသေးလေးကို အသာအယာ တို့ထိကြည့်နေမိသည်။ ချစ်စရာကောင်းသည့် သမီးလေးရယ်၊ သမီးဟာ ဖေဖေ့သမီးဖြစ်ပါတယ်။ သမီး ဘယ်အရွယ်ကျရင် ဖေဖေ့ကို ဖေဖေလို့ ခေါ်တတ်မှာလဲ။ ဖေဖေ ကြားချင်လှပါပြီ သမီးရယ်။ သူက စိတ်ထဲမှာပင် ပီတိသုခဖြင့် ညည်းညူနေမိခဲ့ လေသည်။ သမီးကိုမှ မဟုတ်ပါဘူး၊ သမီးအမေကိုကြည့်ရသည် မှာလည်း စိတ်ချမ်းသာလှပါသည်။ ဒီတစ်ကြိမ်လောက် သမီးရဲ့ အမေအပေါ် ကရုဏာသက်ရတာမျိုးလည်း မရှိခဲ့ပေ။ သူက သူ့ဇနီး၏ ပျော့တော့သော လက်ဖဝါးလေးကို နွေးထွေးစွာဆုပ်ကိုင် ရင်း နဖူးလေးကို ဖွဖွမွှေး၍ နှစ်သိမ့်ခဲ့မိလေသည်။



(၅)

သူသည် သူ့အဖေပြောခဲ့ဖူးသော လူ့ဘဝရဲ့ အနှစ်သာရကို ရှာဖွေတွေ့ရှိခဲ့ပြီဖြစ်သည်။ ထိုအနှစ်သာရသည် သူထင်သော လွတ်လပ်မှုတွေ၊ သာယာမှုတွေထက် များစွာတန်ဖိုးကြီးလေသည်။

သူ့အိမ်သည် သမီး၏ ရယ်မောသံ၊ စကားပြောသံ၊ သူ့ဇနီး၏ သမီးကို ချော့မြူသံ၊ ဆုံးမသွန်သင်သံတို့ဖြင့် ထာဝစဉ် လှုပ်ရှားသက်ဝင်၍နေခဲ့တာဖြစ်သည်။ သူသည် သူ့သမီး၏ ရယ်မောသံဖြင့် အစပြုသော နံနက်ခင်းတိုင်းတွင် ကြည်လင်စွာ နိုးလာရမြဲဖြစ်သည်။ ညနေခင်း သူအိမ်သို့ပြန်လာလျှင် သူ့ထံ ပေါက်ပြေးထွက်ကြိုဆိုတတ်သော သမီးကလေးကို ဖမ်းသို ဖက်ချီလိုက်တိုင်း သူ့ရဲ့မောပန်းသမျှအားလုံး ပြေပျောက်



www.burmeseclassic.com

www.burmeseclassic.com



လွင့်စင်သွားခဲ့မြဲဖြစ်သည်။ သူသည် ဘယ်သောအခါမှ လိုအပ်ချက် တစ်ခုခုဖြင့် လစ်ဟာ၍ မနေ။ သူအချိန်မရွေး အိမ်ပြန်လာတိုင်း နွေးထွေးစွာ ဆီးကြိုမည့် မိသားစုကလေးက အဆင်သင့်ရှိခဲ့ပြီ ဖြစ်သည်။

သူသည် ယခုအခါတွင် ဘဝ၏ အလိုအပ်ဆုံးသော အရာ၊ တန်ဖိုးအရှိဆုံးသောအရာကို တွေ့ရှိခဲ့ရပြီဖြစ်သည်။ ထိုအရာ မှာ ချစ်စဖွယ်ကောင်းသော 'မိသားစုဘဝလေးတစ်ခု'ပင် ဖြစ်လေ သည်။

၂၀၀၃-ခုနှစ်၊ ဇန်နဝါရီလ (Family)

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

# ဝှက်ဖဲ

(၁)

♥ ♥ ♥

ကိုယ့်ကို လူတော်တော်များများက 'သိပ်လှတာပဲ' ... တညီတညွတ်တည်း သတ်မှတ်ခဲ့ကြပါတယ်။ အဲဒီ အလှ ...ကြောင့်ပဲ ကိုယ်ဟာ ယောကျ်ားတိုင်းလိုလိုရဲ့ ခင်မင်ကိုင်းညွတ် ... ဦးစားပေးမှု၊ ကူညီလိုမှု၊ ချစ်ခွင့်မျှော်လင့်မှုတွေကို ခံယူရရှိ ...တယ်။ ဒါကြောင့်ပဲ ကိုယ်ဟာ ကိုယ့်အလှကို အလွန်အမင်း ...ကြည်သူ ဖြစ်ခဲ့ရတယ်။ ကိုယ်နဲ့ခင်မင်နီးစပ်ခွင့်ရတဲ့ ယောကျ်ား ...ဟာ ကိုယ့်အချစ်ကို မမျှော်လင့်တဲ့သူ မရှိသလောက်... ...ယ်၍ ကိုယ့်အချစ်ကို မရခဲ့လျှင်တောင် ကိုယ့်မှာ အ...



www.burmeseclassic.com

www.burmeseclassic.com



လိုအပ်တဲ့အခါ အမြဲကူညီပေးဖို့ အဆင်သင့်ရှိနေခဲ့ကြတယ်။ ဒါဟာ ကိုယ့်ရဲ့ကံကောင်းမှုတစ်ခုလားလို့ တွေးရင် သွေးနထင်တောက်ချင်တယ်။ ဒါပေမယ့် အမြဲလိုလို ကံကောင်းခဲ့တဲ့ ကိုယ်ဟာ သူနဲ့ တွေ့ကတည်းက ဒီတစ်ကြိမ်တော့ ကံဆိုးပြီလားလို့ တွေးတတ်လာတယ်။ သူဟာ ကိုယ်နဲ့ ပတ်သက်လာရင် ကျောက်ရုပ်ထု အဘခေါ်ရလောက်အောင် ငြိမ်သက်လွန်းတယ်။ ကိုယ့်ကို ရင်းနှီးပုံ ပြပေမယ့် သူ့ရဲ့ရင်းနှီးမှုက ရိုးစင်းတယ်။ ရင်ခုန်သံတွေ ပါပုံမပေါ်ဘူး။ သူ့စိတ်ကို သူ့မျက်လုံးတွေကတစ်ဆင့် အကဲခတ်ကြည့်တော့လည်း ဒီအတိုင်းပဲ။ နည်းနည်းလေးမှ လှုပ်ခတ်မှုမရှိတာဟာ အချိန်ကြာလေ သေချာလေပဲ။ ဒါဟာ ဘာကြောင့်လဲလို့ ကိုယ့်အလှကိုယ်အထင်ကြီးလှတဲ့ ကိုယ်က မခံချင်စိတ်နဲ့ အမြဲတွေးမိတယ်။ သူ့ရဲ့တည်ငြိမ်မှုနောက်ကွယ်မှာ ဝှက်ဖဲလေးတစ်ချပ်တော့ ရှိရမယ်လို့ ကိုယ်ရော ကိုယ့်သူငယ်ချင်းတွေကပါ တညီတညွတ်တည်း သတ်မှတ်ခဲ့ကြတယ်။ ဒါပေမယ့် အဲဒီဝှက်ဖဲကလေးဟာ အင်မတန် ယုကျုံးမရစရာ၊ အံ့သြတုန်လှုပ်စရာ၊ ဆိုးရွားလှတဲ့ ဘဝပေးကံတစ်ခု ဖြစ်လိမ့်မယ်လို့တော့ ကိုယ်တို့အားလုံး ယောင်လို့တောင် မတွေးခဲ့မိတာ အသေအချာပါပဲ။



(၂)

♥ ♥ ♥

သူဟာ ကိုယ့်အတွက်တော့ ထူးခြားဆန်းသစ်တဲ့ ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပါတယ်။ သူဟာ အမြဲ စမတ်ကျကျ ဝတ်စားဆင်ယင်တတ်သူ ဖြစ်တယ်။ သူ့ကိုကြည့်လိုက်ရင် ဖိုးဆံထိပ်ဖျားကနေ ခြေဖျားအထိ သန့်ရှင်းသပ်ရပ် မွေးကြိုင်ကြော့မော့နေတတ်တယ်။ သူ့ဆံပင် ပျော့ပျော့လေးတွေကို Hair Cream သိမ်းထားပြီး ဘေးခွဲဖြီးထားလိုက်တာများ ဆံစတစ်မျှင်တလေတောင် အစွန်းထွက်မနေခဲ့ပါဘူး။ သူ့ရဲ့ချောမွေ့ကြည့်ကောင်းလွန်းတဲ့ မျက်နှာပေါ်မှာ ဘယ်တော့မှ မုတ်ဆိတ်ကျင်စွယ်တိုကလေးတစ်ငုတ်တလေတောင် ထွက်မနေရအောင် အမြဲဂရုစိုက် ရိတ်သိမ်းတတ်သူလည်း ဖြစ်တယ်။ အဲဒီမျက်နှာ ချောချောပေါ်မှာ အဖုအပိမ့် လုံးဝမရှိ၊ ဝက်ခြံတစ်လုံးတလေ တစ်ခါမှ ပေါက်နေတာမျိုးတောင် မတွေ့မိခဲ့ပါဘူး။ အချိုးအဆက် ပြေပြစ်တဲ့



www.burmeseclassic.com

www.burmeseclassic.com

သူ့ခန္ဓာကိုယ်ပေါ်မှာ ဘာဝတ်ဝတ် ကြည့်လို့ကောင်းတာကိုလည်း ကိုယ်တို့အသိအမှတ်ပြုကြရတယ်။ သူဝတ်သမျှ အင်္ကျီ ဘောင်းဘီ တွေဟာ အရှောင်နုဖျော့ကလေးတွေချည်းပဲ။ အဝါနု၊ အစိမ်းဖျော့ ပန်းဖျော့၊ မိုးတိမ်ကပ်ရောင်ဖျော့ဖျော့၊ Sky Blue စသဖြင့် အရောင် အသွေးတွေအားလုံး အမြဲနုပျိုသစ်လွင်နေတတ်တယ်။

သူဟာ ဖက်ရှင်ကျကျ ဝတ်စားဆင်ယင်တတ်သူ လည်း ဖြစ်ပါတယ်။ ဖက်ရှင်ရွေးတဲ့အခါ ခေါင်းဖျားခြေဆုံးအထိ သူ အမြဲဂရုစိုက်တတ်တယ်။ အဝတ်အစားဒီဇိုင်းက တစ်မျိုး ဦးထုပ်က တစ်မျိုး၊ ဖိနပ်ကတစ်မျိုး ကွဲလွဲနေတာမရှိဘူး။ သူဟာ အဝတ်အစားကို သမားရိုးကျ ဝတ်တာမျိုးလည်း မဟုတ်ဘူး။ သူ့စိတ်ကူးနဲ့သူ ထွင်ပြီးဝတ်တာလည်း ရှိတယ်။ တစ်ခါတစ်ရံမှာ ဂျင်းဘောင်းဘီ၊ တီရှပ်နဲ့ လျှာထိုးဦးထုပ်ကလေးဆောင်း၊ ကျောပိုး အိတ်ဆန်းဆန်းလေးလွယ်၊ ဖိနပ်ကကြိုးသိုင်းတွေ ရှုပ်နေတဲ့ ဖိနပ်မျိုး နာရီကလည်း Fancy ပုံစံ ထုထည်ကြီးကြီးမျိုး ပတ်ထားပြီး လူငယ်လေး ဒီဇိုင်းနဲ့ တွေ့ရတတ်တယ်။ တစ်ခါတစ်ရံမှာ ရှပ် အင်္ကျီလက်ရှည် အရောင်ဖျော့ဖျော့လေးနဲ့ စတိုင်လ်ဘောင်းဘီ ပွပွလေးကို လူကြီးဆန်ဆန် ဝတ်ထားတာလည်း တွေ့ရတတ် တယ်။ တစ်ခါတစ်ခါတော့ ယောပုဆိုးလေးနဲ့ ရှပ်အင်္ကျီကော်လံ လည်ကတုံး အဖြူလွလွ ဝတ်ထားတာကို တွေ့ရပြန်တယ်။ သူ ဘာဝတ်ဝတ် ကိုယ်တို့မျက်စိထဲမှာ ကြည့်ကောင်းနေတာတော့ အမှန်ပဲ။ သူ အနားကိုရောက်ပြီဆို ရေမွှေးနံ့က သင်းနေတာပဲ သူက ရေမွှေးကို အမျိုးမျိုး ပြောင်းသုံးတတ်တယ်။





သူက ခင်မင်နှစ်လိုဖွယ် ကောင်းတယ်။ ဖော်ရွေ တယ်။ ဒါပေမယ့် မိန်းကလေးတွေဆို ခပ်မှန်မှန်ပဲ။ ဣန္ဒြေရရ ဆက်ဆံတယ်။ သူ့မှာ ယောကျ်ားလေး အပေါင်းအသင်းတွေ ဆော့ အများကြီးပဲ။ အထူးသဖြင့် သူ့ထက်ငယ်တဲ့ ကောင်လေးတွေ နဲ့လည်း သူက ရင်းရင်းနှီးနှီး ပေါင်းတတ်တယ်။ သည်းညည်း ခံတယ်။ အပေးအကမ်း ရက်ရောတယ်။ ဒါကြောင့် ကောင်လေး တွေကဆို သူ့ကို 'အစ်ကို အစ်ကို'နဲ့ သိပ်ချစ်ကြတယ်။ သူ့နောက် တကောက်ကောက် လိုက်ကြတယ်။

သူဟာ စီးပွားရေးလုပ်ငန်းတစ်ခုကို အောင်အောင် မြင်မြင် လုပ်နေတဲ့သူတစ်ယောက်လည်း ဖြစ်ပါတယ်။ ကျောင်း ဆင်းဖက်နဲ့ စီးပွားရေးလုပ်နေတဲ့ သူ့ကို မိန်းကလေး အတော် များများက စိတ်ဝင်စားကြတယ်။ သူဟာ ငွေရှိတယ်၊ ရုပ်ချော တယ်၊ ပညာတတ်တယ်။ ဒါပေမယ့် ဘယ်မိန်းကလေးနဲ့မှ ချစ်ကြိုက်ရှိတယ်လို့ မကြားရဖူးဘူး။ မိန်းကလေးတွေနဲ့ အတူသွား တွဲလာတောင် မလုပ်တတ်တဲ့ သူ့ရဲ့ သန့်စင်မှုကို ကိုယ်တို့ အထင်ကြီးကြရတယ်။

သူ ဘယ်သွားသွား သူ့နောက်မှာ သူ့ရုံးက ဝန်ထမ်း ကောင်လေး သုံးလေးယောက်က အမြဲပါတယ်။ သူ ဘယ်ကိုမှ တစ်ယောက်တည်း မသွားတတ်ဘူး။ အဲဒီ တပည့်လေးတွေနဲ့ အတူ သွား၊ စားစရာရှိရင်လည်း အတူစား၊ ရယ်ရယ်မောမော နောက်နောက်ပြောင်ပြောင်နဲ့ အဆန့်အတန်းမခွဲဘဲ နေနေတာ ဟာ အင်မတန်မှ ချစ်စရာ ကောင်းတယ်။



www.burmeseclassic.com

www.burmeseclassic.com



သူနဲ့ ကိုယ်ဟာ သူ့မိတ်ဆွေတစ်ယောက် မိတ်ဆက်ပေးခဲ့လို့ စပြီး တွေ့ဆုံခင်မင်ခွင့်ရခဲ့ကြတာဖြစ်တယ်။ သူက လွဲလို့ ယောကျ်ားအတော်များများဟာ ကိုယ်နဲ့ခင်မင်ခွင့် သိကျွမ်းခွင့်ရပြီဆိုတာနဲ့ ကိုယ့်ကို မျက်လုံးတွေ ကျွတ်ကျမတတ် ပြူးပြီး ကြည့်ပြီး ဣန္ဒြေမရ ပျာလောင်ခတ်စွာနဲ့ ...

"ခုလို ခင်မင်ခွင့်ရတာ အရမ်းဝမ်းသာတယ်ဗျာ ... အကူအညီ လိုရင်လည်း ပြောပါ ... ဘာမဆို ကူညီပါ့မယ်
'မ ...' ကတော့ သိပ်လှတယ်ဆိုတာ နာမည်ကျော်ပြီးသားပဲ
ခုမှပဲ တွေ့ခွင့်ရတော့တယ်၊ ဝမ်းသာတယ်ဗျာ ... တကယ်ပါ
နောက်လည်း 'မ ...' ဆီ ကျွန်တော် လာလည်ပါရစေနော်"

အဲဒီလို တဖွဖွပြောပြီးတာနဲ့ အဲဒီနေ့ကစလို့ ကိုယ့်ဆီ ချောင်းပေါက်မတတ် လာလည်ပါတော့တယ်။ လာတိုင်းလည်း လက်ဆောင်တွေ တစ်ပွေ့တစ်ပိုက်နဲ့။ ကိုယ်ကတော့ အဲဒီလို လူမျိုးတွေကို လှောင်ပြောင်ချင်စိတ်နဲ့ ကျောခိုင်းပစ်ခဲ့တာ များတယ်။ ကိုယ် သူတို့ကို စိတ်မဝင်စားဘူး။ ကိုယ် စိတ်ဝင်စားတာဆိုလို့ သူတစ်ယောက်သာ ရှိပါသေးတယ်။ သူကတော့ ကိုယ်နဲ့ မိတ်ဆက်ပေးလိုက်တာနဲ့ ရိုးရိုးသားသား ရင်းရင်းနှီးနှီး ပြုံးပြပြီး ...

"သြော် ... ဟုတ်ကဲ့ ... ဟုတ်ကဲ့" လို့ပဲ ပြောခဲ့တယ်။ အဲဒီနောက်ပိုင်း ကိုယ့်ဆီ လာလည်တာမျိုး၊ ဖုန်းဆက်တာမျိုး တကူးတက အလုပ်တွေ တစ်ခုမှ မလုပ်ခဲ့ဘူး။ ကိုယ်ကသော စိတ်တွေ တိုလို့ပေါ့။ ကိုယ့်သူငယ်ချင်းတွေကလည်း သူ့ရဲ့နေပုံကို အံ့သြကြရတယ်။





"သူ့ကြည့်ရတာ နင့်အလှကို အသိအမှတ်မပြုသလိုပဲ၊ နေနိုင်လွန်းတယ်"

"ဟုတ်ပါ့ ... ဟိုနေ့က လမ်းမှာဆုံတော့တောင် လက်မြှောက်ပြပြီး နှုတ်ဆက်သွားရုံပဲ၊ ကော်ဖီဆိုင်ထိုင်ဖို့တောင် စကားမစဘူး၊ သူများတွေဆို သူ့လို မဟုတ်ပါဘူး"

သူငယ်ချင်းတွေစကားက ကိုယ့်ရဲ့မာနကို မီးလောင်ရာ လေပင့်တယ်။ ကိုယ် တော်တော်ခံပြင်းရတယ်။

"နင့်မာနကိုသိလို့ ကြောက်ကြောက်နဲ့ မစရဲတာ ဖြစ်နိုင်တယ်"

ဒီစကားကတော့ ကိုယ့်ကို ဖြေသာစေတယ်။ ကိုယ့်သည်းနည်းလျှော့ပေးဖို့၊ လိုက်လိုက်လျောလျော ဆက်ဆံဖို့ ဆုံးဖြတ်လိုက်တယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၃)

♥ ♥ ♥

သူနဲ့တွေ့တဲ့အခါ ကိုယ်ကပဲ ခင်ခင်မင်မင် ဆက်ဆံရတယ်။ ကော်ဖီဆိုင်ထိုင်ဖို့ စကား စရတယ်။ အဲဒီတော့မှ သူက ရင်းရင်းနှီးနှီး ပြောရဲဆိုရဲလာတယ်။ ဒီလိုနဲ့ပဲ ကိုယ်တို့နှစ်ယောက် ဟာ ခင်မင်တဲ့ သူငယ်ချင်းတွေ ဖြစ်လာခဲ့ရတယ်။

"ဒီပုံအတိုင်းဆို နင့်အလှဒဏ်ကို သူ ကြာကြာ မခံနိုင်ပါဘူး ... ငါ အတပ်ပြောရဲတယ်၊ သူ မကြာခင် နင့်ကို ချစ်ရေး ဆိုလိမ့်မယ်"

သူငယ်ချင်းတွေက ဟောကိန်းထုတ်သလို ဖြစ်လာလေမလားလို့ ကိုယ်ကျိတ်ပြီး မျှော်လင့်ရတာ မောင်တောင်နေပါပြီ။ သူကတော့ ကိုယ့်ကို ခုထိ ချစ်စကား ရိပ်ယောင် မပြသေးတာ စိတ်တိုစရာပဲ။ ဒါပေမယ့် သူက တရင်းတနှီးတော့ စကားဆိုတတ်တယ်။ ဥပမာ ကိုယ်က ဗြူတီပါလာမှာ ဆံပင်





ပေါင်းတင် ခေါင်းသွားလျှော်ပြီး သူနဲ့တွေ့ရင် သူက ကိုယ့်ဆံပင် ပျော့ပျော့ရှည်ရှည်လေးတွေကို သဘောတကျ ငေးကြည့်ရင်း ...

"ဆံပင်တွေက သိပ်လှတာပဲနော် ... ဘာခေါင်းလျှော်ရည်နဲ့ လျှော်တာလဲ၊ ကိုယ့်ဘာသာ လျှော်တာလား ... ဆိုင်မှာ သွားလျှော်တာလား"

"ဆိုင်မှာ သွားလျှော်တာလေ"

"ဟုတ်လား ... ဒါကြောင့် ပိုလှတာ ထင်တယ်၊ ဗြူတီပါလာတွေက အရမ်းကောင်းတယ်၊ ကျွန်တော်လည်း ဆိုင်မှာပဲ သွားလျှော်တယ်၊ ဒီတစ်ခါ အတူတူ သွားလျှော်ကြရအောင်လေ"

ဒါဟာ ကိုယ်နဲ့နီးစပ်ခွင့်ရအောင် အခွင့်အလမ်းတစ်ခု ကြံစည်တာများလားလို့တွေးပြီး ကိုယ် တော်တော်ရင်ခုန်သွားတယ်။ ဒါပေမယ့် ကိုယ်မျှော်လင့်သလို ဖြစ်မလာခဲ့ပါဘူး။ ကိုယ်နဲ့အတူ ခေါင်းသွားလျှော်တိုင်း သူက ကိုယ့်ကို ဂရုမစိုက်ဘဲ အလှအပ ပစ္စည်းတွေဘက်ကိုပဲ အာရုံရောက်နေတယ်။ မျက်နှာသန့်စင်ဖို့၊ မျက်နှာပေါင်းတင်ဖို့၊ ဆံပင်ထိန်းသိမ်းဖို့ စသဖြင့် နည်းလမ်းတွေ၊ ပစ္စည်းပစ္စယတွေနဲ့ ပတ်သက်ပြီး ဆိုင်ရှင်မမကို အသေးစိတ် မေးမြန်းနေတယ်။ ကိုယ်က သူ့စိတ်ဝင်စားမှုကို တအံ့တဩနဲ့ ...

"အလှကုန်ပစ္စည်းတွေ အင်ပို့လုပ်ချင်လို့လားဟင်"

လို့ မေးမိတော့ သူက "မဟုတ်ပါဘူး"လို့ပဲ ခပ်တိုးတိုး ဖြေခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၄)

♥ ♥ ♥

ဒီလိုနဲ့ပဲ သူနဲ့ကိုယ် ခင်မင်ခဲ့ကြတာ နှစ်… ကြာညောင်းခဲ့ရတယ်။ သူကတော့ ကိုယ့်ကို ခုချိန်ထိ ချစ်ကြေ… မဆိုခဲ့ပါဘူး။ ဒါနဲ့ ကိုယ်တို့သူငယ်ချင်းတွေမှာ သူ့ရဲ့ကိုယ်… ကိုယ်တာနဲ့ပတ်သက်ပြီး စဉ်းစားစရာတွေ များလာခဲ့ရတယ်။

"သူ့မှာ ရည်းစားရှိပြီးသားမို့လို့လားမှ မသိတာ"

"ရှိရင် သူတို့တွဲမှာပေါ့ ... အခု သူက မိန်းကလေးဆိုလို့ နင်တစ်ယောက်နဲ့ပဲ တွဲနေတာ"

"သူ့ရည်းစားက နိုင်ငံခြားရောက်နေသလားမှ မသိတာ"

"နိုင်ငံခြား ရောက်နေလည်း ဒီမှာ နင်နဲ့သူ တွဲနေတာ… တစ်ဆင့်စကားနဲ့ သိသွားမှာပေါ့၊ သူ့ကို ပြဿ… လုပ်မှာပေါ့"





"အံ့တော့ အံ့ဩစရာပဲနော် ... နင်နဲ့ရင်းနှီးခင်မင်ပြီး ဒီလောက် အကြာကြီး ရည်းစားစကားမပြောဘဲ နေနိုင်တာဆိုလို့ သူတစ်ယောက်ပဲ တွေ့ဖူးသေးတယ်"

"မတွေးကောင်း တွေးကောင်း တွေးရရင် သူ တိတ်တိတ်ပုန်း အိမ်ထောင်တွေ ဘာတွေ ကျထားသလားမှမသိတာ၊ ဥပမာ ... မိဘသဘောမတူတဲ့ ဆင်းဆင်းရဲရဲ ပညာမတတ် မိန်းမမျိုးနဲ့ ..."

"မသေချာဘဲ ရမ်းမထင်ကြပါနဲ့ဟယ် ..."

အချိန်ကြာလာလေ သူဟာ ကိုယ့်အတွက် ရှင်းရ…က်တဲ့ပုစ္ဆာတစ်ပုဒ် ဖြစ်လာလေပဲ။ သူဟာ ကိုယ့်အပေါ် အရင်…ထက် ရင်းရင်းနှီးနှီး ဆက်ဆံပေမယ့် သူ့မျက်ဝန်းတွေက …စင်းတဲ့ အရိပ်အငွေ့တွေက ကိုယ့်ရဲ့စိတ်ကူးယဉ်မှုတွေကို …ည်းဖြည်းချင်း ဖဲ့ခွါတိုက်စားနေခဲ့တယ်။ နောက်ဆုံးတော့ …သေချာမှုတစ်ခုအတွက် ရင်မအောချင်တဲ့ ကိုယ်ဟာ သူနဲ့ပတ်သက်…း ဘာကိုမှ မမျှော်လင့်ဘဲ မောင်နှမလို ရိုးရိုးသားသား ဆက်ဆံ…ဆုံးဖြတ်ချက်ချခဲ့ရတယ်။ သူကတော့ သူ့ရဲ့ယောကျ်ားလေး …ပေါင်းအသင်းတွေနဲ့အတူ ပျော်ပျော်ပါးပါး သွားသွားလာလာ …ပဲ သူ့ဘဝကို ပျော်ရွှင်စွာ ဖြတ်သန်းရင်း ကိုယ့်အပေါ်လည်း …ခင်မင်မပျက် ဆက်ဆံခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

♥ ♥ ♥

လပေါင်း အတော်ကြာတဲ့ တစ်နေ့မှာတော့ သူ့အိမ်ကို ကိုယ်ရောက်သွားခဲ့တယ်။ သူ့အိမ်သွားဖို့ ကိုယ် ကြိုတင်စိတ်ကူးတော့မရှိခဲ့ပါဘူး။ ကိုယ်မွေးထားတဲ့ ခွေးကလေးအတွက် အကျီသွားဝယ်ရင်း အဲဒီဆိုင်နားက ကပ်ရက်က အိမ်ဟာ သူ့အိမ်ပဲဆိုတာ ကိုယ်သတိပြုမိတယ်။ (ဒီလမ်းထဲက ဖြတ်သွားရင်း သူလှမ်းပြလို့ သိထားခဲ့တာပါ။)

လမ်းလည်း ကြုံနေတာမို့ ကိုယ် သူတို့အိမ် ဝင်လည်ဖို့ စိတ်ကူးမိတယ်။ သူနဲ့လည်း မတွေ့ရတာ ကြာပြီ။ ကိုယ်တို့ ရုတ်တရက်တွေ့ရရင်တော့ သူ အံ့သြဝမ်းသာသွားမှာပဲလို့ တွေးရင်း ကိုယ် သူ့အိမ်ခြံဝန်းထဲကို လမ်းလျှောက်ဝင်သွားခဲ့တယ်။ ကိုယ့်ကားကိုတော့ တစ်ဖက်က ဆိုင်ရှေ့မှာပဲ ရပ်ထားခဲ့တယ်။





ခြံဝန်းတစ်ခုလုံးဟာ သစ်ပင်ပန်းပင်တွေ၊ အလှပန်းအိုးတွေနဲ့ စိမ်းစိုလှပနေခဲ့တယ်။ ခြံတံခါးသော့ မလွှယ်ပေါက်က ခပ်ဟဟပွင့်နေပြီး ခြံစောင့်ကလည်း အိပ်ပျော်နေတာမို့ ကိုယ်က တိတ်တိတ်ဆိတ်ဆိတ်ပဲ ခြံထဲဝင်လာနိုင်ခဲ့တာဖြစ်တယ်။

ပန်းချုံနွယ်တွေနား ကိုယ် ရောက်လာတော့ ရေပိုက်နဲ့ ပန်းပင်တွေကို ရေလောင်းနေသံ စကြားရတယ်။ ကိုယ်က ပန်းချုံကွယ်လေးကနေ ခေါင်းပြူရင်း အသံလာရာဆီ လှမ်းကြည့်မိတယ်။

ဂါဝန်အနီဝတ်ထားတဲ့ အရပ်မြင့်မြင့်၊ အသားဖြူဖြူ၊ ဆံပင်တိုတိုနဲ့ မိန်းမတစ်ယောက်ကို တွေ့တယ်။ အဲဒီမိန်းမပုံစံက ထွားထွားကျိုင်းကျိုင်း ရှိလှတယ်။ ဘယ်သူများလဲ၊ သူ့အစ်မများ၊ ကိုယ်ငေးကြည့်နေတုန်း အဲဒီမိန်းမက ဖြုန်းဆို ကိုယ့်ဘက်လှည့်လာတယ်။ ပန်းချုံကွယ်က ကိုယ့်ကိုတော့ မြင်ပုံမရပါဘူး။ ခေါင်းလေးငုံ့ပြီး ရေလောင်းနေတယ်။ ကိုယ်က ချုံကွယ်လေးကပဲ အဲဒီမိန်းမကို သေသေချာချာ စိုက်ကြည့်မိတယ်။

ဘုရားရေ... သူဟာ... သူဟာ... ကိုယ်ဖြင့် အံ့သြလွန်းလို့ အသက်တောင် ထွက်သွားပြီလား အောက်မေ့ရတယ်။

ပန်းချုံကွယ်ကလေးကနေ ချောင်းကြည့်ရင်း ကိုယ့်တစ်ကိုယ်လုံး ချွေးစေးတွေပြန်ပြီး တုန်လှုပ်လာခဲ့တယ်။ ဘုရား... အဖြစ်ဆိုးလှချည်လား။ ကိုယ် အထိတ်ထိတ် အလန့်လန့်နဲ့ ... အခါခါ တမိတယ်။ အဲဒီအချိန်မှာ ကိုယ့်နံဘေးကို လူတစ်... ကပ်လာခဲ့တယ်။ ကိုယ် လှည့်ကြည့်မိတော့ ...



www.burmeseclassic.com

www.burmeseclassic.com



ယဉ်ကျေးတဲ့ အမျိုးသမီးကြီးက မျက်ရည်ဝဲနေတဲ့ မျက်ဝန်းအစုံနဲ့ ကိုယ့်ကို ငေးကြည့်ရင်း ...

"သူ့ရဲ့ ဘဝပေးပေါ့ကွယ် ... ဘယ်သူ့ကိုမှ လျှောက်မပြောဖို့တော့ အန်တီ အနူးအညွတ် တောင်းပန်ပါတယ် အန်တီက သူ့အမေပါ"

ကိုယ် ခေါင်းအခါခါ ညိတ်မိရင်း ...

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ... စိတ်ချပါ အန်တီ၊ သမီး ကတိပေးပါတယ်၊ သမီး ... သူ့သူငယ်ချင်းပါ၊ လမ်းကြုံလို့ ဝင်လာမိတာပါ၊ သမီး ... သမီးလည်း စိတ်မကောင်းဖြစ်ရပါတယ် အန်တီရယ်"



(၆)

သူ့ရဲ့ ဗုက်ဖဲလေးကို ကိုယ်သိခဲ့ရပါပြီ။ ဒါပေမယ့် အဲဒီဖဲလေးကို ကိုယ် အမြဲ မှောက်ထားခဲ့ပါတယ်။ ကိုယ်ဟာ ကိုယ့်အပေါ် မတုန်မလှုပ်နိုင်လွန်းတဲ့ သူ့အပေါ် ဘယ်လောက်ပဲ ပြုံးနေပါစေ ...၊ ကိုယ့်အလှအတွက် ဘယ်လောက်ပဲ ယုံကြည် ဆန်တက်နေပါစေ ... အဲဒီဗုက်ဖဲလေးကို ဘယ်တော့မှ လှန်ဖြစ် မဟုတ်တော့ပါဘူး။

၂၀၀၂–ခုနှစ်၊ ဩဂုတ်လ (ဖက်ရှင်)

www.burmeseclassic.com



www.burmeseclassic.com

# ထွက်ပေါက်များနှင့် ချစ်ခြင်း

(၁)

♥ ♥ ♥

သူ့ဘဝသည် ငယ်ငယ်တုန်းကတော့ အတော့်ကို [illegible]မ်းခဲ့လေသည်။ သူနှင့် သူ့ဇနီးသည် နှစ်ယောက်ပေါင်းကာ [illegible]ကို တစ်က စခဲ့ကြရသည်။ သူတို့အိမ်ထောင်ရေး ဘဝအဦး[illegible]သည် အိုးတစ်လုံး၊ ဖျာတစ်ချပ်နှင့် စခဲ့ရသည်ဟုတောင် [illegible]လျှင် ရနိုင်သည်။ သို့သော် ... သူတို့နှစ်ဦးမှာ 'ငယ်ချစ်' [illegible]ဖြစ်ကြပြီး တစ်ဦးက တစ်ဦး၏ 'ရည်းစားဦး' ဖြစ်ခဲ့ကြသည် [illegible]က်တော့ အတော့်ကို ဂုဏ်ယူစရာကောင်းသည်ဟု [illegible] [illegible]ပါသည်။ လောကကြီးမှာ ကိုယ်တကယ် နှစ်နှ[illegible]



www.burmeseclassic.com

www.burmeseclassic.com



ချစ်ရတဲ့ ငယ်ချစ်ဦးနဲ့ အိမ်ထောင်ပြုခွင့်ရတာဟာ ဘယ်လောက်များ ကံကောင်းလိုက်ပါသလဲ။ ဘယ်လောက်ပဲ ပင်ပန်းဆင်းရဲပါစေ တစ်ဦးနဲ့တစ်ဦး မေတ္တာတစ်ချက် မပျက်ခဲ့ကြ။ သူ့ဇနီးက အလွန်လိမ္မာရေးခြားရှိပြီး မိန်းမပီသကာ အိမ်ရှင်မတာဝန်ကျေပွန်သူတစ်ဦး ဖြစ်နေခဲ့တာဟာလည်း သူ့ရဲ့ကြိုးစားချင်စိတ်ကို တွန်းအားပေးနိုင်ခဲ့သည်။ သူ့ဇနီးက ပါရမီဖြည့်သည်။ သူက အလုပ်ကြိုးစားခဲ့သည်။ သူ့ဘဝမှာ အမှားအယွင်းတွေ၊ ကျဆုံးမှုတွေကြုံရသောအခါ သူ့ဇနီးက အပြစ်မတင်ဘဲ အေးချမ်းစွာ နှစ်သိမ့်ပေးမြဲဖြစ်သည်။ သူ့မျက်နှာထား ဘယ်လိုရှိလျှင်၊ သူ့စကားသံက ဘယ်လိုလေသံမျိုးဖြစ်နေလျှင် သူ့ရင်ထဲမှာ ဘာတွေဖြစ်နေပြီဆိုတာကို သူ့ဇနီးက ရိပ်မိနားလည်တတ်ခဲ့သည်။ သူ မျက်နှာညိုပြီး အိမ်ပြန်လာတိုင်း အိမ်ဝမှ ဆီးကြိုတတ်သော သူ့ဇနီးရဲ့အပြုံးကလေးက သူ့ကို စိတ်သက်သာမှု ပေးနိုင်မြဲဖြစ်သည်။ အပြင်က သယ်ဆောင်လာသော သောကဟူသမျှကို အိမ်တံခါးဝမှာ ဖြုတ်ချ ချန်ထားခဲ့လို့ရအောင်ပင် သူ့ဇနီးသည် ဖန်တီးထားသော အိမ်ဂေဟာလေးရဲ့ တန်ခိုးအာနိသင်က ကြီးမားခဲ့သည်။ သူ့အတွက် Home Sweet Home ဆိုတာ ဒါပဲဖြစ်သည်။ သူ ဆုံးရှုံးမှုတစ်ခုအတွက် စိတ်ဓာတ်တွေကျသွားသည့်အခါတိုင်း သူ့ဇနီးက သူ့ကို နှစ်သိမ့်ဖျောင်းဖျတတ်သည်မှာ ...

"ဘဝဆိုတာ အမြဲအနိုင်တွေချည်းပဲတော့ ဘယ်ရပါ့မလဲ အဖေကြီးရယ် ... အရှုံးဆိုတာလည်း ကြုံရဦးမှာပေါ့၊ အနိုင်တွေ ရခဲ့တုန်းက အဖေကြီး ပျော်တယ်မဟုတ်လား၊ အခု





ရှုံးတော့လည်း ဝမ်းနည်းတယ်၊ ပျော်ရွှင်ခြင်းကို **လက်ခံ**နိုင်သလိုပဲ ဆုံးရှုံးခြင်းကို အပြုံးမပျက် လက်ခံနိုင်မှ **စိတ်**ဓာတ်ကြံ့ခိုင်တဲ့လူတစ်ယောက် ဖြစ်တော့မှာပေါ့၊ အဖေကြီးဘဝမှာ ဘာတွေပဲ ကြုံရ ကြုံရ အဖေကြီးနဲ့အတူ ကောင်းတူဆိုးဘက် အေးအတူပူအမျှ ရင်ဆိုင်နိုင်မယ့် ဇနီးတစ်ယောက်လည်း အဖေကြီးနားမှာ ရှိတယ်လေ၊ အဖေကြီးနဲ့ကျွန်မ ပြုစုပျိုးထောင်ထားတဲ့ သားသမီးတွေကလည်း အဖေကြီးဘဝအတွက် အင်အားတစ်ရပ်ပေါ့၊ ဘာအားငယ်စရာရှိလဲ အဖေကြီးရဲ့ ... အားတင်းစမ်းပါ"

သူ့ဇနီးသည်ရဲ့ အားပေးမှုကြောင့်ပင် သူ့ရဲ့ကျလုဆဲဆဲ စိတ်ဓာတ်တွေ အဖတ်ဆည်လို့ ရလာပြီး အားမာန်တွေပြန်ပြည့်လာခဲ့ရစမြဲ ဖြစ်သည်။ သူ အဆုံးစွန်အထိ ဘယ်တုန်းကမှ စိတ်ဓာတ်မကျဖူးခဲ့။ အဲဒါ သူ့ဇနီးရဲ့ ကျေးဇူးလည်းဖြစ်သည်။

အိမ်ထောင်သက် ကြာမြင့်လာသည်နှင့်အမျှ သူ့ရဲ့ လုပ်ငန်းများလည်း အောင်မြင်လာခဲ့သည်။ သူ့ရဲ့ အိမ်ထောင်တွင်လည်း သားသမီးများဖြင့် ပြည့်စုံခဲ့ပြီ။ သူသည် တင့်တယ်ပြည့်စုံသော မိသားစုဘဝကို အောင်မြင်စွာ တည်ဆောက်နိုင်သော အိမ်ထောင်ဦးစီးတစ်ယောက်အဖြစ် သူ့ဘဝသူ အမြဲကျေနပ်နေခဲ့သည်။ စီးပွားရေးကို သူကြိုးစားသည်။ ခင်ပွန်းဝတ္တရား၊ ဖခင်ဝတ္တရားလည်း မပျက်ခဲ့။ သူ့စည်းစိမ်ဥစ္စာများသည်လည်း ဒီရေအလား တိုးပွားလာခဲ့ပြီ။ သူ့ဘဝသည် ဘာလိုအပ်ချက်မှမရှိအောင် ပြည့်စုံခဲ့ရပြီဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



သူ့အသက် ငါးဆယ်ကျော်လာသောအခါ သူသည် သတ်တောင်းသက်သာနေနိုင်သော အနေအထားသို့ အပြည့်အဝ ရောက်ရှိသွားခဲ့ပြီဖြစ်သည်။ သူ့ဘဝသည် အစစအရာရာ အခြေကျ ခဲ့ပြီ။ သူ့လုပ်ငန်းတချို့ကိုလည်း သူ့သားသမီးများလက်သို့ လွှဲထားပြီမို့ သူ စိတ်အေးရပြီ။ အမြဲလို ဆူညံစည်ကားခဲ့သော သူ့အိမ်ကြီးမှာလည်း လူသူ လျော့နည်းလာခဲ့ရသည်။ အလွန် အေးချမ်းသိမ်မွေ့သော သူ့အမယ်ကြီးကတော့ ဘုရားနှင့် တရား နှင့် တည်ငြိမ်နေခဲ့ပြီ။ သို့သော် သူ့ကိုတော့ ဂရုစိုက်မပျက် မယားဝတ္တရားမပျက်။ ဘယ်လိုပဲဖြစ်ဖြစ် ငယ်ငယ်တုန်းကလို နုနုနဲ့နဲ့လေး မနေတတ်တော့တာကိုတော့ သူ စိတ်တိုင်းမကျချင် သာယာမှုဆိုတာ ယောက်ျားတွေအတွက်တော့ အရွယ်မရွေးလိုအပ် သည်ဆိုတာကို သူ့အမယ်ကြီးက သဘောမပေါက်ချေ။ မိန်းမ တွေဟာ ဒီလိုပဲ အသက်ကြီးတာနဲ့ စိပ်ပုတီးနဲ့ ရိပ်ကြီးခိုတော့မယ့် ဟန်ပြင်ကြတော့တာပဲလား။ သူ့မှာဖြင့် ခုထိ(ဆံပင်ဖြူတာနဲ့ ဗိုက် ပူတာကလွဲရင်) နုပျိုလန်းဆန်းနေတုန်း။ အင်း နည်းနည်း တော့ ပျင်းစရာကောင်းလာသလိုပဲ။ သူသည် ထိုသို့တွေးမိရင်း အမှန်တကယ်ပင် ပျင်းရိလာရလေသည်။ အားရင် ဘာလုပ်ရ ဘာကိုင် ရမှန်းမသိ။ အမယ်ကြီးကလည်း အပြင်သွားဖို့ ခေါ်လို့ မရ။ သူက အပြင်သွားဖို့ခေါ်တိုင်း အမယ်ကြီးက ငြင်းဆန်မြဲ သည်။

"အပြင်မထွက်ချင်ပါဘူး အဖေကြီးရယ် … မျက်စိရှုပ် နားရှုပ်နဲ့ ကျွန်မကတော့ ကိုယ့်အိမ်လေးမှာ ကိုယ် စိတ်အေး





ချမ်းသာနေရတာကို ဘယ်တုန်းကမှ မပျင်းရိခဲ့ပါဘူး၊ အဖေကြီး အားနေရင် ကျွန်မနဲ့အတူ တရားလာထိုင်ကြည့် ပါလား … တကယ့်အနှစ်သာရကို အဖေကြီး တွေ့ရလိမ့် မယ်"

"နောက်တော့ ထိုင်တာပေါ့ကွာ … အခုတော့ လူက အရမ်း ညောင်းနေတယ်ကွ၊ အိမ်ထဲမှာပဲ နေရတာ ကြာတော့ စိတ်လည်းပျင်း၊ လူလည်းပျင်း၊ စတော့ချ်ရှီးလေးကြည့်ရရင် အာရုံတွေ လတ်ဆတ်သွားမလားလို့"

"ဒီအရွယ်ကြီးကျမှ ဘာစိတ်ကူးတွေ ပေါက်နေရတာလဲ၊ အဖေကြီးတစ်ယောက်ကတော့လေ … ကဲ … ကဲ … လာ … လာ၊ ရှင်ညောင်းနေရင် ကျွန်မနှိပ်ပေးမယ်"

"မင်း နှိပ်တာက ဇိမ်မရှိပါဘူးကွာ …"

အမယ်ကြီးကတော့ သူ့စကားအဓိပ္ပာယ်ကို ရှာဖွေ အကျကောက်ရမှန်းလည်း မသိ။ စိတ်ဆိုးရကောင်းမှန်းလည်း သိချေ။ သူ့နောက်သို့ အမီမလိုက်လိုဘဲ အိမ်တွင်းအောင်းပြီး အိမ်မှုကိစ္စတွေစီမံဖို့၊ ဘုရား တရား အလုပ်လုပ်ဖို့လောက်သာ စိတ်အားထက်သန်လေသည်။ ဒီလိုနှင့်ပဲ သူ့ဘဝသည် မွန်းကြပ် ပြီး ထွက်ပေါက်မရှိသလို ခံစားလာရသည်။ လိန်ပိန်နေအောင် ပျင်းရိငြီးငွေ့လာခြင်းကို ဘာနဲ့ ဖြေဖျောက်ရမည် မသိချေ။ နောက်တော့ သူသည် မြွေတစ်ကောင်လို လူးလွန့်ကာ ထွက်ပေါက် ကို ရှာဖွေတတ်လာတော့သည်။ ယောက်ျားတွေအတွက် လောက ကြီးဟာ အတော့်ကို ကျယ်ဝန်းပြီး ဆန်းလည်း ဆန်းကျယ်လှ

www.burmeseclassic.com



ပျော်မွေ့စရာတွေနှင့် ပြည့်နှက်နေကြောင်း၊ လွတ်လပ်သည့် အခွင့်အရေးတွေလည်း အများကြီးရှိကြောင်း သူ အတော်နောက်ကျမှ သိရလေသည်။ အလုပ်တွေထဲ မိသားစုထဲမှာ နစ်မြုပ်နေရသော သူသည် သူ့အိမ်ရဲ့ပြင်ပမှာ ဘာတွေဘယ်လို ရှိနေခဲ့သည်ဆိုတာ သိကိုမသိခဲ့ရ။ မနက်မိုးလင်း အလုပ်သွားလိုက်၊ ညနေစောင်းတော့ မိသားစုနှင့်အတူတကွ ညနေစာစားရန် အိမ်ကို တန်းပြန်လာလိုက်နှင့် သူ့ဘဝက ကျဉ်းမြောင်းခဲ့သည်။ ခုတော့ သူ သိခဲ့ပြီ။ လောကသစ်ကို တွေ့ပြီ။ သူ့သူငယ်ချင်းတစ်ယောက်က လမ်းညွှန်ဦးဆောင်မှုပြုသည်မှာ ...

"မင်းကွာ ... ဒီလောက်ပိုက်ဆံချမ်းသာပြီး ဒါမျိုးတွေ မသိတာအံ့ပါရဲ့၊ မင်းပိုက်ဆံတွေက ဘာလုပ်ဖို့ထားတာလဲ ဒီလောက်ပိုနေတာ ဘယ်နေရာသွားသုံးမှာလဲ၊ လူဆိုတာ စိတ်ချမ်းသာပျော်ရွှင်ဖို့ လိုတယ်ကွ၊ ငြိမ်းငွေ့စရာ ဘဝထဲမှာ တစ်သက်လုံး ငြိမ်ကုပ်နေရင် လူဖြစ်ရတာ အဓိပ္ပာယ်မရှိဘူး ပျော်ရွှင်မှုကို ငွေနဲ့ဝယ်လို့ရတာပဲ၊ မင်း ပိုက်ဆံတွေ သုံးပစ်လိုက်စမ်းပါ"

သူသည် လူရည်လည်လှသော သူ့သူငယ်ချင်းစကားကို နားထောင်လိုက်ပြီးနောက်တွင် သူတို့လို ယောကျ်ားတွေအတွက် အဆင်သင့်ရှိနေခဲ့ပြီးသော လောကကြီးကို အဆန်းတကြယ် ကြုံရလေသည်။ ရောင်စုံမီးဆလိုက်များအောက်က သွက်လက်လှုပ်ရှားနေသော အရိပ်များ၊ ဆွဲဆောင်နိုင်စွမ်းရှိသော ကဏ္ဍများ၊ ပြီးတော့ တငြိမ့်ငြိမ့် မျောနေသော အနောက်တိုင်း





တေးသွားအောက်မှ ယစ်မူးရီဝေမှုများ၊ လူပျိုဘဝကပင် မရခဲ့ဖူးသော ဆန်းသစ်ပျော်ရွှင်စရာများကို သူ အံ့မခန်း ကြုံရလေသည်။ အကျဘက်သို့ ဦးတည်ချင်နေသော သူ့စိတ်တွေလည်း လှုပ်ရှားသက်ဝင်လာခဲ့ရပြီ။ သူသည် အမှန်တကယ်ပင် နုပျိုလာခဲ့ရသည်။ စိတ်ကနုသောအခါ ရုပ်ကပါ ကြည်လင်ချောမွေ့လာသည်ဟုပင် ... သူက သူ့ကိုယ်သူအမှတ်တွေ ပေါပေါလောလော ပေးခဲ့မိသေးသည်။ သူသည် ဖြူတီပါလာများသို့ သုံးရက်တစ်ခါ ခေါင်းသွားလျှော်မြဲ၊ အကျင့်တောင်ဖြစ်လို့နေပြီ။ ထိုသို့မသွားရလျှင် သူ့ဆံပင်ခပ်ကျဲကျဲအောက်က ဦးခေါင်းအရေပြားတွေပင် တရွရွ ယားလာသလိုခံစားရသည်။ ထိုအခါ သူက ဖောက်သည်ဆိုင်သို့ တက်သုတ်ရိုက်၍ ပြေးရသည်။ ရာသီဥတုအေးမြချိန်မှာ ခေါင်းသွားလျှော်မိ၍ ဟပ်ချိုး ဟပ်ချိုးဖြစ်ပြီး ပြန်လာလျှင်တော့ အမယ်ကြီးက စိုးရိမ်တကြီး ဆီးကြိုကာ ...

"အဖေကြီးတော့ အအေးမိလာပြီထင်တယ်၊ မနက်စောစောတို့၊ ညဘက်တို့ အပြင်ထွက်ရင် ခေါင်းစွပ်ဏလေးဘာလေး စွပ်သွားမှပေါ့ အဖေကြီးရယ် ... ရာသီဥတုကအေးက အေးသနဲ့၊ မဖြစ်ပါဘူး ... အဖေကြီးအတွက် သိုးမွေး ခေါင်းစွပ်ကလေးတစ်လုံးတော့ အမြန် ထိုးပေးဦးမှပါပဲ၊ လာ ... လာ ... အဖေကြီး ... နွေးနွေးထွေးထွေး နားလိုက်နော် ... ကျွန်မ ကော်ဖီပူပူလေး သွားဖျော်လိုက်ဦးမယ်"

သူကတော့ အမယ်ကြီး ရိပ်မိမှာကို နိုးနိုးချာချာ



www.burmeseclassic.com

www.burmeseclassic.com



ဖိဖိ နေရလေသည်။ အမယ်ကြီးကတော့ ဘာမှ မသိရှာချေ။ အဲဒီလို မသိတာကိုဘဲ သူ့စိတ်ထဲက ကလိကလိနှင့် ရယ်ချင်ကျေနပ် နေခဲ့သည်။ သူ့စိတ်ထဲတွင် အမေ မသိအောင် မဟုတ်တာ နိုးလုပ်နေသော ကလေးတစ်ယောက်လို ခံစားရလေသည်။

သူသည် ပျော်ရွှင်ကျေနပ်ဖွယ်ရာများကို တစ်ခုပြီး တစ်ခု ရှာဖွေမြဲဖြစ်သည်။ ကွန်ပျူတာထဲက စာရင်းဇယားတွေကို ပြန်စစ်ပေးနေရ၍ အညောင်းထိုင်လွန်းသည့်အခါများမှာတော့ သူက အညောင်းပြေ အညာပြေနေရာများသို့ ပြေးမြဲပြန်သည်။ ဒါတွေဟာ သူ့အတွက် လောကနိဗ္ဗာန်ဘုံတစ်ခုဟုပင် မှတ်ထင်ထားခဲ့ပါသည်။ အဲဒီလိုပျော်မွေ့ကြည်နူးရသော အချိန်များမှာတော့ သူ့ရဲ့အသက်အရွယ်နဲ့ သူ့ရဲ့ဗိုက်ပူခြင်းတွေ၊ ဆံပင်ဖြူခြင်းတွေဟာ ဘာမှအရေးမကြီး၊ ငွေရှိဖို့သာ အရေးကြီးပါသည်။ ငွေရှိလျှင် ပန်းကုံးအများကြီး ဝယ်လို့ရနိုင်သည်။ အညောင်းအညာလည်း ပြေနိုင်သေးသည်။ ကံကြမ္မာရဲ့မျက်နှာသာပေးလွန်းမှုကိုလည်း အံ့မခန်း ကြုံရနိုင်လေသည်။

တကယ်တော့ သူက ထွက်ပေါက်ကလေးတစ်ခုကို သမားရိုးကျရှာခဲ့တာသာ ဖြစ်သည်။ ပြဿနာတွေ၊ ပြောင်းလဲခြင်းတွေကို ဖန်တီးချင်လို့လည်း မဟုတ်ပါ။ သူက ယောကျ်ား တစ်ယောက်ဖြစ်သည်။ ပုထုဇဉ်တစ်ယောက်ဖြစ်သည်။ ထို့ကြောင့်ပင် သာယာမှုတွေကို သူ ရှာဖွေခဲ့မိပါသည်။ သို့သော် အခြေအနေက သူ ထင်ထားသလို ပေါ့ပေါ့လေး မဟုတ်ခဲ့ဘဲ ဟိုက ဒီက ထွက်ပေါက်များစွာက တစ်ခုပြီးတစ်ခု ဆက်တိုက်ပေါ်ပေါက်





လာခဲ့ကာ သူ့ကို ဖိစီးနှိပ်စက်လာခဲ့သည်။ ငယ်ရွယ်သောမိန်းကလေး တချို့က သူ့ကို အလွန်အရေးပေးလာခဲ့သည်။ တောက်တဲ့ ကပ်လျှင် မိုးချုန်းမှ ကွာကျသည်ဟု သူကြားဖူးသည်။ သို့သော် သူက ဘယ်လိုမိုးချုန်းသံပေးရမှန်းမသိ။ ပေးလည်း မပေးရက်ပါ။ သူ့အသည်းက အလွန်နုပါသည်။ ခုအရွယ်ကျမှ ပိုနုလာတာ အံ့သြစရာတောင် ကောင်းသေးတော့။ သူ့မှာ ရက်စက်ပြတ်တောက်စွာလည်း မပြောရက်၊ သူတို့လေးတွေရဲ့ ယုယမှုအောက်မှာ သာယာမိတာကိုတော့ သူ ဝန်ခံရဲပါသည်။ အဲဒီလို သာယာမိသည့်အတွက် သူ့အိတ်ထဲက ပိုက်ဆံတွေလည်း ထွက်လှပြီ။

သူ့ရင်ခွင်ထဲ တစ်ယောက်က ဝင်လာလိုက်၊ ပြန်ထွက်သွားလိုက်၊ နောက်တစ်ယောက်က ဝင်လာလိုက်နှင့် ရှုပ်ယှက်ခတ်စပြုလာသည်။ ကြာသောအခါ သူ့စိတ်တွေပင် ချောက်ချားလာရပါသည်။ တွေ့သမျှ ကြုံသမျှကိုလည်း တဖြည်းဖြည်း စက်ဆုပ်လာသည်။ ဒါတွေကို ဘယ်က ဘယ်လို ရှင်းရမှန်းမသိ။ သူက သူ့အမယ်ကြီးကိုသာ တမိပါသည်။ သူ့သားသမီးတွေနှင့်သာ သိုက်သိုက်ဝန်းဝန်း နေချင်မိပါသည်။ သူ့အိမ်သည်သာ သူ့ဘုံဗိမာန်အစစ် ဖြစ်ပါသည်။ သူ့အမယ်ကြီးကိုသာ သူချစ်ပါသည်။ သူ့ဇာတိအမှန်ကို ပြန်မြင်ရသောအခါ သူ့မိသားစုမှလွဲ၍ တခြား ဘယ်အရာကိုမှ သူ မငဲ့ကွက်နိုင်တော့ပါ။

"ဒီမှာကွယ့် ... အန်ကယ်ဟာ အန်ကယ့်မိသားစုကိုသာအန်ကယ်ချစ်ပါတယ်၊ အန်ကယ့်မိသားစု စိတ်ဆင်းရဲမယ့် အလုပ်မျိုးကို အန်ကယ် မလုပ်ပါဘူး၊ ဒါကို



www.burmeseclassic.com

www.burmeseclassic.com



နားလည်သဘောပေါက်ရင် ဘာကိုမှ အကျပ်မကိုင်
တောင်းပန်ပါတယ်"

ငွေကြေးများစွာကို စွန့်လွှတ်လိုက်ရသော်လည်း
နောင်တ မရပါ။ ခုချိန်မှာတော့ သူဟာ သူ့မိသားစုတန်ဖိုး
သိခဲ့ပြီ။ မိသားစုဆိုတာ ဘာနဲ့မှ မလဲအပ်သောအရာလည်
ဖြစ်ပါသည်။ လောကမှာ သူ့ကို နားအလည်နိုင်ဆုံး၊ ပါ
အဖြည့်နိုင်ဆုံး၊ သူ့အတွက် ချမ်းမြေ့သော အိမ်ဂေဟာကို ဖန်
ပေးနိုင်သူမှာ သူ့ငယ်ချစ် အမယ်ကြီးအပြင် နှစ်ယောက်မရှိနိုင်
လည်း သေချာခဲ့ပြီ။

သူသည် သူ့အတွက် ကျယ်ဝန်းလှသော ဖြ
လောကကြီးကို အမုန်တကယ်ပင် ငြီးငွေ့စက်ဆုပ်သွားခဲ့ပြီး
အသိုက်အမြုံလေးထဲ သူပြန်ဝင်လာခဲ့သည်။ အေးချမ်းလိုက်ပါ
အဲဒီ ပူပူလောင်လောင် လောကကျယ်ကျယ်ထဲ သူဘယ်တော
ခြေမချတော့ဘူးဟုပင် သူ့ကိုယ်သူ အခိုင်အမာ ကတိပေးလို
ပါပြီ။ ပြင်ပလောကကြီးဟာ သူ့ကို ချောက်ချားစေပြီး စိတ်
မှုတွေ၊ ပူလောင်မှုတွေသာ ပေးနိုင်တော့သည်။ သူတစ်
အရသာ တွေ့ခဲ့သော သာယာကြည်နူးဖွယ်ရာများဟာ တစ်
တည့်ခံ အတုအယောင်များချည်း ဖြစ်တယ်ဆိုတာ သူ အ
အချာ သိခဲ့ရပြီဖြစ်သည်။ သူက ပူလောင်မှုတွေထဲ မျော
ဖြစ်သော သူ့သူငယ်ချင်းဖြစ်သူကိုပင် သတိပေးလိုက်မိပါသ

"အဲဒီ သာယာမှုတွေကို မင်းတစ်ချိန်ချိန်ကျ ငြီးငွေ့
လာလိမ့်မယ်၊ အဲဒီအချိန်ကျရင် အေးချမ်းမှုကို မင်း





တတ်လာမယ်၊ မင်းရှာဖွေတဲ့ အေးချမ်းမှုဟာ မင်းနဲ့ အနီး
ဆုံးက မိန်းမတစ်ယောက်ဆီမှာပဲရှိတယ်ဆိုတာ မင်း
သိရပါလိမ့်မယ်"



www.burmeseclassic.com

www.burmeseclassic.com

## (၂)

♥ ♥ ♥

ကြယ်တွေစုံသောညတွင် သူသည် သူ့အမယ်ကြီးနံဘေးမှာ ယှဉ်တွဲလဲလျောင်းရင်း အေးချမ်းစွာ အိပ်စက်နေသည့် သူ့အမယ်ကြီးမျက်နှာကို တမေ့တမော ငေးကြည့်နေခဲ့မိသည်။ အမယ်ကြီးရဲ့ အသားအရေတွေဟာ တင်းတင်းရင်းရင်းမရှိတော့။ အရေးအကြောင်းတချို့ကိုပင် ထင်ထင်ရှားရှား တွေ့နေခဲ့ရပြီ။ ဆံပင်တွေဟာလည်း ဖြူစပြုခဲ့ပြီ။ အမယ်ကြီးမှာ နုပျိုခြင်းတွေလည်း မရှိတော့။ သို့သော် အမယ်ကြီးကို ငေးကြည့်နေသော သူ့စိတ်တွေကိုတော့ အလွန်ပင် အေးချမ်းကြည်လင်စေခဲ့ပါသည်။

သူက ရုတ်တရက် စိတ်ရှုးပေါက်လာကာ သူ့အမယ်ကြီးရဲ့ အကြောတွေပြိုင်းပြိုင်းထကာ အရေခွံများ လျော့နေသော လက်တစ်ဖက်ကို ဆွဲယူပြီး အသာဖွဖွ နမ်းလိုက်မိပါသည်။





ထိုအခိုက်တွင် နှစ်ပေါင်းများစွာ စွဲမြဲခဲ့ပြီးသော သူ့ချစ်ခြင်းသည် တစ်ဖန်ပြန်လည် သစ်လွင်လာခဲ့ကာ အသည်းထဲ စိမ့်တုန်သွားရလေသည်။ အင်း ... ဒါသည်သာ အစစ်အမှန်ဖြစ်တော့သည်။


၂၀၀၂-ခုနှစ်၊ ဒီဇင်ဘာလ (Myanmar People)

❦ ❦ ❦



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# အညွံ့ခံခြင်း

မိန်းမတွေဟာ ယောကျ်ားတစ်ယောက်ကို ချစ်လိုက်တာနဲ့ အလိုလိုနေရင်း ညှံ့ဖျင်းသွားတတ်ကြသလားလို့ ကိုယ် ခဏ တွေးကြည့်ခဲ့မိဖူးတယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

(၁)

♥ ♥ ♥

တကယ်တော့ ကိုယ်ဟာ ကိုယ့်ခြေထောက်ပေါ် ကိုယ်မတ်မတ်ရပ်နိုင်တဲ့ မိန်းမတစ်ယောက် ဖြစ်ပါတယ်။ ကိုယ့်မှာ သူတစ်ပါးကို အားကိုးမှီခိုတွယ်ချင်စိတ်တွေလည်း မရှိခဲ့တာ အမှန်ပဲ။ ကိုယ်က ကိုယ့်ကိုယ်ကိုသာ အားကိုးရာလို့ မှတ်ယူထားခဲ့တယ်။ ကိုယ်ဖြစ်ချင်တာတစ်ခုကို ကိုယ့်အစွမ်းအစနဲ့ ကိုယ်ဖြစ်အောင် ကြိုးစားလို့ အောင်မြင်မှုရလာတဲ့အခါ ခံစားရတဲ့ စိတ်ရဲ့ကျေနပ်မှုကို ကိုယ် ... သိပ်ကိုမက်မောခဲ့တယ်။ အဲဒီလိုမျိုး ကြိုးစားကြည့်လိုက်စမ်းပါ။ ဘဝကို ဂုဏ်ယူလောက်တဲ့ ခံစားမှုမျိုး ရလာလိမ့်မယ်။ ကိုယ် သေချာပေါက်ပြောရဲတယ်။ အဲဒါဟာ ကိုယ့်အဘိဓမ္မာလည်းဖြစ်တယ်။ တစ်ခါတစ်ခါများဆို ကိုယ်ဟာ ကိုယ့်ကိုယ်ကို ယောကျ်ားစိတ်ပေါက်နေသလားလို့တောင် ထင်





ယောင်မှားမိဖူးတယ်။ ကိုယ့်စိတ်ဟာ ယောကျ်ားတစ်ယောက်လို ဦးဆောင်ချင်စိတ်တွေနဲ့ ပြည့်နေတယ်။ သူရဲကောင်းဓါတ်လည်း ရှိတယ်။ ယောကျ်ားတစ်ယောက်တောင် စွမ်းဆောင်လို့မရနိုင်တဲ့ အလုပ်တစ်ခုကို ကိုယ်လုပ်ရင်တော့ ရမှာပဲလို့ အခိုင်အမာယုံကြည်ခဲ့တယ်။ ယုံကြည်တဲ့အတိုင်း ဖြစ်မြောက်လာတဲ့အခါ ကိုယ်ဟာ မဟာပုရိသဓါတ်ရှိသူတွေကို မျက်လုံးကလေး မှေးစင်းပြီး အပေါ်စီးကနေ မြိန့်မြိန့်ကြီး ပြုံးကြည့်ချင်လာတယ်။ ယောကျ်ားတွေဟာ မိန်းမထက် မြင့်မြတ်တယ်'ဆိုတဲ့စကားကို ကိုယ်က လှောင်ပြောင်သရော်ချင်စိတ်ဖြစ်တယ်။ လောကမှာ မိန်းမထက် ယုတ်ညံ့နိမ့်ကျတဲ့ ယောကျ်ားတွေ အများကြီးရှိတယ်ဆိုတာ ကိုယ့်အနီးအနားတစ်ဝိုက်ကို လက်ညှိုးလေးနဲ့ တစ်ချက်ဇွေ့လိုက်ရင်တောင် ဒက်ထိတွေ့မှာ သေချာတယ်။

တချို့ ဂုဏ်သရေရှိလို့ထင်ရတဲ့ယောကျ်ားတွေဟာ နိမ့်ကျပြီး အားကိုးရာမဲ့နေတတ်တဲ့ မိန်းကလေးတွေကို ငွေကြေးနဲ့ အယောင်ပြပြီး မြူဆွယ်ဖြားယောင်းလိုကြတယ်။ တချို့က ဖြူစင်မှုတွေအရောင်ပြပြီး ရိုးသားတဲ့ မိန်းကလေးတွေရဲ့ ယုံကြည်မှုကိုရဖို့ တိုက်စစ်တစ်မျိုးဆင်တတ်ကြပြန်တယ်။ တချို့တွေကျတော့လည်း ကိုယ့်လောက်မှ အစွမ်းအစမရှိပါဘူးလို့ အထင်သေးမှုနိမ့်စွာနဲ့ (ကိုယ့်ကိုသာ အားကိုးစေချင်တဲ့) မိန်းကလေးက ကိုယ့်ထက် ခေတ်တော်ထူးချွန်အောင်မြင်သွားကြတဲ့အခါ မနာလိုစိတ်နဲ့ စကားတင်းဆိုတတ်ကြပြန်သေးတယ်။ အဲဒီလို ယောကျ်ားတွေအတွက် မြင့်မြတ်မှုဆိုတာ ဘယ်မှာလဲ။ ဒါပေမယ့်



www.burmeseclassic.com

www.burmeseclassic.com



လောကမှာ မြင့်မြတ်တဲ့ ယောကျ်ားတစ်ယောက်မှ မရှိဘူးလို့တော့ ကိုယ် တစ်ဖတ်သတ် မပြောလိုပါဘူး။



(၂)

♥ ♥ ♥

ကိုယ်က ယောကျ်ားတွေကို 'ပြိုင်ဘက်' အဖြစ် သဘောထားသူလည်း ဖြစ်တယ်။ ကိုယ့်ပတ်ဝန်းကျင်မှာ ဆယ်လူလာကိုင်ပြီး ကိုယ်တိုင် ကားမောင်းသွားတဲ့ ယောကျ်ားတွေကို အထင်ကြီး ကိုးကွယ်လိုတဲ့ မိန်းမငယ်တွေရဲ့ မျက်ဝန်းတွေကို ကိုယ် စိတ်မကောင်းစွာ မကြာမကြာ မြင်ရတတ်တယ်။ သူတို့က အဲဒီလိုလူတွေကို မှီတွယ်လိုကြတယ်။ ကိုယ်ကတော့ တစ်မျိုးပဲ။ အဲလိုလူတွေကိုမြင်ရင် ကိုယ်က သူတို့နဲ့အပြိုင် ကျွဲချင်လာတယ်။ သူတို့စီးပွားရှာနိုင်ရင် ကိုယ်ရော ဘာဖြစ်လို့ စီးပွားမရှာနိုင်ရမှာလဲ။ ကိုယ်လည်း တစ်နေ့ကျ သူတို့လို ကား ကိုယ်တိုင်မောင်းပြီး ဆယ်လူလာနဲ့ ဘာနဲ့ သူတို့ကို ရင်ဘောင် တန်းနိုင်ရမယ်။ ကိုယ်က အဲဒီလို ကြိတ်ပြိုင်တယ်။ တစ်နည်း

www.burmeseclassic.com



အားဖြင့် သူတို့ကို မနာလိုဖြစ်တယ်။ ခေတ်အဆက်ဆက်ကတည်းက ယောကျ်ားတွေဟာ မိန်းမတွေကို Weaken Sex အဖြစ် သဘောထားခဲ့ကြတယ်။ ဒါပေမယ့် ယောဒီကမ္ဘာပေါ်မှာ မိန်းမတွေလောက် အစွမ်းအစမရှိ စိတ်ဓာတ်မခိုင်မာကြတဲ့ ယောကျ်ားတွေ အမြောက်မြားရှိနေသေးတယ်ဆိုတာ အားလုံးက သတိပြုမိကြစေချင်တယ်။ ကိုယ်ဟာ မိန်းမပေမယ့် ခပ်ညံ့ညံ့တော့ မဟုတ်ဘူး။ ယောကျ်ားတစ်ယောက်ကို ဘယ်တော့မှ အညံ့မခံဘူးလို့လည်း အခိုင်အမာ ဆုံးဖြတ်ထားခဲ့ပါတယ်။



(၃)

♥ ♥ ♥

အံ့သြဖို့ကောင်းတဲ့ မိန်းမတချို့ကို သိမြင်ဖူးပါတယ်။ သူတို့က လက်ထပ်ပြီးတာနဲ့ တစ်ပြိုင်နက်တည်းမှာပဲ အရာရာအားလုံး အရှုံးပေးအညံ့ခံသွားကြတော့တယ်။ သူတို့ရဲ့ ကိုယ့်ကိုယ်ကို ထူမတ်နိုင်တဲ့ စိတ်ဓာတ်တွေကို ခဝါချပြီး 'မှီခိုသူ'ဘဝကို ...နှစ်သက်သက် ခံယူလိုက်ကြတယ်။ သူတို့ရဲ့ ကိုယ်ပိုင်အလင်း...တွေကို ဖြုန်းခနဲ အမှောင်ချပစ်လိုက်ပြီး ယောကျ်ားလုပ်သူရဲ့ ...လင်းရောင်ကို တွယ်ကပ်ရှင်သန်လိုက်ကြတယ်။ တိုက်ကပ်...ပင်တွေလိုပဲ တွယ်မှီစရာအဆောက်အအုံ တစ်ခုခုမှ မရှိရင် ...ဘာသာ မရပ်တည်နိုင်ကြတော့ဘူး။ သူတို့ဟာ ကိုယ့်ကိုယ်ကို ...ပိုင်စိုးသူအဖြစ်ကနေ နောက်ကို ကျေကျေနပ်နပ် ဆုတ်ပေး

www.burmeseclassic.com



လိုက်ပြီး ယောကျ်ားတွေကို အရှင်သခင်အဖြစ် တင်မြှောက်အုပ်
ခံလိုက်ရတယ်။

ဘယ်လောက် နမြောဖို့ကောင်းလိုက်ပါသလဲ။ သူ
မှာ ကိုယ်ပိုင်ဆုံးဖြတ်ချက်တွေ၊ လုပ်ပိုင်ခွင့်တွေလည်း ဆုံးရှုံးသွ
ခဲ့ကြရတယ်။ ဒါကြောင့်ပဲ ကိုယ်က မိန်းမတွေရဲ့ အညှံခံ
အကြောင်းကို တစိမ့်စိမ့်တွေးရင်း အဖြေရှာမိတတ်တယ်။
အဖြေကို မကြာခင်မှာပဲ ကိုယ်တွေ့ခဲ့ပါတယ်။ အဲဒီအဖြေ
ကိုယ် ယောကျ်ားတစ်ယောက်ကို ချစ်မိသွားတဲ့အချိန်က
အစပြုခဲ့တယ်။



(၄)

♥ ♥ ♥

သက်မဲ့အရာဝတ္ထုတွေကို ကိုယ်ကိုယ်တိုင် ဖန်တီး
ပြင်ဆင်ဆည်းလို့ ရတယ်လို့ ယုံကြည်တဲ့ကိုယ်ဟာ သူ့ကို 'အချစ်
တစ်ခုတည်းအတွက်' ရွေးချယ်ခဲ့တာဖြစ်တယ်။ ကိုယ် တစ်ကြိမ်မှ
ကြုံဖူးသေးတဲ့ စိတ်ခံစားမှုအသစ်ဟာ ကိုယ့်ရင်ထဲ ဖြန့်စားကြီး
င်လာပြီး ကိုယ့်ရဲ့အနှစ်နှစ်အလလက ပုံမှန်ဖြစ်တည်ခဲ့ပြီးသား
င်မြဲတဲ့စိတ်ဓာတ်ကို ခြယ်လှယ်ချင်တိုင်း ခြယ်လှယ်တော့တယ်။
ိယ်ဟာ သူ့ကိုချစ်တဲ့စိတ်ကြောင့်ပဲ အလိုလိုနေရင်း နောက်ကို
ခြေတစ်လှမ်းဆုတ်ပေးလိုက်ဖို့ အဆင်သင့် ဖြစ်နေတတ်တယ်။
လုပ်တစ်ခုခု လုပ်မယ်ကြံတိုင်း ကိုယ့်သဘောနဲ့ကိုယ် ဆုံးဖြတ်ချက်
ခိုင်မာမာချတတ်တဲ့ ကိုယ်ဟာ သူ့ကိုချစ်မိပြီးနောက်မှာတော့



www.burmeseclassic.com

www.burmeseclassic.com



'သူရှိနေသေးတယ်'ဆိုတဲ့ အတွေးနဲ့အတူ 'နေရာပေး ရမယ်'ဆိုတဲ့ အသိက ဝင်လာတော့တယ်။ တစ်ပြိုင်တည်းမှာပဲ ခိုင်မာရဲရင့်ပြီး အလွမ်းခိုး ခဲ့တတ်တဲ့ ကိုယ့်ရဲ့မျက်နှာထားနဲ့ လေသံဟာ ဘယ်သူ့မှ အမိန့်မပေးရဘဲ ရုတ်တရက် နူးညံ့သွားခဲ့ပြီး ...

"ကို ... ကျွန်မကတော့ အဲဒီကိစ္စကို အဲဒီလို လုပ်လိုက်ရင် ကောင်းမလားလို့ စဉ်းစားထားတယ်၊ ကို့ သဘောထားရော ဘယ်လိုရှိလဲ"

လို့ ပျော့ပျောင်းညွတ်ညွတ် မေးတတ်လာတယ်။ အဲဒီလို မေးတတ်ခင်တုန်းက ကိုယ့်သဘောနဲ့ကိုယ် ကိစ္စတစ်ခုကို လုပ်ချသွားတိုင်း ဘာမှမသိလိုက်ရတဲ့ ကိုယ့်ချစ်သူရဲ့ခံစားချက်ကို ကိုယ်တွေးမိပြီး စာနာတတ်ခဲ့တယ်။ ဘယ်ကိစ္စမဆို ဦးဆောင်ဦးရွက်ပြုတတ်မြဲဖြစ်တဲ့ ကိုယ်က အလုပ်ကိစ္စတွေမှာ ကိုယ်ပဲသိ၊ ကိုယ်ပဲတတ်၊ ကိုယ်ပဲပြောဆိုပြီး ပြီးစီးအောင်မြင်အောင် ဆောင်ရွက်သွားတတ်တဲ့အခါ ကိုယ့်နောက်မှာ တိတ်ဆိတ်နေတတ်တဲ့ သူ့ရဲ့ 'ငြိမ်သက်မှုထဲက အသံ'ကို ကြားတတ်လာတယ်။ ဒါကြောင့်ပဲ တချို့ကိစ္စတွေမှာ ကိုယ်က ရှေ့သာခိုတတ်ဖို့ လေ့ကျင့်ရင်း သူ့ကို ဦးစားပေးရပြန်တယ်။

"ကို ... အဲဒီကို ကျွန်မ သွားချင်နေတာကြာပြီ၊ ကို လိုက်ပို့ပေးမှပဲ သွားရတော့မယ် ထင်ပါတယ်၊ မနက်ဖြန်ကျ 'ဦး ...' နဲ့ အလုပ်ကိစ္စပြောဖို့ ချိန်းထားတယ် ကို၊ ကိုရှိမှ ဖြစ်မှာနော်၊ ကို မရှိရင် ကျွန်မတစ်ယောက်တည်း ဖြစ်မှာ





မဟုတ်ဘူး၊ ကို ကျွန်မ အနားမှာနေပါ၊ ဒီကိစ္စ ကို ပါမှ ပြီးမယ့်ကိစ္စ"

အမှန်တကယ်တော့ ကိုယ်သွားချင်တဲ့နေရာဟာ ိုက်မပို့လည်း ကိုယ့်ဘာသာ သွားတတ်၊ သွားရဲတဲ့နေရာပါပဲ၊ လုပ်ကိစ္စမှာလည်း သူမရှိပေမယ့် ကိုယ့်ဘာသာ ဆုံးဖြတ် ကိုင်သွားလို့ ရသားပါပဲ။ ဒါပေမယ့် ကိုယ်က ကိုယ်ချစ်တဲ့ ယောကျ်ားတစ်ယောက်ကို နေရာပေးခြင်းအားဖြင့် သူ့ရဲ့ ယောကျ်ား ဖြစ်တည်မှုကို လေးနက်စေတယ်။ သူ့ရဲ့ဖြစ်တည်မှုကို ဆောင်း ပေါင်းသင်ပေးဖို့ အသင့်ရှိနေတတ်တယ်။

"ကိုရယ် ... ရှင်မရှိလို့တော့ မဖြစ်ပါဘူး၊ ကျွန်မဘဝမှာ ရှင်သာရှိမနေခဲ့ရင် ဘယ်လောက်တောင် ကမောက်ကမ နိုင်လိုက်မလဲလို့၊ ကျေးဇူးပြုပြီး ခုကတည်းက တောင်းပန်ထားမယ်၊ ကျေးဇူးပြုပြီး ကျွန်မကိုတော့ ပစ်မသွားဖို့ မကြိုးစားမိပါစေနဲ့ ရှင်"

ချစ်ခြင်းနဲ့ အိပ်မွေ့ချခံထားရပြီဖြစ်တဲ့ ကိုယ်ဟာ ကိုယ့်ကို နှောင်တွယ်စေမယ့် စကားမျိုးတွေကို ကြိုတင် သိမှုမရှိဘဲ သုံးနှုန်းသွားမိတတ်ပြန်တယ်။ နောက်ဆုံးတော့ ဟာ သူ့ကို အညွှံ့ခံနေမိပါလားဆိုတာကို အထိတ်တလန့် မိသွားရတော့တယ်။ ဒါပေမယ့် ကိုယ် ကျေနပ်နေမိတာ ာ အင်မတန် ထူးဆန်းပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

♥ ♥ ♥

ဟောဒီကမ္ဘာပေါ်မှာ ယောကျ်ားတစ်ယောက်ကို ချစ်မိသွားပြီးတဲ့နောက်မှာ ညှိုးဖျော့သွားတတ်ကြတဲ့ မိန်းမတွေ အများကြီးရှိနေလိမ့်မယ်။ ဒါပေမယ့် အဲဒီမိန်းမတွေဟာ ချစ်ခြင်း သက်သက်အတွက်သာ ကျေကျေနပ်နပ် အညှုံခံလိုက်ကြရပေမယ့် ခပ်ညံ့ညံ့မိန်းမတွေ မဟုတ်တာကိုတော့ ကိုယ် အလေးအနက် ယုံကြည်သွားခဲ့ပါတယ်။

၂၀၀၃–ခုနှစ်၊ ဖေဖော်ဝါရီလ (ဝိတောက်မြို့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com

# ကွက်လပ်များအကြောင်း

## (၁)

♥ ♥ ♥

ကျွန်တော့်ဘဝအကြောင်းကို ရိုးရိုးလေး တင်စား
ရလျှင် ကွက်လပ်တစ်ခုရှိနေသော ဘဝမျိုးဖြစ်သည်။ ကျွန်တော့်
ဘဝတွင် ထိုကွက်လပ်မှလွဲလျှင် အရာအားလုံး ပြီးပြည့်စုံလေသည်။
မ်းသာကြွယ်ဝကြသော ကျွန်တော့်မိဘများက ကျွန်တော့်ဘဝကို
မ်းနားတင့်တယ်မှုများစွာဖြင့် ဝန်းရံပေးခဲ့ကြသည်။ ကျွန်တော်
ည် ကျွန်တော့်မိဘများထံ ငွေကြေးအပြင် မေတ္တာ၊ ကရုဏာ
လည်း အလွန်ကံကောင်းစွာ အပြည့်အဝရခဲ့သေးသည်။ ငွေကြေး
မ်းသာကာ စီးပွားရေးကိစ္စများနှင့် လုံးပန်းနေရသဖြင့် ...



www.burmeseclassic.com

www.burmeseclassic.com



အပေါ် အချိန်မပေးနိုင်သော မိဘမျိုးကိုလည်း ကျွန်တော် မပိုင်ဆိုင်ခဲ့ ရချေ။ ဒီအချက်နဲ့တင် ကျွန်တော်ဟာ တော်တော် ကံကောင်းနေခဲ့ပြီ

မေမေသည် လူပျိုပေါက်အရွယ်သို့ အတော်မေ ကျော်လွန်လာခဲ့ပြီဖြစ်သော ကျွန်တော့်ကို ယခုအချိန်ထိ ကလေး တစ်ယောက်လို ဂရုတစိုက် စောင့်ရှောက်ဆဲ။ ဖေဖေသည်လည်း ကျွန်တော့်အတွက် ပစ္စည်းအသစ်အဆန်းများစွာကို အလုပ်မအား သည့်ကြားမှ ကိုယ်တိုင်ရွေးချယ်ဝယ်ယူကာ ကျွန်တော့်ထံ ယူဆော လာမြဲဖြစ်သည်။ သို့သော် ထိုဂရုတစိုက် ကြင်နာမှုတွေဟာ တစ်ခါ တစ်ရံမှာ ကျွန်တော့်ကို အဆိပ်သင့်စေသည်ဆိုတာကိုတော့ မေမေ မသိနိုင်။ ကျွန်တော်ကလည်း ဘယ်တော့မှ ဖွင့်ပြောပြမည်မဟုတ် ချေ။ ကျွန်တော်သည် ကျွန်တော့်ကို အင်မတန်မြတ်နိုး ချစ်ခင်ကြ သော ကျွန်တော့်မိဘများအပေါ်တွင် အပြန်အလှန်အားဖြင့် ဟ ဆောင်မှုတစ်ခု ပေးအပ်ကာ တိတ်တဆိတ် ကျေးဇူးဆပ်ရလေသည်

ခပ်ငယ်ငယ်အရွယ် ကားအက်စီးဒင့်ဖြစ်ပြီးချိန် စလို့ နည်းနည်းလေးမှ လှုပ်ရှေ့မရတော့ပြီဖြစ်သော ကျွန်တော် ခြေထောက်များအကြောင်းကို မေ့ထားနိုင်သယောင် ဟန်ဆော ပြုံးရွှင်ပြရသည်မှာ တစ်ခါတစ်ရံတော့ ပင်ပန်းလွန်းလှသည် ကျွန်တော် နာကျင်စွာ ခံစားမိရသည်။ သို့သော် ကျွန်တော့် ဟ ဆောင်မှုသက်တမ်းက ရှည်ကြာခဲ့ပြီ။ အသားကျခဲ့ပြီ။ ကျွန်တော် မိဘများရဲ့ ရင်ထဲအသည်းထဲမှာ ကျွန်တော်ဟာ လက်ရှိအခြေအ မှာ နေပျော်နိုင်ခဲ့ပြီဟုယူဆသွားခဲ့လျှင် ကျွန်တော်ကျေနပ်ပြီ။ ဒါသ သာ ကျွန်တော့်ရဲ့ မိဘများအပေါ် ကျေးဇူးဆပ်ခြင်း ဖြစ်တော့သည်





ကျွန်တော့်ဘဝတွင် ရှုံးသွပ် ခံ့မင်တပ်မက်မိသော အရာများမှာ ‘ဖိနပ်များ’ ဖြစ်လေသည်။ ထိုဖိနပ်များကပင် ကျွန်တော့်ကို နာကျင်စေသည်။ ငယ်ငယ်တုန်းကတော့ ဖိနပ်တွေ တွေ့တိုင်း မေမေ့ကို လက်ညှိုးထိုးပြီး ပူဆာခဲ့ဖူးသည်။ ပူဆာလို့ မရလျှင် ဂျီကျကာ ငိုလို့မဆုံးနိုင်သော ကျွန်တော့်ကို မေမေကပင် စိတ်မရှည်နိုင်ဖြစ်ကာ …

“ဒီကလေးဟာ တော်တော် ဖိနပ်ကြိုက်တယ်၊ ဒီလောက် တောင် ဖိနပ်တွေ ဝယ်ထားတာ ဘာလုပ်ဖို့လဲ၊ ကိုက်စားလို့ ရမယ့်အတိုင်းပဲ”

BURMESE CLASSIC .com

မေမေသည် ပါးစပ်ကဲ မည်မျှပင် မြည်တွန် တောက်တီးသော်လည်း ကျွန်တော် ပူဆာသမျှကို ဝယ်မပေးဘဲ နေနိုင်တာလည်း မဟုတ်ချေ။ ကျွန်တော့်တွင် ကွင်းစွပ်ဖိနပ်၊ ကြိုးသိုင်းဖိနပ်၊ အားကစားဖိနပ်၊ ရှူးဖိနပ်၊ ညှပ်ဖိနပ်၊ ကတ္တီပါ ဖိနပ်၊ သားရေဖိနပ် စသဖြင့် စသဖြင့် ဖိနပ်များစွာ ပိုင်ဆိုင်ခဲ့ဖူး တာကို ကျွန်တော် ခုချိန်ထိ သတိရနေသေးသည်။ အဲဒီနောက် တော့ ဖိနပ်ကြိုက်လှသော ကျွန်တော့်ကို ဖိနပ်စီးလျက် ဝံ့ကြွားစွာ လမ်းလျှောက်ခွင့်မရအောင် ကံကြမ္မာက လက်ဆောင်ဆိုးတစ်ခု ပေးခဲ့လေသည်။ ကျွန်တော်သည် ဘီးတပ်ကုလားထိုင်တစ်လုံး ပေါ်မှာပဲ နှစ်တွေအကြာကြီး ငြိမ်ငြိမ်သက်သက် ထိုင်နေခဲ့ရသည်။ ဘီးတပ်ကုလားထိုင်ရဲ့ ခြေနင်းခုံပေါ် ချထားရသော ကျွန်တော့် ခြေထောက်တွေမှာတော့ ခပ်ရိုးရိုး ဖိနပ်တစ်ရံကို ဟန်ပြသဘော အသာပြေ စီးထားခဲ့ရသည်။ ဘာများအဓိပ္ပာယ် ရှိတော့သနည်း



www.burmeseclassic.com

www.burmeseclassic.com



အောက်တစ်ပိုင်းသေနေသော ကျွန်တော်က မေမေ့ထံ ဖိနပ်တလေးတစ်ရံ ဝယ်ပေးဖို့ ပူဆာခဲ့စဉ် မေမေ့မျက်နှာ ဟန်ဆောင်ရေရှိန်စွာ ညိုမည်းပျက်ယွင်းသွားခဲ့တာ၊ မျက်ရည်တွေ ဝဲသောခဲ့တာ။ ကျွန်တော့်ကွယ်ရာ သွားပြီး ငိုကြွေးနေခဲ့တာကို ကျွန်တော် တွေ့ခဲ့ရသည်။ အဲဒီကတည်းက ကျွန်တော် နောင်တ ရသွားခဲ့သည်။ ထိုနေ့မှစကာ မေမေ့ထံ ဖိနပ်မပူဆာမိအောင် ကျွန်တော် မျိုသိပ်ထိန်းချုပ်ခဲ့ရသည်။ သို့သော် ကျွန်တော့် ရူးသွပ်မှုကိုတော့ တခြားတစ်ဖက်မှာ အကောင်အထည်ဖော်ရ လေသည်။ ကျွန်တော်သည် အိမ်က အိမ်ဖော်အဒေါ်ကြီးကို ချည်ခုံးကာ ကျွန်တော် လိုချင်သော ဖိနပ်တွေကို ပိုက်ဆံပေး၍ တိတ်တဆိတ် မှာယူခဲ့ရသည်။ မကြာခဏဆိုသလို ဖြစ်သည်။

ကျွန်တော် တီဗီကြည့်တိုင်း ရုပ်ရှင်မင်းသားများ အဆိုတော်များ စီးထားသည့် ဖိနပ်များကို သေသေချာချာကြည့်ပြီး အဒေါ်ကြီးကို မှာယူမိဖြစ်သည်။ ကာလအတန်ကြာသောအခါ ကျွန်တော့်ထံတွင် ဖိနပ်များ မရေမတွက်နိုင်အောင် များပြားလာခဲ့ ရသည်။ ဒါဟာ 'ကျွန်တော့်ရဲ့ စိတ်ဖြေမှုတစ်ခု'ဖြစ်သည်။ ထွက်ပေါက်တစ်ခုဖြစ်သည်။ ကမ္ဘာမြေပေါ် နင်းလျှောက်ခွင့် မရတော့ပြီဖြစ်သော ကျွန်တော်၏ ခြေထောက်များ၊ ထိုခြေထောက် များရဲ့ မနီးမဝေးမှာတော့ ဖိနပ်တွေ အပြည့်အသိပ်ရှိနေသော ဗီရိုတစ်လုံးရှိနေခဲ့သည်။ လျှို့ဝှက်စွာဖြစ်သည်။ ကျွန်တော့်ရင်ထဲ ဖြေမရအောင် မွမ်းကျပ်လာသောအခါများတွင် ကျွန်တော်က အခန်း တံခါးကို အလုံပိတ်ကာ ထိုဗီရိုကိုဖွင့်ကြည့် ငေးမောမိစမြဲ





သည်။ ထိုအခါများတွင် ကျွန်တော် ကြေကွဲစွာ ရှိုက်ငင်ငိုကြွေး မိသည်။ သိပ်ပေါက်ကွဲလွန်းလာလျှင်တော့ ထိုဖိနပ်များကို လက် နှစ်ဖက်ဖြင့် သွေးရူးသွေးတန်းကျုံးယူကာ လွှင့်ပစ်ကြဲဖြန့်ပစ်လိုက် ပြီး ထိုဖိနပ်များကြားတွင် နာကျင်စွာ အိပ်ပျော်သွားခဲ့ရမြဲ ဖြစ်သည်။

ကျွန်တော့်ဘဝတွင် လိုနေသော ကွက်လက်တစ်ခု၊ ပြန်ဖြည့်လို့ မပြည့်နိုင်တော့သော ကွက်လပ်တစ်ခု။ အဲဒီကွက်လပ် က ကျွန်တော့်ကို အမြဲလို ဖိစီးနှိပ်စက်နေခဲ့သည်။ ကျွန်တော့်ကို ကလေးတစ်ယောက်၊ ဒုက္ခိတတစ်ယောက်လို သဘောထားကာ အလွန်သနားငဲ့ညှာတတ်ကြသော ကျွန်တော့်မိဘများ၏ ဂရုစိုက်မှု များကလည်း ကျွန်တော့်စိတ်ကို အားငယ်ဝမ်းနည်းစေခဲ့ပြန်သည်။ သို့သော် ကျွန်တော် မျိုသိပ်နိုင်ခဲ့သည်။ ဖေဖေ မေမေတို့ရှေ့မှာတော့ ကျွန်တော်သည် စိတ်ဓာတ် ကြံ့ခိုင်သူတစ်ဦးလို တည်ငြိမ်ပြနိုင် ခဲ့လေသည်။

ကျွန်တော် ခံစားရသော နာကျင်မှုများကို အိပ်မက် များက ဖောက်ခွဲစိတ်ဖြေပေးခဲ့သည်။ မကြာခဏဆိုသလို ကျွန်တော် အိပ်မက် မက်သည်။ ထိုအိပ်မက်များထဲတွင် ကျွန်တော်သည် လှပသော ဖိနပ်တစ်ရံကို ဝံ့ကြွားစွာစီးလျက် မိုင်ပေါင်းများစွာ ခရီးနှင်နေခဲ့သည်။ ကမ္ဘာမြေအနှံ့တွင် ကျွန်တော့်ခြေရာများ ခင်းကျမ်းထပ်ခဲ့သည်။ ထိုအိပ်မက်များ မက်ရတာလောက် ပျော်စရာ ကောင်းတာမျိုး ရှိမည်မထင်တော့ချေ။



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com

## (၂)

♥ ♥ ♥

ကျွန်တော့်ဘဝကတော့ ကွပ်လပ်ပေါင်းများစွာ ဖွဲ့စည်းတည်ဆောက်ထားသော ဘဝမျိုးဖြစ်လေသည်။ ဘဝတွင် ဘယ်အရာမှ ပြည့်စုံတယ်လို့ကို မရှိ။ ဆင်းရဲမွဲတေလှသော မိ နှစ်ပါးထံမှာ ပေါက်ဖွားကြီးပြင်းခဲ့ရပြီး လူလားမမြောက်သေး မှာပင် မိဘနှစ်ပါးက ဆုံးပါးသွားခဲ့ရပြန်သည်။ သူစိမ်းအိမ်တွ ကပ်နေခဲ့ရသော ကျွန်တော့်ဘဝတွင် မှတ်မိသလောက် ပြန် ရလျှင် လူရယ်လို့သိတတ်စအရွယ်ကတည်းက လိုချင်တာဆို ဘာတစ်ခုမှ မရဖူးဘဲ မလိုချင်တာတွေကို ရခဲ့လေသည်။ ကျွန် လိုချင်တာကို လက်ညှိုးထိုးပူဆာတိုင်း အရိုက်ခံရစမြဲမို့ နောင် အခါ ဘာကိုမှ မပူဆာတတ်တော့သော ကလေးတစ်ယောက်အ ကြီးပြင်းခဲ့ရသည်။





"သနားလို့ ကျွေးမွေးထားတာနော် ... အလုပ်ကို ဇင် ပေါ့ပေါ့လုပ်၊ ရောင့်တက်ပြီး ဟိုဟာ ပူဆာ ဒီဟာ ပူဆာ မလုပ်နဲ့၊ ကျောကွဲအောင် ရိုက်ပစ်မယ်၊ ကိုယ့်ဘဝ ကိုယ်သိ ပါ၊ အပိုးကျိုးပါ"

ကျွန်တော့်ကို နောက်ဖေးတန်းလျားမှာ နေခွင့် ပြုထားသော အဒေါ်ကြီးက မျက်ထောင့်နီကြီးဖြင့် ကြည့်ကာ ခပ်မာမာ ပြောစမြဲမို့ ကျွန်တော့်မှာ သူတို့အိမ်ကြီးရှင်တွေကို မော့လို့တောင် မကြည့်မိအောင် ဝပ်တွားရလေသည်။

ကျွန်တော့်ဘဝဟာ နေလိုပူပြင်းလှသည်ဟု ကြီးပြင်း လာလေ ပိုပြီး သိလာလေဖြစ်ခဲ့သည်။ ထိုဘဝအပူထဲတွင် ကျွန်တော် အမုန်းဆုံး ရာသီဥတုမှာ နွေရာသီဖြစ်သည်။ ခြစ်ခြစ်တောက် ပူပြင်းလှသော ကတ္တရာလမ်းမကို နင်းလျှောက်လျက် ဘတ်စ် ကားတွေပေါ် ပြေးတက်ကာ သကြားလုံး၊ မြေပဲဆားလှော် အစ ရှိသည့် မုန့်ပဲသွားရည်စာများကို ရောင်းချရသော ကျွန်တော့် ခြေဖဝါးများတွင် ဖိနပ်ကလေးတစ်ရံတော့ (မည်မျှစုတ်ပြတ်နေ သည်ဖြစ်စေ) လိုအပ်သည်သာဖြစ်သည်။ ကျွန်တော့်ဖိနပ်ကလေး ဖင်ပါးကာ ပြတ်လုတဲတဲ ဖြစ်နေသောအချိန်တွင် ဖိနပ်တစ်ရံ ဝယ်စရာ ပိုက်ဆံမရှိတာလောက် ရင်နာရသည့်အချိန်မျိုး ရှိမည် မထင်တော့ချေ။

ပူပြင်းသည့်လမ်းမပေါ်တွင် ခြေကိုဖွနင်းကာ စီး မပြတ်အောင် ထိန်းလျှောက်ရင်းကပင် ကျွန်တော်က ကိုယ့် ကိုယ် နာကျည်းနေမိခဲ့လေသည်။ ရင်ထိတ်နေသည်



www.burmeseclassic.com

www.burmeseclassic.com



ဖိနပ်ပြတ်သွားလျှင်တော့ ပုကြွပ်နေသော ကတ္တရာလမ်းမပေါ်တွင် အံကြိတ်၍ နင်းလျှောက်ရင်း ကျွန်တော် မျက်ရည်ကျရသည်။ လောကကို အချဉ်ပေါက်လာကာ ထင်ရာစိုင်းပစ်ချင်စိတ်တွေလည်း ပေါ်ပေါက်လာရလေသည်။ ကျွန်တော့်ဘဝတွင် ကျန်တာတွေ မရှိရင်နေပါစေ ... ဖိနပ်ကလေးတစ်ရံတော့ အမြဲရှိနေစေချင်သည်။ ဒါသည်သာ ကျွန်တော်ရဲ့အာသာပြင်းပြင်း တောင့်တမိသော ဆန္ဒတစ်ခုပင် ဖြစ်လေသည်။



(၃)

ထိုနေ့က ကျွန်တော်သည် ဖေဖေနှင့်အတူ အင်းလျားကန်ပေါင်သို့သွားခဲ့ပြီး ပြန်လာသည့် အပြန်ခရီးတွင် အံ့သြဖွယ်မြင်ကွင်းတစ်ခုကို မြင်ခဲ့ရတာဖြစ်လေသည်။ မြို့ထဲစတိုးဆိုင်တစ်ခုတွင် ဝယ်စရာရှိသဖြင့် ဖေဖေက ကားကို အနော်ရထာလမ်းဘေးတွင် ပါကင်ထိုးနေစဉ်တွင် ကောင်လေးတစ်ယောက် ကျွန်တော်တို့ ကားရပ်ထားသည့်နေရာဘက်သို့ အားသွန်၍ ပြေးထွက်လာသည်။ သူ့နောက်မှ လူတချို့လည်း ပြေးလိုက်လာပြီး ထိုခဏမှာပင် ကောင်လေးကို ဖမ်းမိသွားလေသည်။

"ဟော့ကောင် ... ပြန်ပေးစမ်း ... မင်းလက်ထဲက ဖိနပ်"

ကောင်လေးသည် ဖိနပ်သစ်တစ်ရံကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ရင်း သူ့ရင်မှာ အပ်ထားခဲ့သည်။ သူ့ခြေအောက်



www.burmeseclassic.com

www.burmeseclassic.com



မှာတော့ ဖိနပ်မပါချေ။ အများက ဝိုင်းဝန်းရိုက်ပုတ်နေကြသော်လည်း ကောင်လေးက အံကြိတ် မာန်တင်းကာ ဖိနပ်ကလေးကို ဆုပ်ကိုင်ထားမြဲဖြစ်သည်။ ကျွန်တော်သည် ကောင်လေးကို စိုက်ကြည့်ရင်း ရင်ထဲတွင် ပြောမပြနိုင်သော ဝေဒနာတစ်မျိုး ခံစားရလေသည်။ ကျွန်တော်က ချက်ချင်းပင် ဆုံးဖြတ်ချက်ချကာ ဖေဖေ့ကို လှမ်းကြည့်ရင်း ...

"ဖေဖေ ... ဟိုကောင်လေးနဲ့ သား စကားပြောချင်တယ်၊ ဖိနပ်ဖိုး ကျေနပ်လောက်တဲ့အထိ လျော်ပေးပြီး ကောင်လေးကို သွားခေါ်ပေးပါ"

ဖေဖေက မဆိုင်းမတွပင် ကောင်လေးကို သွားခေါ်ပေးခဲ့သည်။ ကျွန်တော့်ရှေ့ရောက်လာသော ကောင်လေး တစ်ကိုယ်လုံးမှာ ထိခိုက်ပွန်းပဲ့ရာများဖြင့် ညိုမည်းစုတ်ပြတ်နေခဲ့သည်။ သူ့ဟာစ်ကိုယ်လုံး တဆတ်ဆတ်တုန်ယင်နေပြီး မျက်ဝန်းထဲမှာတော့ မျက်ရည်တွေ ရစ်ဝိုင်းနေခဲ့သည်။ ဖိနပ်ကလေးကိုတော့ ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားဆဲဖြစ်သည်။

"မင်း ... ဘာဖြစ်လို့ ဒီလိုလုပ်ရတာလဲ၊ ငါ့ကို ပြောပြလို့ ရမလား"

ကျွန်တော်က ခပ်တိုးတိုး ကပ်မေးသောအခါ သူက နာကျင်စွာ ပြုံးလိုက်ရင်း ...

"ကျွန်တော့်ဘဝက နေလိုပူတယ်၊ ဟောဟိုက ခြစ်ခြစ်တောက် ပူနေတဲ့ နေမင်းလိုပဲ၊ ဟောဒီလမ်းတွေကလည်း ပူတယ်၊ အပူတစ်ခုကိုပဲ ကျွန်တော် ခံနိုင်မယ်၊ ကျန်တဲ့အပူ





ကို မခံနိုင်လို့ ခိုးမိတယ်၊ ကျွန်တော့်ခြေတောက်တွေကို အကာအကွယ်ပေးဖို့ ဖိနပ်တစ်ရံလောက်တော့ ကျွန်တော့် ဘဝမှာ အဆင်သင့် ရှိနေသင့်တယ်၊ ခုတော့ ဒီလမ်းတွေပေါ်မှာ တင်းကျမ်းထပ်နေတဲ့ ကျွန်တော့်ခြေရာတွေမှာ ဖိနပ် မပါဘူး"

ကျွန်တော်က အံ့သြစွာ သူ့ခြေထောက်တွေကို ကြည့်မိသည်။ ခြေထောက်အစုံဟာ ညိုမည်းအက်ကွဲနေခဲ့သည်။ ဒီခြေထောက်အောက်ကို ဖိနပ်ကလေးတစ်ရံနဲ့ ခုခံကာကွယ်ဖို့ ...ခဲ့သတဲ့။ ကျွန်တော့်ခြေထောက်တွေဆီ အကြည့်ရွှေ့မိပြန်သည်။ ...တ်နေသော ခပ်သွယ်သွယ် ခြေထောက်အောက်မှာတော့ တန်ဖိုး... ဖိနပ်တစ်ရံက ဟန်ပြကောင်းစွာဖြင့် သူ့ကိုယ်သူ အသုံး...နေဟန် ခပ်တည်တည် ရှိနေခဲ့ပါသည်။ ကျွန်တော်က နှစ်နှစ်...ဖြိုက်ပြုံးလိုက်ရင်း ကောင်လေး ပခုံးကို ဖွဖွပုတ်ကာ ...

"မင်း ... ငါ့အိမ် ခဏလိုက်ခဲ့ပါ"



www.burmeseclassic.com

www.burmeseclassic.com

## (၄)

♥ ♥ ♥

အိမ်သို့ရောက်သောအခါ ကျွန်တော်က ထိုကော
လေးကို ကျွန်တော့်အခန်းထဲသို့ ခေါ်သွားခဲ့သည်။ ဘီးတပ်ကုလ
ထိုင်ကို ဗီရိုနားအထိ ကိုယ်တိုင်တွန်းလှိမ့်လာခဲ့ပြီးနောက် ဗီရို
ဆွဲဖွင့်လိုက်သောအခါ မြောက်မြားစွာသော ဖိနပ်များကို ဝေါ
သွန်ကျလာခဲ့သည်။

"ကဲ ... မင်း ကြိုက်သလောက်သာ ယူပေတော့"

"ဟာ ... တကယ်လား၊ တကယ်ပြောတာလား"

ကောင်လေးသည် ဝမ်းသာအားရ အော်ဟစ်
ဖိနပ်တွေကို လက်နှစ်ဖက်ဖြင့် ကျုံးယူလိုက်လေသည်။

"အရမ်း တန်ဖိုးကြီးမှာပဲ ... ဒါမျိုး တစ်ခါမှ မစီးဖူး





ကောင်လေးက ဖိနပ်တွေကို အထူးအဆန်းသဖွယ်
တစ်ခုပြီးတစ်ခု ကိုင်ကြည့်ရင်း ဝမ်းသာလုံး ဆို့နေပုံရလေသည်။

ကျွန်တော်သည် ကောင်လေးကို ငေးကြည့်ရင်းကပင်
ဒီတိဖြင့် မျက်ရည်ဝဲလာခဲ့ရသည်။ ကျွန်တော့်အတွက် အသုံးမဝင်
သော ဖိနပ်တွေဟာ သူ့အတွက်တော့ အဖိုးအနဂ္ဃထိုက်တန်နေ
ခဲ့ပြီ။

"ရော့ကွာ ... ဒီမှာအိတ်၊ ဒီအိတ်တွေထဲ ထည့်ယူသွား ...
ဟုတ်ပြီလား"

ကျွန်တော်က သူ့ကိုကြည့်ရင်း ပျော်ရွှင်လာကာ
အိတ်တွေ ပစ်ပေးလိုက်သည်။

"ကျေးဇူးပဲ ... ကျေးဇူးပဲ အစ်ကို၊ ကျွန်တော် ဒီဖိနပ်တွေ
ကို ဘယ်တော့မှ ရောင်းမစားဘူး၊ ကျွန်တော့်ဘဝမှာ
စီးခွင့်မရခဲ့တဲ့ ဖိနပ်တွေ ... ကျွန်တော် အမြဲစီးသွားမယ်၊
ပျော်စရာကြီးပဲဗျာ ... "

ကောင်လေးသည် လှိုက်လှဲစွာ တတွတ်တွတ်ပြောရင်း
အိတ်တွေထဲသို့ ဖိနပ်တွေ ကျုံးထည့်နေခဲ့သည်။ ထည့်ရင်းကပင်
မျက်ရည်တွေလည်း ပိုးပိုးပေါက်ပေါက် ကျလာကာ နှုတ်ခမ်းတွေ
ကတော့ ပြုံးရွှင် ရယ်မောနေပြန်သည်။ ကောင်လေး၏ စိတ်လှုပ်ရှား
ပျော်ရွှင်မှုများက ကျွန်တော့်ထံသို့ပင် ကူးစက်လာရလေသည်။

ခဏကြာလျှင် ကောင်လေးက ကျွန်တော့်ကို အကြိမ်
ကြိမ် ဦးချကန်တော့ခဲ့ပြီး ကျွန်တော့်ရှေ့မှ ထွက်ခွာသွားခဲ့သည်။

ကျွန်တော်သည် ဘီးတပ် ကုလားထိုင်ပေါ်



www.burmeseclassic.com

www.burmeseclassic.com




ပြတင်းပေါက်ဆီသို့ တွန်းရွှေ့လာခဲ့သည်။ ပြတင်းဝမှ လှမ်းမျှော်ကြည့်သောအခါ ဖိနပ်အသစ်တစ်ရံကို ထုတ်စီးပြီး ဖိနပ်တွေ ပွေ့ပိုက်လျက် တရွေ့ရွေ့ ဝေးသွားပြီဖြစ်သော ကောင်လေးကို လှမ်းမြင်ရလေသည်။

ဟောဟိုမှာ … ကောင်းကင်ကြီးကလည်း တိမ်ပြာပြာဖြင့် လှပသစ်လွင်နေခဲ့သည်။ လေပြည်ညင်းကလည်း အဖြေးကင်းစွာ ခပ်သာသာလေး တိုက်ခတ်နေခဲ့သည်။ ကမ္ဘာမြေပေါ်မှာတော့ ကျွန်တော့်ကိုယ်စား ခြေလှမ်းပေါင်းများစွာဖြင့် အလှဆင်နိုင်ခဲ့ပြီ။ ထိုခဏမှာ ကျွန်တော့်စိတ်တွေ ပေါ့ပါး လွတ်မြောက်သွားခဲ့ရလေသည်။

၂၀၀၂-ခုနှစ်၊ ဩဂုတ်လ (ကလျာ)





www.burmeseclassic.com

# အတ္တကိုဇဟိုပြ၍

(၁)

♥ ♥ ♥

အင်မတန် ခမ်းနားကြီးကျယ်လှတဲ့ အိမ်ကြီးရဲ့ ...ခံခုသော အခန်းအတွင်းက လှပအိစက်တဲ့ ခုတင်ပေါ်မှာ ...ဘွားအိုတစ်ဦး ငြိမ်သက်စွာ လဲလျောင်းလျက်ရှိပါသည်။ အဘွား ...ရဲ့ ငွေရောင်ဆံပင်ကျဲကျဲဟာ ဖဲသားခေါင်းအုံး အိစက်စက် ...ပေါ်မှာ ဖြစ်သလို ဖွာကျနေတယ်။ အဘွားအိုရဲ့ ခန္ဓာကိုယ် ...ပေါ်မှာတော့ ဖဲနားကွပ် တန်ဖိုးကြီး စောင်တစ်ထည်က လေး... ...ပေါ် ဖုံးအုပ်ထားတယ်။ အိမ်နေရင်းပေမယ့် အဘွား...ရဲ့



www.burmeseclassic.com

www.burmeseclassic.com



အဝတ်အစားတွေဟာ သစ်လွင်တောက်ပနေပါတယ်။ အဘွားအိုရဲ့ လျှော့တွဲကျနေတဲ့ နားရွက်ဖျားနှစ်ဖက်မှာတော့ အင်မတန်အရည်အသွေးကောင်းတဲ့ စိန်နားကပ်နှစ်ဖက်က နေရာယူထားတယ်။ နံရံကပ်ဆလိုက်မီးရောင်အောက်မှာ စိန်နားကပ်ဟာ ဝင်းနေတာပဲ။ အဲဒီနားကပ်တစ်ရံရဲ့တန်ဖိုးဟာ သိန်းရာကျော်တန်တယ်ဆိုတာ စိန်ဝတ်ဖူးသူတိုင်း သိကြပါတယ်။ အဘွားအိုရဲ့ အခန်းတစ်ခုလုံးဟာ တန်ဖိုးကြီးပစ္စည်းများစွာနဲ့ တန်ဆာဆင်ထားတယ်။ အဘွားအို နုပျိုစဉ်က ရိုက်ထားခဲ့တဲ့ ဓာတ်ပုံတွေက နံရံထက်ဆီကနေ အဘွားအိုကို ငုံ့ကြည့် ပြုံးပြနေကြတယ်။ အဲဒီအခန်းထဲမှာ အရောင်မှိန်တဲ့အရာဆိုလို့ အဘွားအိုရဲ့မျက်ဝန်းတွေပဲ ရှိပါတယ်။ မျက်ဝန်းထဲမှာ ဘာမျှော်လင့်ချက်မှ ရှိမနေဘူး။ မျက်ဝန်းတွေဟာ ပွင့်နေလျက်နဲ့ အသေလို ငြိမ်ပြီး ငေးနေတယ်။ တစ်ချက်တစ်ချက် မျက်တောင်ခတ်နေသေးလို့သာ အသက်ဝင်နေသေးမှန်း သိရတယ်။ အဘွားအိုဟာ ငြိမ်သက်နေရာက တစ်ချက် လူးလွန့်လိုက်တယ်။

"မိစု ... မိစု"

အဘွားအိုရဲ့ အသံ တိုးတိုးကြောင့် အခန်းထဲမှာ ဘာမှ ထူးခြားမသွားပါဘူး။

"ဟဲ့ ... မိစု ဘယ်ရောက်နေသလဲ"

အဘွားအိုက လည်ချောင်းထဲကအသံကို ဖျစ်ညှစ်ပြီး အရှိန်မြှင့်လိုက်တယ်။ အဲဒီတော့မှ အခန်းထောင့်က ကျွန်းရုပ်တစ်ခု အသက်ဝင်လာတယ်။ ခုတင်ကိုမှီပြီး ငိုက်နေ





အိမ်ဖော်မလေးဟာ မျက်စိနှစ်ဖက်လုံးကို လက်ဖမိုးနဲ့ဆွဲပွတ်လိုက်ပြီး အိပ်မှုန်စုန်မွှားရုပ်နဲ့ ခေါင်းထောင်ထလာတယ်။

"အဘွား ... ကျွန်မ ဘာလုပ်ပေးရမလဲ"

အိမ်ဖော်မလေးရဲ့အသံဟာ မကြည်မသာတော့လည်း မဟုတ်ပါဘူး။ ဒါပေမယ့် နွေးထွေးမှုတော့မရှိဘူး။ အေးစက်စက်နဲ့ တာဝန်ကျေအသံမျိုးပဲ။ အဘွားအိုအတွက်တော့ မဆန်းတော့ဘူး။ နှစ်ပေါင်းများစွာ လက်ခံလာခဲ့ရတဲ့ အသံမျိုးဖြစ်တယ်။

"ငါ ထမယ် ... လသာဆောင်မှာ ထွက်ထိုင်ချင်တယ်"

အိမ်ဖော်မလေးဟာ ဘာတစ်ခွန်းမှ တားမြစ်ခြင်း၊ အကြံပေးခြင်း မရှိပါဘူး။ အပြင်မှာ နှင်းတွေကျနေလို့ လသာဆောင်မှာ ထွက်ထိုင်မနေသင့်ကြောင်းလည်း သူ့ခေါင်းထဲမှာ မရှိပါဘူး။ သူ့ခေါင်းထဲမှာ ရှိနေတာက သူ့ကိုငွေပေးပြီး ခိုင်းထားတဲ့ အဘွားအိုရဲ့ဆန္ဒကို မဆန့်ကျင်မိဖို့ပါ။ အိမ်ဖော်ကောင်မလေးဟာ အေးစက်မာကျောတဲ့ သူ့လက်တွေနဲ့ အဘွားအိုကို ဆွဲထူပြီး လသာဆောင်ဆီ တွဲခေါ်လာခဲ့ပါတယ်။ လသာဆောင်ထောင့်က ဒရင်းဘတ်ပေါ်မှာ အဘွားအိုကို ထိုင်စေပြီး နောက်မှာတော့ အိမ်ဖောင်ကောင်မလေးဟာ ပြန်လည်ငိုက်မြည်းသွားခဲ့ပါတယ်။ အဘွားအိုကတော့ အမှောင်ထဲကို တိတ်ဆိတ်စွာ ငေးမောနေခဲ့ပါတယ်။

❀ ❀ ❀



www.burmeseclassic.com

www.burmeseclassic.com

## (၂)

♥ ♥ ♥

အဘွားအိုရဲ့ ငယ်ဘဝတစ်လျှောက်လုံးဟာ ရွှေထီး ဆောင်းကာလတွေပဲ ဖြစ်ခဲ့ပါတယ်။ သူမဟာ သမားရိုးကျ မိန်းကလေးတစ်ယောက်တော့ မဟုတ်ခဲ့ပါဘူး။ သူမနဲ့ ရွယ်တူ မိန်းကလေးတွေ ဇာထိုး ပန်းထိုးသင်၊ အချက်အပြုတ်သင်တဲ့အချိန် မှာ သူမက ဘွဲ့တွေ တစ်ခုပြီးတစ်ခု အရယူပြီး သူမ ပတ်ဝန်းကျင် မှာ အင်မတန် ထူးချွန်ထက်မြက်တဲ့ မိန်းမတစ်ယောက်အဖြစ် ခေါင်းမော့နိုင်ခဲ့ပါတယ်။ အပေါင်းအသင်းများများ မထားတတ်တဲ့ သူမဘဝမှာ အချစ်ဆုံးသူငယ်ချင်းတစ်ယောက်တော့ ရှိခဲ့ပါတယ်။ သူမ သူငယ်ချင်းကတော့ သူမလို မဟုတ်ပါဘူး။ မိန်းကလေး ပီသပြီး သိမ်မွေ့နူးညံ့လှတဲ့ သူမရဲ့သူငယ်ချင်းဟာ ပညာလည်း မထူးချွန်၊ ထက်မြက်တဲ့အရည်အသွေးတွေလည်း မရှိခဲ့ပါဘူး။





ပါပေမယ့် သူမတစ်သက် စားမကုန်နိုင်မယ့် အမွေအနှစ်တွေကို တော့ ပိုင်ဆိုင်ထားပါတယ်။ အဲဒီသူငယ်ချင်းကို သူမက မေ ... လို့ ချစ်စနိုးခေါ်ပါတယ်။ မေ့ မိဘတွေဟာ မေငယ်ငယ်ကတည်း က ဆုံးပါးခဲ့တာမို့ မေဟာ အဒေါ်ဖြစ်တဲ့သူနဲ့အတူနေရပါတယ်။ မေဟာ ချမ်းသာပေမယ့် ဘဝင်မမြင့်ပါဘူး။ သူတစ်ဖက် သားရဲ့ အရေးကိစ္စတွေကို စိတ်ဝင်တစား ကူညီတတ်သူလည်း ဖြစ်ပါတယ်။

သူမကတော့ သူမ အောင်မြင်ထင်ရှားဖို့ကလွဲပြီး အခြား ဘာကိုမှ စိတ်မဝင်စားနိုင်ခဲ့ပါဘူး။ သူမက ကိုယ့်ကိုယ် ကိုသာ စိတ်ဝင်စားသူဖြစ်ပါတယ်။ အဲဒီလိုနဲ့ပဲ သူမဟာ ရည်ရွယ် ချက်တွေ တပွေ့တပိုက်နဲ့ နိုင်ငံခြားမှာ ကျောင်းသွားတက်နိုင် ခဲ့ပါတယ်။ သူမ နိုင်ငံခြားက ပြန်လာချိန်မှာတော့ မေဟာ ရည်းစားတစ်ယောက် ရနှင့်နေခဲ့ပါပြီ။ မေ့ရည်းစားဟာ အင်မတန် ချောလှတဲ့ အထင်သေးစရာ ယောကျ်ားတစ်ယောက်ဖြစ်ပါတယ်။ ပညာလည်း ဟုတ်တိ ပတ်တိ မတတ်လှပါဘူး။

သူမဟာ မေ့အတွက် ယူကျုံးမရခံစားချက်တွေနဲ့ ခံချိမခံသာဖြစ်ခဲ့ရတယ်။ မေဟာ ဒီလိုယောကျ်ားတစ်ယောက် ကို ဘာအတွက် ချစ်ကြိုက်ခဲ့ပါလိမ့်။ အဲဒီမေးခွန်းအတွက် အဖြေ မရမီမှာပဲ မေဟာ အဲဒီယောကျ်ားနဲ့ လက်ထပ်သွားခဲ့ပါတယ်။ သူမကတော့ မေ့ကို အံ့ဩလို့မဆုံးတော့ပါဘူး။ သူမသာဆို ဒီလိုယောကျ်ားမျိုးကို ဒရိုင်ဘာတောင် မခန့်ပါဘူးလို့ မေ မသိ အောင် တိတ်တိတ်ကလေး တွေးပါတယ်။ သူမဘဝမှာ ခုချိန်ထိ ယောကျ်ားဆိုတာကို အထင်ကြီးစရာလို့ မသတ်မှတ်ဖူးသေးဘူး



www.burmeseclassic.com

www.burmeseclassic.com



သူမ အထင်ကြီးနိုင်မှသာ သူမရဲ့ အိမ်ဦးနတ်အဖြစ် တင်မြှောက်ဖို့ စဉ်းစားရမှာပါ။ တကယ်တော့ သူမဟာ ဘုရင်မဖြစ်ချင်သူသာဖြစ်ပါတယ်။ မိဖုရားတော့ မဖြစ်ချင်ခဲ့ပါဘူး။ ဒီလိုနဲ့ တဖြည်းဖြည်း သူမဟာ ချစ်မြတ်နိုးလှပါတယ်ဆိုတဲ့ ယောကျ်ားတွေကို အပေါ်စီးက ကြည့်တတ်လာတယ်။ လက်ထပ်ဖို့ လာရောက်တောင်းရမ်းလာသူတွေကို 'ရှင် ... ပထမဆုံး လုပ်သင့်တာက ကျွန်မ နောက်လိုက် မဖြစ်အောင် ကြိုးစားဖို့ပဲ' လို့ ပြောမိတဲ့အတွက် ယောကျ်ား အတော်များများက သူမကို ဝေးဝေးက ရှောင်ကြတယ်။ ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်ပြီး ကိုယ့်ဘဝကိုယ် ခမ်းနားစွာ တည်ဆောက်နိုင်တဲ့ မိန်းမတစ်ယောက်အတွက် အရှင်သခင် မလိုဘူးလို့ အခိုင်အမာ ယူဆလိုက်တယ်။

မေ့ကိုတော့ သူမ တော်တော် ဒေါသဖြစ်ရပါတယ်။ အိမ်ဖော်တွေ လျှော်ပေးတဲ့အဝတ်ကို အခန့်သားဝတ်လာတဲ့ မေဟာ သူ့ယောကျ်ားရဲ့အဝတ်တွေကို ပင်ပန်းတကြီး လျှော်ပေးရပါတယ်။ သူ့ယောကျ်ားစားဖို့ ထမင်းဟင်းတွေ ချက်ပြုတ်ပြီး အဦးအဖျား ခူးခပ်ကျွေးရပါတယ်။ သူမက မေ့ လုပ်ရပ်တွေကို အံ့သြမဆုံး ရင်နာမဆုံး ရှိရပါတယ်။

"မေ ... နင် ခုမှ ကျွန်ဖြစ်တော့တာပါလား၊ ကိုယ့်ထမင်း ကိုယ်စားပြီး သူများဝန်ကို ထမ်းရတယ်လို့ ဟယ် ... အံ့သြပါရဲ့၊ နင့်ယောကျ်ားက ဘာများ အသုံးကျလို့လဲ၊ ဘာ အရည်အချင်းမှမရှိတဲ့ ငမွဲကို နင်က ဘာအထင်ကြီးပြီး ဖူးဖူးမှုတ်ထားရတာလဲ"





မေက သူမကိုပြုံးကြည့်ပြီး အေးအေး ဆေးဆေး ပြောပါတယ်။

"အခု အသုံးမကျပေမယ့် နောက်တော့ အသုံးကျလာမှာပေါ့ဟယ် ... သူက စိတ်ထား ကောင်းပါတယ်"

သူမ အပြစ်တင်လို့ မဆုံးခင်မှာဘဲ မေက ကလေးလေး တစ်ယောက်ကို မွေးဖွားခဲ့ပြန်ပါတယ်။ တော်တော် စိတ်ညစ်စရာကောင်းတဲ့ အလုပ်ပါ။ မေ့ကို ကြည့်ရတာ ဒုက္ခသည်ကြီးလိုပဲလို့ သူမက တွေးပါတယ်။ မေဟာ သူ့ဘဝကို ကလေးအတွက်၊ ယောကျ်ားအတွက် ရင်းနှီးပေးဆပ်နေရပါတယ်။ မေက ကလေး တစ်ယောက်ပြီးတစ်ယောက်မွေးရင်း ဘဝသေဆုံးနေချိန်မှာ သူမကတော့ အပျိုစင်ဘဝနဲ့ အများအလယ်မှာ ခေါင်းမော့နေနိုင်ခဲ့ပါတယ်။ သူမဘဝမှာ ဘာအပူအပင်မှ မရှိခဲ့ပါဘူး။ ဘယ်သူ့အတွက်မှလည်း ပေးဆပ်မနေခဲ့ရပါဘူး။ သူမ မုန်းတီးတဲ့ အိမ်ထောင့်ကျွန်ဘဝကို အိပ်မက်ထဲတောင် ထည့်မမက်ခဲ့ပါဘူး။ ကလေးတွေ တစ်ယောက်ပြီးတစ်ယောက် မွေးနေရတဲ့ မေကတော့ ကလေး တိုးလို့တွဲလောင်း ... မနိုင်မနင်း အိမ်ထောင့်ဝန်တွေပိပြီး လုဖြစ်ရှုံးနေတော့တာပဲလို့ သူမ စိတ်ပျက်လက်ပျက် တွေးမိတတ်ပါတယ်။ သူမက ကရုဏာဒေါသနဲ့ မေ့ကို အပြစ်တင်တော့ ... မေက ခပ်ပြုံးပြုံး မျက်နှာနဲ့ ...

"နင်ကော ... အိမ်ထောင်မပြုတော့ဘူးလား" ဆိုပြီး ပြန်မေးပါတယ်။ သူမက ခေါင်းသွက်သွက်ခါပြီး ...



www.burmeseclassic.com

www.burmeseclassic.com



"ငါ့ဘဝကို ဘယ်သူ့အတွက်မှ မပေးဆပ်နိုင်ဘူး" သူမ ဒီလိုပြောတော့ မေက တစ်ခွန်းပဲ ပြန်ပြောခဲ့ပါတယ်။

"နင် ... အသက်ကြီးမှ သိလိမ့်မယ်"တဲ့။

မေ ဘာပဲပြောပြော ... သူမကတော့ သူမရဲ့ဇရာကို တွေးမပူခဲ့ပါဘူး။ သူမ ရှာဖွေထားတဲ့ ငွေကြေးဥစ္စာတွေဟာ တစ်သက် စားမကုန်အောင် လုံလောက်နေပါပြီ။ ငွေရှိရင် ဘာမဆို ပြီးပြည့်စုံတာပဲလို့ သူမက မှတ်ယူထားခဲ့ပါတယ်။ ဒီကလိုနဲ့ပဲ သူမဟာ သူမဘဝရဲ့ အစောပိုင်းကာလတွေကို ပူပင်ကြောင့်ကြခြင်းကင်းစွာ မေနဲ့ ဆန့်ကျင်ကွဲပြားစွာ ကျော်ဖြတ်လာနိုင်ခဲ့ပါတယ်။



(၃)

သူမရဲ့ ဒုတိယ အရွယ်မှာတော့ လှပ တင်းရင်းခဲ့တဲ့ အရေပြားတွေဟာ လျော့ရဲပျော့တွဲစ ပြုလာခဲ့ပါပြီ။ အပျိုဘဝ ...ယ်လို့ ဂုဏ်ယူဝံ့ကြွားခဲ့တဲ့ ခြောက်ပြစ်ကင်း သဲလဲစင်တဲ့ သူမ ... ခန္ဓာကိုယ်ဟာ ကလေးအမေတွေနဲ့ ယှဉ်ကြည့်တော့လည်း ...ပြီး ထူးထူးခြားခြား ကွာခြားမှု မရှိပါဘူး။ ဘယ်သူ့အတွက်မှ ...ေးဆပ်ခဲ့ရတဲ့ ခန္ဓာကိုယ်ကြီးဟာ အချိန်တန်တော့လည်း အမှား...ည်းတူ ယိုယွင်းလာခဲ့ပါတယ်။ တချို့ ကျန်းမာရေးလိုက်စားတဲ့ ...လေးအမေများဆို သူမထက်တောင် အရွယ်တင်နေတတ်ပါ...တယ်။ ဒီခန္ဓာကိုယ်နဲ့ပတ်သက်လို့ အပျိုရယ်လို့ ဂုဏ်ယူ...တဲ့ သူမရဲ့စကားသံတွေလည်း သိသိသာသာ ငြိမ်...ခဲ့ရပါတယ်။ တစ်ချိန်တုန်းက အဖော်သဟဲဖြစ်ခဲ့တဲ့ သူမရဲ့

www.burmeseclassic.com



သူငယ်ချင်းတွေ၊ အသိမိတ်ဆွေတွေလည်း သူ့အိမ်ထောင်နဲ့သူ အခြေကျလို့။ သူမနဲ့တဖြည်းဖြည်း ဝေးကွာသွားခဲ့ရပါတယ်။ အချိန်တွေ ကြာလာတာနဲ့အမျှ သူမရဲ့ တစ်ယောက်တည်းအဖြစ်ဟာ ထင်ရှားသထက် ထင်ရှားလာခဲ့ပါတယ်။ ညီအစ်ကိုမောင်နှမ အရင်းအချာလည်း မရှိ။ ရှိတဲ့ ဆွေမျိုးသားချင်း အနည်းငယ် အပေါ်မှာလည်း အကူအညီပေးရမှာ စိုးရိမ်စိတ်နဲ့ ခပ်စိမ်းစိမ်းသာ နေခဲ့တဲ့ သူမကို သူမ ဆွေမျိုးတွေကလည်း အဖက်မလုပ်ခဲ့ပါဘူး။ သူတစ်ပါးအတွက်ဆို ငွေရောအချိန်ပါ နှမြောတွန့်တိုတတ်တဲ့ သူမဟာ တူညီသော တုံ့ပြန်မှုတွေကိုပဲ လက်ခံရရှိခဲ့ပါတော့တယ်။



(၄)

တဲတိုင်းအရွယ်ကို ကျားကန်ရင်ဆိုင်နေရတဲ့ အဘွားအိုဟာ အေးစက်စက် လသာဆောင်မှာ တိတ်ဆိတ်စွာထိုင်ရင်း ခြောက်သွေ့လွန်းတဲ့ ညတစ်ညကို ကျော်ဖြတ်ဖို့ ကြိုးစားနေခဲ့ပါတယ်။ အဘွားအိုရဲ့ နံဘေးမှာတော့ အိမ်ဖော်မလေးဟာ ခံနှစ်ခြိုက်ခြိုက် အိပ်မောကျလို့နေပါပြီ။ အဘွားအိုဟာ အိမ်ဖော်လေးဆီက 'ဘာလုပ်ပေးရမလဲအဘွား' ဆိုတဲ့ အေးစက်ထုံထိုင်းတဲ့ မေးခွန်းနေရာမှာ ဘာမှမမေးဘဲ အလိုက်တသိ လုပ်ဆောင်ပေးမယ့် နွေးထွေးမှုကို အစားထိုး မျှော်လင့်မိတယ်။ ခုလို အဘွားအိုဘေးမှာ ငိုက်မြည်းနေတတ်တဲ့ အိမ်ဖော်အစား ... သူမ ပြန်ပြောင်းပြောပြချင်တဲ့ ရှေးဟောင်းနှောင်းဖြစ်တွေကို နားထောင်ပေးမယ့် သူငယ်ချင်းတစ်ယောက်ကို အလိုရှိတယ်။ သူမ ရှေ့ကျ [illegible]



www.burmeseclassic.com

www.burmeseclassic.com



အကုန်ပေါ်အောင် ပြုံးပြပြီး သူမ နောက်ကွယ်မှာ အတင်းပြော ဆောင့်အောင့်တတ်တဲ့ အိမ်ထောင်ထိန်းမိန်းမကြီးနေရာမှာ လူကြီး ဆန်စွာ စီမံခန့်ခွဲတတ်တဲ့၊ သူမအပေါ် နူးညံ့နွေးထွေးစွာ ဆက်ဆံမယ့် သမီးတစ်ယောက်ကို မျှော်လင့်မိတယ်။ အိမ်မှာ ရေပျက်၊ မီးပျက်၊ ပစ္စည်းအတိုအထွာလေးတွေ ပျက်တဲ့အခါမှာ လာရောက်ပြုပြင် ပေးရတဲ့ အပိုးမကျိုးလှတဲ့ (အိမ်ထဲကို ကျိုးကန်းတောင်းမှောက် ကြည့်တတ်တဲ့) ယောကျ်ားတွေရဲ့နေရာမှာ သားယောကျ်ား တစ်ယောက်ယောက် ... ဒါမှမဟုတ် သမက်ကလေး တစ်ယောက် ယောက်ကိုတော့ မျှော်လင့်ခဲ့မိတယ်။ ယောကျ်ားသနားမရှိဘူး ရယ်လို့ မထီမဲ့မြင် ထိပါးချင်တဲ့ ယောကျ်ားတချို့ကို ကြုံရတိုင်း သူ့မရှေ့မှာ မားမားမတ်မတ်ရပ်ပြီး အကာအကွယ်ပေးမယ့် ခင်ပွန်း တစ်ယောက်ကို တိတ်တိတ်ကလေး မျှော်လင့်ခဲ့မိတယ်။ ငွေချေး ပြီး ငှားရမ်းထားရတဲ့ အေးစက်စက်လက်တွေရဲ့နေရာမှာ မေ့သွား နဲ့ လဲလှယ်ယူနိုင်တဲ့ နွေးထွေးတဲ့လက်တွေကို အလိုရှိတယ်။ ညရေးညတာ ထိတ်လန့်စရာ တွေ့ကြုံရတိုင်း အားကိုးရာမဲ့ ချောက်ချားခဲ့ရတဲ့ နေ့ရက်တွေကို မေ့ထားချင်တယ်။ ငွေမရှာ နိုင်ရင်လည်း နေပါစေလေ ...။ ကိုယ့်အပူကို မျှယူမယ့် တိုင်ပင် ဖော် တိုင်ပင်ဖက်ကလေး တစ်ယောက်ယောက်ကို လက်ထပ်ခဲ့ မိရင် အကောင်းသားဆိုတဲ့ အတွေးကိုတော့ ရက်ရက်နဲ့ပဲ လျှို့ဝှက် ထားခဲ့ရတယ်။ နေထိုင်မကောင်းဖြစ်ချိန်မှာ ကိုယ်ထိလက်ရောက် မပြုစုနိုင်ရင်တောင် ဆေးသောက်ချိန်ကို သတိပေးတတ်မယ့် အစာစားဖို့ အားပေးတိုက်တွန်းမယ့် အဘိုးအိုတစ်ယောက်ရှိခဲ့ရင်





တောင် အဘွားအိုရဲ့ဘဝဟာ ဒီလောက် ခြောက်သွေ့ခဲ့မှာ မဟုတ်ပါဘူး။

အဘွားအို နေ့တိုင်းနေ့တိုင်း တွေးမိတဲ့အတွေးထဲမှာ မေ့အကြောင်း မပါတဲ့နေ့ရယ်လို့လည်း မရှိခဲ့ပါဘူး။ ဒီလိုနဲ့ ဒုတိယ အရွယ်မှာ မေနဲ့ပြန်ဆုံခဲ့ကြပါတယ်။ မျှော်လင့်ချက်များစွာ ပျော်ဝင် နေတဲ့ တောက်ပတဲ့ မျက်ဝန်းတွေကို ပိုင်ဆိုင်ဆဲ မေဟာ ပြည့်ဝဖြိုးလို့ပါပဲ။ မေ့နံဘေးမှာ သားသမီးတွေက ချစ်ချစ်ခင်ခင် ဝိုင်းရံနေကြပါတယ်။ မေက သူမကို ဝမ်းသာအားရ နှုတ်ဆက် ရှာပါတယ်။

"ဟယ် ... ကြည့်စမ်း၊ ခင်ခင်ရယ် ... ပိန်သွားလိုက်တာ ကွယ်၊ မှတ်တောင် မမှတ်မိဘူး၊ မနည်းကြည့်ယူရတယ်၊ နေကောင်းရဲ့လားဟင်"

သူမ ခပ်ယဲ့ယဲ့ပြုံးပြီး ခေါင်းညိတ်ပြခဲ့ရပါတယ်။ စိတ်ကျန်းမာရေးမပြည့်စုံတဲ့ အဖြစ်ကိုတော့ မေ သိအောင် ပြောမပြတော့ပါဘူး။ ကိုယ့်ရဲ့ အရောင်မှိန်ဖျော့နေတဲ့ မျက်ဝန်း တွေကိုလည်း မေ မမြင်စေချင်ဘူး။

မေတို့ မိသားစုကိုကြည့်ရတာ ပျော်စရာကြီးပါ။ မေ့ရဲ့ ငွေကြေးတွေကို အရင်းအနှီးပြုပြီး အဆပေါင်းများစွာ များအောင် စီးပွားရှာနိုင်ခဲ့တဲ့ မေ့ယောကျ်ားက ကားမောင်းလို့ ...။ သားသမီးတွေက ဝယ်လာတဲ့ပစ္စည်းပစ္စယတွေကို သယ်ပိုး ...။ မေ့လက်မောင်းကို ဖက်တွယ်လို့ ... သိုက်သိုက်ဝန်းဝန်း နွေးထွေးထွေး ရှိလှပါတယ်။ မေတို့ ကားလေး မောင်းထွက်



www.burmeseclassic.com

www.burmeseclassic.com



သွားတော့ သူမက ခပ်ငေါင်ငေါင် ရပ်ကျန်နေခဲ့တယ်။ ပြီးတော့မှ ဒရိုင်ဘာက ရိုရိုကျိုးကျိုး တံခါးဖွင့်ပေးတဲ့ကားပေါ် တက်ထိုင်၊ အိမ်ဖော်မိန်းမနဲ့ အလုပ်သမားတစ်ယောက် အကြမ်းပတမ်း ထိုးကျိတ်ထည့်သိုပေးလိုက်တဲ့ ပစ္စည်းတွေကို သယ်ပိုးရင်း ထွက်ခွာလာခဲ့ရတယ်။ မေက 'အသက်ကြီးမှသိပြီမဟုတ်လား' လို့ မေးမသွားပေမယ့် သူမက 'သိပါပြီရယ်' လို့ ရင်ထဲက အဖြေပေးခဲ့မိပါတယ်။

❦ ❦ ❦

(၅)

♥ ♥ ♥

အဘွားအိုဟာ တစ်ခါတစ်ရံမှာ အိမ်ကအလုပ်သမားများစွာရဲ့ မျက်ဝန်းတွေထဲကို တည့်တည့်စိုက်ကြည့်ပြီး သူမအလိုရှိတာကို တွေ့လိုတွေ့ငြား ရှာဖွေမိတယ်။ သူတို့ရဲ့ ခန္ဓာကိုယ်တွေဟာ တာဝန်ကျေသလောက် အဘွားအိုကိုကြည့်တဲ့ သူတို့ရဲ့ မျက်ဝန်းတွေဟာ တိုင်ပင်မထားရဘဲ အရောင်တစ်မျိုးတည်း ထွက်နေတယ်။ အေးစက်ပြီး စိမ်းနေတဲ့မျက်ဝန်းတွေကို ဆက်ကြည့်မနေတော့ဘဲ အဘွားအိုက စိတ်ဓာတ်ကျမိတယ်။

ခုချိန်မှာတော့ အဘွားအို လောဘတကြီး ရှာဖွေခဲ့တဲ့ ပညာတွေ၊ ဥစ္စာတွေဟာ အဘွားအိုအပေါ် ခပ်စိမ်းစိမ်း ခပ်တည်တည် လုပ်နေကြပါတယ်။ အဘွားအိုအတွက် ကောင်းကျိုးဆီရောက်တဲ့ အထောက်အကူလည်း မပေးနိုင်ကြတော့ပါဘူး




www.burmeseclassic.com

www.burmeseclassic.com



ညဟာ အေးသထက် အေးလာနေပါပြီ။ ကြမ်းခင်း ကျောက်ပြားနဲ့ ထိနေတဲ့ အဘွားအိုရဲ့ ခြေဖျားတွေဟာ အေးခဲ ထုံကျင်လာတယ်။ ခြေအိတ်စွပ်ပေးပါလို့ မပြောမိခဲ့တဲ့အတွက် အိမ်ဖော်မလေးကလည်း သူ့တာဝန် ဘာမှမရှိသလို အသာကြည့် နေခဲ့တယ်။

"ခြေအိတ်စွပ်ပေးပါ … ခြေအိတ်စွပ်ပေးပါ"

အဘွားအိုက တီးတိုးတောင်းဆိုကြည့်တယ်။ ကောင် မလေးက အသေလို မျောနေတယ်။

"အိမ်ထဲဝင်ချင်တယ် … အိမ်ထဲဝင်ချင်တယ်"

အဘွားအိုက ထပ်မံတောင်းဆိုကြည့်တယ်။ ကောင် မလေးက တစ်ဖက်ကို ငိုက်ကျသွားတယ်။ ခဏကြာတော့ ဟောက်သံမှန်မှန်ထွက်လာတယ်။ အဘွားအိုက ကောင်မလေးကို မီလို မီငြား လှမ်းဆွဲကြည့်တယ်။ မမီဘူး … ကောင်မလေးက ဝေးနေတယ်။

အဘွားအို စိတ်လျှော့လိုက်တယ်။ ကောင်မလေး နိုးလာချိန်ကို စောင့်ရင်း ဆက်တွေးနေမိတယ်။ မေ့အကြောင်းပဲ တွေးမိပြန်တယ်။ လွန်ခဲ့တဲ့တစ်လလောက်က မေ ဆုံးသွားတယ်။ မေ့ရျာပနက သိပ်စည်တာပဲ။ မေ့ နောက်ဆုံးအချိန်မှာ သားသမီး မြေးမြစ် တပြုံတခေါင်းကြီးက တစ်ယောက်တစ်မျိုး ပြုစုယု လိုက်ကြတာ ဘာတစ်ခုမှ လိုလေသေး မရှိစေရဘူး။ စိတ်ချမ်းသာ လို့လားတော့ မသိဘူး … မေဟာ သေတဲ့အထိ ပြုံးပြုံးလေးပဲ ဝေဒနာပိစီးခံနေရတဲ့ မျက်နှာအမူအရာလည်း မရှိခဲ့ဘူး။ မေ့





သနမှာ ငိုလိုက်ကြတဲ့ သားသမီးမြေးမြစ်တွေဟာ ဝက်ဝက်ကွဲ နေတာပဲ၊ သူမ သေရင် ငိုတဲ့သူတောင် ရှိပါ့မလား။ ဖြုန်းခနဲ သွားမိပြီးမှ သူမ ချောက်ချားသွားမိတယ်။

"ငါ အေးလှပြီ … ငါ့ကို အိမ်ထဲပို့ပေးပါ"

အဘွားအိုက ထပ်ပြောလိုက်တယ်။ ကောင်မလေး က ဝရန်တာလက်ရန်းကို မှီနေရာကနေ ကြမ်းပြင်ပေါ်မှာ ခွေခွေ လေးလှဲပြီး ဖိမ်ကျ နေတယ်။

"ငါ့ … ကို … အိမ် … ထဲ … ပို့ … ပေး … ပါ"

အဘွားအို ထပ်ပြောကြည့်တယ်။ နှုတ်ခမ်းက လှုပ်လို့ သလိုဘဲ။ အသံသိပ်မထွက်ဘူး။ တစ်အိမ်လုံး ကြားအောင်လည်း အော်နိုင် စွမ်း မရှိဘူး။ ခုချိန်ဆို အိမ်က အလုပ်သမားတွေအားလုံး အိပ်မောကျနေကြပြီ။ အဘွားအိုက ဒရင်းဘတ်ပေါ်ကနေ ကျိုး ကြည့်တယ်။ ထလို့မရဘူး။

"ငါ … အေး … လှ … ပြီ'

အဘွားအိုနှုတ်ခမ်းတွေက လှုပ်ရုံပဲ လှုပ်နေတယ်။ အဘွားအိုက ခန္ဓာကိုယ်ကို တစ်ခြမ်းစောင်းပြီး ကောင်မလေးကို လှမ်းဆွဲ လိုက်တယ်။ အဘွားအိုရဲ့ ခန္ဓာကိုယ်ဟာ ကုလားထိုင် လက်ရန်းကြားကနေ ကြမ်းပြင်ပေါ် စောင်းကျသွားတယ်။ ညက တော့ တိတ်ဆိတ်နေတုန်းပဲ။ နှင်းတွေလည်းကျနေတယ်။ လေကလည်း အေးလှတယ်။ အိမ်ဖော်မလေးရဲ့ဟောက်သံက မြောက်ကြွနေ အတူ လွင့်နေတယ်။



www.burmeseclassic.com

(၆)

♥ ♥ ♥

အင်မတန် အေးစက်လှတဲ့ ဆောင်းလယ်ကာလ
မနက်ခင်းတစ်ခုမှာပဲ အဘွားအိုဟာ နံရံပေါ်က လှပပျိုမြစ်
သူမရဲ့ ဓာတ်ပုံကို ငေးကြည့်ရင်း သေဆုံးသွားခဲ့ပါတယ်။ သူ
ကွယ်လွန်ချိန်မှာ သူမနံဘေးမှာ သူမကိုချစ်တဲ့သူ၊ သူ
ချစ်တဲ့သူ တစ်ဦးတစ်ယောက်မှ ရှိမနေခဲ့ပါဘူး။ အဘွားအို
ဘာကိုမှလည်း ယူဆောင်မသွားနိုင်ခဲ့ပါဘူး။ အရာရာအားလုံး
ချန်ထားရစ်ခဲ့ရပါတယ်။

၂၀၀၂-ခုနှစ်၊ မတ်လ (Fashion Image

---

ပုညခင် ဘာသာပြန်သည်



www.burmeseclassic.com

# အလှ၏ ပြင်ပ

(၁)

♥ ♥ ♥

ကျွန်မဟာ ဘယ်တုန်းကမှ ကျွန်မသူငယ်ချင်း ...ရဲ့အလုပ်ကို အထင် မကြီးခဲ့တဲ့အကြောင်း ပွင့်ပွင့်လင်းလင်း ...ချင်ပါတယ်။ တကယ်တော့ ဖူးဖူးဟာ မော်ဒယ်လ်တစ်ယောက် ...ပေမယ့် ပင်ကိုက ကျွန်မလောက် မလှတာကို ကျွန်မတို့ ...သာက်နဲ့ သိကျွမ်း ခင်မင်ဖူးသူတိုင်း သိကြပြီးသားပါဲ ...မယ့် ဖူးဖူးဟာ ကျွန်မထက် ပိုပြီး ထင်ပေါ်ကျော်ကြား... ...ပါတယ်။ ဒါဟာလည်း သူ့အလုပ်ကြောင့်သာပါလို့ သိတာ...



www.burmeseclassic.com

www.burmeseclassic.com



အတွက် ကျွန်မအဖို့တော့ သူ့ရဲ့ကျော်ကြားခြင်းဟာ အထူးအဆန်း မဟုတ်တော့ပါဘူး။ နောက်ပြီး သူ့ရဲ့ သိပ်လှနေတဲ့ ခါတ်ပုံ ကို ကြည့်မိတဲ့အခါတိုင်း ကျွန်မ စိတ်ထဲက ကျိတ်ပြီး ရယ်သွမ်း နေမိတတ်ပါတယ်။ ဒီလို အလှမျိုးက ဘာဆန်းသလဲ ... မိတ်ကပ်တွေနှင့် ပြုပြင် စီရင် ဖုံးကွယ်ထားတဲ့ရုပ်။ မှဲ့ခြော သေးသေးလေးတွေနှင့် ခပ်ညိုညိုအသားအရေကို ဖြူဝင်းမွတ် နေတယ်လို့ထင်ရအောင် လှည့်စားဖန်တီးထားတဲ့ရုပ်။ ပြီးတော့ သူ့ပင်ကိုယ် ခပ်ပါးပါးသာရှိတဲ့ နှုတ်ခမ်းအစုံကိုလည်း ထူ ပြည့်ဝင်းတယ်လို့ ထင်ရအောင် ချဲ့ပြီးဆေးခြယ်ထားခဲ့တာ မဟု လား။ ခါတ်ပုံထဲမှာတော့ ဆွဲဆောင်ညို့ငင်အားအပြည့်နှင့် ခပ်ဟ ကလေး ပွင့်လို့ပေါ့။ နောက်တစ်ခု ... ရယ်စရာကောင်း တာက သူ့ရဲ့ ပြားကပ်ကပ် နှာခေါင်းကလေးဟာ ခါတ်ပုံထဲ စင်းစင်းလေး လှလို့နေတာပါပဲ။ မျက်ရစ်ရယ်လို့တောင် ထင် ရှားရှားမရှိလှတဲ့ သူ့ရဲ့မျက်ဝန်းအိမ် သေးသေးလေးဟာ ခါတ် ထဲမှာတော့ ထင်းပဝိုင်းစက်လို့။ အရောင်မှိန်ဖျော့ပြီး ပါး လျားလျားလေးသာ ပေါက်နေရှာတဲ့ ဟ်ုတစ်ပင် ဒီတ မျက်ခုံးမွေး ကျဲတောက်တောက်ကလေးဟာလည်း စင်ရော် မျက်ခုံးလေးအဖြစ် ထင်ထင်ရှားရှား အသွင်ပြောင်းလို့ ...။

ဒါတွေဟာ မိတ်ကပ်တွေနဲ့ ပြုပြင်စီရင်ထား အလှမို့ ကျွန်မက သိပ်လှနေတဲ့ သူ့ခါတ်ပုံတွေကို မဂ္ဂဇင်း ဂျာနယ်တွေမှာ မြင်ရတိုင်း စိတ်ထဲက ကျိတ်လှောင်နေ ဖြစ်ပါတယ်။ တစ်ချိန်တည်းမှာ ကျွန်မကိုယ်ကျွန်မ ယုံကြည်





ကျွန်မသာ အဲဒီလို ပြင်ဆင်ပြီး ခါတ်ပုံရိုက်လိုက်မယ်ဆိုရင် သူ့ထက် ကိုးဆယ်ဆ သာမယ်ဆိုတာပါပဲ။

ကျွန်မမှာ လှပဖြောင့်စင်းပြီး အဖျားမှာ မသိမသာ ကလေး လုံးဝန်းသွားတဲ့၊ ပေါလွင်တဲ့ နှာတံကလေးရှိတယ်။ တောက်ပ ထင်ရှားတဲ့ မျက်ဝန်းတွေ ရှိတယ်။ ဆေးမခြယ်ရဘဲ နှင်းဆီပွင့်လို လှပတဲ့နှုတ်ခမ်းအစုံနဲ့ ဖြူစင်မွတ်ညက်နေတဲ့ အသား အရေကို ပိုင်ဆိုင်တယ်။ ခန္ဓာကိုယ် အချိုးအစားနှင့် အရပ် အမောင်းကလည်း သူ့လို ပုညှက်သေးကွေးကလေးထက်တော့ အများကြီးသာပါတယ်၊ မီးဆလိုက်တွေရဲ့ အပံ့အပိုး၊ ခါတ်ပုံဆရာရဲ့ ပညာတွေနှင့်သာ ခါတ်ပုံထဲမှာတော့ ပြည့်တင်းလှပတယ်လို့ ထင်ရတဲ့ သူ့ခန္ဓာဟာ ပိန်လှီတဲ့ အဆင့်ထက် နည်းနည်းလေးပဲ သာတာကို ကျွန်မ အသိဆုံးပါ။

ခက်တာက ကျွန်မဟာ ပင်ကိုယ်အလှကို ပိုင်ဆိုင် ထားပေမယ့် ခါတ်ပုံရိုက်ဖို့ကိုတော့ အင်မတန်ပျင်းရိ စိတ်မပါသူ ဖြစ်နေတာပါပဲ။ ကျွန်မမှာ ခါတ်ပုံဆိုလို့ သွားရင်းလာရင်း သူငယ်ချင်းတွေ အမှတ်တမဲ့ လှမ်းရိုက်ထားတဲ့ မထင်မရှားပုံတချို့ နဲ့ ပတ်စ်ပို့ ပုံလောက်သာ ရှိတာပါ။ အဲဒါကြောင့်ပဲ ကျွန်မဟာ သူနဲ့ အပြင်မှာ လူချင်းနှိုင်းယှဉ်ရင်သာ အပြတ်သာကြောင်း ဂုဏ်ယူရပေမယ့် ခါတ်ပုံချင်း နှိုင်းယှဉ်ပြပြီး ဂုဏ်ယူဖို့ အခွင့် မသာခဲ့ပါဘူး။

တစ်နေ့တော့ သူဟာ ခါတ်ပုံတွေ တစ်ထွေးကြီးနဲ့ ကျွန်မဆီကို ကြွားလုံးထုတ်ဖို့ ရောက်လာခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဟိုတ် ... ဒီမှာကြည့်စမ်း၊ ဒီတစ်ခါရိုက်တဲ့ပုံက ပိုလှလာတယ်ဆရာ၊ မဂ္ဂဇင်းက စပွန်ဆာနဲ့ မဂ္ဂဇင်းကာဗာပုံအတွက် ရိုက်တာလေ၊ ဒီလထဲ မဂ္ဂဇင်းမျက်နှာဖုံးတွေ ရိုက်လိုက်ရတာလည်း မနည်းဘူး၊ ပြက္ခဒိန်ရိုက်ဖို့တွေလည်း ရှိသေးတယ်၊ ကိုယ်တကယ် မအားတာ၊ တစ်နေ့ တစ်နေ့ အလုပ်တွေကဲ ပြည့်နေတာပဲ"

လို့ သူက ခပ်ကြွားကြွားလေး ပြောလိုက်ပါသေးတယ်။

သူ့ဓာတ်ပုံတွေ ယူကြည့်တော့ အမှန်တကယ်လည်း လှနေခဲ့ပါတယ်။ ပို့စ် အမျိုးမျိုးနှင့် ရိုက်ထားလိုက်တာများ လှပကြွရွနေတာပါပဲ။

"အိမ်မှာနေရင်း ဘာမှ မပြင်မဆင်ဘဲနေတဲ့ နင့်ရုပ်ကိုသာ သူများတွေမြင်ရင် တကယ့်ကို အံ့သြကြမှာပဲနော်၊ ဓာတ်ပုံထဲကနဲ့ဆို တစ်ယောက် တစ်ရုပ်စီလိုပဲ"

ကျွန်မကိုတွေ့တိုင်း ကြွားလုံးထုတ်တတ်တဲ့ သူ့ကို စိတ်ထဲ ခပ်ချဉ်ချဉ်ရှိတာနဲ့ ဓာတ်ပုံတွေကို ကြည့်ရင်းကပင် ကျွန်မက နှိပ်ကွပ်လိုက်မိပါတယ်။ သူက စတိုင်လ်ပါပါ ပခုံးတွန့်လိုက်ရင်း ...

"ဒါကတော့ ... ကိုယ့်အရည်အချင်းနှင့် ကိုယ်ပဲလေကွယ်၊ ဒီလိုဓာတ်ပုံထဲမှာ အမြဲလှနေဖို့က လွယ်တဲ့အလုပ်မှ မဟုတ်တာ ...၊ ကိုယ့်ရဲ့ နေတတ်ထိုင်တတ်မှုတွေ၊ ပို့စ် ပေးတာတွေ၊ အပြုံးတွေ၊ အကြည့်တွေ ... ဒါတွေဟာ ပညာ





တွေပဲလေ၊ ဒီလိုပညာတွေ ထည့်သုံးလိုက်လို့ ဒီလောက် လှသွားတာပေါ့ ..."

"ကိုယ်ထင်တာတော့ ဓာတ်ပုံဆရာရဲ့ပညာနဲ့ အများကြီး သက်ဆိုင်လိမ့်မယ်ထင်တယ်၊ သိပ်တော်တဲ့ ဓာတ်ပုံဆရာဆိုတာ လှည့်စားတတ်တဲ့ မှော်အတတ်ကို တတ်မြောက်ထားတဲ့ မှော်ဆရာလိုပဲ မဟုတ်လား၊ တော်ရုံ အရုပ်ဆိုးမှုလောက်ကို သူတို့ပညာနဲ့ ဖုံးကွယ်ပေးနိုင်တယ်၊ ပြီးတော့ ရှင့်မျက်နှာပေါ်က ပဗ္ဗည်းတွေကို မိတ်ကပ်ဆရာက ပြုပြင်စီရင်ပေးနိုင်သေးတယ်၊ မိတ်ကပ်ပညာကလည်း အဓိကကျတာပါပဲ၊ ဓာတ်ပုံဆရာနှင့် မိတ်ကပ်ဆရာ ပေါင်းရင် လှပမှုတစ်ခုကို ဖန်တီးယူလို့ ရတာပဲ မဟုတ်လား ..."

"ထားပါတော့လေ ... ရှင်ပြောလည်း မှန်သင့်သလောက် မှန်ပါတယ်၊ ဒါပေမယ့် ဓာတ်ပုံရိုက်ခံရတဲ့လူက အကြောအချဉ်တွေ တင်းတောင့်ပြီး အချိုးမပြေဖြစ်နေရင် ဘယ်လိုမှ လှပတဲ့ပုံ ထွက်မလာနိုင်ဘူး"

"ဓာတ်ပုံဆရာမှာ အနုပညာရှိတယ်၊ သူက ဘယ်လိုပုံမျိုး နေ၊ ဘယ်လိုပြုံး၊ ဘယ်လိုရယ်၊ ဘယ်လိုကြည့်၊ အဲဒီလို ညွှန်ကြားတဲ့အတိုင်း ရှင်က အသာလေး လိုက်လုပ်ရုံပဲ ဒါ ဘာခက်သလဲ"

"အဲဒီလို လိုက်လုပ်နိုင်ဖို့က လွယ်တယ်မှတ်လို့လား ... ဓာတ်ပုံဆရာ ဘယ်လိုပြောပြော အချိုးမပြေတဲ့သူက ဘယ်လိုမှကို မပြေတာ၊ တစ်ကိုယ်လုံးက သတိ



www.burmeseclassic.com

www.burmeseclassic.com



အထားနဲ့ တောင့်တောင့်ကြီးဖြစ်နေတာ၊ အရုပ်ကြီး အသက်မပါတဲ့ အမူအရာကြီးနဲ့ ကင်မရာကို သေ ကြီး စြည့်နေတာ၊ အဲဒါဆို ဓာတ်ပုံဆရာ ဘာတတ်နိုင် မှလဲ၊ ပြုံးပါဆိုရင်တောင် မျက်ဝန်းအသေကြီးနဲ့ နှုတ် ချည်း ပြုံးပြလိုက်ရင် ရယ်စရာပုံမျိုးတွေပဲ ထွက်လာမယ်"

"ရှင်ကတော့ ... ရှင့်ကိုယ်ရှင် အထင်ကြီးလွန်းနေ ထင်တယ်"

"ရှင်ကတော့ ... ကျွန်မကို အထင်သေးလွန်းနေပြီ ထ တယ်၊ ကျွန်မလိုအလုပ်မျိုး ရှင်သာဆို လုပ်နိုင်မလား"

"အို ... စိန်လိုက်လေ ... ဆယ်ခါပြန်တောင် လုပ်ပြလို ချင်သေးတယ်"

"ကြိုက်ပြီ ... ဒါဆို အတော်ဆုံး ဓာတ်ပုံဆရာနဲ့ အကော ဆုံး မိတ်ကပ်ဆရာကို ကျွန်မ ချိန်းပေးမယ် ... ရှင် ကြည့်လိုက်လေ ..."

"အိုကေ ... အချိန်မရွေးပဲ ..."

ဖူးဖူးနှင့် လောင်းလိုက်အပြီးမှာတော့ ကျွန် ကိုယ့်ကိုယ်ကို ယုံကြည်မှုနဲ့ ရဲဝံ့နေခဲ့ပါတယ်။ ဘာမှ မခ အလုပ်တစ်ခုကို ကျွန်မ လုပ်ပြမယ်။ ဖူးဖူးထက် သာလွန် မယ်။

ဒီလိုနှင့် နောက်တစ်နေ့မှာပဲ ကျွန်မတို့ရဲ့ အစီ တစ်ခု အစပြုခဲ့ပါတယ်။ မိတ်ကပ်ဆရာရှေ့မှာ ထိုင်လို





အထိတော့ ကျွန်မစိတ်ထဲမှာ ပေါ့ပါးနေသေးတယ်။ **မိတ်ကပ်** ဆရာရဲ့ လက်တွေ ကျွန်မမျက်နှာ အရေပြားပေါ်မှာ **လှုပ်ရှား** နေချိန်မှာတော့ ကျွန်မစိတ်တွေ သိသိသာသာ လေးလံနောက်ကျိ လာခဲ့တယ်။ စေးပျစ်ပျစ် မိတ်ကပ်ရည်တွေ လိမ်းကျံခံရပြီးတဲ့ နောက်မှာ ကျွန်မမျက်နှာဟာ အင်္ဂါတေ အကိုင်ခံရသလိုမျိုး ပြင်ချပ်ကြီး ဖြစ်သွားတယ်လို့ ခံစားလိုက်ရတယ်။ ဟောဒီလိုမျိုး ဘယ်တုန်းကမှ မိတ်ကပ်မလိမ်းခဲ့ဖူးပါဘူး။ Cream ပါးပါးလေးနဲ့ ကရင်ပတ်ဖ်ကလေးပဲ ပါးပါးလေး လိမ်းလေ့ရှိတဲ့ ကျွန်မရဲ့ အလေ့အကျင့်မရှိတဲ့မျက်နှာဟာ ဒီလိုမိတ်ကပ်တွေနဲ့ ခြယ်သ ခံရဖို့ အဆင်သင့် ဖြစ်မနေခဲ့ပါဘူး။

ကျွန်မ အလန့်တကြား မျက်လုံးဖွင့်ပြီး **မှန်ထဲ** ကြည့်လိုက်မိတော့ ဖြူဖွေးပြီး တစ်ပြင်တည်းဖြစ်နေတဲ့ **မျက်နှာ** ကို မြင်လိုက်ရတယ်။ ကျွန်မက မအောင့်အည်းနိုင်ဘဲ ...

"အစ်မ ... ဒါက ဘယ်လိုဖြစ်တာလဲ ... ပိုတောင်ရုပ်ဆိုး သွားသေးတယ်"

"သြော် ... ခဏလေး ညီမ၊ သည်းခံလိုက်ပါ၊ ဒီလောက် လိမ်းထားမှ ဓာတ်ပုံထဲကျ အဆင်ပြေတယ်၊ ကဲ ... ကဲ ... မျက်စိလေးမှိတ်ပြီး ငြိမ်ငြိမ်လေး နေလိုက်နော်"

ငြိမ်နေဆိုလို့သာ ငြိမ်နေလိုက်ရပေမယ့် **ကျွန်မ** စိတ်ထဲမှာတော့ မနည်းကို အောင့်အည်းသည်းခံနေခဲ့ရတာ မိတ်ကပ်လိမ်းပြီး မျက်ခုံးမွေးဆွဲတာလောက်အထိတော့ အခြေအနေ မဆိုးသေးပါဘူး၊ မျက်လုံးတစ်ဝိုက်ကို



www.burmeseclassic.com

www.burmeseclassic.com



အချိန်မှာတော့ ကျွန်မဟာ ကြီးစွာသောဒုက္ခကို စတင်ခံစားလိုက်ရပါတယ် ...။

"ညီမ ... မျက်လုံးလေး အပေါ်လှန်ကြည့်လိုက်နော် ... မျက်တောင် သိပ်မခတ်နဲ့နော် ..."

"ဟုတ်ကဲ့ ... ဟုတ်ကဲ့ ..."

ကျွန်မ မျက်ခမ်းအနားကို ခဲတံအနက်နှင့် ဖိဖိဆွဲနေလိုက်တာ မျက်လုံးက စပ်သလိုလိုဖြစ်လာပြီ။ အင်း ... ခုထိမပြီးသေး။ ဒုက္ခပါပဲ။ သည်းမခံချင်တော့ဘူး။ ဟော ... မျက်တောင်မွေးတွေကို ညှပ်လိုလိုကိရိယာနဲ့ ဖိညှပ်ပြီး မကော့ ကော့အောင် လုပ်နေပြန်ပြီ။ မျက်တောင်မွေးတွေတော့ ကျွတ်ကုန်တော့မှာပဲ။ မျက်တောင်မွေးတွေကို စေးပျစ်မည်းနက်တဲ့အရည်တွေနှင့် သုတ်လိုက်သေးတာကိုး။ မျက်တောင်မွေးဟာ မပေါ့ပါးဘဲ ဖိစီးလေးလံနေပြန်တယ်။ မျက်တောင်ခတ်လိုက်တိုင်း လေးလံတဲ့အသိကို ခံစားရတယ်။

ကျွန်မ တစ်ကိုယ်လုံးမှာ ချွေးတွေတောင် စိမ့်ထွက်လာခဲ့ပါတယ်။ လူဟာအကြောတက်ချင်သလို ... အညောင်းမိချင်သလို ဖြစ်လာပြန်ပါတယ်။

"ညီမလေး ... ခဏနော်၊ နှုတ်ခမ်းနီဆိုးပြီးရင် ပြီးပါပြီ"

နှုတ်ခမ်းကို စုတ်တံနှင့် အရစ်ဖော်နေပြန်ပါတယ်။ နှုတ်ခမ်းနီဆိုးပြီးတဲ့အချိန်ထိ ကျွန်မဟာ မျက်လုံးတွေကို ဖိမှိတ်ထားခဲ့တာပါ။ ကျွန်မရုပ် ဘယ်လိုထွက်လာမလဲ၊ ဘယ်လောက်





ပြောင်းလဲသွားမလဲ၊ ဘယ်လောက်တောင်များ လှလာမလဲလို့ တွေးမိရင်း ရင်တခုန်ခုန်နဲ့၊ ကိုယ့်ရုပ်ကိုယ် ကြည့်ရမှာကိုလည်း ဝန်လေးတွန့်ဆုတ်နေမိပါသေးတယ်။ ဘယ်လောက်လှလှ ဒီလို မျက်နှာတစ်ခုလုံး လေးလေးလံလံနဲ့ အင်္ဂတေကိုင်ခံရသလိုဖြစ်ပြီး လှရမယ်ဆိုရင်တော့ ... ဒီလို အလှမျိုးကို ကျွန်မ မလိုချင်ဘူးလို့ ယတိပြတ် တွေးမိဆဲ မိတ်ကပ်ဆရာရဲ့ အသံချိုချိုလေး ပေါ်လာပါတယ်။

"ညီမလေး ... ပြီးပြီနော် ... မျက်လုံးဖွင့်ကြည့်လို့ ရပြီ"

ကျွန်မ အသက်ဝအောင်ရှူပြီး ဖျတ်ခနဲ မျက်လုံးဖွင့်လိုက်တယ်။ မြတ်စွာဘုရား ... ကျွန်မ ရုတ်တရက် လန့်ဖျပ်ပြီး မျက်လုံး ပြန်မှိတ်လိုက်မိပါတယ်။

"အစ်မ ... ဒါက ... ဒါက ဘယ်လိုဖြစ်တာလဲ ... ကျွန်မရုပ်က ဒီလောက် မဆိုးပါဘူး"

"ဩော် ... ဒါက ဒီလိုပဲ ညီမရဲ့ ... ဓာတ်ပုံထဲမှာဆို အရမ်းလှသွားမှာ ..."

"ဟုတ်ရဲ့လား အစ်မရယ် ... မိတ်ကပ်မလူးဘဲ နေရင်တောင် ဒီထက်တော့ လှပါသေးတယ်"

"မိတ်ကပ် မလူးတာက အပြင်မှာ ကြည့်ကောင်းချင် ကောင်းမယ် ... ဓာတ်ပုံထဲကျ မပေါ်တော့ဘူး ညီမရဲ့"

ဖိစီးလေးလံလှတဲ့ ဝန်ထုပ်ကြီးကို ထမ်းပိုးထားရတဲ့ ခံစားမှုမျိုးနဲ့အတူ ကျွန်မ ဓာတ်ပုံရိုက်မယ့် စတူဒီယိုကို ထွက်လာခဲ့တယ်။ ဖူးဖူးကတော့ ကျွန်မရဲ့ ခံစားမှုကို ရိပ်မိသလို ဆက်



www.burmeseclassic.com

www.burmeseclassic.com



ထေ့ထေ့ ပြုံးကြည့်နေတာမို့ ကျွန်မက ဘာမှ မဖြစ်လေဟန် ဟန်ဆောင်ထားခဲ့ရပါသေးတယ်။

ဓာတ်ပုံ စတူဒီယိုထဲရောက်လာတော့ ကျွန်မရင်ထဲ တထိတ်ထိတ်ခုန်ပြီး ခြေဖျား လက်ဖျားတွေတောင် အေးစက်လာခဲ့တယ်။

စတူဒီယိုတစ်ခုလုံး မှောင်ချလိုက်ပြီး ... ခဏမှာ ကျွန်မ ထိုင်နေတဲ့ နေရာလေးတစ်ခုမှာပဲ ကွက်ကွက်ကလေး လင်းလာခဲ့တယ်။ အလင်းရောင်က စူးစူးရဲရဲ။ အဲကွန်း ဖွင့်ထားတာတောင် ကျွန်မတစ်ကိုယ်လုံး တရှိန်ရှိန် ပူလာတယ်။ ကျွန်မ ထိုင်ခုံလေးပေါ်မှာ မျက်စိသူငယ် အမူအရာနဲ့ ပခုံးလေး ကျုံ့ ပြီး ကုပ်ကုပ်ကလေး ထိုင်နေမိလိုက်ပါတယ်။

"အဲဒီလို မထိုင်နဲ့ ... ခါး မတ်လိုက်၊ ပခုံး ကျုံ့မထားနဲ့ ...
မျက်နှာကို မော့ ... ဟိုဘက်လေး နည်းနည်း လှည့်လိုက်၊
ဟုတ်ပြီ ... အဲဒီအတိုင်းနေ၊ ကင်မရာကို ကြည့်မယ် ...
ပြုံးလိုက်ပါ"

ကျွန်မ လှည့်စားတတ်တဲ့ မှော်ပညာရှင် ဓာတ်ပုံဆရာကို အင်မတန် အားထားစွာပဲ သူပြောတဲ့အတိုင်း နေပြီး ဓာတ်ပုံအရိုက်ခံခဲ့ပါတယ်။ ခန္ဓာကိုယ်က တောင့်မတ်နေတာကိုတော့ လျှော့လို့မရဘူးပေါ့။ ခဏကြာတော့ ဓာတ်ပုံဆရာရဲ့ စိတ်ပျက်လက်ပျက်သံကို ကြားရတယ်။

"အဲဒီလို မဟုတ်သေးဘူးလေ ... တစ်ကိုယ်လုံးက အကြော
တွေကို လျှော့ထားပြီး ပျော့ပျော့ပျောင်းပျောင်း ပြေပြေ





ပြစ်ပြစ် အလိုက်သင့်ကလေး ထိုင်နေမှပေါ့၊ ပြုံးရင်
မျက်လုံးတွေပါ ပြုံးလေ ... နှုတ်ခမ်းချည်းပဲ မပြုံးရဘူး"

ကျွန်မ သူပြောသမျှ လိုက်နာဖို့ကြိုးစားခဲ့တာပါပဲ။ ဒါပေမယ့် ... ဘယ်လိုမှ အလိုက်သင့်ကလေး ဖြစ်မလာခဲ့ပါဘူး။ တောင့်မတ်ပြီး အရုပ်လို အသေဖြစ်နေတဲ့ ကျွန်မရဲ့ ခန္ဓာကိုယ်နဲ့ ကျွန်မရဲ့ မျက်လုံးတွေကို ဘယ်လိုပဲ ကြိုးစားပြုပြင်ယူပေမယ့် မရခဲ့ပါဘူး။ အဲဒီ တဒင်္ဂလေးမှာ ကျွန်မကိုယ်တိုင်ရော ... ကျွန်မကို ပြုပြင်ဖန်တီးဖို့ ကြိုးစားနေတဲ့ ကျွန်မရှေ့က မှော်ဆရာပါ ချွေးတွေ ပြိုက်ပြိုက်ကျလို့ပေါ့။

ရတဲ့အနေအထားနဲ့ပဲ ဓာတ်ပုံရိုက်ခံပြီးလို့ စတူဒီယိုထဲက ထွက်လာခဲ့ရတဲ့ ကျွန်မဟာ မျက်နှာကို စနိုးတာဝါနဲ့ အလျင်အမြန် ပွတ်တိုက် သန့်စင်ပစ်လိုက်မိပါတယ်။

မျက်နှာတစ်ပြင်လုံး ပေါ့ပါးလန်းဆန်းသွားခဲ့တယ်။ ခုပဲ အကျဉ်းအကျပ်ထဲက လွတ်မြောက် လာခဲ့သူလို၊ ဒုက္ခတွင်းထဲက လွတ်လာခဲ့သူလို ပေါ့ပါးလန်းဆန်းတဲ့ စိတ်နဲ့ ကျွန်မ သက်ဝဝ ရှူလိုက်မိပါတော့တယ်။



www.burmeseclassic.com

www.burmeseclassic.com



"ဆောရီး ... အလှရဲ့ ပြင်ပက အကြောင်းအရာတွေကို ကိုယ်တကယ် နားမလည်ခဲ့ဘူး ..."

ကျွန်မက တီးတိုးတောင်းပန်ရင်း အသက်မွေးဝမ်းကျောင်း အလုပ်တိုင်းမှာ ရှိနေတတ်စမြဲဖြစ်တဲ့ ပညာရပ်တစ်ခုကို အသိအမှတ်ပြုခဲ့ရပါတယ်။

၂၀၀၂-ခုနှစ်၊ စက်တင်ဘာလ (အပျိုစင်)



(၂)

♥ ♥ ♥

"ဟား ... ဟား ... ဟား ... တကယ့်ကျောက်ရုပ်ပဲဟေ့"

ကျွန်မ ဓာတ်ပုံတွေကိုကြည့်ပြီး ဖူးဖူးက ဟားတိုက်ရယ်လိုက်တော့ ကျွန်မ မလုံမလဲ ပြုံးမိရပါတယ်။


"ရှင့်ကိုတော့ လှည့်စားတတ်တဲ့ မော်ဒယ်ရာလည်း တော့ဘူး ထင်ပါရဲ့"

ဒီတစ်ခါတော့ သူပြောသမျှ ကျွန်မ ငြိမ်ခံနေရ တယ်။ ဓာတ်ပုံထဲက ကျွန်မဟာ အချိုးမပြေတဲ့ အမူအရာ ကင်မရာကို မျက်ဝန်းသေကြီးနဲ့ စိုက်ကြည့်နေခဲ့ပါတယ်။ ပုံတွေလို မလှပတာကိုတော့ ကျွန်မ ဝန်မခံလို့မရတော့ပါ အဲဒီနေ့ကစလို့ ကျွန်မရင်ထဲ ဖူးဖူးကို အထင်သေးချင်တဲ့စိတ် ပျောက်ပျက်လွင့်စင်သွားခဲ့ပါတယ်။



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

# သစ္စာ၏ လားရာ

(၁)

♥ ♥ ♥

သူမအတွက်တော့ အချစ်ဆိုသည်မှာ အံ့ဘနန်း
ခြားဆန်းကြယ်သောအရာတစ်ခု ဖြစ်လေသည်။ ပြီးတော့
န်အမြတ်ထားအပ်သော … ယုံကြည်စွဲမြဲအပ်သောအရာတစ်ခု
သည်ဟုပင် သူမ … ဆယ်ကျော်သက်အရွယ်ကတည်းက ခံယူ
ခဲ့သည်။ အဲဒါဟာ သူ့ကိုချစ်မိတဲ့ စွဲမြဲတဲ့ အချစ်တွေကြောင့်
ါကိုတော့ သူမ အတတ်ပြောရဲသည်။ သူမက သူ့ကို အမှန်
ယ် နှစ်နှစ်ကာကာ ချစ်ခဲ့မိတာဖြစ်ပြီး သူကလည်း သူမ
ည်းတနင့်နင့် ချစ်ခဲ့သည်ဟု သူမက ပီတိဖြင့် ယုံကြည်သည်။



www.burmeseclassic.com

www.burmeseclassic.com



နှလုံးသားဖြင့် ယုံကြည်သည်။ ရင်ခုန်သံဖြင့် ယုံကြည်သည်။ သူနှင့်ပတ်သက်လျှင် သူမက အရာရာကို ယုံကြည်ခဲ့သူဖြစ်သည်။ အို ... အခု ပြန်တွေးကြည့်လျှင်တောင် ရင်ခုန်သံက မြန်လာတုန်း။ ဟိုယခင်အချိန်က ... သူ့ရဲ့ အရူးအမူးအချစ်တွေဟာ အရွယ်လွန်မိန်းမတစ်ယောက်ကို ရစ်ပတ်နှောင်နိုင်တုန်း။ သူမတို့နှစ်ဦးဟာ မတတ်သာလို့သာ လမ်းခွဲရပေမယ့် တစ်ယောက်နှင့်တစ်ယောက် အခိုင်အမာ သစ္စာပန္နက်ခဲ့ကြတာပဲ မဟုတ်လား။ ထိုသစ္စာကပင် သူမရဲ့ဘဝတစ်လျှောက်လုံးကို ရစ်ပတ်တုတ်နှောင်နိုင်ခဲ့တာ ဖြစ်သည်။ ကမ္ဘာကျော် ရိုမီယိုနှင့်ဂျူးလီးယက် ရုပ်ရှင်ထဲကလိုပင် ... သူတို့ချစ်သူနှစ်ဦးသည် မိဘတွေချင်း မသင့်မြတ်သည့်အဖြစ်သနစ်ကြောင့် ကွဲကွာခဲ့ကြရသည်။ သူမတို့သည် တစ်ဦးလက်ကို တစ်ဦးက ဆုပ်ကိုင်ကာ တစ်ဦးမျက်ရည်ကို တစ်ဦးက သုတ်ပေးကြရင်း "ဒီတစ်သက် အိမ်ထောင်မပြုကြစေး"ဟု အခိုင်အမာ သစ္စာပန္နက်ခဲ့ကြတာ ဖြစ်သည်။

"ကိုယ် ... မင်းကိုပဲ ချစ်တယ်၊
မင်းကလွဲပြီး ဘယ်မိန်းမကိုမှ
ကိုယ် မချစ်ဘူး ...
လက်လည်း မထပ်နိုင်ဘူး၊ အဲဒါ ...
ကိုယ့်ရဲ့ ခိုင်မာတဲ့ သစ္စာပဲ ..."

ဟုပင် သူက အလေးအနက် ထပ်ဆင့်ပြောခဲ့ဖူးသည်။ ကွဲအက်တုန်ယင် နေတဲ့အသံကြောင့် သူမ အသည်းခိုက်ခဲ့ရ၏။ သူ့ကို သနား လိုက်ရသည်မှာလည်း အသည်းနှလုံး





ကြွေကျမတတ်ရှိရသည်။ သူမက သူ့ရင်ခွင်ထဲတိုးကာ ငိုသည်။ သူက သူမခေါင်းကလေးကို ပွတ်သပ်ချော့မြူသည်။ အဲဒီနောက် တော့ သူမတို့နှစ်ယောက်သည် တစ်ဦး၏သစ္စာကို တစ်ဦးက ယုံကြည်စွာ လမ်းခွဲခဲ့ကြလေသည်။

နှစ်တွေ ... တစ်နှစ်ပြီးတစ်နှစ် ကုန်ဆုံးကြာညောင်းလာခဲ့သော်လည်း သူမက အတူပြုခဲ့သော သစ္စာကို မမေ့နိုင်ချေ။ သူ့ကိုချစ်သည့်အချစ်က သူမရင်ထဲမှာ ငြိမ်ငြိမ်သက်သက် ရှိနေဆဲဖြစ်ပြီး နောက်လူတွေကို နေရာဖယ်မပေးခဲ့ဘဲ မြဲမြဲနေခဲ့သည်။ အချစ်သည် အချိန်ကာလကြာမြင့်လာသည့်အခါ ပူပြင်း လောင်မြိုက်မှုတွေ မရှိတော့ဘဲ အေးမြတည်ငြိမ်သည့်အဖြစ်သို့ ပြောင်းလဲလာခဲ့သည်။ သူမဘဝမှာ ချစ်သူဆိုတာ သူတစ်ယောက်တည်းပဲ ရှိရမည်။ အတူထားခဲ့သော သစ္စာကို ... သူမက သူ့ကို ချစ်ခြင်းအားဖြင့် ထိန်းသိမ်းစောင့်ရှောက်ရမည်။ သူမဘဝတွင် နောက်ထပ်နောက်ထပ် ... သူမကို ချစ်မြတ်နိုးသူများ ... လက်ထပ် လိုကြသူများလည်း ပေါ်ပေါက်လာခဲ့ဖူးသည်။ သူမသည် ရံဖန်ရံခါတွင် သာယာမှုဖြင့်ဖြစ်စေ၊ သံယောဇဉ်ကြောင့်ဖြစ်စေ၊ အားကိုးလိုမှုကြောင့်ဖြစ်စေ ယိမ်းယိုင်ချင်သောစိတ်ကို သစ္စာဖြင့်သာ ထိန်းမတ်ခဲ့ရတာ ဖြစ်သည်။ သူမစိတ်တွေ ယိုင်နဲ့လာချိန်တွင် ...

"မင်းကလွဲပြီး ဘယ်မိန်းမကိုမှ
ကိုယ် မချစ်ဘူး ...
လက်လည်း မထပ်နိုင်ဘူး၊ အဲဒါ ...
ကိုယ့်ရဲ့ ခိုင်မာတဲ့ သစ္စာပဲ ..." ဟုသော



www.burmeseclassic.com

www.burmeseclassic.com



တုန်ခိုက်သည့် သူ့အသံကို အဖန်ဖန်အလဲလဲ ကြားယောင်လာသည်။ ထိုအသံကပင် သူမကို သတိဝင်စေသည်။ သူမက သစ္စာပျက်သူတစ်ဦးတော့ မဖြစ်ချင်ခဲ့ပေ။ ထိုသစ္စာကြောင့်ပင် ... သူမသည် အိမ်ထောင်ဘက်အဖြစ် ရွေးချယ်ထိုက်သော၊ သူမကိုလည်း ချစ်ခင်ကြင်နာသော ယောကျ်ားများကို ငြင်းပယ်ရင်း ... အချိန်တွေ တရွေ့ရွေ့ ကုန်ဆုံးလာခဲ့သည်။

ခုတော့ဖြင့် ... သူမသည် အရွယ်လွန် မိန်းမ တစ်ယောက် ဖြစ်ခဲ့ရပြီ။ ငြိမ်းငွေ့ဖွယ်ဘဝကြီးကို အထီးကျန်ဘဝဖြင့် ဖြတ်သန်းရင်း အသားတကျရှိခဲ့ပြီ။ ခုလိုအချိန်မျိုးတွင် ... သူမကို လက်ထပ်ချင်သော ယောကျ်ားများလည်း မရှိတော့ပြီ။ အသက်ကြီးလာသည်နှင့်အမျှ သူမ၏ တစ်ယောက်တည်းအဖြစ်သည် ထင်ရှားသထက် ထင်ရှားလာခဲ့ရသည်။ ငယ်နုစဉ်ကများဆို သူမက ငြင်းပယ်ထားပေမယ့်လည်း မိတ်ဆွေအဖြစ်တော့ ဆက်လက် ရပ်တည်လိုသေးသော ယောကျ်ားများက ... သူမ ဘာပဲလိုလို ကူညီဖေးမဖို့ နှစ်သိမ့်ပေးဖို့ အဆင်သင့် ရှိနေခဲ့သည်။ ခုတော့ သူတို့လည်း အိမ်ထောင်ရက်သားကျကာ သားသမီးတွေပင် ရလို့ သူတို့မိန်းမတွေရဲ့ အာဏာအောက်မှာ သူမကို ငဲ့စောင်းလို့တောင် မကြည့်ဝံ့ပြီ။ သူမ၏ မွေးချင်းများသည်လည်း အိမ်ထောင် အသီးသီး ကျကာ တစ်ရပ် တစ်ရွာသို့ ခွဲခွာသွားခဲ့ပြီ ဖြစ်သည်။

သူမသည် ... အထီးကျန်ခြင်းကြောင့် ငြိမ်းငွေ့လာသည့်အခါတိုင်းတွင် သူမ၏ သစ္စာမြဲမြံမှုကို ပြန်တွေးကြည်နူးကာ ပီတိကို စားသုံးရသည်။ သူမတို့နှစ်ယောက် တွဲရိုက်ထားသော





ဓာတ်ပုံများ၊ ဖလှယ်ခဲ့သော အမှတ်တရ ပစ္စည်းများကလည်း သူမ စိတ်ကို အတိတ်ဆီပြန်လည်ခေါ်ငင် ပျော်မွေ့စေသည်။ အဲဒါကလေး တွေကလွဲလျှင် သူမဘဝတွင် ဘာမှမကျန်တော့အောင် ကုန်ဆုံးခဲ့ပြီ ဖြစ်သည်။ သူမ အရွယ်ရှိတုန်းက သူမ သူငယ်ချင်းများက ...

"နင်ကသာ သစ္စာရှိနေတာပါဟယ်... သူကတော့ အိမ်ထောင်ကျပြီး ခုချိန်ဆို သားသမီးတွေတောင် ရလောက်နေပြီ၊ အရွယ်ရှိတုန်း ကိုယ့်ကို လိုချင်သူရှိတုန်း အိမ်ထောင်ပြုလိုက်ပါလား၊ နောက်မို့ဆိုရင် အသက်ကြီးရင် နင်တစ်ယောက်တည်း ဒုက္ခရောက်လိမ့်မယ်"

ဟု အခါခါ တိုက်တွန်းခဲ့ဖူးသည်။ သို့သော် သူမက ဖိဖိခါ ငြင်းပယ်ရင်း ...

"နင်တို့ အထင်နဲ့ အရမ်းမပြောကြနဲ့... သူနဲ့ငါ အတူ သစ္စာဆိုခဲ့ကြတာ ... သူလည်း အိမ်ထောင်မပြုဘဲနေမှာ သေချာတယ်၊ ငါ သူ့ကို ယုံတယ်"

ဟုပင် အခိုင်အမာ ပြန်ပြောခဲ့သည်။ တစ်ယောက်နဲ့ တစ်ယောက် မပေါင်းရလည်း အဝေးကနေ တမ်းတ နေကြတာဟာ လှပတဲ့ အဓိပ္ပာယ်တစ်ခုပဲ မဟုတ်လားဟုပင် ကိုယ့်ကိုယ်ကို နှစ်သိမ့်ခဲ့ရသေးသည်။

ခုတော့ဖြင့် သူမကို အိမ်ထောင်ပြုဖို့ တိုက်တွန်းမည့် သူတွေလည်း မရှိတော့ပြီ ...။

သူမသည် တစ်နေ့တစ်နေ့ တရားစခန်းထောင်ခြင်း တရားရှိခိုးခြင်းအလုပ်ကိုသာ အဖန်တလဲလဲ လုပ်ဆောင်ရင်း



www.burmeseclassic.com

www.burmeseclassic.com



သေခြင်းတရားနှင့် တရွေ့ရွေ့နီးကပ်လာခဲ့ပြီဖြစ်သည်။ သူမ၏ အိပ်ရာကလေးပေါ်တွင် ဘေးတစောင်းလဲလျောင်းရင်း ပြတင်းပေါက်မှတစ်ဆင့် လှမ်းမြင်နေရသော နေရောင်ဖြင့် တောက်ပသည့် ကောင်းကင်၊ လရောင်ဖြင့် ဝင်းပသည့် ကောင်းကင်၊ လေညင်းဖြင့် တဖျပ်ဖျပ်လှုပ်သော အုန်းလက်များ ...၊ မိုးဖြင့် စိုစွတ်သော သစ်ပင်များ ...၊ နှင်းဖြင့် မှုန်ရီသော လရောင်တို့ကို ငြိမ်ငြိမ်သက်သက် ငေးကြည့်နေမိမြဲ ဖြစ်သည်။

ဆောင်းဦးပေါက် ညနေခင်းတစ်ခုတွင် ... သူမသည် နှင်းတွေကိုကြည့်လိုစိတ် ပြင်းပြလာတာမို့ အိပ်ရာထက်မှ အားယူထကာ ပြတင်းပေါက်ဆီသို့ တုန်ချိသောခြေလှမ်းများဖြင့် လျှောက်သွားခဲ့မိသည်။ ပြတင်းမှန်တွေက မှုန်ရီနေတာမို့ အရေတွန့်သောလက်များဖြင့် အသာအယာပွတ်လိုက်ပြီး မြေပြင်ဆီငုံ့ကြည့်လိုက်သည်။ နောက်တော့ သစ်ရွက်ကြွေကျနေတာကို အသာအယာငေးနေမိသည်။ ထိုခဏမှာ ချစ်သူကို ပြင်းပြင်းပြပြ သတိရလာခဲ့ပြီး ...

“ကျွန်မ ... သစ္စာရှိပါတယ်နော်”

ဟု တီးတိုးရေရွတ် လိုက်သည်။ သူမသည် ထိုညနေခင်းမှာပင် သစ်ရွက်ကြွေတွေကို ငေးကြည့်ရင်း သေဆုံးသွားခဲ့လေသည်။

မိန်းမတစ်ယောက်အတွက်တော့ အချစ်သည် အသ… တစ်ခုပင် ဖြစ်ပါသည်။



(၂)

သူသည် ... သူမကို ချစ်ခဲ့တာတော့ အမှန်ပင်ဖြစ်လေသည်။ ချစ်ခဲ့တာမှ တကယ့်ကို အရူးအမူးဖြစ်သည်။ သူ့ဘဝမှာ သူမမှလွဲပြီး ဘယ်သူ့ကိုမှ မချစ်နိုင်တော့ပါဘူးဟု ... ထိုအချိန်…တော့ အခိုင်အမာ ထင်မြင်ခဲ့တာဖြစ်သည်၊ သူ့ရဲ့ သစ္စာစကား…ဟာ လိမ်ညာစကားလည်း မဟုတ်ခဲ့ချေ။ သူက ... သူမကို ချစ်…ကားတွေလည်း တဖွဲ့တနွဲ့ ပြောခဲ့ဖူးသည်။ အားလုံး ရင်ထဲက…သာတဲ့အတိုင်း အမှန်တရားချည်းဖြစ်သည်။

“ရင်ခုန်ခြင်းဆိုတာကို ... မင်းနဲ့တွေ့မှပဲ ကိုယ် အ… အချာ ကြုံဖူးရတာပါ ...”

“ကိုယ်တော့ ... မင်းနဲ့သာ လွဲရရင် ရူးမှာပဲ ...”

“ကိုယ့်ဘဝကြီးမှာ ... မင်းသာ မရှိတော့ရင် ... အဓိပ္ပာယ်မှ ရှိတော့မှာ မဟုတ်ဘူး ...”



www.burmeseclassic.com

www.burmeseclassic.com



အဲဒီလိုစကားတွေကိုလည်း ထပ်ခါတလဲလဲ ပြောခဲ့ဖူးသည်။ သူမကလည်း ပြုံးပြုံးကလေး နားထောင်ရင်း ကျေနပ်လို့။ အဲဒီတုန်းကတော့ ကမ္ဘာလောကကြီးသည်ပင် အချစ်ကြောင့် သာယာသည်ဟု ထင်ခဲ့မိဖူးသည်။

သူတို့နှစ်ယောက် ခွဲရသည့်နေ့ကတော့ ... တကယ့်ကို ကြေကွဲစရာကောင်းသော နေ့တစ်နေ့ဖြစ်သည်။ ကမ္ဘာလောကကြီးတစ်ခုလုံး မျက်ရည်တွေ ဖုံးသွားသည်ဟုတောင် ထင်ရသည်။

အသည်းကွဲခါစကဆို ... သူ့မှာ စိတ်လေလွင့်ကာ ဘယ်လိုနေရမှန်းမသိအောင် ယောက်ယက်ခတ်နေသည်။ ခွဲခွာရသောနေ့က သူ့ကိုမျှော်ကြည့်ရင်း ကျန်ရစ်ခဲ့သော ... သူမ၏ မျက်နှာနွမ်းနွမ်းကလေးကို တသသ ကရုဏာသက်လို့မဆုံးနိုင်။ သွားပြီ ... သူ့ဘဝကြီးဟာ အဓိပ္ပာယ်မဲ့သွားခဲ့ပြီ။ ရှင်လျက်နဲ့ သေခဲ့ရပြီဟု ယူကြုံးမရ တွေးမိခဲ့ဖူးသည်။ အဲဒီလို ထိခိုက်နာကျင် ခံစားရသော အဖြစ်သည် ထုထည်ကြီးမားနိုင်ခဲ့သော သူ့ရင်ထဲက အချစ်ကြောင့် ဖြစ်သည်။ ဒါကိုလည်း ... သူက အကြွင်းမဲ့ ယုံကြည် လက်ခံထားလိုက်သေးသည်။

သို့သော် ... နောက်နှစ်အနည်းငယ်အကြာမှာတော့ ... အလုပ်တွေလုပ်ရင်း အောင်မြင်မှုတွေ ရလာသော သူ့ဘဝတွင် ထိုကိစ္စသည် တဖြည်းဖြည်း မှိန်ဖျော့လာခဲ့ရသည်။ သူသည် ယောကျ်ားတစ်ယောက်ဖြစ်သည်။ ယောကျ်ားတစ်ယောက်ထံတွင် ရှိအပ်သည့် လိုအပ်ချက်တွေအားလုံး သူ့မှာ ရှိနေခဲ့သည်။ သူသည် သဘာဝကို မဖီဆန်၊ အလိုက်သင့် လက်ခံခဲ့သည်။ ယောကျ်ား





တစ်ယောက်ထံတွင် ရှိနိုင်သမျှ အတ္တတွေ သူ့မှာရှိသည်။ သူ့ဘဝတွင် အလုပ်သည်သာ အရေးကြီးဆုံး ဖြစ်သည်။ ထိုအလုပ်၏ အောင်မြင်မှုတွေက ယောကျ်ားတစ်ယောက်၏ ဖြစ်တည်မှုကို ပိုပြီးလေးနက်စေသည်ဟု သူထင်သည်။ သူက အလုပ်ကြိုးစားသည်။ ငွေကို ခုံမင်သည်။ သာယာမှုကို နှစ်သက်သည်။ မိန်းမတွေကို စိတ်ဝင်စားသည်။ သူ့မှာ ဂုဏ်သိက္ခာရှိသလို ရမ္မက်တွေလည်း ရှိသည်။ သူသည် ဘဝကို ခြောက်ခြောက်သွေ့သွေ့ မဖြတ်သန်းလိုသော လူပီသသည့် ယောကျ်ားတစ်ယောက်လည်း ဖြစ်သည်။ ငွေရှိတာကြောင့်ပင် ... သူ့ဘဝသည် စိုတော့ စိုပြည်ခဲ့သားပင်။ သူလိုချင်တာတွေလည်း ရခဲ့သားပင်။ သို့သော် ... ကိုယ်ပိုင်မိသားစုတစ်ခု မရှိသေးတာကို သူက ဖြုန်းခနဲ သတိရသွားခဲ့သည်။ အဲဒါဟာ သူ့ဘဝအတွက် အဓိကကျသည့် လိုအပ်ချက်ထဲမှာ ပါဝင်ကြောင်း သူသိလာခဲ့ရသည်။

သူက ... မိန်းမတစ်ယောက်ကို ဇနီးမယားအဖြစ် ပိုင်ဆိုင်လိုသည်။ သားတွေ သမီးတွေ ဆူညံစည်ကားနေသော မိသားစုဘဝလေးကို လိုချင်သည်။ အမှန်တကယ်တော့ ... မိသားစုဘဝသည်လည်း ယောကျ်ားတစ်ယောက်၏ ဖြစ်တည်မှုကို ပိုပြီးလေးနက်စေသော မရှိမဖြစ်သည့် အကြောင်းအချက်တစ်ခုဖြစ်သည်။ [illegible]းစပ်နိုင်သော ချစ်သူတစ်ယောက်ကို တမ်းတရင်း အဖိုးတန်သည့် လူ့ဘဝကြီးကို အဓိပ္ပာယ်မဲ့ ကုန်ဆုံးသွားဖို့တော့ သူ့မှာ စိတ်ကူးမရှိချေ။ သူသည် အိမ်ထောင်ပြုကာနီးတွင် သူ့ကိုသူ ပြန်မေးခဲ့သည်။



www.burmeseclassic.com

www.burmeseclassic.com



"မင်းနဲ့သူ ... သစ္စာထားခဲ့ကြတယ် မဟုတ်လား၊ မင်းက သစ္စာဖောက်တော့မလို့လား"

ထိုအခါ သူ့အတ္တက ပြန်ပြောသည်မှာ ...

"ဘဝမှာ မိန်းမတစ်ယောက်ကို ချစ်ခဲ့မိရုံနဲ့ ကိုယ့်ဘဝ ကိုယ်သတ်ပစ်လိုက်ရတော့မှာလား ... အဓိပ္ပာယ် မရှိလိုက် တာ၊ အချစ်ဆိုတာ သက်ရှင်နေသရွေ့ ဘယ်တော့မှ မသေဘူး၊ တစ်ယောက်ကို ချစ်မိခဲ့လို့ ... နောက်တစ်ယောက် ကို မချစ်နိုင်တော့ဘူးဆိုတာလည်း သဘာဝမကျဘူး အချစ်တစ်ခုတည်း ကိုးကွယ်တဲ့သူဆိုတာ စိတ္တဇဆန်ဆန် ဖြစ်နေကြတဲ့သူတွေချည်းပဲ၊ လုံးဝ Normal မဟုတ်ဘူး လူဆိုတာ ဘဝမှာ လုပ်သင့်လုပ်ထိုက်တာအားလုံး လုပ်ရမယ်၊ ရှိသင့်ရှိထိုက်တာအားလုံး ဖြည့်ဆည်းပေးရမယ် ဒါမှ လူ့ဘဝဟာ အဓိပ္ပာယ်ရှိရှိ အသက်ဝင်နေမယ်"

အဲဒီနောက် ... လအနည်းငယ်ကြာသောအခါမှာ တော့ သူသည် သူချစ်သော မိန်းမတစ်ယောက်ကို လက်ထပ် ယူခြင်းဖြင့် သူ့ရဲ့မိသားစုဘဝကို စတင်လိုက်လေသည်။ နှစ်အတန် ကြာသောအခါ သူသည် ချစ်ရာကောင်းလှသည့်သားသမီးများနှင့် အတူ မိသားစုအသိုက်အမြုံကလေးထဲတွင် နွေးထွေးနေခဲ့ ဖြစ်သည်။

သူ့အတွက်တော့ လူ့ဘဝဆိုတာ ခုံမင်စရာကြီး ဖြစ်သည်။ အထီးကျန်ခြင်းဟာ အသက်တိုစေသည်ဟု သူကြား သည်။ သူကတော့ ... ဇနီးမယား၏ အယုအယ၊ သားသမီးများ





ကြင်နာမှုများဖြင့် ... လူ့ဘဝကြီးကိုကျေနပ်စွာ ဖြတ်သန်းလာခဲ့ သည်မှာ နှစ်တွေ ကုန်ဆုံးလာလို့တောင် ကုန်ဆုံးလာမှန်း မသိချေ။

ယခုအချိန်တွင် အဘိုးဘဝသို့ရောက်ခဲ့ပြီဖြစ်သော သူ့ကို သူ့မြေးများက တစ်ခါတစ်ရံ ချစ်စနိုး ကျီစယ်မေးခွန်း ထုတ်တတ်သည်မှာ ...

"ဘိုးဘိုးကြီး ... ဘွားဘွားကြီးက ပြောတယ်၊ ဘိုးဘိုးကြီး မှာ အဘွားအပြင် အချစ်ဦးတစ်ယောက် ရှိတယ်ဆို ..."

ထိုအခါ သူက တဟားဟား အော်ရယ်ရင်း ...

"ဟား ... ဟား ... အဲဒီတုန်းကတော့ အရူးအမူးပေါ့ကွာ၊ နောက်တော့လည်း ဘာမှမဟုတ်တော့ပါဘူး"

ဟု ပြေလျှင် သူ့ဇနီးအမယ်ကြီးက မျက်စောင်း တစ်ချက်တော့ ထိုးလိုက်မြဲ ဖြစ်လေသည်။

သူသည် သူ့ဘဝသူ ကျေနပ်စွာဖြင့် ဖြတ်သန်းရင်း သခြင်းတရားကိုပင် မေ့လျော့နေခဲ့မိသည်။

ယောကျ်ားတစ်ယောက်အတွက်တော့ အချစ်သည် ဘဝ၏ အစိတ်အပိုင်းတစ်ခုသာ ဖြစ်ပါသည်။


၂၀၀၃-ခုနှစ်၊ မတ်လ (နဝဒေး)



www.burmeseclassic.com

www.burmeseclassic.com

# ခြေသံများအကြောင်း



www.burmeseclassic.com

www.burmeseclassic.com

# ခြေသံများအကြောင်း

(၁)

♥ ♥ ♥

ဆောင်းနှောင်း ညနေခင်းတစ်ခုတွင် ... သူပိုင်ဆိုင်ရာ
တယ်သို့ တစ်ချိန်က သူအင်မတန် စွဲလမ်းချစ်မက်ခဲ့သော
း မတစ်ဦး ရောက်ရှိလာခဲ့လေသည်။ ထိုမိန်းမကို လှမ်းမြင်
က်ရချိန်တွင် ... သူ့ရင်ဘတ်ထဲက ငြိမ်သက်စပြုနေပြီဖြစ်သော
ုံးသားတစ်စုံသည် စည်းချက်ညီညီ ခုန်ပေါက်လာခဲ့ရသည်။

"ကိုယ်သိပ်ချစ်ပြီး ... မမျှော်မှန်းနိုင်ခဲ့တဲ့ မိန်းမတစ်ယောက်
ကို ကံကြမ္မာက ကိုယ့်ဆီ ဆိုက်ဆိုက်မြိုက်မြိုက် ပို့ဆောင်
ပေးလိုက်ပြီ"



www.burmeseclassic.com

www.burmeseclassic.com



သူက လက်ဖဝါးတွေချင်း တင်းတင်းကျပ်ကျပ် ဆုပ်ညှစ်ထားလိုက်ရင်း ခပ်တိုးတိုး ရေရွတ်လိုက်သည်။ ပြီးတော့ ဆုံလည်ကုလားထိုင်ပေါ်မှ စိတ်လှုပ်ရှားစွာ ထရပ်လိုက်သည်။ ဆုံလည်ကုလားထိုင် လှုပ်ရှားကျန်ခဲ့သလိုပဲ ....သူ့ရင်ခွင် တစ်ခုလုံး ပရမ်းပတာ ဖြစ်နေခဲ့သည်။ ကြည့်စမ်း ... ဒီမိန်းမဟာ ခုချိန်ထိ သူ့ကို ပြုစားနိုင်ဆဲ။ သူက အတွင်းကသာ မြင်နိုင်သော အညိုရောင် မှန်ချပ်တွေကို လက်ထောက်ကာ ကားပေါ်မှ ဆင်းမည့် ဆဲဆဲ သူမကို တိတ်ဆိတ်စွာစောင့်ကြည့်နေခဲ့သည်။ သူ လက်လှမ်း မမီခဲ့သော လက်လှမ်းမီနိုင်မည့်အချိန်မှာ ဝေးကွာခဲ့ပြီ ဖြစ်သော မိန်းမတစ်ယောက်ကို တိတ်တခိုး ငေးကြည့်နေရတာလောက် လွမ်းမောဆို့နင့်စရာကောင်းတာ ရှိမည်မထင်ပါ။ မာနတွေဖြင့် မောက်မာခဲ့သော သူမကတော့ ခုချိန်ထိ လှပဆဲ။ အဆင့်အတန်း မြင့်မားသော သရုပ်ကို မြင်သာစေသည့် အဆောင်အယောင် ... အဆင်တန်ဆာတွေကို ပိုင်ဆိုင်ဆဲ ...။ ဒီလို ကျက်သရေရှိ မိန်းမတစ်ယောက် ... သူ့ဟိုတယ်ကိုရောက်လာတာ သိပ် ဂုဏ်ယူ စရာကောင်းတာပဲ။ သူ့ဟိုတယ် ဂုဏ်တက်ဖို့သာ ရှိသည်။ ဒီညနေခင်းဟာ ဒီမိန်းမတစ်ယောက်ကြောင့်သာ မင်္ဂလာရှိသွား ခဲ့ရခြင်းဖြစ်သည်။ သူမက သူ့ကို မွန်းကျပ်မှုတွေထဲက ခေတ္တခဏ ဖြစ်စေ ဆွဲထုတ်ယူငင်သွားနိုင်သည်။

ဒီညနေ မတိုင်ခင်ကတော့ ... သူက ခြေသံများ၏ ခြောက်လှန့်မှုကို နေ့တဓူဝ ခံစားနေခဲ့ရသည်။ ကြိုတင်တွက်ဆ မထားခဲ့မိသော စက်ဆုပ်စရာများကို ရင်ဆိုင်နေရတာ ခါး





လွန်းပေစွ ...။ နိုင်ငံရပ်ခြားမှာ ဆယ်စုနှစ်တစ်စုနီးပါး ဘဝတစ်ခုလုံး မြှုပ်နှံကာ ယောကျာ်းတစ်ယောက်ရဲ့ဘဝမှာ အထင်သေးမခံရဖို့ အလိုအပ်ဆုံး ငွေကြေးကို သူ ရှာဖွေခဲ့ရသည်။ ကိုယ့်နိုင်ငံပြန် ရောက်ပြီး ဟိုတယ်တစ်ခု စတင်တည်ထောင်ခဲ့စဉ်ကတော့ ခြေသံတွေရဲ့ အငွေ့အသက်ကို သူ မခံစားခဲ့ရ။ ခုတော့ဖြင့် ... သူဟာ ခြေသံများစွာဖြင့် ယဉ်ပါးခဲ့ရပြီ။ နူးညံ့သိမ်မွေ့ပါလျက် ဦးတည်ချက် မမှန်သော ခြေလှမ်းတွေက သူ့စိတ်နှလုံးကို ချုံးချုံးကျစေခဲ့သည်။ မိန်းမတချို့အတွက် မိန်းမများစွာနှင့် ရင်းနှီးပတ်သက်ရမှာကိုတောင် သူ ကြောက်ရွံ့တတ်ခဲ့သည်။

ဟိုတယ်ဆင်ဝင်အောက်သို့ ထိုးရပ်လာသော ကားများ၊ ငယ်ရွယ်နုပျိုသော မိန်းမနှင့် သက်ကြားအိုယောကျာ်းများ၊ သက်ကြားအိုမိန်းမများနှင့် အမျိုးကောင်းသားများ။ ပြီးတော့ ... သူ အထင် ကြီးထားခဲ့သော အနုပညာလောကမှ လူများ။ ကြမ်းရှသော နုရွသော ခြေသံအမြောက်အမြားဟာ လေကားထစ်တွေကို သက်သေထားကာ ဖြတ်ကျော်သွားခဲ့ကြသည်။ ကိုယ့်သမိုင်းကို ကိုယ်ရေးကြသည်။

"ဆရာ ... အဲဒီကောင်မလေးကို ကျွန်တော် သိတယ်၊ ကျွန်တော်တို့ မြို့ကပဲ၊ ဒီမှာ ... သင်တန်းလာတက်နေတာ တဲ့ ... ခုတော့ ..."

"ဟာ ... ကြည့်စမ်း ... ဟိုမင်းသမီးမဟုတ်လား"

သူ့ဝန်ထမ်းတွေရဲ့ တအံ့တဩ ရေရွတ်သံတွေကြားတိုင်း သူ ဘာကိုမှန်းမသိ စိတ်တိုကာ အော်ဟစ်ငေါက်ငေါ်း ပစ်မိ



www.burmeseclassic.com

www.burmeseclassic.com



မြို့ဖြစ်သည်။ သူက လူတွေကို ယုံကြည်ချင်သည်။ အံ့ဩစရာကောင်းလောက်အောင် မျက်လှည့်ပြတတ်သော ကံဇာတ်ဆရာကို ကျိန်ဆဲချင်သည်။ တစ်ဆိတ်လောက် ကျေးဇူးပြုပြီး လောကရဲ့ သစ္စာတရားကိုပဲ သူ မြင်တွေ့ပါရစေဟု တောင်းပန်ချင်သည်။

သူ့ကမ္ဘာကတော့ ကျဉ်းသထက် ကျဉ်းလာခဲ့ပြီ ဖြစ်သည်။ မရှက်တတ်သော မျက်နှာတွေကို ဟိုတယ်ပြင်ပမှာ မြင်ရတိုင်း ... သူ အိုးတိုးအမ်းတမ်း မျက်နှာလွှဲမိသလောက် ... အဲဒီမျက်နှာတွေကတော့ သူ့ကို အတင်းအဓမ္မ လိုက်လံနှုတ်ဆက်တတ်သေးသည်။ သိပ်မျက်နှာပြောင်ကြတာပဲဟု စိတ်ချဉ်ပေါက်စွာ ရေရွတ်ရင်း ... သူ ချာခနဲ လှည့်ထွက်ရသည့်အကြိမ်တွေလည်း မနည်းတော့ပါ။

ယခုအချိန်မှာ ... သူတောင့်တမိတာက သူ့ဟိုတယ်သို့ လာရောက်တည်းခိုမည့် ဂုဏ်သရေရှိ မိန်းမများ ဖြစ်သည်။ ဥပမာ နယ်မြို့များမှဖြစ်စေ၊ စီးပွားရေးလုပ်ငန်းတစ်ခုခုအတွက် ရန်ကုန်ရောက်တိုင်း တည်းခိုမည့် မိန်းမများ ...။ သို့သော် ဒါကလည်း မျှော်လင့်စကောင်းသော အရာမဟုတ်ဟု စိတ်လျှော့တွေးချင်သည်။ ကဲ ... ခုတော့ ဘာပြောကြဦးမလဲ။ သူ့ဟိုတယ်ကို အင်မတန် ဂုဏ်သိက္ခာဖြင့် ပြည့်စုံသော မိန်းမတစ်ဦး ရောက်ရှိလာခဲ့ပြီ ...။

သူမဟာ ရန်ကုန်မှာပဲ ရှိနေခဲ့သလား။ ဒါမှမဟုတ် မန္တလေးမှာ ပြန်နေကာ ... ယခုမှ ရန်ကုန်ရောက်လာခြင်းလား စီးပွားရေးနယ်ပယ်ထဲမှာ ဂုဏ်သတင်း ကျော်ဇောခဲ့ပြီဖြစ်သော



သူမလို မိန်းမတစ်ယောက်ဟာ သူ့ဟိုတယ် အရုတ်အပြတ်ကလေးမှာ လာရောက် တည်းခိုသည့်အတွက် အင်မတန်မှ အားနာမိသေးသည်။ ဆောရီးပါ ဟန်နီ ...။

တကယ်ဆို သူမက သူ့ဟိုတယ်ကလေးနှင့် မလိုက်ဖက်အောင်ပင် ဂုဏ်ကျက်သရေများဖြင့် ဝံ့ကြွားနိုင်ခဲ့သူဖြစ်သည်။ သိပ်ချမ်းသာတဲ့ သူမရဲ့ မိဘများက ... သူမဘဝကို နေလို လလို ဝင့်ထည်စေသည်။ အဲဒီအတွက် ... သူနဲ့ ဝေးခဲ့ရတာ ဖြစ်သည်။ ရယ်စရာပြောရဦးမည်။ (ဟိုတုန်းကတော့ ကြေကွဲစရာပေါ့။) သူတို့အဖြစ်က သမားရိုးကျ မည်းပြာပုဆိုး ရုပ်ရှင်တွေထဲကလို သိပ်ချမ်းသာတဲ့ သူမ မိဘများက သူ့လို ခပ်မွဲမွဲ ငနဲနှင့်ခွဲလို့ ချစ်လျက်နှင့် ဝေးခဲ့ရတာတော့မဟုတ်။ သူမကိုယ်တိုင်က သူ့ကို အထင်မကြီးခြင်းဖြစ်သည်။ ဒါဆို ဘာလွှမ်းစရာကောင်းသနည်း။ လွှမ်းစရာကောင်းသော အကြောင်းရင်းရှိပါသည်။ အဲဒါကတော့ ... သူ့ရင်ထဲမှာ နက်နက်ရှိုင်းရှိုင်း တွယ်ငြိနှင့်ပြီးသော သူမအပေါ် ထားရှိသည့် ချစ်ခြင်းမေတ္တာ ဖြစ်သည်။ (အဲဒီလို ပြောမိတော့ သူမက လှောင်ပြောင်ထေ့ငေါ့သလို ခပ်ဟက်ဟက် ရယ်ခဲ့သေးသည်။)

ဂုဏ်သရေရှိ အထက်တန်းလွှာများနှင့်သာ မိတ်ဆွေဖြစ်လိုသော ... နောက်ဆုံးပေါ် ကားကိုသာ စီးလိုသော ... ကောင်းမှ ညွှန့်ပေ့ဆိုသည့် အရာများကိုသာ တပ်မက်မောသော သူမက သူ့လို လက်ဖလာကောင်ကို တုံ့ပြန်ခဲ့ပုံမှာ ပြန်ပြောလျှင် တော်တော် ရယ်စရာ ကောင်းဦးမည်။



www.burmeseclassic.com

www.burmeseclassic.com



"မိန်းမတစ်ယောက်ဟာ ... ကိုယ့်ဘ၀အတွက် အာမခံချက် မပေးနိုင်တဲ့ ယောကျ်ားတစ်ယောက်ကို ဘယ်လို ရူးမိုက် မှုမျိုးနဲ့ ရွေးချယ်မှာတဲ့လဲ ...။ မင်း နည်းနည်းလောက် ပြန်စဉ်းစားကြည့်လိုက်ပါဦး။ တကယ်ဆို ... အစကတည်း က ရွှေဘုံပေါ်မှာ စံချင်တဲ့ မိန်းမတစ်ယောက်ကို မော မကြည့်မိဖို့ သတိထားခဲ့ရမှာ ..."

အဲဒီစကားက ယောကျ်ားတစ်ယောက်ရဲ့ အတ္တကို တော်တော်ထိပါးစေသည်။ သူ ခံလိုက်ရသည်မှာ အလူးအလဲ။ အချစ်အတွက် ရူးမိုက်ချင်သော သူကိုယ်တိုင်ကတော့ သူမကို မမေ့နိုင်အောင် ချစ်မက်မိဆဲ။ သူမရဲ့ လှပ၀ံ့ကြွားမှုတွေကို ချောင်းကာမြောင်းကာ ခိုးကြောင်ခိုး၀ှက် ကြည့်မိမြဲ။ သူက ... ဘ၀ သစ်တစ်ခုကို စတင်ရန် နိုင်ငံခြားသို့ထွက်သွားပြီး နောက်ပိုင်းမှာ သူမရဲ့မိဘများဆုံးပါးသွားခဲ့ပြီး စီးပွားရေးအခြေအနေ ပျက်ယွင်း သွားခဲ့သည်ဟု သတင်းအစအန ရခဲ့သေးသည်။ သို့သော် ... အရည်အချင်းအပြည့်ရှိသော သူမက စီးပွားရေးကို ပြန်လည် ထူမတ်နိုင်ခဲ့သတဲ့။ ဒါဟာလည်း ... သူ အထင်ကြီးမိသော အချက် တွေထဲက တစ်ချက်ဖြစ်သည်။ သူမဟာ ခပ်ညံ့ညံ့မိန်းမ မဟုတ် ဟု ယုံကြည်ထားခဲ့သည်မှာ ယခု သူ့ရှေ့မှောက်သို့ သူမ ရောက် မလာခင်အချိန်အထိ ဖြစ်သည်။

သူ စိတ်လှုပ်ရှားစွာ ပင့်သက်ဖြာရင်း ငေးကြည့် နေမိဆဲမှာပဲ သူမက ကားပေါ်မှ ဆင်းလာခဲ့သည်။ ပြီးတော့ ... နေကာမျက်မှန်အနက်ကို ချွတ်သည်။ အဲဒီမျက်မှန်ကပဲ အိုင်း





တန်မည်။ လှိုင်းတွန့်ဖွာဖွာ ဆံပင်တွေက ဟိုတုန်းက ဆံပင် ဖြောင့်ဖြောင့်ရှည်ရှည်တွေထက် ဆွဲဆောင်မှု ရှိနေသလိုပဲ။ ဆယ်... နှစ်တွေ ကြာခဲ့တာတောင် သိပ်လှနေတုန်း။

သူမရဲ့ ခြေလှမ်းဖြောင့်ဖြောင့်တွေက ... သူ့ဟိုတယ် ဝဆီသို့ ခပ်မှန်မှန် လှမ်းလာခဲ့ပြီ။ သူ ဘာလုပ်ရမှာပါလိမ့်။ သူက ပျာယာခတ်သွားကာ မှန်ချပ်များအနီးမှ ခွာလိုက်သည်။ လက်ဖ၀ါးတွေချင်း တင်းတင်းကျပ်ကျပ် ဆုပ်ထားသည်။ လက်တွေ တောင် အေးနေပြီ။ သူ့စိတ်လှုပ်ရှားမှုဟာ တော်ရုံမဟုတ်တော့။ ပိုပြီး ဆိုးတာက တဒိတ်ဒိတ်ခုန်ကာ ဗလောင်ဆူနေသော ... သူ့နှလုံးသားဖြစ်သည်။ ကဲ ... ခုတော့ သူတို့ ပြန်ဆုံကြရပြီ။ သူ့အနေအထားဟာလည်း သူမ လက်ခံနိုင်ကောင်းသော အနေ အထား ဖြစ်လောက်ပါရဲ့။ ဟိုတုန်းကလို အထင်သေး မနေပါ စေနဲ့။ သူ ... တိုးတိုးလေး ဆုတောင်းလိုက်သည်။

ဘာလုပ်ရမလဲ ... ဘာလုပ်ရမလဲ ...။ သူ ဒီရုံးခန်း ထဲမှာထိုင်ပြီး သူမကို တိတ်တိတ်ခိုးကြည့်နေရဦးမှာလား ...။ အပြေး ဆီးကြိုလိုက်ချင်ပေမယ့် လူက အူကြောင်ကြောင်ကြီးဖြစ်နေ သည်။ သူမအတွက် ခံစားမှုတွေ သိပ်များသွားပြီ။

မဖြစ်ဘူး ... ဒီလို ဘာသိဘာသာနေလို့မဖြစ်။ သူ့ ခန်းနေဂျာကို လှမ်းခေါ်ကာ ... သူမကို အထူးတလည် ခရီးဦးကြို ဖို့ အကောင်းဆုံးအခန်းကို စီစဉ်ပေးဖို့ ညွှန်ကြားရမည်။ ပြီးမှ သူ့မျက်နှာကို ဘွားခနဲ သူမမြင်ကာ အံ့အားသင့်စေချင် တော့ ... ထူးကဲတဲ့ ပျာပျာသလဲ ဖြစ်မှုတွေအတွက်



www.burmeseclassic.com

www.burmeseclassic.com



ဖြစ်ပါစေဦး။ သူ ပြုံးထေ့ထေ့လုပ်ရင်း အင်တာကွန်းခလုတ်ကို လှမ်းနှိပ်လိုက်သည်။

"ဟော့ ကျွော်ဖော ... အခန်းအခြေအနေ ဘယ်လိုလဲကွ၊ Superior Room ကျန်သေးလား"

"မကျန်တော့ဘူး အစ်ကို"

ဘုရားသခင် ...။ သူ အကျပ်ရိုက်သွားသည်။ ချက်ချင်းကြီး သွေးဆောင့်တိုးကာ ခေါင်းတွေ ကိုက်ချင်သလို ဖြစ်လာသည်။

"မနက်က တစ်ခန်းကျန်သေးတယ် မဟုတ်လား၊ ဝမ်းအို ဖိုးလေ ..."

"အဲဒီအခန်းကို နေ့လယ်ကဝင်လာတဲ့ ချာတိတ် ယူထားတယ်လေ အစ်ကို ..."

"ချာတိတ် ... ဘယ်က ချာတိတ်လဲ၊ ခပ်တေတေ ဒီဇိုင်းနဲ့ ငနဲလေးလား၊ ဒီကောင်က ဈေးအကြီးဆုံး Superior ကို ယူတယ်ဟုတ်လား"

"ဟဲ ... ဟဲ ... ဟဲ ... ဆရာကလည်း သူလည်း တစ်ခါ တလေ ပွပေါက်တိုးတဲ့အချိန်မို့လို့ နေနိုင်တာ ဖြစ်မှာပေါ့"

"ဟာကွာ ... တကယ့်ပြဿနာပဲ"

"ဘာဖြစ်လို့လဲ အစ်ကို ... ကျွန်တော် ဘာလုပ်ပေးရမလဲ"

"အခုပဲ ... ကိုယ့်မိတ်ဆွေ အမျိုးသမီးတစ်ယောက် ရောက် လာတယ်၊ ပွင့်ပွင့်လင်းလင်း ပြောရရင် ... တစ်ချိန်က ကိုယ်သိပ်ချစ်ခဲ့ရတဲ့ အမျိုးသမီးပေါ့ ...၊ သူ့အတွက်





အခန်းစီစဉ်ပေးရမယ်ကွာ၊ သူ အခု ရီဆက်ရှင်မှာ ရောက် နေလောက်ပြီ၊ မင်း သွားပြီး သေသေချာချာ ဧည့်ဝတ် ပြုကွာ ..."

"အခန်းတစ်ခန်းတော့ ရှိသေးတယ် အစ်ကို ... ရိုးရိုး တစ်ယောက်ခန်းပဲ"

"သူက ... အဲဒီလို အခန်းမျိုး လိုချင်မယ် မထင်ဘူး ကျော်ဖော၊ ဒါပေမယ့် ညှိကြည့်ဦးပေါ့ကွာ၊ ပြီးရင် ကိုယ့် ကို အကျိုးအကြောင်း လာပြော၊ ခုတော့ ... ကိုယ် သူနဲ့ တွေ့ဖို့ နည်းနည်းအားမွေးလိုက်ဦးမယ်"

တစ်ဖက်မှ ရယ်သံ သဲ့သဲ့ ကြားလိုက်ရသည်။ သူ သိပ်ပြီး ပျာယာခတ်နေပြီထင်သည်။ သို့သော် မရှက်ပါ။ ဒါဟာ ပင်ကိုရိုးဖြစ်စဉ် ခံစားမှုတစ်ခု။ လူတိုင်း သူ့နေရာရောက်လျှင် သူလိုမဖြစ်ဘူးဟု ဘယ်သူ ပြောနိုင်သလဲ ...။

သူက စီးကရက်ကို ရှိုက်ဖွာရင်း သူ့မန်နေဂျာ ဝင်လာမည့် ရုံးခန်းဝဆီ စိုက်ကြည့်စောင့်မျှော်နေသည်။ အခန်း အဆင်မပြေဘူးဆိုလျှင် သူကိုယ်တိုင် ထွက်တွေ့တောင်းပန်ပြီး ဒီမှစကာ အဆုံးသတ်ခဲ့သော ဇာတ်လမ်းတစ်ခုသို့ ရှေ့ဆက် ဆက်သွင်းဖို့ ကြိုးစားရမည်။ ဒါဟာ ... သူ့ရဲ့ အကြီးမားဆုံး မျှော်လင့်ချက်တစ်ခုဖြစ်သည်။ သူက ကိုယ်ကို အနည်းငယ် ထိကာ နက်(ခ်)တိုင်ကို ဆွဲဆန့်ပြုပြင်လိုက်သည်။

ခဏအကြာမှာတော့ ရုံးခန်းတံခါး ပွင့်ဟလာပြီး မန်နေဂျာ ဝင်လာခဲ့သည်။ သူက သူ့မန်နေဂျာရဲ့ မျက်နှာကို



www.burmeseclassic.com

www.burmeseclassic.com



အငမ်းမရ ဖတ်ရှုလိုက်သည်။ ဘုရားသခင် ... သူ့မန်နေဂျာရဲ့ မျက်နှာဟာ ဘာအတွက်ကြောင့်များ သွေးဆုတ်ဖြူရော်နေရတာပါလိမ့်။ အင်မတန် လူမှုဆက်ဆံရေး ကျွမ်းကျင်လိမ္မာကာ ရင်ထဲက ဘာဖြစ်ဖြစ် သရုပ်ပါပါ ပြုံးပြဟန်ဆောင်တတ်သော မန်နေဂျာရဲ့ မျက်နှာဟာ ညိုမည်းပြီ့ကွဲနေသည်။ အခန်းမပေးနိုင်ရုံနဲ့တော့ ဒီလောက်မဖြစ်သင့်ဘူး ထင်သည်။

"ဘယ်လိုလဲ ... အဆင်ပြေရဲ့လား၊ သူက ရှိတဲ့အခန်းမှာပဲ နေမယ်တဲ့လား ..."

သူ အလျင်စလို မေးလိုက်မိသည်။ အားနာရွံ့ထိတ်သော မျက်နှာထားနှင့် သူ့ရဲ့နှုတ်ဖျားက စကားလုံးတွေ အစီအစဉ်မကျစွာ ခုန်ထွက်လာသည်မှာ ...

"ဟို ... နေ ...၊ အဲ ... မနေပါဘူး ဆရာ ..."

"ဟင် ... ဒါဆို ... သူ ပြန်တော့မယ်ပေါ့၊ ကိုယ် ... အခုပဲ သွားတွေ့ ..."

"ဆရာ ..."

မန်နေဂျာရဲ့ တိုးဖွတုန်ယင်သော ခေါ်သံက သူ့ခြေလှမ်းတွေကို တုံ့ဆွဲလိုက်သည်။

"ပြောလေ ... ဘာပြောမလို့လဲ"

"သူ ... မပြန်သေးပါဘူး ဆရာ"

"မင်းပြောတာ ကိုယ်မရှင်းဘူး"

မန်နေဂျာက တံတွေးတစ်ချက် မျိုချလိုက်သည်။





စကားတစ်လုံး ပြောထွက်ဖို့ အင်မတန် အားမွေးနေပုံရသည်။ ပြီးမှ တစ်ဖက်သို့ မျက်နှာလွှဲကာ ခပ်မြန်မြန်ပြောချလိုက်သည်။

"သူ ... အခန်းယူပြီးသားပါ၊ ဝမ်းအိုဖိုးမှာပါ"

"ဝမ်းအိုဖိုးမှာ ..."

သူ သံယောင်လိုက်၍ ခပ်တိုးတိုး ရေရွတ်မိဆဲမှာပဲ မန်နေဂျာက ချာခနဲ လှည့်ထွက်သွားခဲ့ပြီ။ သူ ခပ်ကြောင်ကြောင် ငိုက်သက်သွားသည်မှာ ဘယ်လောက်ကြာသည် မသိ။ အဲဒီနောက် သူ့မျက်နှာကို လက်ဖဝါးဖြင့် ခပ်ကြမ်းကြမ်း ပွတ်ပစ်လိုက်ပြီး ကုလားထိုင်ပေါ် အရုပ်ကြိုးပြတ် လဲပြိုသွားသည်။

အိုကွာ ... ဒီကိစ္စဟာ ဘယ်လိုမှ မဖြစ်နိုင်ဘူး၊ သူက သေခါနီးဆဲဆဲ ဆန့်ငင်ဆန့်ငင် လူတစ်ယောက်ရဲ့ ကယောင်ကတမ်းအပြောမျိုးဖြင့် ကံကြမ္မာကို ဆင်ခြေပေးလိုက်သေး၏။



www.burmeseclassic.com

www.burmeseclassic.com

(၂)

အဲဒီ အဖြစ်အပျက်ရဲ့ နောက်ပိုင်းကာလတွေမှာတော့ သူက နေ့စဉ်နဲ့အမျှ လိုအပ်ချက်တွေအကြောင်းကို စဉ်းစားတတ်ခဲ့ပြီဖြစ်သည်။

မိန်းမတစ်ယောက်ရဲ့ လိုအပ်ချက် ...။

ယောကျ်ားတစ်ယောက်ရဲ့ လိုအပ်ချက် ...။

သူမအား မေတ္တာဖြင့် လိုအပ်ခဲ့သော ယောကျ်ားတစ်ယောက်ကို မလိုအပ်ခဲ့သော မိန်းမ။ ငွေကြေးကိုသာ လိုအပ်ခဲ့သော မိန်းမတစ်ယောက်ရဲ့ လိုအပ်ချက်က ဘယ်အရာနည်း ...။

အဲဒီမေးခွန်းတွေကို သူ့အတွက် အဖြေပေးခဲ့သည်က ခြေသံများဖြစ်သည်။ ခြေသံများက လိုအပ်ချက်များအကြောင်းကို သူ့အတွက် သင်ကြားပေးခဲ့သည်။ ရိုးသားသည်ဟု ယူဆ





ရသော နွမ်းပါးသည့် မိန်းမငယ်တို့၏ ခပ်ဖွဖွခြေသံများ။ ဥစ္စာပြည့်စုံ၍ ဂုဏ်သိက္ခာရှိလှပါသည်ဆိုသော အမျိုးသမီးတို့၏ ခပ်ရှရှခြေသံများ။ အဲဒီခြေသံများက သူ့လှေကားထစ်များပေါ်မှာဖြတ်သန်းရင်း မိန်းမတွေကို မယုံကြည်ဖို့ သူ့ကို သင်ကြားပေးခဲ့သည်။ ယုံကြည်စရာမကောင်းသော ယောကျ်ားတွေကိုအထင်မကြီးဖို့ နမူနာပြခဲ့သည။

ငွေကြေး၊ သာယာမှု၊ လိုအပ်ချက်၊ ဂုဏ်သိက္ခာဟူသော မကြားရသည့် အသံများစွာက သူ့ဟိုတယ်ရဲ့ အနီးတစ်ဝိုက်မှာ ပဲ့တင်ထပ်မျှ ဖုံးလွှမ်းနေခဲ့ပြီ။ အချိန်ကာလများစွာပင်ပန်းဆင်းရဲခြင်း များစွာဖြင့် ကျားကုတ်ကျားခဲ ထူထောင်ခဲ့ရသော ဘဝတစ်ခုကို ခြေသံများက နေ့စဉ်နဲ့အမျှ ရွတ်ချသရော်ခြင်းခံနေရတာလောက် တုန်လှုပ်နာကျင်စရာကောင်းတာရှိမည်မထင်ပါ။



www.burmeseclassic.com

www.burmeseclassic.com

(၃)

♥ ♥ ♥

ပြာရီသော မိုးကောင်းကင်မှ မိုးမွှားကလေးတွေ ကျလာတာကို ငေးကြည့်နေခဲ့သော လူရွယ်လေးသည် တိတ်ဆိတ်ဝပ်တွားနေသော ခြေသံများလွှမ်းမိုးရာ အဆောက်အအုံကို နောက်ဆုံးအကြိမ်အဖြစ် လှမ်းကြည့်ခဲ့လေသည်။ လိုအပ်ချက်များကို ဖြည့်ဆည်းပေးရာ ခြေသံတစ္ဆေ အခြောက်ခံခဲ့ရသော ဒီအဆောက်အအုံကို မက်မောတွယ်ငြိသည့်စိတ်များလည်း … ပှိုဝေးဝေးကို လွင့်ထွက်သွားခဲ့ပြီ။ သူ ထိုနေရာကို ချာခနဲ ကျောခိုင်းလိုက်ကာ ခြေလှမ်းသစ်များကို စတင်လိုက်သည်။

ခုချိန်မှာ … သူ့အတွက် အလိုအပ်ဆုံးအရာက စိတ်ဝိညာဉ်ရဲ့ သန့်ရှင်းဖြူစင်မှုတစ်ခုသာ ဖြစ်ပါသည်။

၂၀၀၀-ခုနှစ်၊ ဒီဇင်ဘာလ (သ



www.burmeseclassic.com

www.burmeseclassic.com

# ၄၅–၅၀

## (၁)

♥ ♥ ♥

မနက်ဖြန်သည် ... မောင့်အသက် ၄၅ နှစ် ပြည့်
[illegible]မွေးနေ့ ဖြစ်ပါသည်။

မောင့်မွေးနေ့တွင် ကျွန်မ နည်းနည်းလေး[illegible]
[illegible]ပ်လက် ကြည်သာမရှိပါ။ ၄၅ နှစ် ... ၄၅ နှစ် ... ဟူ[illegible]
[illegible]ာန်းက ကျွန်မဦးနှောက်ထဲတွင် အချက်ပေးခေါင်းလောင်း[illegible]



www.burmeseclassic.com

www.burmeseclassic.com



ကို ဆွဲညှုဲစွာ လှုပ်ခတ်စေပါသည်။ ကျွန်မစိတ်ထဲတွင် မောင့်ကို လူပျိုကလေးတစ်ယောက်လို ထင်မြင်လာသည်။ မောင့် အပြောင်းအလဲများကို နှိုက်၍ စောင့်ကြည့်ဖို့ လိုအပ်လာပြီ။ စိတ်ကစားလူပျိုပေါက်လေးတစ်ယောက်ကို မိခင်က ထိန်းကွပ်သလို မောင့်ကို ကျွန်မ ထိန်းရတော့မည်ဆိုတာ အလိုလိုသိနေသည်။ နောက်ပြီး ကျွန်မကိုယ်ကျွန်မလည်း နုသထက်နုအောင် အစွမ်းကုန် ပြင်ဆင်ဖို့ လိုအပ်လာပါပြီ။

"ခင်ရေ … လာပါဦးကွ၊ မောင့်နောက်ဖေးမှာ ဆံပင်ဖြူ တစ်ချောင်းတွေ့ပြန်ပြီ၊ နည်းနည်းလောက် ကူပါဦး ကျွတ် … ဒီလောက် ဆေးဆိုးထားတာတောင် ဒီဆံပင်ဖြူ ကျန်နေသေးတယ်"

မှန်ရှေ့တွင် ရပ်နေသော မောင့်ကို ကျွန်မ တရားခံကြည့်ကြည့်ကာ အနားကပ်သွားသည်။ မောင်က ခုတလော သိပ်လှချင်၊ နုချင်နေတာ … ကျွန်မ သိပ်သိသပေါ့။ ကြည့်ပါ လား … နောက်ကြည့်မှန်၊ ရှေ့ကြည့်မှန်တွေကြားမှာ ဗျာများ ဆံပင်ဖြူတစ်ချောင်းအတွက် ပျာယာခတ်နေလိုက်သည်မှာ လူပျို ပေါက်ကလေး အပြင်ထွက်ခါနီး ဆံပင်သနေတာထက်ပင် ဆိုးသေး သည်။ ကျွန်မနှင့် ရည်းစားဖြစ်ကာစ လူပျိုဘဝကတောင် … မောင် ဒီလောက် ဣန္ဒြေမရ မဖြစ်ခဲ့ပါ။ အဲဒီအချိန်တုန်းက မောင်ဟာ မိန်းကလေးတစ်ယောက်ရဲ့အထာကို မညက်။ အတွေ့အကြုံ ကျွန်မကို ရည်းစားစကားပြောမည့်အရေးကိုတောင် ရှက်ရွံ့နေ နေခဲ့သေးသည်။ ပြောဖြစ်ပြန်တော့ အထစ်ထစ်အငေါ့ငေါ့နှင့်





တုန်ယင်နေခဲ့သည်။ အဲဒီအချိန်တွင် မောင့်မှာ ရိုးသားမှုတွေ ရှိသည်။ ရှက်ရွံ့မှုလည်း ရှိသည်။ မိန်းကလေးတစ်ယောက်ကို ဘယ်လိုဆွဲဆောင်ရမည်ဆိုတာလည်း မောင် မကြေညက်။ ခုတော့ ဖြင့် မောင်သည် အရာရာတွင် လည်ဝယ်ရင့်ကျက်သော၊ အတွေ့ အကြုံအပြည့်ရှိသော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့လေပြီ။ ပါဝါ နည်းနည်းပါသော မျက်မှန်တစ်လက်နှင့် ပုံ့ပုံ့ရွရွစပြုသော ဝမ်းဗိုက် နှင့် ဟိုတစ်ပင် ဒီတစ်ပင် ဖြူစပြုနေသော ဆံပင်များကိုဖယ်၍ကြည့် လျှင် မောင့်တွင် ဇရာအရိပ်အယောင် သိပ်မပြသေးပါ။ သို့သော် မောင်ဟာ မငယ်တော့ဘူး။ ဒါကို မောင် သတိထားမိဖို့ကောင်းပြီ။ ကျွန်မက မောင့်ဆံပင်ဖြူကို ကူနုတ်ပေးဖို့ မောင့်အနားကပ်မိလျှင် ရေမွှေးနံ့ တထောင်းထောင်းက ကျွန်မရဲ့ အာရုံထဲ အလုံးအရင်း ပြေးဝင်လာသည်။ ဘုရားရေ … မွှန်လှချည့် …။

"အမယ်လေး … မွှေးလိုက်တာ လွန်ပါရောရှင်၊ အိမ်နေ ရင်းကို …"

"အိမ်နေရင်းကော … ဘာဖြစ်သလဲကွာ၊ မွှေးရနံ့ဆိုတာ လူ့စိတ်ကို ကြည်လင်တက်ကြွစေတယ်ကွ"

မောင်က သူ့ခေါင်းကိုငုံ့ကာ ဆံပင်ကို စမ်းကာ စမ်းကာဖြင့် လူငယ်လေးလို လန်းဆန်းတက်ကြွစွာ ပြောပါသည်။

"မှန်း … ဘယ်မလဲ ရှင့်ဆံပင်ဖြူ၊ ဒီဆံပင်ဖြူလေး တစ်ချောင်း နှစ်ချောင်းကို ဇာချဲ့နေတယ်၊ မနုတ်ဘဲ ထားတော့ရော ဘာဖြစ်မှာမို့လို့လဲ၊ ကျွန်မခေါင်းမှာဆို နှစ်ချောင်းတောင် မကဘူး၊ မအားလို့ မနုတ်ဘဲ ထားထား



www.burmeseclassic.com

www.burmeseclassic.com



ရတာ၊ သြော် ... မနက်ဖြန် ရှင် ၄၅-နှစ်ပြည့်မှာနော် ... မေ့နေသလားလို့"

ကျွန်မ မောင် မေ့နေမည်စိုး၍ ဇရာကို ကြေညာလိုက်ပါသည်။ မောင်ဟာ မငယ်တော့ဘူး၊ ရင့်ကျက်တည်ငြိမ်သင့်နေပြီ။ ဒါကို မောင် အမြဲသတိရနေဖို့ အရေးကြီးသည်။ သို့သော် ကျွန်မရဲ့ပစ်မှတ်က တလွဲဖြစ်သွားသည်။

"မမေ့ပါဘူးကွ ... ဟဲ ... ဟဲ ... အသက် ၄၀ မှာ ဘ စတာဆိုတော့ ကိုယ့်ဘဝစတာ ငါးနှစ်ပဲ ရှိပါသေးတယ် လေ ..."

မြတ်စွာဘုရား ... မောင့်အယူအဆက တလွဲပါလား မောင်ဟာ သူ့ကိုယ်သူ အသက်တစ်နှစ်ကြီးလာပြီဟု ရင့်ကျ သံဝေဂယူဖို့ နည်းနည်းလေးမှ စဉ်းစားမိပုံမပေါ်သေးပါ။ ဟင်း ... ရင်လေးပါရဲ့ကွယ် ...။ ကျွန်မက သက်ပြင်းတစ်ချက် ချ မောင့်အနာဂတ်ကာလ ငါးနှစ်အတွက် ပို၍ ရင်လေးလာပါသည်။

"ဒီမှာ ... ဒီမှာလေကွာ ... ဒီမှာ တစ်ပင်နုတ်ပါဦး ... ကိုယ့်လက်နဲ့ မမီလို့ ..."

မောင်က သူ့ဆံပင်ဖြူတွေထဲမှာပဲ feel အ ကျန်တာတွေအပေါ် အာရုံမထားနိုင်ပါ။ သူ့နောက်က ကျွ မျက်နှာအပြောင်းအလဲကိုလည်း မရိပ်မိပါ။ ကျွန်မကသာ ... နောက်စေ့ကို မယုံသင်္ကာ စောင့်ကြည့်နေပါသည်။ ကျွ နားအေး ပြီးရော ဆံပင်ဖြူတွေကို ဇက်ခနဲဇက်ခနဲ နုတ်ပေး



သော်လည်း ကိစ္စက မပြီးသေးပါ။ အပြစ်က ကျွန်မအပေါ် ပုံကျလာသည်။

"ကျွတ် ... ကျွတ် ... နာလိုက်တာကွာ၊ ဘယ်လိုများ နုတ်လိုက်တာလဲ၊ ကြမ်းတမ်းလိုက်တာ လွန်ရော၊ နည်းနည်းလေးမှ နူးညံ့ညင်သာမှုမရှိဘူး၊ မင်းတို့မိန်းမတွေများ အသက် ကြီးလာပြီဆို စိတ်ကတို ... ပစိပစပ်က များ ... နည်းနည်းလေးမှ ချိုသာပျောင့်ပျောင်းမှု မရှိဘူး၊ စိတ်ကုန်ပါရဲ့ကွာ ..."

ဘုရား ... ဘုရား ... ပြင်းထန်လိုက်တဲ့ တိုက်စစ်။ သူ့ကျတော့ ဘဝစတာ ငါးနှစ်၊ သူနှင့်ရွယ်တူ ကျွန်မကျတော့ အသက်ကြီးလာလို့တဲ့။ မောင့်အမြင်တွေ ဝါးတားတား ဖြစ်နေပြီ။

"ကိုယ့်ကိုယ်ကို ဘယ်လောက်ပဲ သသ ... ကိုယ့်စိတ်ကို ဘယ်လောက်ပဲ လှည့်စားလှည့်စား ... ဇရာကို ညာလို့ မရဘူးရှင့်၊ သူက အချိန်တန်ရင် ရောက်လာမှာပဲ၊ ပုံ့ပုံ့ ရှုနေတဲ့ ရှင့်ဗိုက်ကို တစ်နေ့တစ်ခါ မှန်မှန် ငုံ့ကြည့်၊ မျက်မှန်မပါဘဲ တစ်ရက်လောက် ရုံးသွားကြည့်၊ အဲဒါဆို ရှင် အမှန်ကို သိလာလိမ့်မယ်"

မောင်က မှုန်ကုပ်ကုပ် ငြိမ်ကျသွားသည်။ ခဏကြာမှ မျက်နှာထား တည်တည်နှင့် ...

"ကဲ ... ခဏနေ ကိုယ် ရုံးသွားတော့မယ်၊ ဝတ်ဖို့ ထုတ်ပေးခဲ့ဦး ..."

"အဲဒီမှာ အသင့်ပဲ ... ခုနကတည်းက ထုတ်ထားပြီးသား



www.burmeseclassic.com

www.burmeseclassic.com

ကဲ ... ရှင့်ကိစ္စပြီးရင် ကျွန်မ သွားတော့မယ်၊ မီးဖိုထဲမှာ ဟင်းအိုးတန်းလန်းနဲ့ ..."

ကျွန်မ စိတ်လေးလေးနှင့်ပင် အလုပ်ဆက်လုပ်နေပြီး မကြာခင်မှာပင် မောင်က ရုံးသွားဖို့ အသင့်ပြင်ဆင်ပြီး မနက်စာ စားဖို့ ထမင်းစားခန်းထဲသို့ ဝင်လာပါသည်။ ရုတ်တရက် ရေမွှေးနံ့များ မွှန်ထူသွားသဖြင့် မောင် ဝင်လာပြီဆိုတာ လှည့်မကြည့်ဘဲ သိနေသည်။ လှည့်ကြည့်မိသောအခါ ကြော့ကြော့ကလေး ရပ်နေသော မောင့်ကို တွေ့ရလေသည်။ စတိုင်လ်ဘောင်းဘီ အရောင်နုနုနှင့် ပါတိတ်ရှပ်ပွပွကို ဝတ်ထားတာ တွေ့လျှင်ပင် ကျွန်မ မျက်ခုံးပင့်မိကာ ...

"ဟင် ... ခုန ကျွန်မ ထုတ်ပေးခဲ့တာ ဒါတွေ မဟုတ်ပါဘူး"

"မင်းထုတ်ပေးထားတဲ့ စပို့ရှပ်က ဗိုက်နေရာက ကျပ်နေတော့ ဗိုက်ပူတာ ပေါ်လွင်ပြီး အရုပ်ဆိုးတယ်ကွ၊ အဲဒါကြောင့်၊ ဘောင်းဘီကလည်း အရောင်ရင့်လို့ လဲဝတ်လာခဲ့တာ ..."

"အဲဒီဘောင်းဘီက မလျှော်ရသေးဘူးလေ ..."

"ရပါတယ်ကွာ ... တစ်ခါတလေ ထပ်ဝတ်တာပဲ ဘာမှ မဖြစ်ပါဘူး၊ ဒီအကျီနဲ့ အရောင်အဆင်ပြေတာ ... ဒီဘောင်းဘီ တစ်ထည်ပဲရှိတဲ့ဥစ္စာ ..."

"ရှင် သိပ်လှချင်နေပါလား၊ သားတောင် ရှင့်လောက် မလှချင်ဘူး၊ ရှင်နော် ... ရုတ်ရုတ် ... ရုတ်ရုတ်လုပ်မယ်တော့ မကြံလေနဲ့"





"မင်းကလည်းကွာ ... မယုံသင်္ကာစကားတွေ ပြောမနေစမ်းပါနဲ့၊ ဒီအရွယ်ရောက်နေမှပဲ စိတ်ချထားစမ်းပါ"

အဟင်း ... ဟင်း ... အဲဒီအရွယ်တွေပေါ့ရှင် ... အဲဒီအရွယ်တွေပေါ့၊ ကျွန်မက မောင်မသိအောင် တဟင်းဟင်း ရယ်သွေးသွမ်းလိုက်ပါသည်။

လွန်ခဲ့တဲ့ အနှစ်နှစ်ဆယ်လောက်ကပေါ့ရှင် ...၊ ရှင်တို့အရွယ်ယောကျ်ားတွေနဲ့ ကျွန်မ ကြုံခဲ့ရတာလေ ...။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

♥ ♥ ♥

ခင်ဆိုတဲ့ အသက်နှစ်ဆယ်အရွယ် မိန်းကလေးဟာ ကိုယ့်ကို အလွန်အမင်း ဂရုတစိုက် ပျာယာခတ်ပြနေသော ကို ထက် အသက်အစိတ်လောက်ကြီးသော ဂုဏ်သရေရှိ ပုဂ္ဂိုလ်ကြီး ကို သံသယဝင်ရကောင်းမှန်း မသိအောင်ပင် နုံအခဲ့ပါသည်။

"သမီး ... ဦး ဘာလုပ်ပေးရမလဲ၊ အကူအညီလို ပြောနော်၊ ဦးကို လုံးဝအားနာစရာ မလိုဘူးနော်"

အဲဒီပုဂ္ဂိုလ်ဟာ ကျွန်မကို သမီးဟု တဖွဖွခေါ် ပါးစပ်ဖျားက မချ။ ဘယ်သွားချင်လဲ ... ကားနဲ့လိုက်ပို့ဖို့ တပြင်ပြင်။ ဘာလိုချင်လဲ ... အပြေးဝယ်ပေးဖို့ အသင့်။ အ အရွယ်နှင့်မလိုက်အောင် ကဗျာဆန်ဆန် စကားမျိုးစုံဖြင့် နှပ်ရတာလည်း မမောနိုင် မပန်းနိုင်။ ရိသဲ့သဲ့ ကဗျာတွေ





ယူလာပြလိုပြဖြင့် နည်းမျိုးစုံ ဗျူဟာမျိုးစုံဖြင့် တိုက်စစ်ဆင်ခဲ့ခြင်း ဖြစ်သည်။ ခင်သည် ဘယ်လောက် ရိုးအ,လိုက်သလဲဆိုရင် ...

"သတိထားနော် ... နင့်အပေါ် ဒီလူကြီး မရိုးဘူး"

ဟု သတိပေး လာသူများကိုပင် ...

"ဟဲ့ ... အားနာစရာ ... အရမ်းမပြောပါနဲ့၊ ငါ့အပေါ် မရိုးရအောင် ... သူ့မှာ မိန်းမရှိသားပဲ"

"ငနံမရဲ့ ... အဲဒီလို ယောကျ်ားမျိုးကမှ ပိုဆိုးတာ သိရဲ့လား၊ သူတို့က အတွေ့အကြုံ ရင့်ကျက်ပါးနပ်နေပြီ၊ မိန်းကလေးတစ်ယောက် သူတို့ဘက် ဘယ်လိုပါအောင် နူးရ နှပ်ရမယ်ဆိုတာ နှောကြေပြီးသား ...၊ နင် ဝေးဝေးက ရှောင်တာ အန္တရာယ် အကင်းဆုံးပဲ"

အမှန်ပါပဲ ... သူမ အရှောင်မြန်လို့သာ အန္တရာယ် ကင်းခဲ့ခြင်းဖြစ်သည်။ အဲဒီနောက်မှာတော့ သူမသည် ထိုကဲ့သို့သော ယောကျ်ားများကို ရှောင်တိမ်းတတ်လာလေသည်။ သူမထက် သည်ဝယ်ပါးနပ်သော သူငယ်ချင်းက သင်ခန်းစာ ပေးသည်မှာ ...

"အဲဒီလို ၄၀-ကျော် ၄၅-တစ်ဝိုက် ငါးဆယ်မပြည့်တပြည့် ယောကျ်ားတွေဟာ ဒီလိုပဲ ခင်ရဲ့ ... ဒီအရွယ်ဟာ သူတို့ရဲ့ ဒုတိယအရွယ်နဲ့ တတိယအရွယ်ကြား စပ်ကူးမတ်ကူးကာလ မှာ ... ဒုတိယဝေဒနာတစ်စခန်းထတဲ့အရွယ်ပဲ၊ တကယ့် တကယ်ကျတော့ သူတို့ရဲ့အခြေကျပြီးသား အိမ်ထောင် ကြီးကိုစွန့်ဖို့ သတ္တိသိပ်ရှိတာ မဟုတ်ပါဘူး၊ အရေး



www.burmeseclassic.com

www.burmeseclassic.com



တာက သူတို့ဇနီးတွေ အထိန်းကောင်းဖို့နဲ့ ငါတို့အရွယ်တွေ တန်ဆာခံမဖြစ်ဖို့ပဲ ...”

မှန်လိုက်တဲ့ စကားရှင်။ ကျွန်မအတွက် ခရီးမှာ အဲဒီစကားတွေက အဖိုးတန်လှသည်။ မောင်နှင့် လက်ထပ်ပြီး မောင် ၄၀ ကျော်လာလေ ... ကျွန်မအတွက် ပူပန်မှုက များလေ

ကျွန်မ သိတော့ပါကွယ် ...

တစ်ချိန်က ... ကျွန်မ ကြုံခဲ့ရတဲ့ ယောကျာ်းတွေကို မိတ္တူဆွဲလိုက်ရင် ကျွန်မယောကျာ်းဆိုတဲ့ မိတ္တူပွားကလေး ထွက်လာမယ်ဆိုတာလေ ...။



(၃)

မောင် ဘယ်လိုပဲ ဟန်ဆောင်ပါစေ ... မောင့်ရဲ့ သွက်လက်တက်ကြွမှုများက ဖုံးဖိမရပါ။ အိမ်လည်လာသော သမီးရဲ့သူငယ်ချင်းများနှင့် အရောတဝင်ရှိပုံများ ... သမီးကဆောင် မျက်စောင်းထိုးယူရပါသည်။ မောင့်ဆံပင်တွေဟာ အရင်ကထက် ပိုပြီး နက်ပြောင်တောက်ပလာသည်။ သူ့ရုံးက စာရေးမလေးများ ရှေ့တွင် ဟန်ပါပါ ပခုံးတွန့်ပြ လက်ဖြန့်ပြသော အကြိမ်ရေ စိပ်လာတာကို တစ်ခါကြည့်လိုက်ရုံနှင့် ရိပ်မိနိုင်သည်။ မတ်တပ် ရပ်တာကအစ ခြေဖဝါးလေးထောင်ကာ ကြော့ကြော့ကလေး ရပ်တတ်လာသည်။ သမီးတို့ စကားနှင့်ပြောရလျှင် မောင် ‘ဝဲ’ လာတာ သိသိသာသာ။ တစ်ခါတစ်ရံ Power မျက်မှန် တတ်ကာ နေကာမျက်မှန်နှင့် ရှိုးထုတ်တတ်ပြန်သေးသည်။ သူ



www.burmeseclassic.com

www.burmeseclassic.com



ဓိုက်ပုတာ လူမြင်မှာ အသေကြောက်ပြီး ပါတိတ်ရှပ်တွေ သူ့သဘောနှင့်သူ လေးငါးထည် ဝယ်ချလာသည်။ အိမ်လည်း သိဝ်မကပ်ချင်။ ကပ်ဖြိန့်လျှင်လည်း CD ကက်ဆက်ကြီးကို အသားကုန်ဖွင့်၍ လိုက်ဆိုလိုဆို၊ နံရံပေါ်က သူ့သမီးသာသာ မင်းသမီးလေးတွေပါသော ပေါ်ရှိကို စီးကရက်ဖွာရင်း စိမ်ပြေနပြေ မျက်လုံးမှေးစင်းကြည့်နေတာများတော့ … မမြင်ချင်မှ အဆုံး။ ခွေငှားလာလျှင်လည်း Romantic မှ ကြည့်လျှင်လည်း အနုလုံပဋိလုံ စူးစူးစိုက်စိုက်။ သမီးကတောင် …

"မာမိနော် … ဒယ်ဒီကြည့်ရတာ အရင်ကလို မဟုတ်ဘူးနော် … ကြည့်ပြောဦး"

ဟု ပြောရသည့်အဖြစ်။

ကျွန်မကတော့ ကြိုတင်မျှော်လင့်ထားပြီးသားဖြစ်၍ ထူး၍မတုန်လှုပ်။ မောင့်ကွယ်ရာမှာသာ ကျိတ်၍ပြုံးရင်း ၄၅-၅၀ ရဲ့ သဘာဝကို နားလည်မှုပေးထားလိုက်သည်။ ပြီးတော့ … ကျွန်မ ဘာလုပ်သင့်သည်ဆိုတာ ကျွန်မ နားလည်ပြီးသားဖြစ်သည်။

# (၄)

♥ ♥ ♥

မောင့်ကို သူ့ကုမ္ပဏီမှ ကောင်မလေးနှင့် သတင်းသဲ့သဲ့ ကြားချိန်တွင် … ကျွန်မက လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုကို စလုပ်ပါသည်။ ထိုအလုပ်မှာ ကျွန်မကိုယ်ကျွန်မ ရှိရင်းစွဲအသက်ထက် ငါးနှစ်ခန့်ငယ်သည်ဟုထင်ရအောင် ပြုပြင်ခြင်းဖြစ်သည်။ ဆံပင်ကို နှစ်ပတ်ရှိ မထုံးတော့ဘဲ ပုံသွင်းကာ နောက်ဘက်တွင် အပွင့်ကားကားလေးဖြစ်အောင် ကောက်ပြီး အလစ်လုလုနှင့် ညှပ်ထားလိုက်သည်။ မျက်နှာကိုလည်း သနပ်ခါးအစား မိတ်ကပ်ပါးပါး ဖို့၊ နှုတ်ခမ်းနီပါးပါး ဆိုး၊ မသိမသာ ပြောင်းလဲရပါသည်။ ဒါဟာ … မိန်းမတစ်ယောက်အတွက် ထူးဆန်းစရာ မဟုတ်။ လုပ်သင့်လုပ်ထိုက်သော အလုပ်တစ်ခုဖြစ်သည်


ဖူညင် စာအုပ်တိုက်
www.burmeseclassic.com

www.burmeseclassic.com



ဟု ကျွန်မ ခံယူပါသည်။ ကိုယ့်ယောကျ်ားရဲ့ အာရုံဝင်စား ကိုယ့်ဘက်မှာရှိနေအောင် ဂုဏ်သိက္ခာရှိစွာ ဆွဲဆောင်ခြင်းဖြစ်သည်။ ဒါဟာ ဘယ်အရွယ် အိမ်ရှင်မမျိုးမဆို လိုအပ်သည်။

ကျွန်မက ကိုယ့်ကိုယ်ကို ပြင်ဆင်ရင်း တစ်ဖက် သတင်းကိုလည်း နားစွင့်ထားရသေးသည်။ ကျွန်မ အထူးသတိထား ရမည်မှာ မောင့်ရှေ့တွင် ပွဲမကြမ်းမိဖို့ ...၊ မောင် စိတ်ကုန်မည့် အပြုအမူ အပြောအဆိုမျိုးကို ရှောင်ရှားဖို့ ...၊ မောင်က နူးညံ့ ညင်သာမှုကို (ခုမှပို၍) လိုချင်မက်မောလာသူဖြစ်၍ မောင့်အထာ ကို ညက်နေအောင် နားလည်သော ကျွန်မက 'ရှင်၊ ကျွန်မ' အသုံးအနှုန်းတွေကို မသိမသာပြင်ဆင်ကာ စကားကိုနူးညံ့ချိုသာစွာ ပြောရပါသည်။

အိမ်သို့ ကောင်မလေး အတော်များများ အသံ မောင့်ထံသို့ ဖုန်းဆက်လာလျှင် ... ကျွန်မက အရင်ဦးအောင် ပြေးကိုင်ကာ ...

"ဟဲလို ... ဘာကိစ္စများ ရှိလို့ပါလဲကွယ် ... မက ဦးမင်း ဇနီးပါ၊ မှာစရာရှိရင် မှာနိုင်ပါတယ်"

ဟု ဒိုင်ခံပြောပေးခြင်း၊ မောင့်ကုမ္ပဏီသို့ ခဏ လိုက်၍ မျက်နှာပြခြင်း၊ မောင်နှင့်အတူတွဲ၍ ပွဲလမ်း သို့ သွားခြင်းတို့ကို စိမ်ချက်တစ်ခုလို အာရုံစူးစိုက်၍ ဂုဏ်သ လုပ်ရပါသည်။ အဲဒီနည်းဖြင့် မောင့်ရဲ့ ကဗျာဆန်ဆန် အာရုံ မှုများကို ထိန်းချုပ်ပေးရလေသည်။





အရင်ကနှင့်မတူဘဲ လှပတင့်တယ်သော၊ နူးညံ့ချို သာလာသော သူ့ဇနီးကို မြင်ရပါများသောအခါ မောင်က ... ကျွန်မ ကို အရေးတယူ ရှိလာပါသည်။

"အင်း ... အဲဒီလိုနေစမ်းပါကွ ... မဆိုးဘူး၊ မင်းဝတ်ထားတဲ့ အင်္ကျီပုံလေး လှတယ်"

ဟု အသိအမှတ်ပြုလာသည်။ အဲဒီအခါ ... ကျွန်မက ကျိတ်၍ကျိတ်၍ပြုံးကာ ... "အဲဒါ ၄၅–တိုက်စစ်စီမံကိန်းလေ" ဟု စိတ်ထဲမှ ရယ်ချင်ပက်ကျိ ပြောမိလေသည်။

သို့သော် မောင့်ရဲ့ သူငယ်နာက လုံးဝကင်းစင်မသွား သေးပါ။ တစ်ညတွင် မောင် အလုပ်လုပ်နေသော စားပွဲနောက် သို့ ကျွန်မ တိတ်ဆိတ်စွာချဉ်းကပ်သွားခဲ့သည်။ မောင်က ကျွန်မ ရောက်နေတာကို မသိဘဲ တစ်စုံတစ်ရာတွင် စိတ်ဝင်စားနေသည်။ မောင် စိတ်ဝင်စားသောအရာမှာ ဓာတ်ပုံကလေးတစ်ပုံ ဖြစ်သည်။ ဒါကို မောင်က စာအုပ်ကြားထဲညှပ်ကာ (အမေ မသိအောင် ရည်းစားခိုးထားရရှာသော လူပျိုပေါက်ကလေးလို) ခိုးကြောင် ခိုးဝှက်ကြည့်နေသည်။ ကောင်မလေးတစ်ယောက်ပုံဆိုတာ အတပ် သိသော်လည်း ... ကျွန်မ ပွဲမကြမ်းပါ။ အသာအယာပြုံးရင်း မောင့်အနီးမှ တိတ်တဆိတ် ပြန်ထွက်လာခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၅)

♥ ♥ ♥

နောက်တစ်ပတ်ခန့်ကြာလျှင် မောင့်ကုမ္ပဏီတွင် ဓာတ်ပုံပိုင်ရှင် ကောင်မလေး ရှိမနေတော့ပါ။

"ဦးကို ... မီး အမြဲသတိရနေမယ်နော် ..."

ဟု ပတ်ချွဲနပ်ချွဲ စာကြောင်းကလေးကို ဓာတ်ပုံ နောက်တွင် ရေးပေးခဲ့သေးသော ထိုကောင်မလေးကို သုံးလစာ ပေး၍ ကျွန်မ အလုပ်ထုတ်ပစ်လိုက်သည်မှာ မောင်ပင် မသိစေရပါ။ ကောင်မလေးကို ငွေပုံပေးကာ နှုတ်ပိတ်ခဲ့သည့်အပြင် ...

"မ ယောကျ်ားနဲ့ ရှေ့ဆက်ပတ်သက်ရင် ... သမီးအ[illegible] ကွဲမှာ သေချာတယ်ဆိုတာကိုတော့ ... မ သတိပေး[illegible] ပါရစေ"





ဟု အချိုသတ် ခြိမ်းခြောက်ခဲ့သေးသည်။ ဒီကိစ္စတော့ လွယ်လွယ်ကူကူဖြေရှင်းလို့ ပြီးပါသည်။

အဲဒီရက်ပိုင်းအတွင်း ... မောင် မှိုင်တွေကျနေမှု များ ... အခုမှ အသည်းကွဲပြီးစ လူပျိုလေးလို ဆွေးဆွေးမြေ့မြေ့ ရှိလှသည်။ အရှိန်တက်နေတုန်းတော့ နေပါစေဦး ...။ ကျွန်မ မသိချင်ယောင်ဆောင်နေလိုက်သည်။

မောင့်ရဲ့ အသည်းကွဲကာလအတွင်းမှာ ကျွန်မက မောင့်ကို ပို၍ဂရုစိုက်ပြသည်။ ပြီးတော့ ... ကျွန်မတို့မိသားစု လေးယောက်ဓာတ်ပုံကို ပုံကြီးချဲ့ကာ ... အိမ်က မောင့်အလုပ်ခန်းထဲ တွင်တစ်ပုံ၊ ကုမ္ပဏီက အလုပ်ခန်းထဲတွင်တစ်ပုံ ချိတ်ဆွဲပေးခြင်း ဖြင့် မောင့်ရဲ့အသိစိတ် ပြန်လည်လာအောင် မသိမသာ ဖြားယောင်း ရပါသည်။ ကျွန်မ အောင်မြင်ပါသည်။ တစတစ ဝေဒနာသက်သာ လာသော မောင်သည် သူ့အပေါ် ဂရုစိုက်ချိုသာလှသော ... အရင်ကထက် ပိုလှလာသော သူ့မဟေသီ ကျွန်မကို ကျေးဇူးတင် သော၊ တောင်းပန်ရိပ်စွက်သော မျက်ဝန်းများဖြင့် ကြည့်ကြည့် လာပါသည်။

သာသာယာယာ ရှိလှသော နေ့လယ်ခင်းတစ်ခုတွင် ကျွန်မက မောင့်ဆံပင်ဖြူတချို့ကို မနာကျင်အောင် သတိထား၍ ခပ်ဖွဖွနုတ်ပေးရင်း မသိမသာ စကားစလိုက်ပါသည်။

"မောင်ရေ ... ခင်ဖြင့် ကိုယ့်ဘဝကို သိပ်ကျေနပ်တာလား[illegible] ခင့်ဘဝမှာ မြတ်နိုးတွယ်တာစရာ ခင်ပွန်းနဲ့ [illegible] ချစ်သမီးနဲ့ ဘယ်လောက်ပြည့်စုံလိုက်သလဲ[illegible]

www.burmeseclassic.com



ပြည့်စုံတဲ့ အသိုက်အမြုံလေး ပျက်စီးသွားစေမယ့် အလုပ်မျိုးတော့ ... ခင်ဖြင့် ယောင်လို့တောင် မလုပ်ပါဘူးကွယ်"

"မောင်လည်း ခင့်လိုပါပဲကွာ ... ဒီအသိုက်အမြုံလေး မပြိုကွဲရအောင် မောင် ထိန်းသိမ်းမှာပါ"

"ခင် ယုံပါတယ် မောင်ရဲ့ ... ခင် စိုးရိမ်တာတစ်ခုပဲရှိတယ်"

"ဘာများလဲ ခင် ..."

"မောင် စိတ်ကစားမှာကိုလေ ..."

ကျွန်မက ပြောပြီး တဟင်းဟင်း ရယ်သွမ်းသွေးလိုက်လေသည်။ ဒီလိုဖြစ်ရပ်မျိုး ... နောက်ထပ် မပေါ်ပေါက်ရအောင် မောင့်အသက် ငါးဆယ်ဝန်းကျင်တစ်ဝိုက်အထိ စီမံကိန်းတစ်ခု ဆွဲကာ စဉ်ဆက်မပြတ် စောင့်ကြည့်ရပါဦးမည်။ သတိဆိုတာ ပိုတယ်မရှိ။

၁၉၉၉–ခုနှစ်၊ မေလ (အပျို)





ပဝါတစ်ကမ်းနှင့်လွမ်း

www.burmeseclassic.com

www.burmeseclassic.com

# ဝဝါတစ်တမ်း အလွမ်း

(၁)

♥ ♥ ♥

တစ်ဦးကိုတစ်ဦး ချစ်မြတ်နိုးခဲ့ကြသော ချစ်သူနှစ်ဦး င် တစ်သက်တာ အမှတ်ရစရာ အချိန်ကာလတစ်ခုတော့ ရှိခဲ့ ိမ့်မည်။ ထိုချစ်သူနှစ်ဦးသည် အကြောင်းအမျိုးမျိုးကြောင့် ကွာသွားကြသည်ဖြစ်စေ … ပေါင်းသင်းရသည်ဖြစ်စေ … ချစ်သူ ဝ အဦးအစဆီက အချိန်ကာလတစ်ခုခုကိုတော့ … တသသ မ်းဆွတ်တတ်ကြစမြဲ ဖြစ်ပါသည်။

www.burmeseclassic.com

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com



ဦးပိန်တံတားပေါ်သို့ ကျွန်မ ပထမဦးဆုံး ခြေချ သောချိန်မှာ နှင်းတွေ ဝေနေသော ဒီဇင်ဘာနံနက်ခင်းတစ်ခုတွင် ဖြစ်သည်။ အညာရဲ့ ဆောင်းလေပြင်းက တစ်ချက်တစ်ချက် ခပ်ကြမ်းကြမ်း ဝှေ့တိုက်နေသော်လည်း ကျွန်မက ရာသီဥတုကို မငြိုငြင်ခဲ့မိပါ။ တံတားရဲ့အောက်ခြေ မြေပြင်က သွေ့ခြောက်ထား ရောကင်းမဲ့လျက်ရှိသည်။ ခပ်ဝေးဝေးက မယ်ဇယ်ပင်တန်းတွေသည် ကျွန်မအတွက်တော့ အထူးအဆန်းတစ်ခုဖြစ်သည်။ မယ်ဇယ်ပင် ကို ကျွန်မ မမြင်ဖူးခဲ့ပါ။ ဟောဒီလို သစ်လုံးတိုင်ထူ၍ သစ်သား များဖြင့် တည်ဆောက်ထားသော တံတားတစ်ခုခုပေါ်မှ ကျွန်မ မဖြတ်သန်းဖူးပါ။ တစ်မျှော်တစ်ခေါ် ကျယ်ဝန်းသည့် ဟောဒီ အင်းမျိုးကိုလည်း ကျွန်မ မမြင်ဖူးခဲ့ပါ။ အညာဆောင်းကိုလည်း ကျွန်မ မထိတွေ့ဖူးပါ။ သို့သော် ဟောဒီ ဦးပိန်တံတားအကြောင်း ကိုတော့ ကျွန်မ သိသင့်သလောက်သိသည်။ ပုဂံမင်း၏ မြို့စား ဦးပိန်က အင်းဝနန်းတော်ဟောင်းက သစ်များဖြင့် ဦးပိန်တံတား ကို နှစ်နှစ်ကြာ တည်ဆောက်ခဲ့ရသည်။ မူလတိုင် ၉၈၄ ထိုး ရှိပြီး နောက်တော့ ၁၀၈၆ တိုင်သာ ရှိခဲ့သည်။ အရှည် ၃၉ ပေရှိပြီး ရေလွှမ်းစဉ်က အခန်းအချို့ပျက်စီးခဲ့သည်ဆိုတာ ကျွန်မ ဖတ်ဖူးသည်။ ခပ်ဝေးဝေးမှာ လှမ်းမြင်နေရသည့် တောင်သမာ အင်းစောင်းက မယ်ဇယ်ပင်တန်းတွေကို ရေချမ်းဒကာ 'ဦးကြီး ဒေါ်အို'တို့က စိုက်ပျိုးခဲ့သည်ဆိုတာကိုလည်း ကျွန်မ မှတ်သား ဖူးခဲ့သည်။

ဦးပိန်တံတားပေါ်မှာ လျှောက်နေရသော ...





အချိန်ကာလလေးလောက် ကျွန်မစိတ်ကို လတ်ဆတ်ကြည်လင် စေတာမျိုး ကျွန်မဘဝမှာ မကြုံခဲ့ဖူးပါ။ မန္တလေးသည် ကျွန်မ အတွက်တော့ ဆန်းသစ်လှပသည်။ ဂုဏ်ယူဖွယ်ရာ မြို့တစ်မြို့ လည်း ဖြစ်သည်။ မြေပြန့်မြို့ဆီကနေ တောင်တွေကို ခပ်နီးနီး လှမ်းမြင်ရခြင်းက ကျွန်မကို အံ့ဩဆန်းကျယ်စေသည်။ သမိုင်း တွေကို ပွေ့ပိုက်ထားရသောမြို့။ မသိမမီခဲ့ပြီဖြစ်သော ... ဤမြေ ပေါ်မှာ ဖြစ်ပွားပေါ်ပေါက်ခဲ့သည့် အဖြစ်အပျက်များကို မြင်ယောင် လွမ်းဆွတ်စေသောမြို့လည်း ဖြစ်သည်။

ကျွန်မသည် လတ်ဆတ်အေးမြသည့် ဆောင်းလေ ကို ရှိုက်၍ရှူရင်း ကျွန်မနံဘေးက ယောကျ်ားတစ်ယောက်ကို ခိုးမသာ ငုံ့ကြည့်မိလေသည်။ သူသည် ကျွန်မအတွက်တော့ လူချင်း ခပ်စိမ်းစိမ်းရှိကာ စိတ်ချင်း ရင်းနှီးနေသော ယောကျ်ား တစ်ယောက်ဖြစ်သည်။ အမှန်ကိုဝန်ခံရလျှင် ကျွန်မစိတ်တွေ လတ်ဆတ်ကြည်လင်နေရခြင်းအကြောင်းများထဲတွင် ကျွန်မနံဘေး မှာ သူရှိနေခြင်းကလည်း အရေးပါသော အကြောင်းအချက်တစ်ခု ဖြစ်ပါသည်။ သူ ရှိနေခြင်းကြောင့် ဟောဒီ တံတားနှင့်တကွ တံတားဝန်းကျင်က ရှိရှိသမျှ အရာရာသည် လိုတာထက်ပို၍ လှပနေခဲ့ပြီး ပို၍ပို၍ စိတ်ဝင်စားစရာတွေဖြင့် ပြည့်နှက်နေတာများ ဟု တွေးရင်း ကျွန်မ ရှက်ရှက်နှင့် ပြုံးမိရသေးသည်။ ကိုယ့်ကို စိတ်ဝင်စား၍ ကိုယ်ကလည်း စိတ်ဝင်စားသော ယောကျ်ား တစ်ယောက်နံဘေးမှာ ရှိနေခြင်းဟာ မိန်းမတစ်ယောက်ကို ပီတိ တစ်မျိုး ပေးစွမ်းနိုင်သလားဟုပင် ကျွန်မ တွေးမိသည်။



www.burmeseclassic.com

www.burmeseclassic.com



အမှန်တကယ်တော့ ... ကျွန်မတို့နှစ်ယောက်သည် ကိုယ့်စိတ်ဝင်စားမှုတွေကို အတတ်နိုင်ဆုံး ဖုံးဖိကာ တစ်ဦး၏ အရိပ်အခြေကို တစ်ဦးက မသိမသာ စောင့်ကြည့်နေခဲ့ရတာ ဖြစ်သည်။ ကျွန်မက သူပြောသမျှ၊ ပြုမူသမျှကို မကြည့်သလိုလိုနှင့် နိုးကြည့်ကာ စိတ်ထဲမှာ ဝေဖန်လျက်ရှိပြီး သူကလည်း ကျွန်မ ဘာလုပ်ချင်သည်၊ ဘယ်သွားချင်သည်ဆိုသည့် အရိပ်အကဲကို ကြည့်ကာ အဆင်သင့်ဖြည့်ဆည်းပေးဖို့ရှိနေရင်းကပင် သိပ် ပျာယာခတ်ရာ မရောက်အောင် ဣန္ဒြေကြီးဆယ်လျက်ရှိသည်။

အဖော်များက ရှေ့မှ သွားနှင့်ကြပြီး ကျွန်မတို့နှစ်ယောက်ကတော့ ဘယ်သူက ဘယ်သူ့ကို စောင့်သည်ဆိုတာ တိတိကျကျမပြောနိုင်ဘဲ နောက်နားကျကျမှာ ခပ်ခွာခွာ၊ ခပ်ဖြည်းဖြည်း လျှောက်လျက်ရှိသည်။ သူ ... ကျွန်မကို ချစ်နေခဲ့သလားဟု ကျွန်မ အကြိမ်ကြိမ် တွေးကြည့်မိဖူးသည်။ သူနှင့် ကျွန်မသည် တစ်မြို့စီကွာဝေးစွာ နေကြသူများမို့ မကြာခဏ တွေ့ဆုံအကဲခတ်ခွင့်လည်း မရခဲ့ပါ။ သို့သော် သူ သတိဇေး ဖုန်းဆက်တတ်တာ၊ ကျွန်မတို့ မြို့သို့ရောက်တိုင်း ကျွန်မဆီ အပြေးအလွှား ရောက်လာတတ်တာတွေဟာ ဘာကြောင့်များပါ လိမ့်။ ကျွန်မ ကိုယ့်ကိုယ်ကိုတော့ အထင်မကြီးရဲခဲ့ပါ။ ကျွန်မ အထင်မှားခဲ့လျှင် ကျွန်မသာ အရှက်ရလိမ့်မည်။ ကျွန်မ သူ့ကို သတိရ လွမ်းဆွတ်နေခဲ့တာတွေကို သူမသိအောင် ကျွန်မ လျှို့ဝှက် ထားရဦးမည်။ သူ ကျွန်မကို ချစ်သည်ဆိုတာ မသေချာသေးသရွေ့ ဖြစ်သည်။





ကျွန်မတို့သည် တံတားအလယ်နား ထိုင်ခုံအနီးသို့ ရောက်သောအခါ ပန်းချီဆေးအနက်သုတ်ထားသော စက္ကူပြား ပေါ်တွင် ဘရိတ်မားလေးဖြင့် ခြစ်၍ ပန်းချီရေးခြယ်နေသူတစ်ဦး ကို တွေ့ရလေသည်။

"ခဏလေးနော် ... ကျွန်တော် ကြည့်ချင်လို့"

သူ့အပြုအမူက ကျွန်မကို အံ့သြဆန်းကြယ်စေသည်။ သူသည် ထိုပန်းချီဆရာရဲ့ရှေ့တွင် အတန်ကြာသည်အထိ ရပ်တန့် ကာ ပန်းချီကား ရေးခြယ်ပြီးသည်အထိ စိတ်ဝင်တစား စောင့်ကြည့် နေခဲ့တာဖြစ်သည်။ ကျွန်မ တအံ့တသြ မေးခဲ့မိသည်။

"ရှင် ... ပန်းချီဝါသနာပါလားဟင်"

"အင်း ... ဘယ်လိုပြောရမလဲ ... ပန်းချီနဲ့တော့ သိပ်မနီးစပ် ပါဘူး၊ ဒါပေမယ့် ကျွန်တော် အလေးထားတယ်၊ ခံစား တတ်တယ်၊ အနုပညာဖန်တီးမှုကို ကျွန်တော် နှစ်သက် ပါတယ်"

ကျွန်မ တကယ်ပင်ကျေနပ်သွားခဲ့ရပါသည်။ သူ့ကို ကျွန်မထင်တာက သူသည် အနုပညာကို မခံစားတတ်သော လက်တွေ့သမားသက်သက်ဖြစ်သည်။ သူသည် လုံ့လဝီရိယစိတ်ကူး ကောင်းတတ်သူဖြစ်သည်။ သို့သော် ... သူ့ရဲ့အတွင်းစိတ်ကို ကျွန်မ မြင်လိုက်သည်။ ကျွန်မက အနုပညာသာရှိပြီး လက်တွေ့ ကျသောသူများကို မနှစ်သက်ပါ။ လက်တွေ့ကျလွန်းပြီး အနုပညာကို မခံစားတတ်သော၊ အထင်သေးချင်သောသူမျိုး



www.burmeseclassic.com

www.burmeseclassic.com



လည်း မလိုလားပါ။ သူကတော့ လက်တွေ့ကျကျ အလုပ်လုပ်သူ ဖြစ်သော်လည်း အနုပညာကို အလေးထားသူဖြစ်သည်။

ကျွန်မတို့ ဆက်လျှောက်လာကြသောအခါ မကြာခဏ ရပ်တန့်လျက် သစ်လုံးတိုင်တွေကို ကိုင်ကြည့်တတ်သော တံတားကြမ်းခင်းကို မကြာမကြာ ငုံ့ကြည့်တတ်သော ကျွန်မကို သူက အလိုက်တသိပင် စကားစခဲ့ပါသည်။

"ဦးပိန်တံတားအကြောင်း သိမယ်ထင်တယ်နော် ... ကျွန်တော် ပြောပြဖို့ လိုဦးမလား မသိဘူး"

"ကျွန်မက မသိတာတချို့တော့ ရှိသေးတယ်၊ ဒီတံတားကို ဆောက်ခဲ့တဲ့ ဦးပိန်အကြောင်း ... ရှင်သိရင် ပြောပြပါလား"

"ဦးပိန် ... အင်း ... အဲဒီတုန်းကတော့ မောင်ပိန်ပေါ့၊ သူက ပုဂံမင်းလက်ထက်တုန်းက မြို့ဝန်ဘိုင်ဆပ်ရဲ့ တပည့် မြို့စာရေးလေးပေါ့၊ သူ့ရာဇဝင်က သိပ်တော့ မကောင်းဘူးဗျ၊ သူက မြို့ဝန်ဘိုင်ဆပ်နဲ့ပေါင်းပြီး ပြည်သူတွေကို နှိပ်စက်ခဲ့တဲ့သူပဲ၊ နန်းတွင်းထဲမှာ ငွေဖလားခိုးမှုလည်း ဖြစ်ခဲ့ဖူးတယ်၊ ဒီတံတားကို ဆောက်ခဲ့တာကလည်း အမရပူရထီးနန်းကို ဘိုင်ဆပ်ရဲ့လူတွေ အလွယ်တကူ သိမ်းပိုက်နိုင်ဖို့ပဲလေ၊ နောက်ဆုံးတော့ နန်းတော် အဆောက်အဦ ဆောင်ထဲ အခွင့်မရှိ ဝင်ထွက်ခဲ့လို့ ကွပ်မျက်ခံရတာပေါ့ ဇာတ်သိမ်းမကောင်းခဲ့ဘူးပဲ ဆိုပါတော့ဗျာ ..."





ကျွန်မသည် စိတ်ဝင်တစား နားထောင်ရင်း သူ့ရဲ့ လေ့လာမှတ်သားမှုတွေအတွက် အမှတ်တွေ တိုးပေးနေခဲ့မိပါသည်။ ကျွန်မတို့ ဆက်လျှောက်လာခဲ့ကြသည်။ ကျွန်မက ရှုခင်းတွေကို ဓာတ်ပုံတဖျပ်ဖျပ် ရိုက်နေခဲ့သည်။ ရိုက်ရင်းကပင် ဖကင်ကုန်သွားသောအခါ သူက ဖလင်လိပ်ကလေး ထုတ်ပေးလာခဲ့ပါသည်။

"ဟင် ... ရှင့်မှာ ဖလင်လိပ်ပါတယ် ... ဘယ်က ဝယ်လာတာလဲ"

"ခဏခဏ ဓာတ်ပုံရိုက်နေတာ တွေ့တာနဲ့ တံတားထိပ် ကင်မရာမဲန်းတွေဆီက ဝယ်လာခဲ့တာ"

"ကျေးဇူးပဲနော်"

သူ့ရဲ့အလိုက်သိမှုအတွက် ကျွန်မ ကျေနပ်မိရပြန်သည်။ ကျွန်မ၏ မှန်းဆချက်က ခိုင်မာလာသည်ဟု ထင်ရသည်။

ထိုအချိန်ကလေးမှာ ကျွန်မသည် အလုံးစုံသော ကျေနပ်မှုဖြင့် ပြီးပြည့်စုံနေသည်ဟုပင် ထင်မြင်ခဲ့မိပါသည်။ ဆောင်းဦးနေခြည်အောက်တွင် ကျွန်မက ကျွန်မတို့ နင်းလျှောက်လာသော ကမ္ဘာကျော်တံတားကို စေ့စေ့စပ်စပ် ကြည့်ရှုလေ့လာ မေးမြန်းလျက်ရှိပြီး သူကလည်း သူသိသမျှကို ကြိုးစားပမ်းစား ပြောပြလျက်ရှိသည်။

ထိုအချိန်ကလေးတွင် ကျွန်မစိတ်ထဲ ဘာပူပင်သောကမှ ရှိမနေခဲ့။ သူနှင့်ကျွန်မ ချစ်သူဖြစ်ခဲ့လျှင် ကြုံတွေ့ကောင်း ကြုံတွေ့ရနိုင်သည့် အခက်အခဲများကိုလည်း ကြိုမတွေးခဲ့။



www.burmeseclassic.com

www.burmeseclassic.com



ဘဝတစ်ခုကို နှစ်ဦးအတူ တည်ဆောက်ဖြစ်ကြသည့်အခါ ... ဘာတွေ ရင်ဆိုင်ရပြီး ဘာတွေက ပြောင်းလဲသွားဦးမလဲဟုလည်း မတွေးခဲ့။ စိတ်သည် ဗလာသက်သက် ဟင်းလင်းရှိနေပြီး သူ့စိတ်ထဲမှာ ဘာတွေရှိနေမလဲ၊ ကျွန်မကို ဘယ်လိုသဘောထားလေသလဲဆိုတာကိုသာ မှန်းဆတွေးကြည့်နေရတာကိုက အချစ်ရဲ့အရသာတစ်ခုဖြစ်သည်။ ဗလာရှင်းနေသောစိတ်ထဲမှာ ထိုအရသာကလေးဟာ စွဲမြဲလို့နေသည်။ တစ်ယောက်စိတ်ကို တစ်ယောက်မသိတသိ အနေအထားကလေးကိုက စိတ်လှုပ်ရှားမှုကို ပေးစွမ်းနိုင်ခဲ့သည်။ အဲဒီအချိန်က စိတ်လှုပ်ရှားလှိုက်ဖိုရတာ ... ပီတိဖြင့် တငြိမ့်ငြိမ့် ကြည်နူးရတာလောက် ကဗျာဆန်တာ နူးညံ့ သိမ်မွေ့တာမျိုးလည်း ရှိမည်မထင်တော့ပါ။



(၂)

ကျွန်မတို့နှစ်ယောက် ချစ်သူဖြစ်သွားခဲ့ကြပြီး ရောက်ပိုင်းတွင် ဦးပိန်တံတားသို့ ကျွန်မ ဒုတိယအကြိမ်အဖြစ် ရောက်ခဲ့ရပြန်သည်။ ထိုအချိန်က နေ့စဉ်ရက်ဆက် မိုးတွေ သဲကြီးမဲကြီး ရွာချကာ မြစ်ရေလျှံနေသော မိုးတွင်းကာလဖြစ်သည်။ တောင်သမန်အင်း ရေပြင်သည် အံ့မခန်း မြင့်တက်နေခဲ့သည်။ တံတားပေါ်တွင် ခြေချထိုင်လိုက်သောအခါ ရေပြင်က ခြေဖျားနှင့် ထိကပ်သွားခဲ့သည်။ မယ်ဇင်ပင်တွေလည်း ရေမြုပ်နေခဲ့သည်။ အင်းရေပြင်ပေါ်တွင် ငှက်သမ္မာန်များကို တွေ့ရလေသည်။ တံတားရဲ့အလယ်နားဆီက ရေပြင်သည် ရေစီးကြောင်းဖြင့် ဆက်၍ စီးဆင်းနေခဲ့သည်။ တောင်သမန် တစ်မျိုးလှသော အချိန်ဖြစ်သော်လည်း ကျွန်မစိတ်က တံတားနှင့်အင်းကို အပြည့်အဝ စိတ်မဝင်စားတော့

www.burmeseclassic.com



ပါ။ ကျွန်မတို့နှစ်ယောက်စလုံး၏စိတ်သည် ဆောင်းကာလတုန်းကလိုလည်း လွတ်လပ်ပေါ့ပါး၍ မနေတော့ပါ။ ချစ်သူချင်းတစ်ယောက်ကိုတစ်ယောက် ပိုင်စိုးလိုမှုများကလည်း နေရာယူလာကြသည်။ ချစ်သူဘဝကို ဖြောင့်ဖြောင့်ဖြူးဖြူး ခရီးဆက်ဖို့အတွက် မိဘအသိုင်းအဝိုင်း၏ဆန္ဒကိုလည်း ထည့်တွက်ကြရသည်။ လက်မထပ်ဖြစ်ခဲ့လျှင် ... ဟူသောအတွေးကိုလည်း မတွေးချင်ဘဲတွေးမိကာ စိုးရိမ်ကြရသည်။ စိတ်သဘောထားချင်း မတိုင်ဆိုင်မှုများကိုလည်း ညှိယူကြရသည်။ တစ်ယောက်ကိုတစ်ယောက် 'ချစ်သူ'ဟူသော ဝေါဟာရဖြင့် ချည်နှောင်လိုက်ရုံဖြင့် စိတ်ထဲသို့ အရာတော်များများ ဝင်ရောက်ခံလိုက်ရတော့သည်။ တကယ်တော့ ချစ်သူဘဝဆိုတာလည်း အလုံးစုံတော့ သာယာနိုင်တာ မဟုတ်ပါလားဟုတွေးရင်း ပဝါတစ်ကမ်း ကာလလေးကို ကျွန်မ နှမြောတသစိတ် ဝင်လာခဲ့ရသည်။ တစ်ဦးကို တစ်ဦး စကားတွေ ပွင့်လင်းရင်းနှီးစွာ ပြောခဲ့ပြီးပြီမို့ ကျွန်မတို့ထံတွင် တစ်ဦးနှင့်တစ်ဦး စိတ်ဝင်စားစရာ၊ သိချင်စရာ၊ လေ့လာအကဲခတ်စရာတွေလည်း သိပ်မကျန်တော့ချေ။ ပဝါတစ်ကမ်း ကာလဆီက ခံစားခဲ့ရသော စိတ်ခံစားမှုမျိုး နောက်ထပ်တစ်ကြိမ် ရောက်လာလေမလားဟု မျှော်လင့်ခဲ့သော်လည်း တံတားဆီမှ ထွက်ခွာလာချိန်အထိ ထိုစိတ်ခံစားမှုက ကျွန်မထံသို့ ရောက်မလာခဲ့ချေ။



(၃)

♥ ♥ ♥

ကျွန်မတို့နှစ်ဦး ကွဲကွာသွားခဲ့ကြပြီးနောက် လ, အနည်းငယ်အကြာတွင် ဦးပိန်တံတားသို့ ကျွန်မ တတိယအကြိမ်မြောက်အဖြစ် ရောက်ရှိခဲ့လေသည်။ ထိုအချိန်က နွေရာသီဖြစ်၍ ဆပ္ပတွေ တဟူးဟူးတိုက်ခတ်ပြီး ပူလောင်အိုက်စပ်လျက် ရှိသည်။ လယ်နေ့ခင်းက ပူပြင်းလွန်းတာမို့ ကျွန်မ တံတားပေါ် သို့ ဆက်မလျှောက်ဖြစ်တော့ပါ။ မယ်ဇယ်ပင်ခြေရင်းက အကြော်ဆိုင်မှာထိုင်ရင်း တံတားဆီကိုသာ လှမ်းမျှော်ကြည့်ဖြစ်ခဲ့သည်။ ထိုအချိန်မျိုးမှာ ပထမဦးဆုံးအကြိမ် ရောက်ခဲ့စဉ်က ဆောင်းလေပြင်းကို ခံနိုင်သလိုမျိုးခံနိုင်ရည်ဖြင့် တံတားရဲ့ ဟိုဘက်အဆုံးအထိ မမောမပန်းလျှောက်သွားနိုင်လိမ့်မည်ဟုလည်း ကျွန်မတို့ ကျွန်မ မယုံကြည်ပါ။ ကျွန်မ မောပန်းတက်ခဲ့ပြီ။ အပူ...



www.burmeseclassic.com

www.burmeseclassic.com



ကြောင့်ပါဟု စွပ်စွဲချင်သော မျက်ရည်စတချို့ ... ကျွန်မ မျက်လုံးတွေထဲမှာ စို့စွတ်လာခဲ့သော်လည်း နေကာမျက်မှန်နက်က ကျွန်မရဲ့ မျက်ရည်တွေကို ကွာကွယ်ပေးနိုင်ခဲ့ပါသည်။

ကျွန်မ စဉ်းစားကြည့်မိပါသည်။ ကျွန်မ သူနှင့်အတူရှိနေခဲ့စဉ်ကာလတွေထဲမှာ ... ဘယ်အချိန်ကာလကို အလွမ်းဆွတ်ဆုံးလဲ။ ကျွန်မ တိတိကျကျ အဖြေပေးနိုင်သည်။ သူနဲ့ကျွန်မ အတိအလင်း ချစ်သူမဖြစ်မီ ဦးပိန်တံတားပေါ်တွင် ပထမဦးဆုံး ယှဉ်တွဲလျှောက်ခဲ့ဖူးသော ပဝါတစ်ကမ်းကာလလေးကိုသာ ကျွန်မ အလွမ်းရဆုံးဖြစ်သည်။ အဲဒီအချိန်က ... ကျွန်မတို့သည် သာယာသော အထိအတွေ့များလည်း မရှိခဲ့ကြပါ။ ယုတ်စွအဆုံး လက်ဖျားကလေးများပင် မထိတွေ့ခဲ့ဖူးပါ။ တစ်ဦးမျက်နှာကိုတစ်ဦး နီးကပ်စွာလည်း ရင်ဆိုင်မကြည့်ခဲ့မိဖူးပါ။ စကားတွေလည်း အများကြီး မပြောဖြစ်ခဲ့ကြပါ။ ကျွန်မတို့နှစ်ဦးကြားတွင် သန့်စင်သည်မှာ အပြည့်အဝ အားမမခံနိုင်သော အနမ်းတွေလည်း မရှိခဲ့ပါ။ ဘာကိုမှ တိတိဖြမ လက်ဆုပ်လက်ကိုင် မပြနိုင်သော ကာလသာ ဖြစ်သည်။ သို့သော် ... ထိုချိန်ကလေးကိုသာ ကျွန်မ လွမ်းပါသည်။



(၄)

ကျွန်မတို့နှစ်ဦး၏ ကွဲကွာခြင်းသည် အခြေအနေအရ အခိုက်အတန့် ကွဲကွာခြင်းမျိုး ဖြစ်ကောင်း ဖြစ်နိုင်သလို ... တစ်သက်တာ ဝေးကွာသွားခြင်းလည်း ဖြစ်နိုင်သည်။ ကျွန်မတို့သည် တစ်ချိန်ချိန်တွင် ပျော်ရွှင်စွာ ပေါင်းကြလေသတည်းဟု နိဂုံးချုပ်နိုင်သလို ... ဆို့နင့်နာကျင်စွာ ထာဝရကွဲကွာသွားကြသူများလည်း ဖြစ်နိုင်သည်။ အကယ်၍ ကျွန်မတို့နှစ်ဦး လက်ထပ်ဖြစ်ခဲ့ကြလျှင်လည်း ဇနီးမောင်နှံအဖြစ် ဘဝတစ်ခုကို တည်ဆောက်ရင်ဆိုင်ရင်း စိတ်ခံစားမှုအသစ်များ၊ အကြောင်းအရာအသစ်များကို စိတ်ထဲမှာ ထည့်ထားကြရဦးမည်။ ပဝါတစ်ကမ်း ကာလတုန်းဆီက စိတ်ခံစားမှုမျိုးကိုတော့ ဘယ်သောအခါမှ ပြန်ရနိုင်မည် မဟုတ်တော့ပါ။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်မ တစ်ခါ တစ်ခါ တွေးကြည့်မိဖူးသည်။ တစ်ယောက်နဲ့တစ်ယောက် ချစ်ကြသော ချစ်သူနှစ်ဦးသည် ပင် တစ်ကမ်းကာလကလေးမှာသာ ရပ်တန့်နေကြလျှင် မကောင်းဘူးလား။ သို့သော် မဖြစ်နိုင်ပါ။ ဒီအချိန်လေးကို သဘောကျ ကျေနပ်သော်လည်း ဒီလိုအနေအထားမှာသာ ရပ်တန့်ပစ်ဖို့ ဘယ်သို့ ချစ်သူစုံတွဲမျိုးကမှ စိတ်ကူးကြမည်မဟုတ်ပါ။ ကျွန်မ စိတ်ကူးယဉ် လွန်းနေပြီ ထင်ပါရဲ့နော် ...။

၂၀၀၃–ခုနှစ်၊ ဩဂုတ်လ (ကလျာ)



www.burmeseclassic.com

www.burmeseclassic.com

# အတင်းပြောသူများ

(၁)

♥ ♥ ♥

ကျွန်တော်သည် အတင်းပြောသူများနှင့် အလွန်နီးစပ်ခဲ့သော ယောကျ်ားတစ်ယောက်ဖြစ်ပါသည်။ ကျွန်တော့်တွင် အစ်မ လေးယောက်နှင့် ညီမနှစ်ယောက် ရှိသည်။ ကျွန်တော့် အမေနှင့်ဆိုပါလျှင် ကျွန်တော်တို့အိမ်တွင် မိန်းမသားချည်း ခုနစ်ယောက်ရှိပြီး ... ယောကျ်ားဆို၍ ကျွန်တော်တစ်ယောက်သာ ရှိလေသည်။ ကျွန်တော့်အဖေကတော့ ကျွန်တော် ငယ်ငယ်ကဝင် ဆုံးပါးသွားခဲ့ပြီ ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အစ်မများသည် အင်မတန် စကားများသူများဖြစ်ကြောင်း ... ကျွန်တော် သိတတ်စအရွယ်မှာပင် အသိအမှတ်ပြုရသည်။ အစ်မတို့သည် ကိုယ့်အကြောင်းကိုယ် ဒီလောက်မပြောကြဘဲ သူတစ်ပါးအကြောင်းကိုသာ မြိန်ရေယှက်ရေ စိတ်ဝင်တစား ပြောတတ်ကြသည်။ သူတို့အချင်းချင်း ပြောရလျှင်ပြောရ သို့မဟုတ်လျှင်တော့ သူတစ်ပါးအိမ် အလည်သွားကာ မြိုင်မြိုင်ဆိုင်ဆိုင် စကားဝိုင်းဖွဲ့ ပြောတတ်ကြလေသည်။ သူတို့စကားဝိုင်းအနီးသို့ ကျွန်တော် မကြာခဏရောက်ခဲ့ဖူးသည်။ လက်ဖက်သုပ်၊ ချင်းသုပ်၊ ပဲကြီးသုပ် အစရှိသည့် စားသောက်ဖွယ်ရာများနှင့် လက်ဖက်ရည်ကြမ်းတစ်အိုး အလယ်မှာချကာ စားလိုက် သောက်လိုက်၊ ရယ်လိုက်မောလိုက်ဖြင့် အားလုံးလိုလို ပျော်ရွှင်နေကြသည်ဟု ခန့်မှန်းရမိသည်။ သူတို့ပြောသမျှ အကြောင်းအရာများမှာလည်း စုံလင်လှပေသည်။

"ဟဲ့ ... ဟိုဘက်လမ်းက မ ... ကို သတိထားမိကြရဲ့လား ... ခုတလော နည်းနည်း တောက်ပြောင်လာသလိုပဲ နော် ... "

"တောက်ပြောင်ဆို ... ခု သူကြိုက်ထားတဲ့ ငနဲက အချင်းလေးလေ ... သူ ချုချုသမျှ အားလုံးကျွနေတာ၊ ကောင်လေး သနားပါတယ် ... သူကတော့ သာတာတွေ့ရင် ထားခဲ့ဦးမှာပဲ ... "

"လမ်းထိပ်က 'မ ... 'က သူ့သူငယ်ချင်း အဝတ်တွေ ငှားငှားဝတ်တာဆို ... "





"ဟုတ်မှာပေါ့ ... သူ့ပိုက်ဆံနဲ့သူသာဆို ဘယ်ဝတ်နိုင်မှာလဲ။ သူဌေးသမီးကို သူငယ်ချင်းတော်ထားရတာ ဘယ်လောက်ကောင်းထားလဲ ... "

"အလကားပါဟယ် ... ဒါမျိုးတွေ အထင်မကြီးပါဘူး၊ သူ့အစား ရှက်ပါတယ်"

သူတို့ ပြောသည့်စကားများမှာ ဖြစ်နိုင်ချေ ရှိသလို အထင်နှင့် ရမ်းပြောတာလည်း ဖြစ်ကောင်းဖြစ်နိုင်သည်ဟု ကျွန်တော် မကြာခဏ တွေးနေမိတတ်သည်။ သမီးရည်းစားရေး၊ စီးပွားရေး၊ လူမှုရေး၊ အလှအပရေးရာ၊ ပစ္စည်းအပြိုင်အဆိုင်စသဖြင့် ခေါင်းစဉ်ပေါင်းများစွာဖြင့် စုံလင်လှသော ... ထို အတင်းစကားဝိုင်းကြီးကို ကျွန်တော် အံ့သြသည်နှင့်အမျှ အထင်လည်း သေးမိလေသည်။ လူတစ်ယောက်အကြောင်းကို အပြင်လူတွေက ဘယ်လောက်များ အတိအကျ သိနိုင်မှာမို့လဲ။ အပေါ်ယံ ထင်သာမြင်သာသော အကြောင်းအရာတွေရဲ့ နောက်ကွယ်မှာ စိတ်ကိုစိတ်ချင်းသာ သိရှိနားလည်နိုင်သော နူးညံ့နက်ရှိုင်းသည့် အကြောင်းအရာများစွာဖြင့် ပြည့်နှက်နေနိုင်သည်။ ဘာကြောင့်များ သိမ်ဖျင်းသည့် အတင်းစကားများဖြင့် လူတစ်ယောက်ရဲ့အသရေကို ညှိုးနွမ်းဆေရမှာလဲ။ သို့သော် ကျွန်တော့်သဘော ဘယ်လိုပဲရှိရှိ 'အတင်းပြောခြင်း'ကတော့ နေရာမရွေး၊ အချိန်မရွေး ဆက်လက်ရှင်သန်နေဆဲဖြစ်သည်။ ကျွန်တော် မှန်းဆမိသလောက်ပြောရရင် အတင်းပြောခြင်းကို အမြဲရှင်သန်ခွင့်ရအောင် ရေလောင်းပေါင်းသင်နိုင်သူများမှာ 'မိန်းမ'များပင်ဖြစ်ကြသည်။ အလွှာမရွေး၊ လူတန်း



www.burmeseclassic.com

www.burmeseclassic.com



စား မရွေး မိန်းမတိုင်း အတင်းပြောတတ်ကြသည်ဟု ကျွန်တော်ထင်သည်။ အတင်းပြောပုံပြောနည်း ယဉ်ကျေးတာနှင့် ရိုင်းပျတာသဲကွာချင်ကွာလိမ့်မည်။

ကျွန်တော့်အိမ်မှာဆိုလျှင် အစ်မများသာမက အမေပါ အတင်းပြောတတ်ခဲ့သည်။ အမေသည် အလုပ်မအားသည့်ကြား မှပင် အစ်မများ ပြောနေကြသော စကားကို နားစွင့်ထားကာ သူစိတ်ပါလာတိုင်း တစ်ချက်တစ်ချက် ဝင်ဝင်ပြောတတ်သေးသည်။ အိမ်ရှေ့မှ အသိမိတ်ဆွေ (အတင်းပြောဘက်) တစ်ဦးဦး ဖြတ်သန်းသွားလျှင်လည်း ဝမ်းသာအားရ လှမ်းခေါ်ကာ ထန်းလျက်လက်ဖက် အစရှိသည်တို့ကို ချကျွေးရင်း "ဘယ့်နှယ် ... ဘာသတင်းထူးတွေ ကြားလာခဲ့သတုန်း" ဟု မေးခွန်းထုတ်ပြီးနောက် သူ့သတင်း ကိုယ့်သတင်း ဖလှယ်ကာ သတင်းမှသည် အတင်းအဖျင်းများအဖြစ်သို့ ရောက်ရှိသွားတတ်ပြန်လေသည်။ ကျွန်တော့်ညီမများသည်လည်း ထိုစကားဝိုင်းများအနီးမှ ရှန်းထ အရွယ်ရောက်ခဲ့တာမို့ အစ်မများခြေရာကို နင်းနိုင်သူများဖြစ်ကြရပြန်သည်။

ထိုမှ အစပြုကာ ကျွန်တော်သည် အတင်းပြောသူများကို စိတ်ပျက်ငြီးငွေ့သူတစ်ဦးဖြစ်ခဲ့ကာ အလိုလိုပင် နှုတ်နည်းတိတ်ဆိတ်သွားခဲ့ရသည်။ အတင်းပြောသူမျိုးစုံကို ကျွန်တော်တွေ့ဖူးသည်။

လက်လုပ်လက်စား အောက်ခြေအလွှာမှ မိန်းမများ၏ အတင်းစကားက တဲ့တိုးကျကာ ရှန့်ရင်းရိုင်းစိုင်းသည်။ ထိုသို့သော အာဘောင်ကျယ်မိန်းမများသည် သူတို့၏ စိတ်ပျက်





ဖွယ် ပူလောင်လှသော မျက်နှာများကို မဲ့ကာရွဲ့ကာဖြင့် အသံကျယ်ကျယ် စကားလုံးခပ်ကြမ်းကြမ်းသုံး၍ ပြောတတ်ကြသည်။ အဆင်မသင့်လျှင် မဲ့ရွဲ့ပြောရင်းက လွန်စွာစိတ်ပါလာပုံရကာ ပျစ်ပျစ်နှစ်နှစ် ဆဲရေးတိုင်းထွာလိုက်သေးသည်။ ပြီးတော့ ပါးစပ်ထဲက ကွမ်းသွေးကို ဘေးဘက်လှည့်၍ ထိရာမိရာ ပျစ်ခနဲ ပက်ထွေးလိုက်သည်။ ပါးစောင်မှာ ကပ်နေသည့် ကွမ်းကို လက်ညှိုးနှင့်ထိုးကလော် ခွာထုတ်ကာ ထိုလက်ညှိုးကို ထဘီမှာ သုတ်လိုက်သည်။ ဒီလိုဟန်ပန်နှင့်ပြောတတ်တာက လူတန်းစားတစ်မျိုးဖြစ်သည်။ သူတို့သည် သူတစ်ပါးအတင်းကိုပြောရမှာလည်း ဝန်မလေးသလို အတင်းပြောခံရသူက လာရောက် စာရင်းရှင်းလျှင်လည်း ထဘီစွန်တောင်ဆွဲကာ ဖေဟဲ့မောင်ဟဲ့ ဆဲလွှတ်လိုက်ဖို့၊ ဖက်သတ်လိုက်ဖို့ ဝန်မလေးချေ။

နောက် ... ကျွန်တော် တွေ့ဖူးသော လူတန်းစားနောက်တစ်မျိုး ရှိသေးသည်။ သူတို့ကတော့ အင်မတန် ဂုဏ်သရေရှိကာ လွန်စွာယဉ်ကျေးကြသူများ ဖြစ်သည်။ သူတို့သည် ကိုယ့်သားသမီးတက်သော ကျောင်းများသို့ တစ်နေကုန်တစ်နေခန်းလိုက်သွားကြကာ မိဘအချင်းချင်း စကားဝိုင်းဖွဲ့တတ်ကြသူများဖြစ်သည်။ သူတို့က စကားကို ယဉ်ကျေးမှုအကာဖြင့် ဖုံးကာကားချင်းပြိုင်ကြသည်။ ယောကျ်ားချင်းပြိုင်ကြသည်။ အတင်းဟုဆိုနိုင်သော်လည်း အများက အထင်သေးလို့မရနိုင်အောင်ပင် ယဉ်ကျေးဖွယ်ရာသော လေးယူလေသိမ်းဖြင့် ပြောဆိုတတ်ကြသူများ ဖြစ်လေသည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝတစ်လျှောက်လုံး ကြိတ်၍ လေ့လာဆည်းပူးရမိသလောက် ပြောရလျှင် ... ကျွန်တော် ကြုံဖူးကြားဖူးသော အတင်းအပြောသူများမှာ မိန်းမများသာဖြစ်ကြသည်။ မိန်းမအချင်းချင်းသည် တွေ့စတွင်သာ စိမ်းချင်စိမ်းမည်၊ အတူတကွ အတင်းပြောမိကြပြီးနောက်မှာတော့ အံ့သြဖို့ကောင်းလောက်အောင် ပင် ရင်းနှီးကပ် စည်းလုံးသွားကြသည်။ အတင်းပြောခြင်းက မိန်းမများကို အလွယ်တကူ ရင်ကြားစေ့စေသည်။

ဒါက ... ကျွန်တော့်ဘဝရဲ့ ပထမပိုင်း အတွေ့အကြုံသာ ဖြစ်သည်။



(၂)

ကျွန်တော့်ဘဝ ဒုတိယပိုင်းတွင် အံ့သြစရာ ကြုံဆုံရသည်မှာ အတင်းပြောတတ်သော ယောကျ်ားများဖြစ်သည်။ ထို့ထက်ပို၍ အံ့သြရသည်မှာ ယောကျ်ားများက မိန်းကလေး တစ်ဦး၏ အတင်းကို မငြီးငွေ့စတမ်း ဝိုင်းဝန်းပြောဆိုကြခြင်း ဖြစ်သည်။

ကျွန်တော်သည် ကျွန်တော်ရဲ့ ကျောင်းသားဘဝကို ဖြတ်သန်းကုန်ဆုံးပြီးနောက်တွင် ကုမ္ပဏီဝန်ထမ်းတစ်ဦးဖြစ်လာခဲ့ရသည်။ စကားများများပြောဖို့ မလိုအပ်လှသော ကွန်ပျူတာအစီ စာရိုက် အလုပ်က အရင်ကပင် နှုတ်နည်းတိတ်ဆိတ်လှသော ကျွန်တော်လိုလူအတွက်တော့ ဆုလာဒ်ကြီးတစ်ခုပမာပင်ဖြစ်သည်။ စကားကြွယ်ကြွယ်ဝဝပြော၍ Customer ကို ဆွဲဆောင်ရသော အကွက်ရှာဖွေရေး မန်နေဂျာ၊ အရောင်းမြှင့်တင်ရေး ဝန်ထမ်း



www.burmeseclassic.com

www.burmeseclassic.com



စသည့်အလုပ်များကိုတော့ ကျွန်တော် ဘယ်တော့မှ မလုပ်ဖို့ ဆုံးဖြတ်ချက်ချခဲ့ပြီးဖြစ်သည်။

စကားများများ မပြောချင်လှသော ကျွန်တော်သည် ရုံးတွင် သင်းကွဲတစ်ဦးပမာ တသီးတသန့်ဖြစ်နေခဲ့ရသည်။ ဝန်ထမ်းအချင်းချင်း ပြုံးပြနှုတ်ဆက်ရုံ၊ အာလာပ သလ္လာပ စကားအနည်းအကျဉ်း ပြောရုံ၊ လုပ်ငန်းကိစ္စပြောရုံမှအပ တခြားသူများ၏ စကားဝိုင်းထဲ ကျွန်တော် ဝင်မပါတတ်ခဲ့ချေ။

တစ်နေ့တွင် ကျွန်တော်သည် ရုံးရှေ့စားသောက်ဆိုင်ထဲတွင် နေ့လယ်စာ စားရင်း နံဘေးဝိုင်းဆီမှ အသံများကို မရည်ရွယ်ဘဲ နားစွင့်မိလေသည်။

"အလကားပါကွာ ... အဲဒီမိန်းမက ပုံမှန်မှမဟုတ်တာ သူ့ကိုယ်သူ စာရေးဆရာမလိုလို ... ဘာလိုလို ... ဘာဝင်ကိုင်နေတာ၊ အမှန်တကယ်တော့ စာရေးဆရာဆိုတာ အူကြောင်ကြောင်တွေချည်းပဲကွ"

ယောကျ်ားရင့်မကြီးက မိန်းမသားတစ်ယောက်၏ အတင်းကို ပြောလိုက်ခြင်းဖြစ်၍ ကျွန်တော့်စိတ်ထဲတွင် ထူးဆန်းကာ စိတ်ဝင်စားသွားလေသည်။ ပို၍ထူးဆန်းသည်မှာ ထိုဝိုင်းရှိ ကျန်သောယောကျ်ားများအားလုံးလိုလိုပင် ထိုသူ့စကားကို ဝိုင်းထောက်ခံကြခြင်း ဖြစ်သည်။

"သူ့ဆီလည်း ယောကျ်ားတွေ ခဏခဏ လာတယ်ကွ ... ငွေပေး ငွေယူ လုပ်တာတွေလည်း တွေ့တယ် —



ဘာတွေ မှန်းကို မသိဘူး ... ရှုပ်နေတာပဲ၊ ကောင်ကတော့ ... ဟဲ ... ဟဲ"

"အဲဒီမိန်းမက အဆောင်မှာ နေတာဆို ..."

"ဒါကြောင့် လွတ်နေတာ နေမှာပေါ့ ..."

"ဟော ... ဟိုမှာလာပါပြီ ... တွေ့လား၊ ရုပ်ကိုက ဘယ်သူ့ကိုမှ ဂရုမစိုက်တဲ့ပုံနဲ့ ... လူကဖြင့် ဘာမှသာမဟုတ်တယ်"

ကျွန်တော်သည် စိတ်ဝင်စားစွာပင် သူတို့ကြည့်ရာဆီ လှမ်းကြည့်လိုက်မိသည်။ အမျိုးသမီးတစ်ဦးက တည်ငြိမ်စွာပင် ဆိုင်ထဲသို့ ဝင်လာခဲ့သည်။ သူမလက်ထဲတွင် စာအုပ်တစ်အုပ်၊ ထမင်းချိုင့်တစ်ချိုင့် ပါလာသည်။ သူမက ကျွန်တော့်ရှေ့နား စားပွဲမှာ ဝင်ထိုင်လိုက်ပြီး ထမင်းကို ခပ်မြန်မြန်စားနေသည်။ ပြီးတော့ ... အအေးတစ်ခွက် မှာသောက်ရင်း ပါလာသော စာအုပ်ကို စိတ်ဝင်တစား ငုံ့ဖတ်နေလေသည်။ ကျွန်တော်သည် လတ်လတ်ဆတ်ဆတ် အတင်းပြောခံထားရသော သူမကို မသိမသာပင် စောင့်ကြည့်နေခဲ့မိသည်။ ကျွန်တော် မြင်ဖူးသလောက်ဆိုရလျှင် မိန်းမ ရုံးဝန်ထမ်းအတော်များများသည် နေ့လယ်ထမင်းစားကြလျှင် ထမင်းဝိုင်းတွင် ဖားပလုံးဖိတ်မျှ စကားတွေပြောတတ်ကြမြဲ ဖြစ်သည်။ သူမတစ်ယောက်သာ တိတ်ဆိတ်နေတတ်တာကို ကျွန်တော် သတိပြုမိလာခဲ့ရသည်။

ကျွန်တော်သည် အတင်းစကားတွေရဲ့ နောက်ကွယ်ဆီက အဖြူပွင့်ကို စိတ်ဝင်စားတတ်သောသူတစ်ဦးလည်း ဖြစ်သည်။ အပေါ်ယံ အတင်းစကားတွေရဲ့နောက်ကွယ်ဆီက



www.burmeseclassic.com

www.burmeseclassic.com



နက်ရှိုင်းစွာ တည်ရှိနေနိုင်သော ပကတိသန္တာန်၊ ပကတိစိတ်ကို သိရှိလိုသောစိတ်ဖြင့် ယောကျ်ားများစွာရဲ့ အတင်းဝိုင်းပြောခြင်းကို ခံရသော မိန်းမတစ်ယောက်ကို ကျွန်တော် စိတ်ဝင်တစား စောင့်ကြည့်မိခဲ့လေသည်။ အတင်းပြောသူများက ယောကျ်ားများသာ ဖြစ်နေခဲ့ပြီး အတင်းပြောခံရသူက မိန်းမတစ်ဦး ဖြစ်နေခြင်းကပင် ထိုဖြစ်ရပ်ကို အသက်ဝင်စေခဲ့တာဖြစ်သည်။

❀ ❀ ❀



(၃)

♥ ♥ ♥

ကျွန်တော်သည် ထိုမိန်းမ အကြောင်းကို တိတ်တဆိတ် စုံစမ်းမိခဲ့သည်။ ရိုးသားစွာဖြစ်သည်။ ဖြစ်ရပ်တစ်ခုတွ ဘယ်သူမှန်သည်၊ ဘယ်သူမှားသည်ကို သိရှိခွင့်ရရုံကလွဲ၍ ကျွန်တော့်တွင် တခြား ဘာရည်ရွယ်ချက်မှ မရှိခဲ့ချေ။

ကျွန်တော် တဖြည်းဖြည်းသိလာရသည်မှာ ထိုမိန်းမသည် အချိန်ကို တန်ဖိုးရှိစွာ အသုံးချနေသော၊ မနားတမ်းအလုပ်လုပ်နေသော မိန်းမတစ်ယောက်ဖြစ်နေခြင်းပင်ဖြစ်သည်။ မည်ရစပြုနေသော ကလောင်တစ်ချောင်းကို ရေလောင်းငင်းသင်နေရသော မိန်းမတစ်ယောက်လည်း ဖြစ်သည်။ အလုပ် မနားတမ်း လုပ်နေခြင်းကပင် သူမကို ပို၍အသရေရှိစေသည် ကက်ပြောင်စေသည်ဟု ကျွန်တော် ထင်သည်။ အချိန်မှ

www.burmeseclassic.com



တန်ဖိုးမထားတတ်သော ယောကျ်ားများက အားလပ်ချိန်တိုင်း အတင်းပြောနေချိန်တွင် သူမက ... သူမဘဝ တိုးတက်ရာ တိုးတက်ကြောင်း ကြိုးစည်နေခဲ့သူဖြစ်သည်။ သူမထံလာသူများမှာလည်း ဓာတ်ညွှန်းအပ်လိုသူများ၊ ရုပ်ရှင်၊ ဗီဒီယိုအတွက် ဓာတ်လမ်းလာဝယ်သူများဖြစ်ကြောင်းကို ကျွန်တော် သိလာခဲ့ရလေသည်။ ကျွန်တော်နှင့် ခင်မင်သော ရုံးရှိ အမျိုးသမီးမိတ်ဆွေတစ်ဦးထံမှလည်း သူမအကြောင်း တစ်စွန်းတစ်စ ကြားသိခဲ့ရသည်။

"မ ... က သူ့အလုပ် သူလုပ်နေတာပါ၊ သူ့အတွက် အချိန်ပိုလည်း ရှိပုံမရဘူး၊ တစ်ယောက်တည်းရပ်တည် ရှန်းကန်ရင်း သူ့မိဘတွေ ... မောင်ညီမတွေကို ရှာကျွေးနေရတာ ..."

ထိုသတင်းစကားကပင် ကျွန်တော့်ကို ကျေနပ်စေခဲ့သည်။ ထိုအချိန်မှစကာ ကျွန်တော်သည် အတင်းပြောသူများနှင့် အပြောခံသူတို့ နှစ်ဦးစလုံးရဲ့ ဓာတ်သိမ်းကို စောင့်ကြည့်နေသော ပွဲကြည့်ပရိသတ်တစ်ဦး ဖြစ်လာခဲ့ရသည်။

အတင်းပြောသူများကလည်း ပြောနေဆဲဖြစ်သည်။ အလုပ်လုပ်သူကလည်း လုပ်ဆဲဖြစ်သည်။ ကျွန်တော့်ဘဝ ပထမပိုင်းတွင် အတင်းပြောသူများအဖြစ် သိကျွမ်းခဲ့ရသူများမှာ မိန်းမများသာဖြစ်ပြီး ယခု ဒုတိယပိုင်းမှာတော့ ယောကျ်ားသားများရဲ့ အတင်းပြောခြင်းများပါ သိမြင်ရင်းနှီးခွင့် ရလာခဲ့သည်။ ထိုအခါ ကျွန်တော်ကလည်း ကျွန်တော့်ထုံးစံအတိုင်း ထိုသူများကို စိတ်ထဲမှကြိတ်၍ လှောင်လာမိ စမြဲဖြစ်သည်။





သူတို့သည် အချိန်အားလေးရလာလျှင် လက်ဖက်ရည်ဆိုင်တွင်လည်းကောင်း၊ စားသောက်ဆိုင်တွင်လည်းကောင်း ထိုင်တတ်ကြသည်။ သူတို့ကို ခင်မင်နှစ်လိုဖွယ် စကားဆိုတတ်သော မိန်းမများကို ဂရုစိုက်တတ်၊ အကောင်းမြင်တတ်ကြပြီး ... သူတို့ကို ဂရုမစိုက်သောမိန်းမဆိုလျှင်တော့ အပြစ်ရှာကာ အတင်းပြောတတ်ကြလေသည်။ သူတို့ သည် သူတို့ထက် ဝင်ငွေအားဖြင့်သော်လည်းကောင်း၊ ဂုဏ်သိက္ခာ အားဖြင့်သော်လည်းကောင်း သာလွန်၍ ... သူတို့ကို ဂရုမစိုက်၊ အထင်မကြီးသော မိန်းမဆိုလျှင် တစ်နည်းနည်းဖြင့် ပုတ်ခတ်ချင်သူများ ဖြစ်သည်။

ထိုအခါ ယောကျ်ားများ၏ အငုံ့စိတ်တွင် မိန်းမများကို ဆရာမတင် နေရာမပေးလိုသော သဘောများရှိလေမလားဟု ကျွန်တော် စဉ်းစားမိခဲ့သည်။ ထိုအငုံ့စိတ်က လက်မခံသောအခါ ထိုမိန်းမကို ဆန့်ကျင်အပုပ်ချခြင်းဖြင့် ကိုယ့်အားနည်းချက်ကို ... ကိုယ် ကာကွယ်တတ်ကြသည်ဟု ကျွန်တော် ထင်သည်။

ထိုယောကျ်ားများ၏ စကားဝိုင်းကတော့ အချိန်အတော်ကြာသည်အထိ တည်ရှိနေဆဲဖြစ်သည်။ ထိုဝိုင်းမှ ... ပိန်ပိန်ရှည်ရှည်၊ မျက်မှန်နှင့်လူတစ်ယောက်သည် ... ထိုမိန်းမဆိုင်ထဲဝင်လာတိုင်း ... မျက်မှန်အောက်မှ ဂဏှာမငြိမ်လှသော မျက်ဝန်းများကို ဇွေစောင်းကြည့်ကာ ရယ်မြူးလှောင်ပြောင်လိုသော လေသံဖြင့် တီးတိုးစကားပြောဆိုမြဲ။ ကွမ်းတဖတ်ဖတ်ဝါးတတ်သော ယောကျ်ားသည် ထိုမိန်းမအား အထင်သေး ရှုတ်ချလိုသော စကားများကို အခြားသူများထံ ဖြန့်ဝေဆဲ။ ထိုမိန်းမကမှ ...



www.burmeseclassic.com

www.burmeseclassic.com



ဂရုမစိုက်လှဘဲ သူ့အလုပ်သူ တစိုက်မတ်မတ် လုပ်ဆဲ။ တဖြည်းဖြည်းနှင့် ဓာတ်ရှိန်လည်း တက်လာခဲ့ရလေသည်။ ဓာတ်သိမ်းပိုင်းက မကြာမီ ရောက်ရှိလာတော့မည်ဟု ကျွန်တော့်စိတ်တွင် အလိုလိုသိနေခဲ့ရလေသည်။

❧ ❧ ❧



(၄)

♥ ♥ ♥

နောက် ... လပေါင်းအတန်ကြာလျှင် ထိုမိန်းမသည် ...က်ရှိ ရုံးဝန်ထမ်းအလုပ်ကို စွန့်ခွာသွားခဲ့လေသည်။ မကြာခင် ...ချိန်အတောအတွင်း၌ပင် ... သူမအမည်သည် ထင်ရှားသထက် ...င်ရှားလာခဲ့သည်။ အတင်းပြောသူများကတော့ သူ့နေရာနှင့် ...ပင် ကျန်ရစ်ခဲ့ကြသည်။

ယခုအခါတွင် ... ကျွန်တော်သည် စာအုပ်အငှား ...င်သို့ရောက်တိုင်း သူမရဲ့ဝတ္ထုတိုလေးတွေနှင့် ... သူမရဲ့ အင်တာ ...များကို ဖတ်ရတိုင်း၊ သတင်းစာပေါ် လုံးချင်းဝတ္ထုကြော်ငြာ ...ကို တွေ့ရသည့်အခါတိုင်း၊ သူမဝတ္ထုကိုပြန်လည်ရိုက်ကူး ...ည့် ဗီဒီယို၊ ရုပ်ရှင်ကားများကိုကြည့်ရတိုင်း တစ်ချိန်က ...င်းပြောခံ မိန်းမတစ်ယောက်ကို ပြန်ပြောင်းသတိရမြဲ။ အတင်း



www.burmeseclassic.com

www.burmeseclassic.com



စကားတွေ နောက်ကွယ်က သူမရဲ့လှပတဲ့ အတ္တုပ္ပတ္တိအတွက် တိတ်တဆိတ် ဂုဏ်ယူကျေနပ်မိတတ်စမြဲဖြစ်သည်။

ထို့ဖြစ်ရပ်အပေါ်မူတည်၍ ကျွန်တော် သိမြင်လာခဲ့ရသည်မှာ အတင်းပြောသူများနှင့် အတင်းပြောခံရသူနှစ်ဦးတွင် အတင်းပြောခံရသူက ဂုဏ်သိက္ခာရှိလေ ... အတင်းပြောသူများအဖို့ အသရေကင်းမဲ့လေဖြစ်တတ်ခြင်းဖြစ်သည်။ ဤကမ္ဘာလောကတွင် အတင်းပြောသူများသည် မိန်းမများဖြစ်နိုင်သလို ယောကျ်ားများလည်း ဖြစ်နိုင်သည်။ မိန်းမများအတင်းပြောခြင်းကို 'ထုံးစံ' ဟူလည်းကောင်း၊ 'သဘာဝ'ဟူ၍လည်းကောင်း သတ်မှတ်ကောင်း သတ်မှတ်နိုင်လိမ့်မည်ဖြစ်သော်လည်း ... ယောကျ်ားများက အတင်းပြောသူများဖြစ်ခဲ့ပြီး မိန်းမတစ်ဦးက အတင်းပြောခံ ဖြစ်ခဲ့လျှင်တော့ ဘဝတူယောကျ်ားများအတွက် ... ကျွန်တော် အရှက်ရချင်လေသည်။

❧ ❧ ❧



(၅)

♥ ♥ ♥

နှစ်တွေပင် အတန်ကြာခဲ့ပြီဖြစ်သည်။ သူမ၏အမည်ကလည်း ... ယခုတိုင် နာမည်ကောင်းဖြင့် ကျော်ကြားနေဆဲဖြစ်သည်။ ထင်ရှားသော စာရေးဆရာမတစ်ဦးသည် ဤကမ္ဘာမြေပြင်ရဲ့တစ်နေရာဆီတွင် သူ့မရဲ့သမိုင်းကြောင်းကို စောင့်ကြည့်ပီတိဖြစ်ဆဲဖြစ်သော ယောကျ်ားတစ်ယောက် ရှိနေကြောင်းကိုတော့ ဘယ်သောအခါမှ သိခွင့်ရလိမ့်မည် မဟုတ်ချေ ...။

၂၀၀၃–ခုနှစ်၊ ဩဂုတ်လ ([illegible])

❧ ❧ ❧



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# နှစ်ပေါင်းတစ်ရာ

(၁)

♥ ♥ ♥

ကျွန်တော့်ဘဝတွင် အထင်ကရရှိခဲ့ဖူးသော၊ ရှိနေဆဲဖြစ်သော မိန်းမတစ်ယောက်အကြောင်း ပြောပြပါဟု တစ်စုံတစ်ယောက်က တောင်းဆိုခဲ့လျှင် ... ကျွန်တော်က အင်မတန်နုံအထုံထိုင်းကာ ရုပ်ရည်လည်း မလှပရှာသော ကျွန်တော့်မမလေးအကြောင်းကို ဆွတ်ပျံ့ကြည်နူးစွာ၊ လွမ်းမောတသစွာ ပြန်ပြောင်းပြောပြမိမည်ဖြစ်သည်။ မမလေးသည် ကျွန်တော်၏ အငယ်ချင်းဖြစ်သည်။ အိမ်နီးချင်း ဖြစ်သည်။ ကစားဖော်ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်ဘဝတွင် အမေကလွဲလျှင် မမလေးသည်သာ အတွယ်တာ ရဆုံး မိန်းမတစ်ယောက် ဖြစ်ခဲ့သည်။

ကျွန်တော် သိတတ်စအရွယ်ကလေးမှာပေါ့ ... အမေက အသားမည်းကြွတ်ကြွတ်နှင့် မျက်လုံးပြူးပြူး ညစ်တီးညစ်ပတ် ကောင်မလေးတစ်ယောက်ရှေ့မှောက်သို့ ကျွန်တော့်ကို ခေါ်ဆောင်သွားခဲ့တာကို ကျွန်တော် ခုချိန်ထိ ပျက်ပျက်ထင်ထင် မြင်ယောင်သတိရနေဆဲဖြစ်သည်။ အဲဒီနေ့က ကျွန်တော်တို့ ရွာကလေး ဝန်းကျင်မှာ မိုးသားတွေ အုံ့မှိုင်းနေတာကိုပင် ကျွန်တော် ကောင်းကောင်းကြီး မှတ်မိနေသေးသည်။ ပတ်ဝန်းကျင်က အေးမြနေတာမို့ မကြာခဏ နှာစေးတတ်သော ကျွန်တော်ဟာ နှပ်ချေးတွေကို ဖရိုဖရဲ အသံမြည်အောင် ရှုံ့ရှုံ့သွင်းရင်း အမေဆွဲခေါ်ရာနောက်သို့ လိုက်ပါသွားခဲ့ရသည်။ ကျွန်တော့်လက်ထဲမှာ ဖန်ဂေါ်လီလုံးလေး တစ်လုံးကို ကျစ်ကျစ်ပါအောင် ဆုပ်ထားပြီး အဖေ့ပုဆိုးကွင်း မနိုင်မနင်း စလွယ်သိုင်းထားခဲ့သည်။ အမေက ကျွန်တော့်တို့ကို မျက်လုံးအပြူးသားဖြင့် လှမ်းကြည့်နေသော ရုပ်ဆိုးမကလေးကို လက်ညှိုးထိုးပြကာ ...

"သား ... သူ့နာမည်က မြင့်မြင့်တဲ့ ... မှတ်ထားနော်၊ သူက သားထက် အသက်ခြောက်လ ပိုကြီးတယ်၊ ဒါကြောင့် သားက သူ့ကို မမလေးလို့ ခေါ်ရမယ်၊ သား ကစားချင်ရင် မမလေးနဲ့ ကစားပေါ့ ... ဟုတ်လား"

အမေ မိတ်ဆက်ပေးသောအခါ ကျွန်တော် နှပ်ချေးတစ်ချက် ရှုံ့တင်လိုက်ရင်း ခေါင်းညိတ်ပြခဲ့ရသည်။ ထိုနေ့





စကာ မမလေးသည် ကျွန်တော်ရဲ့ အရင်းနှီးဆုံး ကစားဖော်ဖြစ်ခဲ့ရသည်။ ကျွန်တော့်အဖေမှာ တိရစ္ဆာန်ဆေးကုဆရာဝန်ဖြစ်၍ ဤရွာကလေးသို့ တာဝန်ဖြင့်ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်သည်။ ကျွန်တော်တို့ နေရသောအိမ်မှာ ရွာအပြင် ကားဂိတ်နံဘေးတွင် တည်ရှိပြီး မမလေးတို့ မိသားစုမှာ ... ကျွန်တော်တို့၏ တခြံတည်းသော အိမ်နီးနားချင်းများဖြစ်ကြသည်။ ဤသို့ဖြင့်ပင် မမလေးနှင့် ကျွန်တော်သည် အဝတ်ရုပ်လုပ်တမ်း ကစားရင်း မန်ကျည်းစေ့ကောက်၊ ဇယ်ခုတ်၊ ကုလားမစီးနင်းကစားရင်း ဘဝရဲ့ ပျော်စရာအကောင်းဆုံး ကလေးဘဝအချိန်များကို အတူတကွ ဖြတ်သန်းခဲ့ကြရသည်။ ကျွန်တော်တို့သည် ရွာပြင် တောလုံးကွင်း စည်းရိုးများ၊ ဈေးဆိုင် ခြံဝန်းများကို ဖြတ်ကျော်ကာ ကျောင်းသို့ အတူတကွသွားကြရသည်။ မိုးရွာသောနေ့များတွင် ... ကျွန်တော် ထီးမပါလာခဲ့လျှင် မမလေးက သူ့ခမောက်ကြီးထဲ ကျွန်တော့်အား ဆောင်းစေကာ သူကတော့ မိုးရေထဲသို့ ရွှဲရွှဲစိုအောင် ပြေးထွက်သွားတတ်စမြဲဖြစ်သည်။ တစ်ခါတစ်ရံတော့ ... ကျွန်တော်တို့က ထီးတွေ၊ ခမောက်တွေကို တမင်ပင် ထားခဲ့ကြကာ မိုးရေထဲတွင် လက်ချင်းတွဲ၍ ပြေးလွှား ကစားတတ်ကြသေးသည်။ လူကြီးများရိုက်၍ ကျွန်တော် ငိုတိုင်း အိမ်နောက်ဖေး မာလကာပင်က မာလကာသီး တက်ခူးလာပြီး ကျွန်တော့်ကို ချော့မော့ကျွေးတတ်သူမှာလည်း မမလေးသာ ဖြစ်ခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၂)

♥ ♥ ♥

ကျွန်တော်နှင့် မမလေးတို့သည် ဘဝကို မသိလိုက် မသိဘာသာ ဖြတ်သန်းရင်းကပင် တဖြည်းဖြည်း ကြီးပြင်းလာခဲ့ကြသည်။ ကျွန်တော်တို့သည် ... ငယ်စဉ်ကလို မကစားတော့သော်လည်း အမြဲတတွဲတွဲ ရှိခဲ့ကြသည်။ ရွာနှင့်ဆို (၁၅)မိုင်ခန့်ဝေးသော မဟာမြိုင်တောကြီးအကြောင်းကိုလည်း နှစ်ဦးသားဆုံတိုင်း စိတ်ဝင်တစား ပြောဖြစ်ကြမြဲဖြစ်သည်။ ထိုအခါမျိုးတွင် ကျွန်တော်က မမလေးအား အမြဲဆရာလုပ်၍ ပြောပြတတ်သည်။ မမလေး ကြောက်အောင်လည်း အမြဲချောက်လှန့်တတ်သည်။

"အဲဒီ မဟာမြိုင်တောကြီးကို ... ငါအရမ်းစိတ်ဝင်စားတယ် မမလေးရာ၊ အဖေတို့ပြောတာ ငါကြားဖူးတယ်ဟ၊ ပေ... နက်တယ်တဲ့၊ တောထဲမှာ ဆင်တွေလည်းရှိတယ်တဲ့၊ ... တွေလည်း ခိုနေတတ်တယ်တဲ့၊ အဲဒီ တောနားက ဖြတ်သွား





ရင် ဓားပြထွက်တိုက်တတ်လွန်းလို့ အစောင့်အရှောက်တွေနဲ့ သွားမှရတာ၊ ငါကတော့ မကြောက် ပါဘူး၊ အဲဒီတောကြီးထဲကို ရောက်ဖူးချင်တယ်၊ တစ်နေ့တော့ ရောက်အောင် သွားကြည့်ဦးမယ် ... နင်ရော လိုက်ခဲ့မလား မမလေး"

ကျွန်တော်ပြောသမျှကို မျက်တောင် ပုတ်ခတ်ပုတ်ခတ်နှင့် နားထောင်နေသော မမလေးက လွန်စွာထိတ်လန့်သွားပုံရကာ ...

"ဘယ်လို စိတ်ကူးမျိုးနဲ့ ဒီလိုကြံစည်ရတာလဲ ကောင်စုတ်ရယ် ... ကြောက်စရာကြီးပါ၊ လူကြီးတွေတောင် မသွားတာ ... နင်က ဘာကိစ္စ သွားရမှာလဲ"

"နင် မလိုက်ချင် နေခဲ့ပေါ့ ... ငါကတော့ သွားမှာပဲ"

"မသွားရဘူး"

"သွားမယ် ... သွားကိုသွားမယ်"

ကျွန်တော်က မမလေးကို စနောက်ခဲ့ပြီး မမလေးအနီးမှ ပြေးထွက်လာခဲ့တာ ဖြစ်သည်။ မမလေးရဲ့ မျက်ဝန်းတွေဟာ ရယ်စရာကောင်းလောက်အောင် ပြူးဝိုင်းနေခဲ့သည်။ ခုနစ်တန်းကျောင်းသူ ဖြစ်လာသည့်တိုင် မမလေးပုံစံက လှပသပ်ရပ်မလာခဲ့ဘဲ မမလေးရဲ့ ရိုးစင်းသော အနေအထိုင် အပြောအဆိုများကလည်း အမြဲအချိုးမကျစွာ ရယ်စရာကောင်းနေခဲ့သည်။ ကျွန်တော်တို့ စတွေ့ကြတုန်းကတော့ မမလေးက သူ့အစ်မ အင်္ကျီ ဖြစ်ပုံရသော ရှင်မီးအင်္ကျီ ညစ်တီးညစ်ပတ်လေးကို ဝတ်ထားကာ စပ်ထဘီလေးကို ခါးနားမှာ လုံးထွေး၍ ခပ်ဖွေ့ဖွေ့ ဝတ်ထားခဲ့သည်။ ခုလို

www.burmeseclassic.com



ကြီးပြင်းလာတော့လည်း မမလေးဟာ ကျွန်တော့် မျက်စိထဲမှာ ဘာမှ မပြောင်းလဲခဲ့။ ငယ်စဉ်ကလိုပင် ထဘီကို ခပ်ရွှေရွှေဝတ်မြဲ။ ရှင်မီးအင်္ကျီ မဝတ်တော့သော်လည်း သူဝတ် သမျှအင်္ကျီတွေဟာ ကြယ်သီးတလွဲတပ်ထား၍ဖြစ်စေ၊ ပြောင်းပြန် ဝတ်မိ၍ဖြစ်စေ ကျွန်တော့်မျက်စိထဲမှာ အမြဲရယ်စရာကောင်းနေသည်။ သို့သော် ... ဘယ်လိုပဲဖြစ်ဖြစ် မမလေးသည် ကျွန်တော် အခင်တွယ်ရဆုံး သူငယ်ချင်းတစ်ယောက် ဖြစ်ပါသည်။

မမလေးသည် ကျွန်တော့်ကို တတ်နိုင်သမျှ အလိုလိုက်ချင်သူလည်း ဖြစ်သည်။ မမလေး၏ မိဘများသည် ရွှေပန်းထိမ်လုပ်ငန်း လုပ်သူများဖြစ်ပြီး ရွာတွင် သူဌေးစာရင်းဝင်သူများလည်း ဖြစ်သည်။ ကျွန်တော်တို့ ရွာကလေးမှာ မုံရွာ–ကလေးဝ ကားလမ်းပေါ်တွင် ရှိပြီး ရွာနှင့် မိုင်(၂၀)ခန့်ဝေးသော ဆီပတုံးချောင်း အထက်ဘက်တွင် ရွှေထွက်လေသည်။ မမလေးတို့အိမ်တွင် ရွှေလာရောင်းသူများကို တွေ့တိုင်း ... ကျွန်တော်က မမလေးကို အဖော်စပ်လေ့ရှိသည်။

"အဲဒီ ဆီပတုံးချောင်းကို ... ငါ ရောက်ဖူးချင်တယ်ဟာ"

"အဝေးကြီးပဲဟဲ့ ... ကောင်စုတ်ရဲ့"

"နင် ... တော်တော် ခက်ပါလားဟင် ... မဟာမြိုင် တောသွားချင်တာနဲ့ ဆီပတုံးချောင်း သွားချင်ရတာနဲ့ တစ်ချက်ကလေးမှ အငြိမ်မနေဘူး"

"နင် မလိုက် နေပေါ့ ... ငါဟာငါ သွားမယ်၊ မဟာမြိုင် တောထဲ သွားမယ်"





အမှန်တော့ ... ကျွန်တော်လည်း ထိုနေရာတွေကို တစ်ယောက်တည်းသွားဖို့ သတ္တိမရှိပေ။ မမလေးကို ခြိမ်းခြောက်ရုံသက်သက်သာ ပြောခဲ့ခြင်းဖြစ်သည်။ ထိုနေ့ညနေက ကျွန်တော်သည် မမလေးကို စနောက်လိုစိတ်ဖြင့် ခြံထောင့်သစ်ပင်တွေကြားမှာ တိတ်တိတ်ကလေး ပုန်းကွယ်နေခဲ့လေသည်။ ညနေစောင်းသောအခါ လူကြီးတွေက ကျွန်တော့်ကို ရှာနေကြတာကိုလည်း ကျွန်တော် လှမ်းမြင်ရသည်။ ခဏကြာတော့ မမလေးရဲ့ ဝမ်းပန်းတနည်း ငိုသံကြီးကို ကြားရလေသည်။

"အဟင့် ... အီး ... သူ ... မဟာမြိုင်တောထဲ သွားပြီ ထင်ပါတယ်၊ သူ သမီးကို အဖော်စပ်သွားသေးတယ်၊ သမီး မလိုက်လို့ သူတစ်ယောက်တည်း ထွက်သွားရတာ၊ ဒီလိုမှန်းသိ သမီးလိုက်သွားပါတယ်၊ သမီး အခု သူ့ကို လိုက်ခေါ်မယ်၊ အီးဟီး ... ခုလောက်ဆို သူ့ကို ဆင်နင်းသွားပြီလား မသိပါဘူး ကြီးကြီးရယ်"

"ဟဲ့ ... ဟဲ့ ... ကောင်မလေး၊ ဒါက ဘယ်လဲ၊ ညည်း လိုက်လို့ မဖြစ်ဘူးလေ၊ ငါတို့ လိုက်သွားမှာပေါ့၊ လာခဲ့ အမြန်ပြန်လာခဲ့"

ကျွန်တော် ချောင်းကြည့်လိုက်သောအခါ လမ်းမပေါ် ပြေးထွက်သွားသော မမလေးကို မြင်ရလေသည်။ ကျွန်တော်သည် ရုတ်တရက် ရင်ထဲဆို့နင့် ထူပူသွားကာ သစ်ပင်ကွယ်မှထွက်လာပြီး ကျုံးအော်လိုက်သည်။

"မမလေး ... ငါ ဒီမှာ"



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အော်သံကြောင့် မမလေးက နောက်သို့ ချာခနဲ လှည့်ကြည့်လိုက်သည်။ မမလေးရဲ့မျက်နှာပေါ်မှာ မျက်ရည်အရွှဲသား။ ကျွန်တော့်ရင်ထဲတွင်လည်း နင့်၍သွားသည်။ မမလေးက ကျွန်တော့်ထံ ချာခနဲလှည်းပြေးလာသည်။ ကျွန်တော်က မမလေးဆီကို ဆီးကြိုပွေ့ဖက်လိုက်ရင်း ဘာကိုမှန်းမသိ ဝမ်းနည်းလာကာ မမလေးနှင့်အတူ ရောနှောငိုကြွေးမိလေသည်။ ငိုလို့အားရသောအခါ ကျွန်တော်တို့သည် ပတ်ဝန်းကျင်ကို သတိပြုမိသွားခဲ့သည်။ ကျွန်တော့်ဦးလေးနှင့် မမလေး၏ ဝမ်းကွဲ အစ်မများက ကျွန်တော်တို့ကို ပြုံးစိစိဖြင့်ဝိုင်းကြည့်နေခဲ့ကြသည်။ ထိုအကြည့်များကြောင့် ကျွန်တော့်မျက်နှာ တစ်ပြင်လုံး ပူနွေးသွားခဲ့သည်။

"နင်တို့ နှစ်ယောက်ဟာလေ ... တကတည်း သည်းကိုသည်းတယ်"

"အေးလေ ... ဟုတ်ပ"

"ငိုမနေပါနဲ့ မြင့်မြင့်ရယ် ... စိတ်ချ ... စိတ်ချ၊ ဒီကောင်ကြီးကို နင့်နားမှာပဲ အမြဲထားမယ်၊ ဟဲ ... ဟဲ ..."

ထိုစကားများဟာ အဓိပ္ပာယ်တစ်မျိုးဆောင်သည်ဆိုတာကိုတော့ ကျွန်တော် ရိပ်မိလေသည်။ မမလေးသည် ကျွန်တော့်လိုပင် ရိပ်မိမည်။ ပြုံးစိစိမျက်နှာများနှင့် ရိသဲ့သဲ့စကားများက ထိုအချိန်မှစကာ ကျွန်တော်တို့နှစ်ယောက်ကို အဆိပ်သင့်စေခဲ့တာဖြစ်သည်။ ကျွန်တော်တို့အိမ်မှ လူများနှင့် မလေးတို့အိမ်မှ လူများမှာ ကျွန်တော်တို့နှစ်ယောက်ကိုမြင်တိုင်း ပေါ့တီး ပေါ့ရွှတ် နောက်ပြောင်စကားများ ပြောတတ်လာကြသည်။ ထိုစကားများ





ကပင် ကျွန်တော်နှင့် မမလေးကို ဝေးကွာစေခဲ့တာဖြစ်သည်။ သူတို့ကတော့ ကျွန်တော်တို့ကို ကလေးတွေပဲလေဟု သဘောထားကာ ချစ်စနိုး စနောက်ခဲ့ခြင်း ဖြစ်သော်လည်း ကျွန်တော်ကတော့ ရှက်တတ်နေခဲ့ပြီဖြစ်သည်။

"ဟော ... ဒီနှစ်ယောက် ကြီးလာရင် ပေးစားကြရအောင်ဟာ ... သဘောတူလား"

"အေး ... သဘောတူတယ်ဟော့၊ ငါက ရွှေတစ်ဆယ်သား လက်ဖွဲ့မယ်၊ နင်တို့က ဘာလက်ဖွဲ့မှာလဲ"

"အိမ်တစ်လုံး လက်ဖွဲ့မယ်ဟော့ ..."

ထိုအသံတွေကြားတိုင်း ကျွန်တော့်မျက်နှာတစ်ခုလုံး ထူပူရှိန်းနွေးကာ ဘယ်ကိုထွက်ပြေးရမယ်မှန်းမသိအောင် ရှက်ရွံ့နေခဲ့ရသည်။ မမလေးမျက်နှာကိုလည်း ကျွန်တော် မကြည့်ရဲတော့ပေ။ အဲဒီနောက်တော့ ကျွန်တော်တို့သည် နောက်ပြောင်ကြသည့် အသံများကို ရှောင်ရှားရင်း တဖြည်းဖြည်း ဝေးကွာစိမ်းသက်လာခဲ့ကြသည်။ တစ်ယောက်နှင့်တစ်ယောက် မျက်နှာချင်းဆိုင်မိလျှင် ဘာပြောရမှန်းမသိဘဲ ရှက်အမ်း အမ်းကာ ရှောင်ထွက်သွားတတ်မြဲဖြစ်သည်။ ဒီလိုနဲ့ပဲ ကျွန်တော်တို့သည် ကလေးဘဝဆီက နမြောတသဖွယ်အချိန်များကို ချန်ထားရစ်ခဲ့ကာ သူစိမ်းတစ်ရံများဆံကဲ့သို့သာ နေထိုင်ခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

(၃)

♥ ♥ ♥

မမလေးက မပြောင်းလဲသော်လည်း ကျွန်တော်ကတော့ ပြောင်းလဲခဲ့လေပြီ။

ကျွန်တော်သည် အလှအပ အသန့်အပြန့်ကြိုက်တတ်လာသည်။ မိန်းကလေးများ၏ အလှအပကို သတိပြုမိလာသည်။ လှသောမိန်းကလေးများကို တွေ့လျှင် နှစ်လိုစွာ ငေးကြည့်တတ်ပြီး ခင်မင်ရင်းနှီးလိုစိတ် ဖြစ်ပေါ်တတ်မြဲဖြစ်သည်။ ထိုအချိန်တွင် ကျွန်တော့်ဘဝထဲသို့ ဒုတိယမြောက် ရောက်ရှိလာခဲ့သူမှာ ... တခြားရွာမှ ပြောင်းလာသော မမလေး၏ ညီမဝမ်းကွဲ 'နွယ်ထား' ပင် ဖြစ်လေသည်။ နွယ်ထားက လှသည်။ သွက်သည်။ ကျွန်တော်ကိုလည်း အရေးပေးလေသည်။ နောက်တော့ နွယ်ထားနှင့် ကျွန်တော်မှာ ကျောင်းသွားဖော်တွေ ဖြစ်ခဲ့ရသည်။ မမလေးကတော့





ကျွန်တော်နှင့်အတူ ကျောင်းမသွားတာ ကြာခဲ့ပြီ။ ကျောင်းသွားချိန်တိုင်းတွင် ကျွန်တော်တို့နှစ်ယောက်ရဲ့ရှေ့မှာ ဖြစ်စေ၊ နောက်နားမလှမ်းမကမ်းမှာဖြစ်စေ ခေါင်းငိုက်စိုက်ဖြင့် လွယ်အိတ်စလွယ်သိုင်းကာ တစ်ယောက်တည်း လျှောက်သွားနေသော မမလေးကို တွေ့ရမြဲဖြစ်သည်။ မမလေးသည် အရွယ် ရောက်လာပုံရသော်လည်း ထွေထွေထူးထူး အလှပြင်တတ်ပုံ မရချေ။ နွယ်ထားက ဆံပင်တွေကို နှစ်ဖက်ခွဲကာ ကျစ်ဆံမြီးကျစ်၍ ဆံပင်ဖျားမှာ ရောင်စုံကြိုးလေးတွေ ဖြည့်စည်းထားတတ်သော်လည်း မမလေးကတော့ သူ့ဆံပင်ရှည်တွေကို နောက်နားဆီမှာ သရေပင်တစ်ကွင်းနှင့် ဖြစ်သလို စုစည်းထားတတ်မြဲ ဖြစ်သည်။ နွယ်ထားက သနပ်ခါးကိုလည်း ညီညီညာညာ လူးတတ်ပြီး မမလေးကတော့ မညီညာသော ပါးကွက်ကြီးကြီးကိုသာ အမြဲကွက်ထားတတ်သည်။ နွယ်ထားသည် သူ့ကိုယ်သူ အမြဲလှအောင် ဂရုစိုက်တတ်သူဖြစ်ရာ လမ်းသွားလျှင်တောင်မှ ခပ်ဖြည်းဖြည်းနှင့် လှလှလေး လျှောက် တတ်လေသည်။ မမလေးကတော့ ကျွန်တော်တို့ ခပ်ငယ်ငယ် အရွယ်မလုပ်တမ်းကစားစဉ်ကလိုပင် ခပ်သုတ်သုတ်နှင့် ခလုတ်တိုက်မတတ် လျှောက်မြဲဖြစ်၏။

ကျွန်တော်လည်း နွယ်ထား၏ အလှအပကို ဂရုစိုက်ရင်းကပင် မမလေး၏ နေပုံ ထိုင်ပုံ သွားလာပုံများကို ကျွန်တော်ဘာသာပင် ဂရုမထားလိုက်မိဘဲ မှတ်သားမိပြီး ဖြစ်နေလေကတော့ အတော့်ကို ထူးဆန်းလေသည်။ တစ်ခါတစ်ရံတွင် ကျွန်တော်တို့ကို လှမ်းလှမ်းငေးနေသော မမလေးရဲ့ ညှိုးငယ်သော

www.burmeseclassic.com



မျက်ဝန်းကလေးများကို မြင်ရသည်။ သို့သော် ... မမလေး၏ ပါးစပ်ကတော့ အမြဲစေ့ပိတ်ထားခဲ့သည်။ ကျွန်တော့်အစ်ကိုများ ကပင် ...

"ဟော့ကောင် ... မင်းနဲ့ မင့်မမလေးက ရန်ဖြစ်ထားကြ တာလား ... မခေါ်ကြဘူးလား"

ဟု မေးယူကြရသည်။ ထိုအခါ ကျွန်တော်က ဘာမှ အဖြေမပေးဘဲ လှည့်ထွက်သွားမိမြဲဖြစ်သည်။ ကျွန်တော့် ဘဝတွင် မမလေးက မှိန်ဖျော့နေခဲ့ပြီဖြစ်သော်လည်း နွယ်ထား ကတော့ တောက်ပသစ်လွင်စွာ တည်ရှိနေခဲ့သည်။ ကျွန်တော် နွယ်ထားကိုများ ချစ်နေမိသလားဟု မကြာမကြာ စဉ်းစားကြည့်မိ သည်။ နွယ်ထားရဲ့အသံကလေးဟာ သိပ်ချိုတာပဲ။ နွယ်ထားရဲ့ အပြုံးကလေးတွေကလည်း နုသည်၊ အကြည့်ကလေးကလည်း လင်းသည်၊ အသွင်ကလေးကလည်း နွဲ့သည်။ တစ်နေ့မှာ ... ကျွန်တော့်ချစ်သူဟာ နွယ်ထားများ ဖြစ်လာလေမလား။ သိပ်တော့ မသေချာလှပေ။ ကျွန်တော်သည် ကိုယ့်အတွင်းစိတ်ကို ကိုယ်သရုပ် မခွဲနိုင်သေးသော ဆယ်ကျော်သက်ရွယ် လူငယ်လေးတစ်ဦးသာ ဖြစ်ပါသည်။



(၄)

ကျွန်တော်သည် ထိုနှစ် ဆယ်တန်းစာမေးပွဲကို ...ထူးသုံးခုဖြင့် အောင်လေသည်။ သို့သော် ... မမလေးရော ...ယ်ထားပါ စာမေးပွဲကျတာမို့ ကျွန်တော် အပြည့်အဝမပျော်နိုင် ...ပေ။ နွယ်ထားက ကျွန်တော့်ထံလာကာ တငိုငိုတယိုယို လုပ်နေ ...တ်သေးတာမို့ ကျွန်တော့်မှာ ကိုယ့်အပျော်လေးတွေ ကိုယ်ခဏ ...်ထားကာ နွယ်ထားကို ပြေရာပြေကြောင်း ပြောဆိုချော့မော့ ...လသည်။ အောင်စာရင်းထွက်သောနေ့မှာပင် အမေ့အလုပ်လည်း ...ပြောင်းမိန့်ကျလာတာမို့ နွယ်ထားအတွက်တော့ ဝမ်းနည်းစရာ ...ချည်းသာ ဖြစ်ခဲ့ရသည်။

"နင်ကတော့ ... တက္ကသိုလ် တက်ရမှာဆိုတော့ ပျော်နေ... ပေါ့၊ နင် မြို့ရောက်ရင် ငါ့ကို မေ့သွားမှာပါ မောင်မောင်ရယ်"



www.burmeseclassic.com

www.burmeseclassic.com



နှယ်ထားက မျက်ရည်လွယ်သူပီပီ တရှုံ့ရှုံ့ငိုနေခဲ့သည်။ နှယ်ထား မျက်ရည်ကို ကျွန်တော် မကြာခဏ မြင်ခဲ့ဖူးပြီ။ ထို့ကြောင့်လည်း နှယ်ထားမျက်ရည်က ကျွန်တော့်ကို ထူးပြီး မတုန်လှုပ်စေခဲ့ပေ။ နှယ်ထားက သူ့ကို ကောင်လေးတွေ စလျှင်လည်း ဒေါသတကြီး ရန်တွေ့ရင်း ငိုချတတ်သူ၊ သူ့အိမ်မှာ လိုချင်တာ မရလျှင်လည်း ငိုတတ်သူ ဖြစ်သည်။ နှယ်ထားက ငိုလွယ်၊ ရယ်လွယ်၊ လှုပ်ခတ်လွယ်သည်။

မမလေးကတော့ မျက်ရည်မကျတတ်သော ကျောက်ရုပ်လိုပင် တည်ငြိမ်အေးစက်သူဖြစ်သည်။ ကျွန်တော် မဟာမြိုင်တောသွားပြီဟုထင်ကာ ရှိက်ကြီးတငင် ငိုကြွေးခဲ့ဖူးတာကိုတော့ ကျွန်တော့်အသည်းထဲစွဲအောင် မှတ်မိနေသည်။ ထိုတစ်ခါသာ မမလေးမျက်ရည်ကို ကျွန်တော် မြင်ခဲ့ရဖူးသည်။ ခုလို စာမေးပွဲရှုံးတာတောင်မှ မမလေး ငိုပုံမရချေ။ ကျွန်တော်သည် မမလေးတို့ ခြံဝန်းထဲသို့ မကြာခဏ လှမ်းလှမ်းကြည့်မိသည်။ သရက်ပင်အောက် ကွပ်ပျစ်ပေါ်တွင် ခပ်ငေးငေး ထိုင်နေတတ်သော မမလေးကို တွေ့ရသည်။ မမလေး ဝမ်းနည်းနေသလား၊ ငိုမချဘူးလား၊ ဒါမှ မဟုတ် ... ဒီနှစ်မအောင် နောက်နှစ်ပေါ့လို့ ကိုယ့်ကိုယ်ကို ဖြေသာနေတာလား၊ မမလေးစိတ်ကို ကျွန်တော် မသိချေ။ မမလေးက အသိရခက်သူ ဖြစ်သည်။ တစ်ခုခုဆို သဘောပေါက်မလွယ်၊ ဉာဏ်မပြေးသော နုံအ ထုံထိုင်းသူလေးလည်း ဖြစ်ချေသေးသည်။ မမလေး အမေကပင် ငိုနေသော နှယ်ထားကိုမြင်ကာ ...

"အမယ်လေးဟယ် ... နှယ်ထားတို့ကတော့ ငိုသည်း





ငိုနိုင်ပါရဲ့၊ အိမ်က သူငယ်မကတော့ မျက်ရည်လည်းမကျ၊ သူ့ကိုယ်သူ စာမေးပွဲအောင်တယ်လို့များ မှတ်နေသလား မသိပါဘူး ... ကျောက်ရုပ်လို အေးတိအေးစက်နဲ့ ..."

မမလေးက မျက်ရည်သာ မကျတာပါ၊ သူ့ရင်ထဲ ဘယ်လိုရှိတယ်ဆိုတာ ကြီးတော်မှ မသိတာဟု ... ကျွန်တော် စိတ်ထဲက ပြန်ပြောမိသည်။ ကြီးတော် မသိသလို ကျွန်တော် ကိုယ်တိုင်လည်း သေသေချာချာ မသိချေ။ မမလေး ... ကျွန်တော့်ကို အရင်လို ခင်သေးရဲ့လား၊ မခင်တော့ဘူးလားဆိုတာတောင် ကျွန်တော် သရုပ်မခွဲနိုင်။ ရီးစင်းသော မျက်ဝန်းတွေ ... ကျွန်တော့်ကို မကြာခဏ ခိုးခိုးကြည့်တတ်တာကိုတော့ ကျွန်တော် သိနေခဲ့ပါသည်။

ကျွန်တော်သည် နှယ်ထားကို နှစ်သိမ့်ချော့မော့နေရချိန်တွင် မမလေးကိုလည်း ချော့မော့လိုစိတ် အပြင်းအထန် ဖြစ်တည်လာခဲ့ရသည်။ သို့သော် ... မမလေးကမှ မငိုဘဲ၊ ကျွန်တော် ဘယ်လိုချော့ရမလဲ ...၊ မမလေးကို ဘယ်ကဘယ်လို စကားသွားစပြောရပါ့မလဲဟု ... ကျွန်တော် စဉ်းစားတိုင်း လူက ရှက်အမ်းအမ်း ဖြစ်ဖြစ်သွားစမြဲ ဖြစ်သည်။ ဒီတစ်သက် မမလေးနှင့် ကျွန်တော်ဟာ ခုလိုပဲ သူစိမ်းတစ်ရံဆံတွေလို မခေါ်မပြောဘဲ နေသွားကြမှာလားဟု တွေးမိတိုင်း ကျွန်တော် ရင်မောစွာ သက်ပြင်းချမိမြဲ ဖြစ်သည်။ ကျွန်တော့်ကစားဖော် မမလေးက ကျွန်တော် နားမလည်နိုင်လောက်အောင်ပင် တည်ငြိမ်ရင့်ကျက်လွန်းပါသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၅)

♥ ♥ ♥

အဲဒီနေ့က ... ဟိုးဝေးဝေး မဟာမြိုင်တောရဲ့ အထက်နားလောက်ဆီမှာ မိုးသားတွေ ညို့နေခဲ့သည်။ ထွက်ခွာတော့မည့် ဆဲဆဲ ကားရဲ့နံဘေးမှာ ... ကျွန်တော်တို့မိသားစုကို နှုတ်ဆက်ကြသူများ ဝိုင်းနေခဲ့သည်။ နွယ်ထားကလည်း ကျွန်တော့်ရှေ့မှောက်မှာ တရှုံ့ရှုံ့ငိုရင်း နှုတ်ဆက်စကားတွေ ဆိုနေခဲ့သည်။ ကျွန်တော်သည် လူအုပ်တွေကြားထဲမှာ မမလေးကို မြင်လိုမြင်ငြား အလောတကြီး ရှာဖွေမိလေသည်။ ဟောဟိုမှာ မြင်ရတဲ့ မြေလမ်းကလေးက ဖွေးနေသည်။ အဲဒီလမ်းကလေးပေါ်မှာ ကျွန်တော်တို့နှစ်ယောက် လက်ချင်းတွဲပြီး ပြေးလွှားကစားခဲ့ကြဖူးသည်။ ကျွန်တော် မဟာမြိုင်တောဘက်သွားသည်အထင်နှင့် ဝမ်းပန်းတနည်း ငိုကြွေးခဲ့ဖူးသော မမလေးရဲ့မျက်ရည်တွေလည်း ဟောဒီလမ်းကလေးပေါ် ကျဖူးသည်။ ခုချိန်မှာ ... ဟောဒီလမ်းကလေးကို နင်းကာ မမလေး





ရောက်လာသင့်တာပေါ့။ မမလေး ... နင် ငါ့ကိုနှုတ်မဆက်တော့ဘူးလား။ ငါဟာ ... နင့်အတွက် သူစိမ်းတစ်ရံဆံလား။ နင် ... ငါ့အပေါ် စိမ်းသက်ပြတ်တောက်ခဲ့ပြီလား။ ကျွန်တော့်ရင်ထဲမှာ အကြိမ်ကြိမ် ဂအော်မေးရင်း မီးစနှင့် ထိုးခံရသလိုပင် ပူလောင်လာခဲ့သည်။ ဝမ်းနည်းကြေကွဲစိတ်က ရင်ဝမှာဆို့ကာ မျက်ရည်တွေပင် လည်လာသည်။ မမလေးကို ကျွန်တော် ခွဲရတော့မည်။

"သား ... ကားစက်နှိုးနေပြီ၊ လာလေ ... ကားပေါ်တက်သွားကြရအောင်"

အမေက ကျွန်တော့်လက်ကို လာဆွဲခေါ်သည်။ ကျွန်တော်က လက်ကို ပြန်ရုန်းမိကာ ...

"အမေ ... ကျွန်တော် မမလေးကို သွားနှုတ်ဆက်လိုက်ဦးမယ် ..."

"ဪ ... အေး ... သွား ... သွား၊ အမေတို့ စောင့်နေမယ်"

ကျွန်တော်သည် မြေလမ်းလေးအတိုင်း အားသွန်၍ ပြေးထွက်လာသည်။ ကျွန်တော့်ကိုယ်ကျွန်တော် မသိလိုက်မိမှာပင် ကျွန်တော့်မျက်ရည်တွေ လမ်းကလေးပေါ် လွင့်စင်ကျလာခဲ့သည်။ ကျွန်တော့်ရင်သည် တဒိုင်းဒိုင်း ဆောင့်ခုန်နေခဲ့သည်။ ကျွန်တော် မမလေးကို ဘာဖြစ်လို့ အချိန်တွေအများကြီး ဥပေက္ခာပြုခဲ့မိတာလဲ။ နှမြောတသစရာအချိန်တွေကို ပြန်မရနိုင်တော့ဘူး။

ကျွန်တော်သည် မမလေးတို့ခြံဝိုင်းထဲ အပြေးအလွှားဝင်လိုက်စဉ် သရက်ပင်အောက် ကွပ်ပျစ်ကလေးတွင် ငြိမ်သက်စွာ ထိုင်နေသော မမလေးကို တွေ့ရလေသည်။ ကျွန်တော်သည်



www.burmeseclassic.com

www.burmeseclassic.com



ကိုယ်ရှိန်သတ်ကာ ရပ်လိုက်ပြီး မမလေးထံသို့ တရွေ့ရွေ့ လျှောက်လာခဲ့သည်။ သစ်ရွက်ကြွေတွေပေါ် ဖိနင်းသံကြောင့် မမလေးက ကျွန်တော့်ထံ လှည့်ကြည့်လာခဲ့သည်။

"မမလေး ..."

ကျွန်တော်က မမလေးရှေ့တွင် ရပ်၍ ခပ်တိုးတိုး ခေါ်မိသည်။ ကျွန်တော့်အသံကို ကျွန်တော် ပြန်ကြားရကော့ အံ့သြတုန်ယင်သွားသည်။ ဒီလောက် နူးညံ့သော ... နက်ရှိုင်းသော အသံမျိုးဖြင့် ဘယ်မိန်းမကိုမှ ကျွန်တော် မခေါ်ဖူးခဲ့ပါ။ မမလေးက ကျွန်တော့်ကို ဖျတ်ခနဲ မျက်လွှာပင့်၍ ကြည့်သည်။ မျက်ဝန်း အိမ်ထဲမှာ မျက်ရည်တွေပြည့်လျှံကာ ယိုဖိတ်ကျလုဆဲဆဲ ရှိနေသည်။ အဲဒီမျက်ဝန်းတွေထဲကပင် မမလေးရဲ့ရင်ထဲက တစ်စုံတစ်ရာကို ကျွန်တော် သိရှိခဲ့ရသည်။ ကျွန်တော့်နှလုံးသားသည် ဖြည်းဖြည်း လေး ခုန်လှုပ်နေခဲ့သည်။ စိတ်လှုပ်ရှားမှုဖြင့် ကျွန်တော့်ခြေဖျား လက်ဖျားတွေ အေးစက်လာသည်။ ကျွန်တော့်စိတ်သည် နူးညံ့ ပျောင်းညွတ်၍ နေပြန်သေးသည်။ ထိုခဏလေးမှာ ... စိတ်ခံစား မှုများစွာဖြင့် ကျွန်တော့်ခန္ဓာကိုယ်သည် တုန်ယင်နေခဲ့သည်။ မမလေးက သစ်သားပန်းပုရုပ်ကလေးတစ်ခုကို ကျွန်တော့်ထံ ကမ်းပေးပါသည်။ လက်ချင်းတွဲဆက်ထားသည့် လွယ်အိတ်ကိုယ်စီ လွယ်ထားသည့် ကျောင်းသူနှင့် ကျောင်းသားရုပ်ကလေး ဖြစ်သည်။

"ဒါ ... ငါ့အတွက် အမှတ်တရ လက်ဆောင်လား မမလေး"

"ဟုတ်တယ် ... တကယ်လို့ နင် ငါ့ကို လာနှုတ်ဆက်ရင် ပေးရအောင် ... ငါဦးလေးကို ထုခိုင်းထားတာ"





"ငါ မလာခဲ့ရင်ကော ..."

"ငါပဲ သိမ်းထားမှာပေါ့ ..."

ကျွန်တော် ရှေ့ဆက်ဘာမှမပြောတတ်တော့ဘဲ ဆွံ့အ ငြိမ်သက်နေသည်။ မမလေးကလည်း ခေါင်းငုံ့ငြိမ်သက်နေသည်။ ကျွန်တော် ဘာပြောရမလဲ၊ ဘာပြောရင်ကောင်းမလဲ ...။ ခံစားမှု များစွာဖြင့် ပြည့်အင့်စွာ ကျွန်တော်တို့ နှုတ်ဆိတ်နေခဲ့ကြပါသည်။

"သားရေ ..."

အမေ့ခေါ်သံကို ကြားရသည်။ ကျွန်တော်က ပန်းပု ရုပ်ကလေးကို ပွေ့ယူလိုက်ပြီး ...

"ငါ သွားတော့မယ် မမလေး ..."

"အေး ... အေး ..."

မမလေးက ရီးရီးကြီးပင် ခေါင်းညိတ်ပြခဲ့သည်။ မမလေးမျက်ရည်တွေ မြေပြင်ဆီ ဖိတ်ကျသွားတော့မှာကို ကျွန်တော် သိနေသည်။ မမြင်ရသော်လည်း သိကြားစေသော မျက်ရည်က တရွဲရွဲကျနေသော နွယ်ထားမျက်ထက်ပင် ကျွန်တော့်ကို ကြေကွဲ စေခဲ့ပါသည်။ ကျွန်တော်သည် ကျွန်တော့်ကိုယ်ကျွန်တော် သိရှိ ခဲ့ပြီလား၊ သိခဲ့ရင်ကော ဒါဟာ အမှန်လား၊ ဒါဟာ ဘယ်လို ခေါင်းစဉ်တပ်ရမယ့် သံယောဇဉ်အမျိုးအစားလဲ၊ ဘယ်လိုခံစားမှု မျိုးလဲ ...။ ကျွန်တော်သည် လူငယ်လေးတစ်ယောက်ရဲ့ မဝေ ခွဲနိုင်ခြင်းများဖြင့်သာ ကျွန်တော့် မမလေးရှိနေရာ ရွာကလေးကို ချန်ရစ်ခဲ့ရလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၆)

♥ ♥ ♥

ကျွန်တော်နှင့် ရွာကလေး ဝေးကွာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာမြင့်ခဲ့ပြီဖြစ်သည်။ ကျွန်တော်သည် ကျွန်တော့် ဘဝ၏ ရည်မှန်းချက်ပန်းတိုင်ကို တစ်ခုပြီးတစ်ခု ဖြတ်ကျော်လာနိုင်ခဲ့ပြီ။ ကျွန်တော့်ဘဝသည်လည်း တဖြည်းဖြည်း မြင့်မားလာခဲ့ပြီဖြစ်လေသည်။ ကျွန်တော့်ဝန်းကျင်သည်လည်း ပုံစံအမျိုးမျိုးဖြင့် ပြောင်းလဲခဲ့ရပြီ။ ခုချိန်မှာတော့ ကျွန်တော်သည် အတွေ့အကြုံရင့်ကျက်သော ယောကျ်ားတစ်ယောက် ဖြစ်ခဲ့ပြီ။ လှပ၍ အဆင့်အတန်းမြင့်သော၊ ပညာတတ်သော မိန်းမများစွာနှင့်လည်း ရင်းနှီးခင်မင်ခဲ့ရပြီ။ ဘဝကြင်ဖော် ရွေးချယ်ရင်းကပင် ကျွန်တော်နှင့်အဆင့်အတန်းတူ မိန်းကလေးတချို့နှင့် သာယာကြည်နူးခဲ့ရပြီ။ ထိုမိန်းကလေးများထံတွင် ပြည့်စုံသောအလှနှင့် အဆင့်အတန်း





မြင့်သော အပြောအဆို အမူအရာများလည်း ရှိခဲ့ကြသည်။ သာယာနှစ်သက်ဖွယ်သော မိန်းကလေးတချို့ထံမှာ ကျွန်တော် ကြည်နူးလှုပ်ခတ်ခဲ့ဖူးသည်။ ရင်ခုန်ပျော်မွေ့ခဲ့ဖူးသည်။ သို့သော် ဟိုးငယ်စဉ်ဘဝက မမလေးရှေ့တွင် ဖြစ်ပေါ်ခဲ့ဖူးသော ခံစားမှုမျိုးကိုတော့ ကျွန်တော် ပြန်မရနိုင်တော့ချေ။ အဲဒီတုန်းက ... ရင်ခုန်ရခြင်းဟာ ဘာနဲ့မှ မနှိုင်းသာအောင် သိမ်မွေ့နေခဲ့သည်။ ထိုအချိန်ကို ပြန်လည်တွေးတောမိတိုင်း ကျွန်တော့်စိတ်သည် တစ်ဖန်ပြန်၍ နုပျိုသွားရစမြဲဖြစ်သည်။

မမလေးကို ယခုတိုင် ကျွန်တော် မမေ့နိုင်။ ဝေးကွာသွားကြချိန်တွင် ကျွန်တော်နှင့် အနီးစပ်ဆုံး ကျွန်တော့်အပေါ်လည်း ကိုင်းညွတ်မှုအရှိဆုံး နွယ်ထားကို သတိရ,ရမည့်အစား ... မမလေးကိုသာ ကျွန်တော် အစဉ်သတိရနေခဲ့သည်။ တစ်စုံတစ်ယောက်ကများ ကျွန်တော့်မှာ ငယ်ချစ်ရှိသလားဟုမေးခဲ့လျှင် ကျွန်တော် မဆိုင်းမတွ ခေါင်းညိတ်မိမည်။ ပြီးတော့ ... ရိုးစင်းပြုံးဝိုင်းသည့် မျက်ဝန်းတွေကို ပိုင်ဆိုင်သည့် ကျွန်တော့်မမလေး အကြောင်းကို ဆွတ်ပျံ့စွာ ပြန်ပြောင်းပြောပြမိဦးမည်။

တကယ်တော့ ... ဘာအဆင်တန်ဆာမှ မပါသော အရိုးခံသက်သက် ချစ်ခြင်းတစ်ခုတည်းသာ ... လူတစ်ယောက်ရဲ့ ဘဝတစ်လျှောက်လုံးကို အထင်ကရ ပိုင်စိုးနိုင်တာဖြစ်သည်။ အဖြူထည်သက်သက် ချစ်ခြင်းတစ်ခုဟာ ငယ်ဘဝမှာသာ ပေါက်ဖွားနိုင်သည်ဟု ကျွန်တော် ထင်သည်။ ဒါကြောင့်သာ ... 'ငယ်ချစ်' ဆိုတာကို တသသ စွဲလမ်းမိကြတာ ဖြစ်မည်။



www.burmeseclassic.com

www.burmeseclassic.com



တစ်ချိန်ချိန်တွင် ... ကျွန်တော်သည် အင်မတန်လှပ အဆင့်အတန်းမြင့်သော ကျွန်တော့်စံနှုန်းများနှင့်လည်း ကိုက်ညီသော မိန်းမတစ်ယောက်ကို ဘဝလက်တွဲဖော်အဖြစ် ရွေးချယ်ဖြစ်လိမ့်မည်။ အရောင်အမျိုးမျိုး ယှက်ဖြာတောက်ပသော ချစ်ခြင်းဖြင့်လည်း ထိုလက်တွဲဖော်ကို ချစ်မိလျှင် ချစ်မိလိမ့်မည်။ သို့သော်လည်း ကျွန်တော့် ငယ်ချစ်ကိုတော့ ကျွန်တော် မမေ့မလျော့ သတိရနေလိမ့်ဦးမည်။ နောက်ထပ် 'နှစ်ပေါင်းတစ်ရာ' အထိ သက်တမ်းရှိလျှင်တောင် ထိုသက်တမ်းတစ်လျှောက်လုံး ထိုချစ်ခြင်းကို တသသ ရှိနေဦးမည်ဖြစ်သည်။





(၇)

ကျွန်တော် အနှစ်သက်ဆုံး တဂိုး၏ ကဗျာလေးတစ်ပုဒ် ရှိပါသည်။ ထိုကဗျာလေးကို ရံဖန်ရံခါတွင် ကျွန်တော် တစ်ပိုင်းတစ်စ ရွတ်ကြည့်ခဲ့ဖူးပါသည်။

*ကျွန်တော်သည်...*
*နေခြည်ကိုလည်း ချစ်ခဲ့ဖူးပါပြီ...၊*
*ကောင်းကင်ကိုလည်း ငင်ခဲ့ဖူးပါပြီ...၊*
*မြေကြီးကိုလည်း မက်ခဲ့ဖူးပါပြီ...၊*
*သန်းခေါင်ချိန် စီးဆင်းသော...*
*မြစ်ရေသံ လှိုင်းချင်းကိုလည်း ကြားခဲ့ဖူးပါပြီ...၊*
*မိုးကုန်စ နေဝင်ချိန်...*
*တိမ်တောက်သည်ကိုလည်း မြင်ခဲ့ဖူးပါပြီ...၊*
*သို့သော်လည်း...*
*ကလေးဘဝတုန်းက ပထမဆုံး နှုးခဲ့သော...*
*စံပယ်ဦးတို့ကိုကား သတိရဆဲဖြစ်ပါသည်...။*

၂၀၀၂-ခုနှစ်၊ အောက်တိုဘာလ (ငဝn)



www.burmeseclassic.com

www.burmeseclassic.com



www.burmeseclassic.com

www.burmeseclassic.com

# အိပ်မက်ဘုံ

(၁)

♥ ♥ ♥

လွန်ခဲ့သော တနင်္ဂနွေ ညနေခင်းကပင် လွန်စွာချမ်းသာ၍ ဘဝတစ်လျှောက်လုံး ဂုဏ်သိက္ခာဖြင့် တင့်တယ်ခဲ့သော သူတစ်ဦး သေဆုံးသွားခဲ့လေသည်။ သူ့ကို လူအများက အလွန်တရာ ကြီးကျယ်မြင့်မြတ်လှသော ပုဂ္ဂိုလ်တစ်ဦးအဖြစ် သတ်မှတ်ထားခဲ့သည်။ သူသည် လူများစွာရဲ့ အာရုံစိုက်မှု၊ လေးစားရိုကျိုးမှု၊ ယုံကြည်ကိုးစားမှုတို့ကို အံ့ဘနန်း လက်ခံရရှိခဲ့သူလည်းဖြစ်သည်။ သူ့ဘဝတွင် အမည်းစက်အစွန်းအထင်းဟူ၍ မြူတေမှုန်



www.burmeseclassic.com

www.burmeseclassic.com



မှု မရှိခဲ့ဖူးချေ။ သူ့ဘဝသည် ဘာတစ်ခုမှ ပြောစရာမရှိအောင် ပြည့်စုံခဲ့သည်။ အောင်မြင်ကျော်ကြားခဲ့သည်။ ဆင်းရဲနွမ်းပါးသူများ၊ သက်ကြီးရွယ်အိုများ၊ ရောဂါသည်များစွာတို့ကို ကူညီစောင့်ရှောက်နိုင်ခဲ့သည်။ တစ်ခုပဲ ပြောစရာရှိသည်။ ထိုတစ်ခုမှာ သူသည် 'မိသားစုဘဝ'ကို ရမသွားခဲ့ခြင်းဖြစ်သည်။ သူသည် သူ့ဘဝတစ်လျှောက်လုံး တစ်ကိုယ်တည်းဘဝဖြင့်သာ ဖြတ်သန်းခဲ့လသည်။ သူ့ဝန်းကျင်က ချောမောလှပရုံမက ချမ်းသာကြွယ်ဝသော ... ဂုဏ်သိက္ခာရှိသော ... ပညာတတ်သောမိန်းမများစွာကို သူက ငြင်းပယ်ခဲ့သည်။ သူ့ကို မိန်းမအတော်များများက မချစ်တတ်တဲ့သူ၊ နှလုံးသားမရှိတဲ့သူ ... စသဖြင့် စွပ်စွဲခဲ့ကြသည်။ သဘောထားသေးသိမ်နိမ့်ကျသော ယောကျ်ားတချို့တလေကတော့ သူ့ကို Gay ဟု ကွယ်ရာတွင် လှောင်ပြောင်သရော်ခဲ့ကြဖူးသည်။ သို့သော် ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ ဘယ်သူ့ကိုမှ ဘာတစ်ခုမှ ဖြေရှင်းချက် ... အကြောင်းပြချက် မပေးဘဲ ဂုဏ်သိက္ခာရှိလှသော သူ့ဘဝကိုသာ အနိုင်များစွာဖြင့် ကုန်ဆုံးဖြတ်ကျော်သွားခဲ့သည်။ သူသည် စီးပွားရေးနယ်တွင် 'နံပါတ်တစ်'နေရာ ရခဲ့သူဖြစ်သည်။ သူ့ပြိုင်ဘက်များကို သက်တောင့်သက်သာ ကျော်ဖြတ်နိုင်သူလည်းဖြစ်သည်။ နာမည်ပျက် အစွန်းအထင်းမရှိ မျိုးရိုးမြင့်မားလှသူလည်းဖြစ်သည်။ သူ့မိဘများ၊ သူ့မွေးချင်းပေါက်ဖော်များက မှီခိုအားကိုးရသူလည်း ဖြစ်သေးသည်။ သို့သော် ... ဘယ်လိုပဲဖြစ်ဖြစ် သူကတော့ ထိုအရာများစွာကို ချန်ထားခဲ့ကာ လွန်ခဲ့သော တနင်္ဂနွေနေ့က သေဆုံး သွားခဲ့ပြီ





ဖြစ်သည်။ သူ့မိဘနှစ်ပါးနှင့် မွေးချင်းတချို့ကတော့ သူ့အရင်သေဆုံးနှင့်ခဲ့ပြီ။ သူ့မိဘနှစ်ပါးရဲ့ အုတ်ဂူနံဘေးမှာပင် သူ့အရိုးပြာအိုးကို ဂူသွင်းသင်္ဂြိုဟ်ခဲ့သည်။ သူ့မွေးချင်း အတော် များများမှာ နိုင်ငံရပ်ခြားသို့ ရောက်ရှိနေသဖြင့် သူ့ဈာပနသို့ အချိန်မီ ပြန်မရောက်လာနိုင်ခဲ့ပေ။ သူ့ရဲ့ဂုဏ်ပကာသန အင်အားများကြောင့်ပင် သူ့ရဲ့ဈာပနကတော့ လွန်စွာ စည်ကားသိုက်မြိုက်ခဲ့ရသည်။ ထိုဈာပနအခမ်းအနားသို့ သူ့ရဲ့တစ်ဦးတည်းသော မွေးစားသားလေးကလည်း မပျက်မကွက်တက်ရောက်ခဲ့သေးသည်။ သူက ထိုကလေးကို မိဘမဲ့ဂေဟာမှ ခေါ်ယူမွေးစားခဲ့ခြင်းဖြစ်သည်။ ထိုကလေး အရွယ်ရောက်လာသောအခါ အံ့ဩဖို့ ကောင်းလောက်အောင် ထူးချွန်ထက်မြက်ပြီး သူ့အပေါ်လည်း ကျေးဇူးသိတတ်ခဲ့သည်။ ထိုသားကလေးကြောင့်ပင် သူ့ဘဝသည်လည်း တစ်နည်းတစ်ဖုံ အဓိပ္ပာယ်ပြည့်စုံခဲ့ပုံရသည်ဟု သူ့အိမ်နီး ချင်းများက ထင်မြင်ချက်ပေးခဲ့ကြလေသည်။



www.burmeseclassic.com

www.burmeseclassic.com

## (၂)

♥ ♥ ♥

မွေးစားသားလေးသည် သူ့ဖခင်ရဲ့ ကျန်ရစ်သော ဒိုင်ယာရီစာအုပ်ကလေးကိုကိုင်ရင်း စိတ်လှုပ်ရှားနေခဲ့ရသည်။ အဲဒီ ဒိုင်ယာရီစာအုပ်တွေထဲမှာ သူ့ဖခင်ရဲ့ လျှို့ဝှက်ချက်များစွာ ပါဝင်နေလိမ့်မည်ဟု သူယုံကြည်ထားခဲ့သည်။ အထူးသဖြင့် ... သူသိပ်သိချင်ခဲ့သော (သူ့လိုပဲ တခြားသူအတော်များများကလည်း သိချင်နေခဲ့သော) သူ့ဖခင်၏ 'အချစ်အကြောင်း'ပင် ဖြစ်သည်။ လူတစ်ယောက်ရဲ့ဘဝမှာ အချစ်ဆိုတာ တစ်ကြိမ်တစ်ခါမျှ မပေါက်ခဲ့ဖူးဆိုတာကတော့ မဖြစ်နိုင်ပေ။ သူ့ဖခင်ရဲ့ ဘဝမှာလည်း အချစ်ဆိုတာ အနည်းဆုံး တစ်ကြိမ်တစ်ခါလောက်တော့ ပေါ်ပေါက်





ခဲ့လိမ့်မည်ဟု သူယုံကြည်နေခဲ့သည်။ သူ့ဖခင်ဟာ စိတ်နှလုံးမာကျောသောသူတစ်ယောက် မဟုတ်ခဲ့တာ ... တစ်စုံ တစ်ယောက်သောသူကို တမ်းတတွေးတောတတ်သည့် အရိပ်အငွေ့ လည်းရှိခဲ့တာကိုတော့ အနီးကပ်ရှိနေခဲ့သောသူက ရိပ်မိခဲ့ရ ပါသည်။ သူက ဖေဖေ စိတ်နှလုံးကြည်သာစွာ ရှိနေခိုက်တွင် ဖေဖေရဲ့အချစ်အကြောင်းကို မသိမသာ အစ်အောက်ကြည့်ခဲ့ဖူးသော်လည်း ဖေဖေက ဘာတစ်ခွန်းမှ ဖွင့်ဟဝန်ခံခြင်း မရှိခဲ့ချေ။ ဖေဖေသည် ကြွယ်ဝချမ်းသာရုံမျှမက ရုပ်ရည်ချောမောသူလည်း ဖြစ်သေးရာ ဖေဖေ့အချစ်ကို သိမ်းပိုက်ရယူလိုစောဖြင့် ရဲရဲတင်းတင်း ချဉ်းကပ်လာခဲ့ဖူးသော မိန်းမများစွာကိုလည်း သူ့ တွေ့ဖူးခဲ့ပြီ။ ဖေဖေကတော့ ကျောက်ရုပ်ပမာပင် ဖြစ်သည်။

ဖေဖေဟာ မချစ်တတ်ခဲ့သူလား ... မချစ်ဖူးသူလား ... တစ်ကြိမ်သာချစ်ခဲ့ပြီး အသည်းကွဲခဲ့ရသူလား ... သူ သိချင်လှပါသည်။ သူ့အိမ်သို့ ဝင်ထွက်နေခဲ့သော သူ့သူငယ်ချင်းကပင် ...

"မင်းဖေဖေက တော်တော် စိတ်ဝင်စားစရာ ကောင်းတယ်ကွာ ... သူ့ပုံစံက အရမ်းဆွဲဆောင်မှုရှိရက်နဲ့ ဘယ်မိန်းမနဲ့မှ ပတ်ပတ်သက်သက်မရှိတာ မထူးဆန်းဘူးလား၊ မင်းအဖေရဲ့အချစ်ကို မင်းစိတ်မဝင်စားဘူးလား၊ သူဟာ တော်ရုံမိန်းမကိုတော့ ချစ်ခဲ့မှာမဟုတ်ဘူးကွ ... သူ ဘယ်လိုမိန်းမမျိုးကို ချစ်ခဲ့ဖူးတယ်ဆိုတာ မင်းမသိချင်ဘူးလား၊ ငါတော့



www.burmeseclassic.com

www.burmeseclassic.com



သိပ်သိချင်တာပဲ၊ အိမ်မှာဆို ငါ့အဘိုးအဘွားတွေကအစ မင်းအဖေအကြောင်းကို စိတ်ဝင်တစား တဖွဖွပြောနေကြတာ၊ မင်းဖေဖေဟာ သားလိမ္မာလေးတဲ့ ...၊ မိဘစိတ်ဆင်းရဲအောင်လည်း ဘယ်တုန်းကမှ မလုပ်ခဲ့ဘူးတဲ့ ...၊ ဘာနာမည်ပျက်မှုမရှိဘူးတဲ့ ပျိုတိုင်းကြိုက်တဲ့ နှင်းဆီခိုင်တဲ့ ...၊ မင်းဖေဖေကိုယ်တိုင်က ကြီးကျယ်မြင့်မြတ်လွန်းလို့ ... မင်းဖေဖေနဲ့တန်တဲ့ မိန်းမမျိုးကို ခုထိ မတွေ့သေးတာလည်း ဖြစ်နိုင်တယ်တဲ့၊ မင်းနဲ့ ငါတစ်နေ့လောက် မင်းဖေဖေမရှိတုန်း သူ့အခန်းထဲဝင်ပြီး လျှို့ဝှက်ချက်တစ်ခုခု ရှာရအောင်ကွာ ... အနည်းဆုံးတော့ သူ့ဒိုင်ယာရီထဲမှာပဲဖြစ်ဖြစ် ... သဲလွန်စရနိုင်တယ်လို့ မင်း မထင်ဘူးလား ...”

သူ့သူငယ်ချင်းက အဖော်စပ်သေးသော်လည်း သူက စည်းစောင့်ခဲ့ပါသည်။ ဖေဖေ မကြိုက်တာဆို ဘာတစ်ခုမှ သူ မလုပ်ချင်ခဲ့ပေ။

ခုတော့ ... ဖေဖေလည်း ဆုံးပါးသွားခဲ့ရပြီ။ ဖေဖေ့ဒိုင်ယာရီတွေကိုလည်း သူစိတ်တိုင်းကျ ဖတ်ရှုခွင့်ရခဲ့ပြီ။ ဖေဖေ့စိတ်ကို ဤဒိုင်ယာရီတွေထဲမှာ မြင်နိုင်လိမ့်မယ်။ ဖေဖေ့ချစ်ခြင်းကိုလည်း ထိုဒိုင်ယာရီထဲမှာပင် ရှာဖွေတွေ့ရှိလိမ့်မည်ဟု သူ ယုံကြည်နေခဲ့သည်။





နောက်ဆုံးမှာတော့ ... ဖေဖေရဲ့ မွေးစားသားကလေးသည် စိတ်လှုပ်ရှားစွာပင် သူ့ဖခင်ရဲ့ ဘဝစာမျက်နှာများကို လှန်လှောဖတ်ရှုခဲ့မိလေသည်။



www.burmeseclassic.com

www.burmeseclassic.com

ဖေဖေ၏ နိုင်ငံယာဂီတာရျက်နှာများ . . .



ကျွန်တော့်အတွက်တော့ ... အချစ်ဆိုတာ အုံ့ဩဆန်းကျယ်တာနဲ့အမျှ ရှက်စွံ့မှုန်းတီးစရာလည်း ကောင်းနေခဲ့ပါတယ်၊ ကျွန်တော် မထင်ခဲ့ပါဘူး၊ ကျွန်တော့်လိုလူတစ်ယောက်ဟာ ဒီလိုမိန်းကလေးမျိုးကိုမှ တန်းတန်းစွဲ နင့်နင့်နဲနဲ ချစ်မိသွားလိမ့်မယ်လို့ ဘယ်တုန်းကမှ မထင်ခဲ့ပါဘူး၊ ကျွန်တော်တင်မဟုတ်ပါဘူးဗျာ ... ကျွန်တော့်မိဘ အမျိုးအနွယ်တစ်ခုလုံးကပါ ကျွန်တော်ရဲ့ ချစ်မိတဲ့အဖြစ်ကိုသိရင် ရင်ဘတ်စည်တီးနဲ့ 'ဖြစ်မှဖြစ်ရလေ' လို့ ညည်းတွားရေရွတ်ကြမှာ သေချာသလောက်ပါပဲ။

ကျွန်တော် ချစ်မိတဲ့ မိန်းကလေးဟာ အရက်သမားဖခင်နဲ့ ငါးစိမ်းသည် မိခင်တို့ရဲ့သမီး ... ရေခဲရေရောင်းတဲ့ မိန်းကလေးတစ်ယောက်ဆိုတာကို တွေးမိတိုင်း ... ကျွန်တော့်ရင်ဘတ်က နာကျင်စူးအောင့်ပြီး ရှက်စိတ်နဲ့ မျက်နှာတစ်ပြင်လုံးဖြန်းခနဲ နီရဲသွားတတ်တယ်၊ တစ်ချိန်တည်းမှာပဲ ကျွန်တော့်ဘယ်ဘက်ရင်အုံဆီက နှလုံးသားတစ်စုံ တဒိတ်ဒိတ် ခုန်လှုပ်ပွေနေခဲ့တာကိုလည်း ငြင်းလို့မရနိုင်ခဲ့ပါဘူး။

ပုညခင် စာအုပ်တိုက်

www.burmeseclassic.com



လမ်းဘေးမှာ ရေခဲရေရောင်းရတဲ့ မိန်းကလေးနဲ့ လမ်းဘေးကို ကားဝင်ရပ်လိုက်တဲ့ ယောကျ်ားတစ်ယောက်ရဲ့ ဆုံတွေ့ကြုံကြိုက်မှုဟာ တစ်သက်မမေ့လောက်စရာ စွဲငြိမှုမျိုးကို ပေးလိမ့်မယ်ဆိုတာကို ဘယ်သူတွေက ကြိုတင်မှန်းဆမိခဲ့ကြပါ သလဲ ... ။ တကယ်တော့ ကျွန်တော်တို့ရဲ့ တွေ့ဆုံမှုဟာ စိတ်ကူးယဉ်အချစ်ဝတ္ထုတစ်ပုဒ်ထဲက ဇာတ်ကွက်တစ်ခုလိုပါပဲ ... ။

အဲဒီနေ့က ... ကျွန်တော်က ကျွန်တော်ရဲ့ အနက်ရောင် မာစီဒီး(စ်)ကို လမ်းဘေးတစ်နေရာမှာ ဝင်ရပ်လိုက်တဲ့ အချိန်မှာ ... ရေခဲရေတစ်ပုံးနဲ့တကွ ရေခွက်တွေ တဖုန်းဖုန်း ပြုတ်ကျသွားတာကို တွေ့လိုက်ရတာ ဖြစ်ပါတယ်။ ကျွန်တော်က ကားပေါ်က ကမန်းကတန်း ဆင်းလာပြီး ...

"ဆောရီးနော် ကလေးမ ... ကားနောက်ပိုင်းနဲ့ ယမ်းပြီး ထိသွားတာ ထင်တယ် ... အလျော်ပေးပါ့မယ် ... ဒီမှာ ယူထားလိုက်ပါ"

ကျွန်တော် ... ပါးစပ်ကလည်း တောင်းပန်ရင်း လက်ကလည်း ငွေတစ်ထပ်ကို ထုတ်ပေးမိရက်သားဖြစ်သွား ပါတယ်၊ တကယ်တော့ ... ကျွန်တော်ပေးတဲ့ ငွေပမာဏဟာ အဲဒီရေခဲရေဆိုင်လေးရဲ့ တန်ဖိုးထက် သုံးလေးဆမက များမှာပါ။ ဒါပေမယ့် ကိစ္စမရှိဘူး ... ကျွန်တော့်အတွက်တော့ ဒီလောက် ပိုက်ဆံပမာဏဟာ ဘာမှမဖြစ်လောက်ပါဘူး၊ နောက်ပြီး ... ကျွန်တော်က ဆင်းရဲတဲ့သူတွေကို ပေးဖို့ကမ်းဖို့ဆို ရက်ရော တတ်တဲ့သူလည်း ဖြစ်ပါတယ်။





"အဲဒီလောက် ပိုက်ဆံများများ မတန်ပါဘူးရှင့် ... ရေခဲပုံး ဖိုးပဲ ရရင်တော်ပါပြီ၊ ခွက်တွေ ပုံးတွေက ရေပြန်ဆေးလို့ ရပါတယ်၊ ဘာမှ ဖြစ်မသွားပါဘူး"

ရိုးသားကြည်လင်တဲ့ မျက်လုံးတွေနဲ့ တည့်တည့် ရင်ဆိုင်တိုးမိတဲ့အခါ ကျွန်တော့်စိတ်ထဲ ရုတ်တရက် မိန်းမောသလို ဖြစ်သွားခဲ့ရပါတယ်။ ပါးပြင်ဖောင်းဖောင်းလေးနှစ်ဖက်ပေါ်မှာ သနပ်ခါး ပါးကွက်ကြီးကြီးကွက်ထားတဲ့ သူမမျက်နှာဟာ ကြည်စင် ဝင်းပနေပါတယ်။ မည်းနက်တဲ့ မျက်ခုံးထူထူနှစ်ဖက်ကလည်း ထင်းထင်းပေါ်နေပြီး နှုတ်ခမ်း ပြည့်ပြည့်လေးတွေက သဘော ကောင်းစွာ ပြုံးနေခဲ့ပါတယ်။ အညတရ ဆယ်ကျော်သက် မိန်းကလေးတစ်ယောက်ရဲ့ အပြုံးဟာ ကျွန်တော့်လို အသက်အစိတ် အရွယ် ဂုဏ်သရေရှိယောကျ်ားတစ်ယောက်ရဲ့စိတ်ကို လှုပ်ရှား စေနိုင်သတဲ့လား ... ကျွန်တော် ကိုယ့်ကိုယ်ကို အံ့ဩပြီး ဒေါသ လည်း ထွက်ခဲ့ပါတယ်။

အံ့ဩစရာအဖြစ်သနစ်ပါပဲ ... ကျွန်တော်ဟာ နောက်နေ့ နောက်နေ့တွေမှာလည်း အဲဒီမိန်းကလေးကို မေ့ပျောက်မရနိုင်ဘဲ မကြာခဏ သတိရနေပါတော့တယ်။ ကျွန်တော်ဟာ ကျွန်တော့်ကိုယ် ကျွန်တော်တောင် သတိမပြုလိုက်မိဘဲ အဲဒီ ကောင်မလေး ဈေးရောင်းတဲ့ နေရာနားကနေ မကြာခဏ ကား ဖြတ်မောင်းမိ ပြန်တယ်။ ကောင်မလေးကတော့ ဘာမှမသိရှာပါဘူး ... အသံ ရှူးရှူးသေးသေးလေးနဲ့ ...



www.burmeseclassic.com

www.burmeseclassic.com



“ရေခဲရေ အေးအေးလေး ရမယ်နော် … ရေခဲရေ
အေးအေးလေး …”

လို့ ရေပုံးကို ရေခွက်နဲ့ခေါက်ခေါက်ပြီး အော်နေတတ်ပါတယ်။ ကျွန်တော်ဟာ ကောင်မလေးကို သနားစိတ်တစ်ဝက်၊ ကိုယ့်ဂုဏ်သိက္ခာကို ကာကွယ်လိုစိတ်တစ်ဝက်နဲ့ … အမြဲ စိတ်ပဋိပက္ခတွေ ဖြစ်နေခဲ့ရပါတယ်။ ကျွန်တော်ဟာ တစ်နေ့ထက်တစ်နေ့ အဲဒီကောင်မလေးထံမှာ ပျော်ဝင်လာခဲ့ပြီး ကောင်မလေး အိမ်အပြန်ကို တိတ်တဆိတ် လိုက်ကြည့်ခဲ့ပါတော့တယ်။ အဲဒီမှာပဲ ကျွန်တော်ရဲ့ကြောက်စိတ်ဟာ ကျွန်တော့်ကို ပိုပြီးခြောက်လှန့်ခဲ့ပါတယ်။ ငါးစိမ်းသည်သူ့အမေက အရပ်ထဲမှာ ထဘီစွန်တောင်ဆွဲပြီး ပေါက်ကြီးဟာစ်ကျယ် ရန်ဖြစ်နေတာကို ကျွန်တော် မျက်ဝါးထင်ထင် ကြုံခဲ့ရတာပါ။

“ဟော့ ဒီမှာ … မိစမ်းတဲ့ … တစ်စမ်းတည်းရှိတယ်၊ လာလေဟဲ့ … သတ္တိရှိရင် အိမ်ပေါ်က ဆင်းလာခဲ့ပါလား၊ ဘာဖြစ်လို့ အိမ်ပေါ်တက်ပြီး အမြီးကုပ်နေရတာလဲ၊ နင်က ငါ အလေးခိုးတယ်လို့ သတင်းဖြန့်ပြီး ငါ့သိက္ခာချရအောင် နင့်မျက်စိနဲ့ တပ်အပ်မြင်သလား၊ ငါ အလေးခိုးတာ နင် သက်သေပြနိုင်ရင် ခုချက်ချင်း ငါ့ရှေ့လာပြလှည့်၊ နင် သိပ်အားနေလို့ ငါ့အတင်းကို ရွာရိုးကိုးပေါက် လျှောက်ပြောနေတယ်ပေါ့လေ၊ ပြီးတော့ နင့်သားကလည်း ငါ့သမီးကို ရာရာစစ စာလိုက်ပေးသေး၊ ငါ့သမီးက လက်မခံတော့ ဘဝင်မြင့်တယ်ပြောသေး … ငါ့သမီးနဲ့နင့်သား ဗူ





သလား တန်သလား … ငါ့သမီးက ဆင်းရဲပေမယ့် ရုပ်သန့်တယ် … နင်တို့ စောင့်ကြည့်နေ၊ ငါ့သမီး သူဌေးသားနဲ့ ရတော့မှ ငါက သမီးနဲ့သမက် အိမ်ပေါ်တက်နေပြီး နင်တို့ တစ်မျိုးလုံးကို ခိုင်းစားဖို့ လက်ညှိုးထိုးဝယ်ပစ်လိုက်မယ်”

ကျွန်တော်ဖြင့် … အဲဒီအသံကို နားမခံသာလွန်းလို့ ဦးနှောက်တွေတောင် ဆူဝေလာခဲ့ရပါတယ်။ ကြမ်းတမ်းလိုက်ပုံများဗျာ … ပြောတောင်မပြရဲလောက်အောင်ပါပဲ။ အဲဒီအချိန်မှာပဲ သူ့အဖေက အရက်တွေမူးပြီး ပုဆိုးကွင်းသိုင်းနဲ့ ယိုင်ထိုးယိုင်ထိုးပြန်လာ … သူ့အမေကို ပါးပိတ်ရိုက် … သူ့အမေက ခံသတ်၊ နောက်တော့ လင်မယားနှစ်ယောက်သား လမ်းပေါ်မှာ သူတစ်ပြန်ကိုယ်တစ်ပြန် သတ်ပုတ်နေကြပါတော့တယ်။ ကျွန်တော်လည်း စိတ်ပျက်ပျက်နဲ့ လှည့်ပြန်ခဲ့မိပါတယ်။

အဲဒီနောက်ပိုင်း … ကောင်မလေးကို သတိရမိတာနဲ့ အမျှ သူ့အမေရဲ့ ဘီလူးသရဲစီးနေတဲ့ မျက်နှာကြီးက ကျွန်တော့် အာရုံထဲမှာ ဘွားခနဲ ပေါ်လာပါတယ်။ တော်တော် ကြောက်ဖို့ ကောင်းပါတယ်။

ကျွန်တော်ဟာ ကောင်မလေးကို သတိရတိုင်း ကိုယ့်ကိုယ်ကိုတောင် မုန်းလာပါတယ်။ ကျွန်တော့်လိုယောကျ်ား တစ်ယောက်ဟာ ဒီလိုအဆင့်အတန်းရှိတဲ့ မိန်းကလေးတစ်ယောက် ကိုမှ ချစ်ရတယ်လို့ဗျာ … ကျွန်တော်က ဒီလောက်နဲ့ပဲ တန်သလား၊ မျိုးရိုးဂုဏ်သိက္ခာမြင့်မားတဲ့ ကျွန်တော့်မိဘတွေအတွက် သူဌေးသားနဲ့ရရင် သမက်အိမ်ပေါ်တက်နေမယ့် နှုတ်အာကြမ်းကြမ်းမိန်းမနဲ့



BURMESE CLASSIC .com
www.burmeseclassic.com

www.burmeseclassic.com



အရက်သမားယောကျ်ားတို့ ခမည်းခမက်တော်ဖို့ကို ဖန်တီးပေးရမှာလား … ။

တကယ်တော့ အချစ်ဆိုတာ အဆန်းသားပါပဲ … ကိုယ်နဲ့ဂုဏ်ဒြပ်ချင်းတူညီတဲ့ သူတစ်ယောက်နဲ့ နီးနီးစပ်စပ် ရှိတိုင်းလည်း ချစ်ချင်မှ ချစ်မယ် … ကိုယ့်ထက် အဆင့်အတန်းနိမ့်ကျလွန်းတဲ့သူကိုလည်း မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းမှာ ချစ်ချင် ချစ်သွားနိုင်တယ်။ အချစ်ဆိုတာ အကန့်အသတ်မရှိပါဘူး …၊ အကြောင်းပြချက်လည်း မရှိပါဘူး …၊ စည်းမျဉ်းတွေ ဥပဒေတွေလည်း မရှိပါဘူး … ကိုယ်ချစ်ချင်တဲ့အချိန်မှာ အကန့်အသတ်မရှိ ချစ်သွားနိုင်တာပါပဲ။ ဒါပေမယ့် … ကျွန်တော့်လို လောကအလယ်မှာ ဂုဏ်သိက္ခာရှိရှိ အစွန်းအထင်းကင်းကင်းနဲ့ အကောင်းဆုံးတွေပဲ ပိုင်ဆိုင်ချင်တဲ့ ယောကျ်ားတစ်ယောက်အတွက်တော့ ဦးနှောက်ရဲ့ Control လုပ်နိုင်မှုက အချစ်ထက်ပိုပြီး အရေးကြီးပါတယ်။

ကျွန်တော်ဟာ ကျွန်တော်ရဲ့ တဆန့်ငင်ငင် ငြိတွယ်မှုတွေကို မဖြတ်တောက်ခင် … စိတ်ကူးယဉ်ဆန်တဲ့ အလုပ်တစ်ခုကိုတော့ ဘဝမှာ ပထမဆုံးအကြိမ်နဲ့ နောက်ဆုံးအကြိမ်အဖြစ် လုပ်ခဲ့မိပါတယ်။ အဲဒါကတော့ … ကျွန်တော်ချစ်တဲ့ မိန်းကလေးနဲ့ အတူ နှစ်ယောက်တည်း တစ်နေ့တာကို ပျော်ရွှင်စွာ ကုန်ဆုံးဖြတ်သန်းခဲ့ခြင်းပါပဲ … ။ ကျွန်တော်က မိန်းကလေးရှေ့မှာ ရပ်ပြီး …

"အစ်ကို ညီမလေးဆီမှာ တစ်ခုလောက် ခွင့်တောင်းချင်ပါတယ် … ညီမလေးကို ညီမလေးသွားချင်တဲ့ဆီ အစ်ကို





လိုက်ပို့ပေးချင်လို့ပါ၊ ဒီနေ့တစ်နေ့လုံး ညီမလေး ဈေး မရောင်းပါနဲ့တော့ … ညီမဈေးရောင်းလို့ရမယ့် ပိုက်ဆံကို အစ်ကို ပေးပါ့မယ်"

လို့ … ခွင့်တောင်းလိုက်တဲ့အခါ ကောင်မလေးက ကျွန်တော့်ကို ကြောက်အားလန့်အား မော့ကြည့်ရင်း …

"အစ်ကို လူမှားနေပြီ … ကျွန်မ ဆင်းရဲပေမယ့် ငွေကြေးရဖို့အတွက် ယောကျ်ားတွေနဲ့ ပတ်သက်တဲ့ မိန်းကလေး မဟုတ်ပါဘူး"

ကောင်မလေးရဲ့အဖြေစကားက ကျွန်တော့်ရင်ကို ဆတ်ဆတ်ခါ နာကျင်စေပါတယ်။ ကျွန်တော်က ရှင်းလင်းအောင် မပြောခဲ့မိဘူးကိုး … ။

"မဟုတ်သေးဘူး … အစ်ကိုပြောတာ အဲဒီလိုသဘောမျိုး မဟုတ်ဘူး … ညီမ အထင်မှားနေပြီ၊ အစ်ကိုက ညီမကို သနား … အဲ … ကရုဏာထားမိလို့၊ ဟိုကွာ … ညီမက အစ်ကို့ညီမလေးနဲ့ အရမ်းတူလို့၊ ညီမတစ်ယောက်လို သဘောထားပြီး ညီမ ပျော်ရအောင် ဖြည့်ဆည်းပေးရုံ သက်သက်ပါ၊ ညီမကို အစ်ကိုလက်ဖျားနဲ့တောင်မထိပါဘူး"

ကောင်မလေးက ယုံချင်ပေမယ့် မယုံနိုင်တဲ့ မျက်ဝန်းတွေနဲ့ ကျွန်တော့်ကို အကဲခတ်သလို စိုက်ကြည့်နေပြီးမှ …

"ကျွန်မ … အစ်ကို့ကားနဲ့ လိုက်ရမှာလား … "

"ဟုတ်တယ်လေ … "

"အစ်ကို့ကားနဲ့တော့ မလိုက်ချင်ဘူး … အဲဒီယောက်တော့



BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လည်း မယုံရဲဘူး၊ အစ်ကို ကျွန်မကို လိုက်ပို့ချင်ရင် ဘတ်စ်ကားနဲ့ပဲပို့ ... ဘတ်စ်ကားက အန္တရာယ်ကင်းတယ်၊ လူတွေအများကြီး ပါတယ်"

"ရတယ်လေ ... ဘတ်စ်ကားနဲ့ပဲ ပို့ပါ့မယ်"

တစ်ခါမှ ဘတ်စ်ကားမစီးခဲ့ဖူးတဲ့ ကျွန်တော်ဟာ ဘာကြောင့် မဆိုင်းမတွ ခေါင်းညိတ်ခဲ့မိသလဲဆိုတာ ...

အင်း ... သေချာပါတယ် ... ဒါဟာ အချစ်ပါပဲ ...။

"အစ်ကိုက ဘတ်စ်ကားခံပြီး ပို့ရုံပဲ ပို့မှာလား ... မုန့်တွေ ဘာတွေ ဝယ်ကျွေးဦးမှာလား ..."

"ကျွေးမှာပေါ့ ... ဝယ်ချင်တာ ဝယ်ရင်လည်း အစ်ကို ငွေရှင်းပေးပါ့မယ်"

"အဲဒီအတွက် ဘာအခွင့်အရေးမှ မယူပါဘူးနော် ..."

"စိတ်ချပါ ... မယူပါဘူး ..."

ကောင်မလေးရဲ့ မျက်ဝန်းတွေထဲမှာ ပျော်ရွှင်ခြင်း အရိပ်အယောင်တွေ လက်ဖြာသွားခဲ့ပါတယ်။ အဲဒီနေ့ကတော့ ကျွန်တော့်ဘဝမှာ အထူးခြားဆုံးနဲ့ အထင်ရှားဆုံးနေ့တစ်နေ့ပါပဲ။ ကျွန်တော်ဟာ သပ်ရပ်သစ်လွင်တဲ့ အဝတ်အစားတွေကို ဝတ်ထားပါလျက်နဲ့ သူမနဲ့အတူ ဘတ်စ်ကား တိုးစီးရပါတယ်။ ကောင်မလေး စားချင်တဲ့ လမ်းဘေးဈေးဆိုင်တွေမှာ အတူဝင်စားရပါတယ်။ Hotelတွေ ... အဆင့်မြင့် စားသောက်ဆိုင်တွေမှာသာ စားတတ်တဲ့ ကျွန်တော်ဟာ ... အချစ်ဆိုတဲ့ တွန်းအားကြောင့်ပဲ အစဉ်အလာတွေအားလုံးကို ပယ်ဖျက်ဖို့ အသင့်ရှိနေခဲ့ပါတယ်။ ဘယ်ကိုပဲ





ဖြစ်စေ အဲဒီတစ်နေ့တာ အိပ်မက်ဘုံကလေးဟာ ကျွန်တော့်ဘဝရဲ့ အပျော်ရွှင်ရဆုံးဆိုတာ ကျွန်တော် သေချာပေါက်ပြောရဲပါတယ်။ ကောင်မလေးရဲ့ အပြစ်ကင်းစင်စွာ ပျော်ရွှင်နေတဲ့ပုံရိပ်ကလေးကို ကျွန်တော် ကြည့်လို့မဝနိုင်ခဲ့ပါဘူး ...။

ဒီလိုနဲ့ပဲ တစ်နေ့တာဟာ လျင်လျင်မြန်မြန် ကုန်ဆုံးသွားခဲ့ပါတယ်။ ကောင်မလေးက နှုတ်ဆက်လက်ပြသွားခဲ့ပြီး နေမင်းကြီးကလည်း အနောက်ဘက် ကောင်းကင်ဆီက ပျောက်ဆုံးသွားတဲ့အချိန်မှာ ကျွန်တော်ဟာ ကျွန်တော့်ကားထဲမှာထိုင်၊ ကားစတီယာရင်ပေါ် မျက်နှာမှောက်အပ်ပြီး ယောကျာ်းကြီးတန်မဲ့ ငိုကြွေးခဲ့မိပါတယ်။ ကျွန်တော် ... ကောင်မလေးအတွက် ဘာလုပ်ပေးနိုင်မလဲ ...၊ ဘာတွေ ပေးနိုင်မလဲ ...၊ ကျွန်တော့်အချစ်ကို ဘာနဲ့သက်သေထူမလဲ ... ကျွန်တော် ကောင်မလေးကို အသေအချာ ပေးနိုင်တာဆိုလို့ ငွေပဲရှိပါတော့တယ်၊ ငွေကလွဲပြီး တခြားဘာကိုမှ မပေးမိအောင် ကျွန်တော့်ရဲ့အတ္တနဲ့ ဂုဏ်သိက္ခာက ထိန်းချုပ်ထားခဲ့ပါတယ် ...။

ကျွန်တော်ဟာ ကျွန်တော့်တပည့်တစ်ယောက်ကို ကောင်မလေးဆီလွှတ်ပြီး ပမာဏအတော်များတဲ့ ငွေနဲ့ စိန်လက်စွပ်ကလေးတစ်ကွင်း ပို့ပေးခဲ့ပါတယ်။ ပို့သူ ဘယ်သူဘယ်ဝါဆိုတာကိုလည်း ကောင်မလေး မသိစေခဲ့ပါဘူး။ ဒါဟာ သူ့အတွက် ကျွန်တော် လုပ်ပေးနိုင်သမျှ အကုန်ပါပဲ ...။

အဲဒီနောက်ပိုင်းကျစပြီးလို့ ကျွန်တော်ဟာ ကောင်မလေးရှိတဲ့နေရာကို ရှောင်ကွင်းသွားခဲ့ပြီး ... ကောင်မလေးဆို

www.burmeseclassic.com



မေ့နိုင်အောင် ကြိုးစားခဲ့ရပါတယ်။ ချစ်ပေမယ့် သူမဟာ ကျွန်တော့် ပတ်ဝန်းကျင်၊ ကျွန်တော့်မိဘမျိုးရိုး၊ ကျွန်တော့်ဂုဏ်သိက္ခာနဲ့ မထိုက်တန်သူဖြစ်တယ် ... ။

ဒါပေမယ့် ... အချိန်တိုအတွင်း ဖြစ်ပျက်ခဲ့တဲ့ အဲဒီ အဖြစ်အပျက်ကလေးဟာ ကျွန်တော့်ကို တစ်သက်တာစွဲငြိစေပြီး နောင်တကိုပါ ဖြစ်ထွန်းစေခဲ့ပါတယ်။ ကျွန်တော့်ဘဝမှာ အချစ်ဆိုတဲ့ ခံစားချက်ဟာ နောက်တစ်ကြိမ် ပေါ်ထွန်းမလာခဲ့တော့ပါဘူး။ ချစ်တဲ့သူကို လက်ထပ်ဖို့သတ္တိမရှိခဲ့တဲ့ ကျွန်တော်ဟာ မချစ်တဲ့သူကို လက်ထပ်ဖို့လည်း သတ္တိမရှိခဲ့ပါဘူး ... ။

ကျွန်တော်ဟာ အများအမြင်မှာ လေးစားအတုယူဖွယ် ယောကျ်ားတစ်ယောက် ... ပြည့်စုံကြွယ်ဝတဲ့သူတစ်ယောက် ဖြစ်ခဲ့ပေမယ့် ... ကျွန်တော့် အစစ်အမှန်ဘဝကတော့ ခြောက်သွေ့ အက်ကွဲနေတဲ့ ပက်ကြားအက်မြေပြင်လိုပါပဲ။ အဲဒီလို ဂုဏ်သိက္ခာ အကာအရံထားတဲ့ ဘဝမှာ ရပ်တည်ရှင်သန်နေထိုင်ရင်း ... လူအများရဲ့ လေးစားအားကျမှုကိုခံယူရင်း ... ကျွန်တော်ဟာ မသေခင် စပ်ကြားမှာ လုပ်ချင်တာတွေ လုပ်ခွင့်မရဘဲ သေခြင်းတရားဆီကိုသာ တရွေ့ရွေ့သွားနေခဲ့ရပါတော့တယ် ... ။



BURMESE CLASSIC .com

(၃)

မွေးစားသားကလေးသည် ... ဒိုင်ယာရီစာအုပ်များရဲ့ အလယ်တွင် တိတ်ဆိတ်စွာ ထိုင်နေခဲ့မိသည်မှာ ... အလင်းရောင် ပျောက်ကွယ်သွားသည့်အချိန်တိုင်အောင်ပင် ဖြစ်သည်။ သူသည် မီးခလုတ်တွေကို ထဖွင့်ဖို့ပင် သတိမရနိုင်ဘဲ သူ့ဖခင်ရဲ့ စာကြည့် ခန်းထဲတွင် ငြိမ်သက်စွာထိုင်ရင်း ဆန်းကျယ်သော ချစ်ခြင်း အကြောင်းကို စဉ်းစားနေခဲ့မိသည်။

တစ်ခါတစ်ရံမှာတော့ ... အချစ်ဆိုတာဟာ အိပ်မက် ဘုံတစ်ခုလည်း ဖြစ်နိုင်သည်။ အိပ်မက်ထဲမှာ ဘာမဆို ဖြစ်ခွင့် ရနိုင်သလိုပင် ... အချစ်ကလည်း ဘာမဆို ဖြစ်နိုင်သည်။ အိပ်မက်က လှန့်နိုးလာနိုင်သလိုပင် ... ချစ်စိတ်တွင် အသိတရားဝင်လာ သောအခါ ကိုယ့်အတ္တက နေရာယူလာနိုင်သည်။



www.burmeseclassic.com

www.burmeseclassic.com



မည်သို့ပင်ဖြစ်စေ ... အလွန်ပင် ကြီးကျယ်မြင့်မြတ်လှသော ယောကျ်ားတစ်ယောက်က သာမန်မိန်းမငယ်လေးတစ်ယောက်အတွက် ... လူမသိ သူမသိ ဝေဒနာခံစားခဲ့ရဖူးသော အဖြစ်သနစ်သည် ဤကမ္ဘာပေါ်တွင် အမှန်တကယ်ပင် ဖြစ်ပျက်ခဲ့လေသည်။

ပုညခင်



www.burmeseclassic.com